www.burmeseclassic.com



စေတနာမိခင်

မဟာသီရိသုဓမ္မ

# ဒေါ်ခင်ကြည်

ဇေယျာဇော်၊ ဖိုးစိုင်း(ဂျာနယ်လစ်)
ရေးသားပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ အုပ်ရေ(၁၀၀၀)
ထုတ်ဝေသည့်ကာလ - စက်တင်ဘာလ၊ ၂၀၁၅
ထုတ်ဝေသူ - ဦးအောင်ခိုင်မြင့်(မဇ္ဈိမစာပေ)
အမှတ်(၄၇)၊ (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာ။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးမျိုးမြင့်ကျော်
မြတ်ထက်ဟိန်းပုံနှိပ်တိုက်၊အမှတ်(၈)၊ အခန်း(၀၀၄)၊ လိပ်ကန်လမ်း၊
ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်။
အတွင်းဖလင် - ကိုဦး (၀၉ ၅၀၇၀၆၆၃)
မျက်နှာဖုံးပန်းချီ -
မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် - လင်းပြည့်ဟိန်း
တန်ဖိုး - ၃၀၀၀ ကျပ်

---

ဧေယျဇော်၊ ဖိုးစိုင်း(ဂျာနယ်လစ်) ရေးသားပြုစုသည် CIP - 808-84
စေတနာမိခင်မဟာသီရိသုဓမ္မဒေါ်ခင်ကြည်
ပထမအကြိမ်၊ မဇ္ဈိမစာပေ။ စာ - ၂၅၀၊ ၁၃·၃၄ X ၂၀·၃၆ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

စာစဉ်အမှတ်(၂၅၉)

မဇ္ဈိမစာပေ

# စေတနာမိခင်

# မဟာသီရိသုဓမ္မ

# ဒေါ်ခင်ကြည်

ဇေယျဇော်၊ မိုးစိုင်း(ဂျာနယ်လစ်)
ရေးသားပြုစုသည်

BURMESE CLASSIC

---

ဖြန့်ချိရေး

မဇ္ဈိမစာပေ

အမှတ်(၂၃၇)၊ပထမထပ်(ဝဲ)၊ ၃၉လမ်း(ထက်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ ဂုဏ်ပြုလွှာ ၃
၂။ နေနဲ့လရွှေနဲ့မြ ၆
၃။ ဓာတ်ပုံများကပြောသော မြန်မာ့မိခင်ကြီးအကြောင်း
( ဓာတ်ပုံ - အာရှဦးကျော့) ၇
၄။ ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးကြီးများ ၃၁
၅။ ဒေါ်အောင်ဆန်းစုကြည်ပြောသည့် ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း
(၂၆) နှစ်ပြည့်အောက်မေ့ဖွယ်စကား ၄၄
၆။ ဒီစကား ၄၉
၇။ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်၏ဘဝရက်စွဲများ ၅၂
၈။ အခန်း(၁)။ ဒေါ်ခင်ကြည်ဗျာပနနှင့် စစစစ လူထုအရေးတော်ပုံ ၅၉
၉။ အခန်း (၂)။ မင်းတို့မြန်မာတွေ ၇၃
၁၀။ အခန်း (၃)။ သူနာပြုဆရာမလေးဒေါ်ခင်ကြည်၏
စေတနာ့ဝန်ထမ်းဘဝအစ ၇၆
၁၁။ အခန်း (၄)။ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ထွေး ၈၁
၁၂။ အခန်း (၅)။ စစ်အတွင်းဘီအိုင်အေဆေးရုံကြီးပေါ်က စားဝတ်နေရေး ၈၅
၁၃။ အခန်း (၆)။ ဒေါ်ခင်ကြည်နှင့်ဘီအိုင်အေဆေးရုံပေါ်က
သေဘောကြုံဒုက္ခများ ၉၀
၁၄။ အခန်း (၇)။ တခ်ကုပ္ပတ္တိဉာဏ်ကောင်းလှသည့်ဒေါ်ခင်ကြည် ၉၆
၁၅။ အခန်း (၈)။ လူနာ၊ မိတ်ဆွေမခွဲခြားခဲ့သောဆူဇူကီးဆေးရုံပေါ်ကခွဲစိတ်မှု ၁၀၁
၁၆။ အခန်း (၉)။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်၏ရှေးဦးအစပထမ
တွေ့ဆုံမှု ၁၀၅
၁၇။ အခန်း (၁၀)။ ဘီအိုင်အေဆေးရုံပေါ်ရောက်ဗိုလ်ချုပ်အောင်ဆန်း ၁၁၆
၁၈။ အခန်း (၁၁)။ လူပျိုလှည့်ခံရသည့် ဒေါ်ခင်ကြည်၏ ဂီတဆည်းဆာည ၁၁၇
၁၉။ အခန်း (၁၂)။ ဗိုလ်ချုပ်အောင်ဆန်းသီဆိုခဲ့သောသီချင်းတစ်ပုဒ် ၁၂၉

www.burmeseclassic.com

www.burmeseclassic.com


၂၀။ အခန်း (၁၃)။ ဗိုလ်ချုပ်အောင်ဆန်းကဒေါ်ခင်ကြည်ကို
လက်ထပ်ခွင့်တောင်းပြီ ၁၃၂

၂၁။ အခန်း (၁၄)။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘဝဖူးစာအရေး ၁၃၈

၂၂။ အခန်း (၁၅)။ ဒေါ်ခင်ကြည်အားဗိုလ်ချုပ်အောင်ဆန်းဖိတ်ကျွေးသည့်
ညစာစားပွဲ ၁၄၅

၂၃။ အခန်း (၁၆)။ ဆရာကြီးဦးဘသန်းနှင့်အတူဒေါ်ခင်ကြည်ပါ
သေဘေးမှလွတ်မြောက်ရ ၁၅၁

၂၄။ အခန်း (၁၇)။ ဂျပန်ခေတ်ဘီအိုင်အေဆေးရုံကြီးပေါ်မှ
စေတနာဖခင်၊ စေတနာမိခင် ၁၅၈

၂၅။ အခန်း (၁၈)။ လက်ထပ်ပွဲမကျင်းပမီ အကြိုတစ်ရက် ၁၇၁

၂၆။ အခန်း (၁၉)။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏
မင်္ဂလာလက်ထပ်ပွဲ ၁၇၈

၂၇။ အခန်း (၂၀)။ မင်္ဂလာလက်ထပ်ပွဲနှင့် ဂန္ဓဝင်သီချင်းနှစ်ပုဒ်အကြောင်း ၁၈၃

၂၈။ အခန်း (၂၁)။ မင်္ဂလာဆောင်ပြီးနောက်ဒေါ်ခင်ကြည်
သျှောင်နောက်ဆံထုံးပါခဲ့ ၁၈၉

၂၉။ အခန်း (၂၂)။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့၏မိသားစုဘဝ ၁၉၃

၃၀။ အခန်း (၂၃)။ ဖက်ဆစ်တော်လှန်ရေးကာလစစ်ရှောင်ခဲ့ရသည့်
ဒေါ်ခင်ကြည် ၁၉၉

၃၁။ အခန်း (၂၄)။ တော်လှန်ရေးခရီးစဉ်နှင့်ချစ်ကြိုးတစ်မျှင် ၂၀၅

၃၂။ အခန်း (၂၅)။ ဒေါ်ခင်ကြည်လိုက်ပါခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏
တိုင်းရင်းသားစည်းရုံးရေးခရီးများ ၂၁၂

၃၃။ အခန်း (၂၆)။ ဗိုလ်ချုပ်အောင်ဆန်းမကျဆုံးမီဒေါ်ခင်ကြည်နှင့်
သားသမီးများ၏ အမှတ်တရအချို့ ၂၁၇

၃၄။ အခန်း (၂၇)။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဒေါ်ခင်ကြည်၏
ဘဝဖြတ်သန်းမှု ၂၂၄

၃၅။ အခန်း (၂၈)။ ဒေါ်ခင်ကြည်ပုံသွင်းထုဆစ်ခဲ့သည့် ဖအေတူသမီး
ဒေါ်အောင်ဆန်းစုကြည် ၂၃၂

၃၆။ အခန်း (၂၉)။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ၂၃၆

၃၇။ ပညာရေးလောကတွင် တိမ်မြုပ်ပျောက်ကွယ်နေသည့်
သမိုင်းကွက်လပ်ကြီးတစ်ခု ၂၄၉

၃၈။ မှီငြမ်းကိုးကား ၂၅၂


www.burmeseclassic.com

www.burmeseclassic.com

# နေနဲ့လ . . ရွှေနဲ့မြ

ဗိုလ်ချုပ်အောင်ဆန်း . . . သစ္စာပန်းလျှင်
ဒေါ်ခင်ကြည်ဟု . . . ပြည်သူ့ကျွန်းမာ
ရေးအရာတွင် . . . သဒ္ဓါ . . . ပညာ
ပေါင်းစည်းကာဖြင့် . . . စေတနာရှင်
ဖြူသန့်စင်သည့် . . . မိခင်မေတ္တာ
မွေးပျံ့စွာကို . . . ကြင်ယာတော်ဘက်
ရှေးရေစက်နှင့် . . . ပေါင်းဖက်ဂဟေ
မြနှင့်ရွှေ . . . ဩဘ် . . . လနှင့်နေ။

ဇေယျဇော်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပုံများကပြောသော
# မြန်မာ့မိခင်ကြီးအကြောင်း

ဓာတ်ပုံ - အာရှဦးကျော့

မန္တလာစာပေ

www.burmeseclassic.com



၁။ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဂျပန်ခေတ် ဘီအိုင်အေ ဆေးရုံကြီးရှိ အရှေ့ဘက် အစွန်ဆုံးခန်း မဆောင်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့သည်။

မချိုမစာပေ/

www.burmeseclassic.com

www.burmeseclassic.com





၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်လက်ထပ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်ကြီးဒေါ်စုနှင့်အတူ တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com






၃။ သားကြီး(ဦး)အောင်ဆန်းဦးကို မွေးဖွားပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည် တို့မိသားစုကို တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com





၄။ သမီးငယ် (ဒေါ်)အောင်ဆန်းစုကြည်ကိုမွေးဖွားပြီးဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် တို့ မိသားစုကို တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com





Together: Khin Kyi and Aung San with their three children, Suu Kyi (left) Aung San Oo (centre) and Aung San Lin



www.burmeseclassic.com

www.burmeseclassic.com





၅။ မိခင်ကြီးဒေါ်ခင်ကြည်နှင့် သားသမီး သုံးဦးဖြစ်သည့် (ဦး) အောင်ဆန်းဦး၊ (ဦး) အောင်ဆန်းလင်း၊ (ဒေါ်)အောင်ဆန်းစုကြည် တို့ကို ယခု ဗိုလ်ချုပ်ပြတိုက် နေအိမ်တွင် တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြင့်ဆွေ အံ့အားသင့်ရသကဲ့သို့ ရွှေပေါက်ပင်ဦးဘသိန်းလည်း အံ့ဩသွားသလိုရှိရလေသည်။

ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်တစ်ဦးတည်း ရောက်လာ၍ ဤသို့ပြောလျှင်တော့ တစ်မျိုးဖြစ်ပါမည်။ ယခုမူ မိမိနှင့် ဆေးရုံတစ်ခုတည်းမှာ တာဝန်ထမ်းဆောင်နေရသော ဒေါက်တာမြင့်ဆွေရှေ့နှင့် ဧည့်သည် ရွှေပေါက်ပင်ဦးဘသိန်းတို့ရှေ့တွင် မမျှော်လင့်သောအသံကို ရုတ်တရက်ကြားလိုက်ရသဖြင့် ရှက်ကိုးရှက်ကန်းဖြင့် အခန်းထဲသို့ ပြန်ဝင်ပြေးမိပြီးမှ ဗိုလ်ချုပ်က ထပ်မံခေါ်ပြန်သည်ကို အလွန်မှ အားနာဟန်ဖြင့် အခန်းထဲမှ ပြန်ထွက်လာရာ ဗိုလ်ချုပ်က

"ကျွန်တော်လာတာ တခြားမဟုတ်ဘူး . . . မိန်းမတောင်း ရအောင် လာတာ "

ဟု ထပ်မံ၍ ပြောပြန်၏။ ဒေါ်ခင်ကြည်သည် ဣန္ဒြေဆောင်သောအပြုံးဖြင့် ပြုံး၍နားထောင်နေလေသည်။ မျက်နှာတစ်ပြင်လုံး ရှက်သွေးဖုံးသွားကာ နှင်းဆီသွေးရောင် လွှမ်းနေလေ၏။ ဗိုလ်ချုပ်သည် သူ့ဆန္ဒကို ထုတ်ဖော်ပြောမိသည့်တိုင် ဒေါ်ခင်ကြည်ထံမှ ရုတ်တရက် ဘာစကားတစ်လုံးမျှ စကားပြန်မရသည်ကြောင့် ဘာမျှ ဆက်မပြောနိုင်ပဲ စကားပြန်ကို စောင့်ငေး ငံ့လင့်နေပုံရလေသည်။ သိပ်အချိန်မကြာခင်မှာပင် ဗိုလ်ချုပ်သည် အတွေးပေါက်ပုံပေါ်ကာ

"အဖြေက ချက်ချင်းမပေးဘဲ. . နောက်မှပေးလည်း ရတာပဲ "

ဟု သတိထားလိုက်ပုံရပါသည်။ ဒေါ်ခင်ကြည်ထံမှ ဗိုလ်ချုပ်သည် အဖြေမရခင်မှာပင် အခြားစကားများကို ရသေ့စိတ်ဖြေ ပြောဆိုကာ ရုတ်တရက် နှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။



www.burmeseclassic.com




၆။ မိခင်ကြီးဒေါ်ခင်ကြည်က သားသမီးသုံးဦးဖြစ်သည့် (ဦး) အောင်ဆန်းဦး၊ (ဦး) အောင်ဆန်းလင်း၊ (ဒေါ်)အောင်ဆန်းစုကြည်တို့အား စာသင်ကြား ပေးနေစဉ်။



www.burmeseclassic.com

www.burmeseclassic.com





၇။ မိခင်ကြီးဒေါ်ခင်ကြည်နှင့် သားကြီး(ဦး)အောင်ဆန်းဦး၊
သမီးငယ်(ဒေါ်) အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com





၈။ သားကြီး(ဦး)အောင်ဆန်းဦး၊ သမီးငယ်(ဒေါ်)အောင်ဆန်းစုကြည်



www.burmeseclassic.com

www.burmeseclassic.com





၉။ ကမ္ဘာ့ကလေးများနေ့တွင်ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် ရွှေတံဆိပ်ဆုကို ရရှိသွားသူ ဆဋ္ဌမတန်းကျောင်းသားမောင်ထွန်းအောင်လုအား မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် ကဂုဏ်ပြုချီးမြှင့်နေစဉ်။ (ဓာတ်ပုံ- ခလေးဂျာနယ်)



www.burmeseclassic.com



၁၀။ ကမ္ဘာ့ကလေးများနေ့တွင်ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏ရွှေတံဆိပ်ဆုကို ရရှိသွားသူ ဆဋ္ဌမတန်းကျောင်းသားမောင် အေးအားမဟာသိဒ္ဓိရုပ္ပမ္မ ဒေါ်ခင်ကြည်က ဂုဏ်ပြုဆုချီးမြှင့်နေစဉ်။ (ဓာတ်ပုံ - ခလေးဂျာနယ်)



www.burmeseclassic.com

www.burmeseclassic.com





၁၁။ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံရောက် မြန်မာသံအမတ်အဖြစ် တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com





၁၂။ မဟာသိရိ
သုဓမ္မဒေါ်ခင်
ကြည် အား
အိန္ဒိယ နိုင်ငံ
ရောက်မြန်မာ
သံအမတ်အဖြစ်
တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com





၁၃။ မဟာသီရိသုဓမ္မဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံရောက် မြန်မာသံအမတ်အဖြစ် ရောက်ရှိနေစဉ် အိန္ဒိယဝန်ကြီးချုပ်နေရူးနှင့်အတူ တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com






၁၄။ ၁၉၆၇-ခုနှစ် ဧပြီလ ၁၀-ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဦးသန့် အိန္ဒိယနိုင်ငံနယူးဒေလီလေဆိပ်သို့ရောက်ရှိလာရာ ထိုအချိန်က အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဗိုလ်ချုပ်အောင်ဆန်းကတော် မဟာသီရိသုဓမ္မဒေါ်ခင်ကြည်က လာရောက်ကြိုဆိုနေပုံ။



www.burmeseclassic.com

www.burmeseclassic.com





၁၅။ အိန္ဒိယအတွက် မြန်မာပြည်မှသံအမတ်သစ်ဖြစ်သော ဒေါ်ခင်ကြည်သည် အိန္ဒိယသမ္မတ "ရာဂျင်ဒရာ-ပရာဆတ်"အား ခန့်အပ်လွှာများကို ပေးအပ်ပြီးနောက် ဂုဏ်ပြုအစောင့် အကြပ်များကို စစ်ဆေးကြည့်ရှုနေပုံ ဖြစ်သည်။ ဒေါ်ခင်ကြည်မှာ ပထမဦးဆုံး မြန်မာအမျိုး သမီးသံအမတ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





၁၆။ မိခင်ကြီးဒေါ်ခင်ကြည်က ဒေါ်အောင်ဆန်းစုကြည်နှင့် မိုက်ကယ်အဲရစ်တို့ မွေးဖွားသည့် မြေးဦးသားမောင်မြင့်ဆန်းအောင်(ခ)Alexander အား ပွေ့ချီထားစဉ်။ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ခြံအမှတ် ၅၄ နေအိမ်တွင် အမှတ်တရရိုက်ကူးထားသည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com





၁၇။ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်အား အမေရိကန်ပြည်ထောင်စုမှ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာ့မိခင်ဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







၁၈။ မဟာသီရိ သုဓမ္မဒေါ်ခင်ကြည် အားအိန္ဒိယနိုင်ငံ ရောက်မြန်မာသံ အမတ်အဖြစ် ညစာဖြင့် တည် ခင်းဧည့်ခံစဉ်။



www.burmeseclassic.com




ဘုရားမိခင်ကြီးဒေါ်ခင်ကြည်နှင့်ဒေါ်အောင်ဆန်းစုကြည်ဗုဒ္ဓဂယာဘုရားဖူးစဉ် ရေနံချောင်းမှသံဃာတော်ဆရာတော်များနှင့်အမှတ်တရဓာတ်ပုံရိုက်ကူးထားသည့်ပုံ (မူရင်းဓာတ်ပုံ-ရေနံချောင်းမြို့ ရှာသစ်အရှေ့ပိုင်းစိတ္တသုခကျောင်းတိုက်တွင်ရှိသည်)

www.burmeseclassic.com





၂၀။ မဟာသီရိ
သုဓမ္မဒေါ်ခင်ကြည်
နှင့် သမီးဖြစ်သူဒေါ်
အောင်ဆန်းစုကြည်
တို့က အာဇာနည်
ဗိမာန်တွင် အလေး
ပြုနေပုံ။



www.burmeseclassic.com

www.burmeseclassic.com






၂၁။ ၁၉၈၈ ခုနှစ် လူထုအရေးအခင်းမတိုင်မီ မြန်မာ့မိခင်ကြီး မဟာသီရိသုဓမ္မဒေါ်ခင်ကြည့်အား ခြံအမှတ်(၅၄) တွင် ကျန်းမာစွာ တွေ့ရှိရစဉ်။



www.burmeseclassic.com

www.burmeseclassic.com





၂၂။ ဗိုလ်ချုပ် အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မြေးနှစ်ဦးမောင်မြင့် ဆန်းအောင်နှင့် မောင်ထိန်လင်း အား ရှင်ပြုရဟန်း ခံပေးစဉ်။

www.burmeseclassic.com

# ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးကြီးများ

မြန်မာအမျိုးသမီးဟူသောခေါင်းစဉ်ဖြင့် စာရေးဆရာမကြီး ဒေါ်စောမုံညင်း ပြုစုထားသော ဒုတိယအကြိမ် စာအုပ်ကို ဖတ်ရသည်။

၎င်းတွင် မြန်မာအမျိုးသမီးများထဲမှ ခေတ်အဆက်ဆက် အလိုက် စွမ်းဆောင်ရှင် စေတနာမိခင်ကြီးများအကြောင်းကို သူ့ကဏ္ဍနှင့်သူ ခေါင်းစဉ်ခွဲထားဖော်ပြသွားပုံမှာ အလွန်စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ၎င်းကဲ့သို့ စာအုပ်မျိုး ပြုစုရေးသားရသည့် လုပ်ငန်းတာဝန်မှာ အလွန်ကြီးလေးခြင်းနှင့် စေတနာ၊ မေတ္တာအရကိုပါ ဆရာမကြီးအား ပိုမိုလေးစားမိပါသည်။

ဆရာမကြီးဒေါ်စောမုံညင်း၏ ရေးသားတင်ပြပုံသည် စာရေးသူတစ်ဦးအနေနှင့် စာပေကျွမ်းကျင်မှု၊ ရှေ့မီနောက်မီ ခေတ်မီမှုနှင့် စုဆောင်းရသည့် အခက်အခဲတို့သည် သာမန်စာမျိုး ရေးရသည်ထက် စိတ်ရှည်၊ ဇွဲသန်၊ သည်းခံပြီး နှစ်ရှည်လများ စုဆောင်းရခြင်းတို့တွင် အမှားအယွင်းမရှိအောင် သတိတမံ ဉာဏ်မြေကတုတ်၊ ကြက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖိရင်ဖိ လုပ်ရသည်မျိုးဖြစ်သဖြင့် စာဖတ်သူတို့အတွက်နှင့် ဘဝနှောင်းနှောင်း၊ ကောင်းသထက် ကောင်းအောင်၊ ကြောင်းကျိုးသိမြင်ပညာရှင်အဖြစ်မှာ စေတနာထားက ထားသလောက် ပင်ပန်းလှမည်ဖြစ်သော်လည်း ယင်းသို့ လက်တွေ့မျက်မြင် စာပေစင်မြင့်တွင် စင်တင်လိုက်ရသည့်အခါ စာဖတ်သူများအတွက်၊ တစ်ဆင့်မှီငြမ်းလိုသူများအတွက် သာမက စာရေးသားပြုစုသူအတွက်ပါ သူလည်းဝမ်းသာ၊ ကိုယ်လည်းဝမ်းမြောက် ဂုဏ်တံခွန် တောက်နိုင်လောက်ပါသည်။

ဆရာမကြီးသည် မိမိဖော်ပြလိုသည့် အခန်းလိုက်၊ လုပ်ငန်းစဉ်အရကို စာစုသာမက ဓာတ်ပုံများပါ အရအမိ ရှာဖွေနိုင်ခြင်းဖြင့် ပိုမိုအားဖြစ်စေပါသည်။

ဤတွင် အမျိုးသမီးအမတ်နှင့် နိုင်ငံရေးခေါင်းဆောင်များ ဟူသောကဏ္ဍတွင်(၁) ဒေါ်နှင်းမြ (မော်လမြိုင်)၊ (၂)ဒေါ်အမာ(စစ်ကိုင်း)၊ (၃)ဒေါ်ခင်လှ(စမ်းချောင်း)၊(၄)သံအမတ်ကြီးဒေါ်ခင်ကြည်၊ (၅) မစ္စစ်ဘမောင်ချိန်၊ (၆) ဒေါ်ခင်ချစ်၊ (၇) ဒေါ်နှင်းလှ (ကျိုက္ကမီ)၊ (၈) ဒေါ်စိန်ပု၊ (၉) ဒေါ်စောရွှေ ဟူ၍တွေ့ရ၏။ အမျိုးသမီးအမတ်နှင့် နိုင်ငံရေးခေါင်းဆောင်များသည်လည်း အမျိုးသမီးအာဇာနည်ခေါင်းဆောင်များဟု ခေါ်ဆိုနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော်လောကတွင် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အကြောင်းကိစ္စကြီးငယ်ရှိပါက အလုပ်ကိစ္စအကြောင်း ကြီးငယ်အား ကာယကံမြောက်၊ ဝစီကံမြောက်၊ မနောကံမြောက် စေတနာ မေတ္တာ ပြည့်ဝစွာဖြင့် စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြီးပြည့်စုံစွာ မရိုးဆုံးဘူတာအရောက် ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ခြင်းသာ အဓိက ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မိမိလုပ်ရမည့်အလုပ်အား စေတနာ၊ ယုံကြည်ချက် စိတ်ပိုင်းဖြတ်ချက်ဖြင့် ကံ၊ ဉာဏ်၊ ဝီရိယ သတိ၊ သတ္တိရှိစွာလုပ်နိုင်ခြင်းမှာ ယာယီတစ်ခဏ၊ စိတ်ကူးယဉ်၍ အရေးပေါ် လူပေါ်လူဇော် ဖြစ်နိုင်ရေး လုပ်ဆောင်ချက်လောက်ဖြင့် မအောင်မြင်နိုင်ပဲ ထိုအလုပ်အပေါ် ဇောက်ချကာ ဦးလည်မသုန် စိတ်မှာ မွေးရာပါ ဇာတိစိတ်မျိုး၊ မွေးရာပါ သတ္တိစိတ်မျိုးဖြင့် ပင်ကိုဖြောင့်၊ စင်းလုံးချော၊ ပဋိသန္ဓေစိတ်မျိုးပါမှသာ ဖြစ်နိုင်ကြရာ ဤစိတ်မျိုးမှာ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ ဖြစ်နိုင်ခဲလှ၏။ ဖြစ်နိုင်ပြီဆိုက ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဤပဋိသန္ဓေ မွေးရာပါ ဇာတိစိတ်ရှိသူမှာ အာဇာနည်မျိုးသာ ဖြစ်ရချေသည်။

ဤသည်ကို မြန်မာအမျိုးသမီးခေါင်းစဉ်ဖြင့်ပင် ရဟန်းစာဆို အကျော်အမော် ဆရာတော်ကြီးတစ်ပါးဖြစ်တော်မူသော ဆရာရဝေထွန်းက-

"ပြည်အကျိုးကိုလ၊ သယ်ပိုးကာဆောင်အစွမ်းမှာဖြင့်၊ မောင်ထမ်းလျှင်၊ မယ်က ရွက်မယ်လို့ သွယ်ဆက် စေတနာကြောင့်၊ ဝေဆာဆာ နေရာတိုင်းမှာပဲ၊ မေကညာ ဝေကာဝိုင်းသည်သို့ တိုင်းပြည်တွက် ဆောင်ရွက်ပုံ . .

နိုင်ငံရေးငယ်နှင့် ဆေးပညာ စစ်တလင်း၊ သတင်းစာ၊ ဂျာနယ်တွေနှင့်၊ ဥပဒေ အုပ်ချုပ်ရေးရဲ့ ပြင်၊ သောင်းထောင်မှာ ခေါင်းဆောင်ပေးပါလို့၊ စာရေးကာ ဆိုအကတွင်မှ၊ သာသနာ့တာဝန်တွေထိ၊ တို့မေတွေကိုယ့်ခြေထောက်ကိုလ၊ အိမ်ဆောက်ကာ တည်တည်ရပ်ခဲ့တဲ့၊ မလပ်အောင် ဖြစ်စဉ်ကြောင်းကိုတော့၊ စုပေါင်းကာ ဤစာအုပ်တွင်ဖြင့် စီအစဉ်ပီပြင်ရုပ်ကယ်နှင့်၊ အဘိဓာန် သိရန်လုပ်ပါလို့၊ မ,စွယ်စုံ ပြဖွယ်ထွေတ်၊ ပေါင်းချုပ်အစုံ . . .။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖျက်ရင်ဖြင့်၊ ပြည်ပျက်တယ်၊ နှိမ်ကာဆိုလည်း၊ ရှိန်ဝါကို မှတ်ပြုကိန်းပါပဲ၊ လူ့ခွင်ကို ပြုပြင်ထိန်းရာ၌၊ မိန်းမဆောင် ပြည်တောင် သိမ်းနိုင်ခဲ့၊ ပူအပင် ယူငင်ငြိမ်းပုံတို့၊ သိမ်းစု၍ သဘောခြုံ စောမုံညင်း တင်ပြထား . . . ။

မိန်းမဋီကာ၊ ထိမ်းပြ စီကာ စီကာမို့၊ ဤစာကို မှီကာတွေးရရင်၊ ရှေးရှေးပဝေသဏီက၊ ဇကေရီ ထေရီမိတို့လို၊ ခေါင်းထိတံခွန်တင်၍၊ မြန်မာပြင် ကမ္ဘာသိခဲ့တဲ့၊ တို့ မိ ,မေ ,အများကိုလ၊ မှတ်သား ကမ္ဘာကျေ ရော့လို့၊ စာပေမှာ တင်ကာထားပြီပေါ့၊ စွမ်းအားရှင် ညီမပေါင်းငယ်တို့၊ နောက်နှောင်း ဤစာအုပ်နှယ်သို့၊ ထုတ်ဝေလျှင်၊ ကိုယ်တိုင်ပါဖို့၊ မအာဇာနည် အမျိုးမှာဖြင့်၊ ကမ္ဘာတွင်စာတင်ထိုးရအောင်ကွယ် . . ကြိုးလော့ . . . မေ . . များ" (ရဝေထွန်း၊ စာ-၁၁)

ဆရာမကြီးဒေါ်စောမုံညင်းက မြန်မာအမျိုးသမီး (၁၁၇) ဦးတို့၏ အကြောင်းကို နှောင်းသုတေသီတို့အဖို့ ဗဟုသုတရကြစေရန် မကျဉ်း မကျယ် တင်ပြသည့်ကျမ်းတစ်စောင် ဖြစ်ပေါ်လာသဖြင့် မှုားစွာကျေးဇူး တင်ရကြောင်း၊ (၁၉၂၀) ပြည့်နှစ်နှင့် အမျိုးသား လှုပ်ရှားမှုနှင့်ဆက်စပ် လျက် အမျိုးသားပညာရေးနှင့် အမျိုးသမီးရေးတို့မှာ ကြိုးပမ်းခဲ့သည့် ဒေါ်ဒေါ်စုအကြောင်းနှင့် အမျိုးသမီး အာဇာနည်မကြီးများအကြောင်းကို ဖော်ထုတ်ရေးနိုင်ကြပါစေဟု မေတ္တာပြုထားလေသည်။

စာရေးဆရာကြီး ဆရာမောင်ထင်မှ -

"ဝတ်လုံတော်ရ ဦးသိန်းအောင်ဟု ထင်ရှားသော ပုဂ္ဂိုလ်ကြီး၏ ဇနီးဖြစ်သူ ဒေါ်စောတင်နှင့်တကွ ချောက်မြို့၊ သခင်မကြီး ဒေါ်အေး၊ ရဲရဲတောက် သခင်မကြီး ဒေါ်သိန်းတင်၊ ရခိုင်အမျိုးသမီး ဒေါ်ဦးကြာဇံ၊



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး ဦးချစ်လှိုင်၏နှမ ဒေါ်နှင်းမြ စသည်တို့ အပြင် သာသနာရေး၊ ပညာရေးနှင့် နိုင်ငံရေး ကြိုးပမ်းမှုတို့တွင် မြန်မာကို သိဒ္ဓိတင်ပေးသော အမျိုးသမီးတို့အနက် မင်းကြီးကတော် ဒေါ်မြမေ၏ ဆောင်ရွက်ချက်တို့မှာလည်း သာမည မဟုတ်။ ဒေါ်မြမေ၏အကြောင်းနှင့် ငွေစာရင်း မင်းကြီး ဦးလှအောင်တို့၏ အကြောင်းများစွာကို အမှာစာဖြင့် သိရ၏။

ဒေါ်မြမေမှာ စစ်ကဲမောင်ထော်လေးလမ်း အမည်ပိုင်ရှင် မွန်ဦးထော်လေး၏ အထွေးဆုံးသမီးဖြစ်ရာ ဒေါ်မြစိန်မှာ ၎င်း၏ မြေးဖြစ်သည်။ နိုင်ငံခြား၌ ဗုဒ္ဓဘာသာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည့်အရာ၌ ဒေါ်မြမေ၏ သတ္တိ၊ ဇွတ္တိတို့မှာ ႏွမ်ကွန်းထိုးလောက်ပေသည်ဟု တွေ့ရသည်။

မြန်မာအမျိုးသမီးလောကတွင် -

(၁) ဝံသာနုအမျိုးသမီးများ၊ မြန်မာ့ကုမ္ပဏီအသင်းများ။

(၂) ဥပဒေလောကမှ အမျိုးသမီးကြီးများ။

(၃) ဆေးပညာလောကမှ အမျိုးသမီးကြီးများ။

(၄) တပ်မတော်ပြန်တမ်းဝင် အမျိုးသမီးအရာရှိများ။

(၅) အမျိုးသမီးအမတ်နှင့် နိုင်ငံရေးခေါင်းဆောင်များ။

(၆) ထင်ရှားသော အမျိုးသမီးကြီးများ။

(၇) ပညာရေးလောကမှ အမျိုးသမီးကြီးများ။

(၈) သတင်းစာထုတ်ဝေသူ အမျိုးသမီးများ။

(၉) အမျိုးသမီး စာပေပညာရှင်များ။

(၁၀) ဂီတပညာရှင် အမျိုးသမီးများ။

(၁၁) ဇာတ်အငြိမ့်ပညာရှင် အမျိုးသမီးများ။



www.burmeseclassic.com

www.burmeseclassic.com



(၁၂) ရုပ်ရှင်ပညာရှင် အမျိုးသမီးများ။

(၁၃) အမျိုးသမီး အဆိုတော်ကြီးများ။

(၁၄) သာသနာ့ဝန်ထမ်း အမျိုးသမီး အကျော်အမော်များ

စသည်အားဖြင့် လောကဓမ္မနှစ်ဌာနရှိ စွမ်းဆောင်ရှင် အမျိုးသမီးများကို ရှေးကောခေတ်မှီ ကိုယ်တွေ့၊ စာတွေ့အားဖြင့် အစွမ်းကုန်ရှာဖွေစိစစ်၍ တင်ပြထားသည်မှာ အားရဖွယ်ဖြစ်ပါသည်။ (ယင်းစာ၊ ၆-၉)

## မြတ်စွာဘုရားလက်ထက်တော်အခါက အမျိုးသမီးထေရ်ရီ အရှင်မကြီးများ

ထို့ပြင် ကမ္ဘာတွင် အမျိုးသမီးဘုရင်မကြီးများရှိသကဲ့သို့ မြန်မာ့သမိုင်းတွင် ထင်ရှားသော မိဖုရားဖွားစော၊ ဘုရင်မကြီး ရှင်စောပုတို့၏ ထင်ရှားသော အကြောင်းအရာများနှင့် အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် စွမ်းဆောင်ချက်များစွာလည်း ရှိပါသေးသည်။

ဤမည်သော ထင်ရှားသည့်အမျိုးသမီးလောကထဲမှ စွမ်းဆောင်ရှင် အာဇာနည်အမျိုးသမီးများထဲတွင် ဆရာမကြီး ဒေါ်စောမုံညင်း၏ ဖော်ပြချက်များထဲမှ အမျိုးသမီးအမတ်နှင့် နိုင်ငံရေးခေါင်းဆောင်များ ကဏ္ဍမှ သံအမတ်ကြီးဒေါ်ခင်ကြည်အား စာတစ်အုပ်အဖြစ် လက်လှမ်းမီသမျှ လေ့လာတင်ပြအပ်ပါသည်။

ဖက်ဆစ်ဂျပန်ခေတ်တွင်လည်း အင်္ဂလိပ်နယ်ချဲ့ခေတ်လောက် နှစ်ကာလရှည်ကြီး မဟုတ်သည့်တိုင် နှစ်တိုအတွင်း မျက်စိနှစ်ကွင်းမဲ့ဝင်းဝင်းတောက်မျှ ဒုက္ခဝေဒနာဆိုးများကို ခံစားကြရသည်။ ကာပေးကဲမြောက်



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခံကြရသည်။ ခြေလက်အင်္ဂါတွေ ကျိုးကြေ၊ ကန်း၊ အ ဖြစ်ကြရသည်။ သို့ဖြစ်၍ ခန္ဓာမှ အနာဝေဒနာဆိုးတို့သည် ဆေးကုသ၍ ပျောက်သွားသည့်တိုင် ခန္ဓာအမာရွတ်နှင့်အတူ စိတ်ဓာတ်နာကြည်းမှု၏ နာကြည်းမုန်းတီး ခါးသီးစွာ ခံစားရချက်တို့မှာ လက်တွေ့ကြုံလေ မမေ့ပျောက်နိုင်အောင် ရှိခဲ့ကြသည်။

အင်္ဂလိပ်နယ်ချဲ့ခေတ်ဆိုးနှင့် ဖက်ဆစ်နယ်ချဲ့စရိုက်ဆိုး နှစ်မျိုးစလုံးကို ဆက်တိုက်ခံစား ကိုယ်တွေ့ရှိကြသူများအဖို့ ဆင်နင်းခံရပြီးသည်၏နောက် မောင်းထောင်းပါ ခံလိုက်ရသလို တစ်နင့်တစ်ပိုး အဖြစ်ဆိုးများနှင့် ကြုံရ၊ ဆုံရ ဘုံဘဝတို့သာတည်း။

ဤသို့ အဖြစ်ဆိုး၊ ဝေဒနာဒဏ်ရာဒဏ်ချက်တို့ကို အသီးသီးတွေ့ကြုံသမျှ ကိုယ်တွေ့နှင့် လေ့လာခံစားရေးသားချက်များစွာထဲမှ ဆရာဝန်ကြီး ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ၏ ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ရေးစာအုပ်ကို သုတရသပြည့်စုံစွာ ဖတ်ရသောအခါ ကိုယ်တိုင်ပါဝင်ခံစားနေရသကဲ့သို့ဖြစ်ပြီး အငြိမ်းစား ဗိုလ်မှူးအေးငွေ၏ 'သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်း' ပီပြင်သော ဇာတ်လမ်းတို့သည် သူ့ကိုယ်တွေ့နှင့်သူ အလွန်ပီပြင်စွာ ဖတ်ရှုခံစားရလျက် ရုပ်ရှင် ဇာတ်ကားကောင်းတစ်ကားကို ကြည့်ရဘိသို့ ကွက်ကွက်ကွင်းကွင်း မြင်သာထင်သာရှိလှသော ကိုယ်တွေ့များ ဖြစ်ကြလေသည်။

ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ ရေးသားတင်ပြခဲ့သည့် အဆိုပါ စာအုပ်မှာ အလွန်မှအသုံးဝင် အရာရောက်လှသည်ဟု ဝမ်းသာခဲ့ရသည်။ ဆရာကြီးဒေါက်တာမြင့်ဆွေနှင့် မသိကျွမ်းရသော်လည်း ၎င်း၏ စာအုပ်သည် စာရေးသူနှင့် စာဖတ်သူတို့အား ကြည်ညိုလေးစားစရာ အဖြစ် မေတ္တာဂဟေဆက်ပေးသလို ခံစားမိပါသည်။

www.burmeseclassic.com



ဆရာကြီးဒေါက်တာမြင့်ဆွေ၏ အဆိုပါစာအုပ်ကြီးတွင် အခန်းတစ်ခန်း၌ ဇာတ်ပို့ဇာတ်ရံအဖြစ် ပါဝင်လျက် အဓိကအားဖြင့် ‘ဗိုလ်ကြီးမင်းရောင်နှင့် တပ်ကြပ်ကြီးရွှေကို’ တို့။ ‘ဆရာဝန်ကြီး ဦးဘသန်းနှင့် ဒေါ်ခင်ကြည်တို့အား သတ်မည့်ကြံသူ ‘လူမမာ ရဲဘော်’ ကို ဖော်ထုတ်ပြီး ဤမှတ်တမ်းရေးသူ (ဒေါက်တာမြင့်ဆွေ) အား အချိန်မီ သတင်းပေးပို့ခဲ့သူ နှစ်ဦး။ (စာမျက်နှာ ၆၆ ရှု) ဟု ခေတ်ပုံနှင့်တကွ ဖော်ပြခံရသည့် ထို ပုဂ္ဂိုလ်နှစ်ဦးမှ တပ်ကြပ်ကြီး ရွှေကိုမှာ ကျွန်တော်၏အစ်ကိုပမာ ရင်းနှီးခဲ့သူ ဖြစ်ပါ၍ သူ့ကို ကျွန်တော် အစ်ကိုဟု ခေါ်ခဲ့ပါသည်။

ထို တပ်ကြပ်ကြီးရွှေကိုသည် လွတ်လပ်ရေးရပြီးခေတ် ရုပ်ရှင်မင်းသားရွှေကို ဖြစ်လာပါသည်။ သူသည် မြန်မာသံသက်သက် အဆိုကောင်း ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်ပါသည်။

အစ်ကို ရွှေကို,ကို စတင်ရင်းနှီးရသည်မှာလည်း စာရေး ဆရာကြီး ဆရာအောင်လင်းအိမ်နှင့် အရိုင်းစပယ်စာအုပ်တိုက်မှာ ရင်းနှီးခဲ့ပါသည်။ ဆရာအောင်လင်းက ပတ္တလား အတီးကောင်း၊ တယော လက်သံကောင်း၊ မယ်ဒလင် လက်ကျကောင်း၊ အဆိုကောင်း၊ အတီးကောင်း စာရေးဆရာကြီးဖြစ်သဖြင့် ဆရာအောင်လင်း အိမ်မှာ အရေး၊ အဆို၊ အတီး ဝါသနာကြီးကြသည့် ဆရာကြီး၊ ဆရာလေးများ မကြာခဏဆိုသလို စုစည်းတွေ့ဆုံပြီး ဆိုကြ၊ တီးကြသည်။ ထိုအထဲတွင် အစ်ကိုရွှေကိုသည် အကြိမ်များစွာ လာရောက်တတ်သည်။ အဆိုတော် မောင်မောင်ညွန့်နှင့် ထိုခေတ်ရေဒီယို တေးသံရှင်များစွာ၊ စာပေဂီတ၊ ရုပ်ရှင်ဇာတ်သဘင်နယ်မှ ပညာရှင်များစွာပါ ဝင်ထွက်မစဲ တသဲသဲကာလ ဖြစ်ပါသည်။

www.burmeseclassic.com



ဆရာအောင်လင်းအိမ်ခန်းမှာ အဆို၊ အတီး ပြီးက ဝတ္ထု ဆောင်းပါးများ အရေးအသားအကြောင်း၊ တစ်ဖန် ဂျပန်ခေတ် တော်လှန်ရေး အကြောင်းများပါ ပါတတ်ပါသည်။

ဆရာအောင်လင်းသည်ပင်လျှင် ဂျပန်တော်လှန်ရေးခေတ်က ပခုက္ကူခရိုင်မှ ဖက်ဆစ်တော်လှန်ရေး မျိုးချစ်သခင် တစ်ယောက် ဖြစ်ခဲ့သည်။ သခင်မော်တင် စသည့် မျိုးချစ်တော်လှန်ရေးပုဂ္ဂိုလ်များနှင့် ပါဝင်ခဲ့ကြောင်းများကို ကြားရသည်။ နောင် မှတ်တမ်းစာအုပ်များမှာပါ ဖတ်ရသည်။

ထို့အတူ ဆရာအောင်လင်းနှင့် အသက်မကွာလှသည့် ရုပ်ရှင်မင်းသား တေးသံရှင် အစ်ကိုရွှေကိုသည်လည်း ဖက်ဆစ် တော်လှန်ရေးခေတ်က တပ်ကြပ်ကြီးရွှေကိုအဖြစ် ပါဝင်ခဲ့ပုံများကို ကြားသိရင်းနှီးခဲ့ရသည်။

ထိုခေတ် ထိုအခါက ထိုဆရာများ၊ အစ်ကိုများသည် သူတို့၏ လက်တွေ့ဘဝများကို ကျွန်တော်သည် မကြာခဏ ကြားခဲ့ရသည်။ အသက်အန္တရာယ်ကြားမှ မသေလို့ ကျန်၊ ကံမှ ကြွင်းသူများ ဟု လေးစားမိပါသည်။

ဆရာအောင်လင်းထံမှ ပခုက္ကူ စသော ဖက်ဆစ်တော်လှန်ရေး နယ်ဒေသ အတွေ့အကြုံများကို ကြားရသကဲ့သို့ အစ်ကိုရွှေကိုထံမှ ရန်ကုန်နှင့်ဝန်းကျင် ရွှေတောင်တိုက်ပွဲအကြောင်း၊ ဂျပန်ခေတ်အကြောင်း၊ ရန်ကုန်ဆေးရုံကြီးမှ အတွေ့အကြုံများအကြောင်းကို အံ့မခန်းကြားရသည်။

ဆရာဝန်ကြီး ဒေါက်တာဘသန်းအကြောင်း၊ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်တို့ အကြောင်းများကို မြန်မာ့တပ်မတော် မျိုးချစ်ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများအကြောင်း၊ ဆင်းရဲဒုက္ခရောက်ရပုံအကြောင်း၊ ဒေါက်တာမြင့်ဆွေနှင့် ထိုခေတ်ဆေးရုံကြီးမှ ဖက်ဆစ်စနစ်ဆိုး၏ ညှဉ်းဆဲခံ၊ ဆရာ၊ ဆရာမများအကြောင်းတို့ကို ကြားသိရသည်။

"သွေးမတော် သားမစပ်ကြပေမယ့် အရေးကြီးသွေးနီးမှ ဆိုသလိုတကယ့် တစ်အူထုံ့ဆင်း၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်နဲ့ သွေးသားရင်းလို သဘောထားခဲ့ကြတဲ့ ဆရာဝန်ကြီးတွေ၊ ဆရာမကြီးတွေရဲ့စေတနာ။ အဲဒီအချိန် ကိုယ့်အသက်အတွက်ကိုမှ ဘာမျှ အာမခံ မရှိကြတဲ့ဘဝ။ ရရာစား၊ ကြုံရာနေ၊ ဖြစ်သလိုစား၊ ဖြစ်သလို နေကြရပြီး ကိုယ်ရေးကိုယ်တာ ခံစားမှုဆိုတာ တစ်ပြားသားမှ မျှော်လင့်ချက်မရှိတဲ့ ကာလဆိုးကြီးမှာ ကိုယ့်အသက်ထက် သူ့အသက်ကို အလေးထား၊ တန်ဖိုးထားကယ်တင်ကြတဲ့ ဆရာ၊ ဆရာမတွေ"

ဟု အစ်ကိုရွှေကိုထံမှ ကြားသိခဲ့ရသည့် အတွေ့အကြုံစကားများ။

"ဒီလို အသက်ပေး၊ ဘဝကို စတေးပြီး ကယ်တင်ရှင်လုပ်နေကြတဲ့ ဆရာဝန်၊ သူနာပြုဆရာမများကြားက ဂျပန်တွေ ဖမ်းသွားခံကြရတဲ့ ဆရာဝန်တွေ၊ မသေကောင်း မပျောက်ကောင်း အညှဉ်းဆဲခံရရုံနဲ့ ပြန်ရောက်လာကြလို့ တော်သေးရဲ့"

"လူနာတွေဆိုတာကလည်း ဆေးရုံရောက်လာလိုက်ရင် တစ်ယောက်ကမှ သက်သောင့်သက်သာ မရှိကြဘူး။ မသေရုံတမည် သွေးသံရဲရဲနဲ့ ခြေကျိုးလက်ပြတ် ရောက်လာကြတာ။ တော်ရုံတန်ရုံဆို မြင်ရတာနဲ့ သွေးပျက်လောက်၊ ရူးလောက်တယ်။ ရန်သူ့ဗုံးဆန် ထိမှန်လို့၊ ကျည်ဆန် ထိမှန်လို့ ကျိုးပဲ့ပြတ်သတ်ပြီး လူမှန်းမသိအောင်ကို အသည်းအသန်တွေချည်းပဲ . . ."

www.burmeseclassic.com



"ဒီလူနာတွေထဲက အော်ဟစ်ညည်းညူသံတွေ၊ လူနာတချို့ ဝေဒနာ အသည်းအသန်ကြားက ဆရာ၊ ဆရာမတွေကို တစ်တစ်ခွခွ ကြိမ်းမောင်းသံ၊ ဆဲဆိုသံ၊ နောက်ဆုံးအဆင့် သတိလက်လွတ်ပြီး ဝေဒနာ ဒဏ်နဲ့ မခံမရပ်ဖြစ်ပြီး ဆရာ၊ ဆရာမတွေကို လူနာအချို့က သေကြောင်း ကြံတဲ့အထိ တောင့်ခံကြရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ဝေဒနာ ကို ဂရုမစိုက်ရကောင်းလားဆိုတဲ့ အမြင်တွေ၊ ဆရာ၊ ဆရာမများဘက်က အစအဆုံး ပြုံးပြုံးကြီး သည်းခံပြီး အားလုံးကို မေတ္တာမပျက် ဂရုစိုက်ကြ ပါတယ်။ လူနာမှန်သမျှကို ပျာပျာသလဲပါပဲ။ မျက်မြင်ပဲ။ ဒီကြားထဲ ဗုံးကြဲလေယာဉ်သံ၊ ဗုံးကြဲသံ၊ သေနတ်သံတွေကတော့ နားမဆံ့အောင်ပဲ။ ဒါပေမဲ့ ဘာအခက်ခဲဆုံးလဲဆိုတော့ အဲဒီအချိန် ဆေးရုံမှာ ဆရာ၊ ဆရာမ တွေကအစ အမှုထမ်းမပြည့်စုံတာတွေ။ ရှိတဲ့ ဆရာဝန်၊ ဆရာမတွေနဲ့ နေ့ညမအား ဆေးဝါးဓာတ်စာ၊ ကိရိယာပြည့်စုံသလားဆိုတော့ နတ္ထိလို့ ပြောရလောက်တယ်။ မရှိ ရှိတာလေးတွေကို အတတ်ပညာနဲ့ ဉာဏ်နဲ့ ဆင်ခြင်ပြီး မဖြစ်ဖြစ်အောင် စေတနာ၊ မေတ္တာစွမ်းအားနဲ့ စားဝတ်နေ ရေးကအစ ရှာဖွေကုသကြလို့သာ လူနာအများစုဟာ အသက်ချမ်းသာ ရာရကြတာပေါ့။ ဆရာကြီးဦးဘသန်းနဲ့ လက်ထောက် ဆရာဝန်တွေ၊ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်၊ ဒေါ်ခင်ထွေးတို့လို အသက်ပေး၊ အနစ်နာ ခံခဲ့ကြတဲ့ ဆရာကြီး၊ ဆရာမကြီးတွေ၊ သူနာပြုတွေရဲ့ စိတ်ထားဟာ တကယ့်ကို ဖြူစင်မြင့်မြတ်ကြတဲ့ စေတနာဖခင်၊ စေတနာမိခင်၊ မေတ္တာရှင် တွေ ဖြစ်ကြတယ်"

စသည့် အတွေ့အကြုံစကားများကို အစ်ကိုရွှေကိုထံမှ အခါ အခွင့်သင့်တိုင်း ကြားခဲ့ရသည့် သူ့အတွေ့အကြုံတွေ၊ နာမည်ကျော် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



တောင်တိုက်ပွဲအကြောင်း၊ ဆရာအောင်လင်းထံမှ ပခုက္ကူနယ် ဖက်ဆစ်တော်လှန်ရေးအကြောင်း၊ ပုံတောင်ပုံညာဆီမှ နတ်ကျား အကြောင်းများ၊ သူတို့၏ စိတ်ကူးယဉ်ဝတ္ထုထက် များစွာဆန်းကြယ် အံ့ဩဖွယ်ကောင်းလှပေသည်။

ကျွန်တော်နှင့် အစ်ကိုရွှေကိုတို့ အမြဲဆုံစည်းရာသည် အောင်ဆန်းအားကစားကွင်းကြီးနှင့်နီးလျက် ဖဆပလရပ်ကွက်ရှိ ဆရာ အောင်လင်းနေအိမ်တိုက်ခန်းဖြစ်၍ ကျွန်တော်သည် ထိုစဉ်က ဆရာ အောင်လင်း အိမ်မှာ အိပ်၊ စား၊ နေ များပါသည်။ မိမိ၏ နေအိမ် သာကေတ (၄) တောင်ရပ်ကွက်၊ အောင်သစ္စာလမ်းသို့ နှစ်ရက်၊ သုံးရက်မှ တစ်ကြိမ်ပြန်တတ်ပါသည်။ တစ်ခါတစ်ရံ အိမ်မှာ သုံးညလောက် အိပ်မိ သည်နှင့် ဆရာအောင်လင်း လိုက်လာတတ်သည်။ သို့မဟုတ် ဆရာအောင်လင်း၏ အစ်မကြီး မမဒေါ် သိန်းညွန့် လိုက်ခေါ်တတ်ပြီး ရံဖန်ရံခါ အစ်ကိုရွှေကို ပါလာတတ်ပါသည်။

ကျွန်တော်သည် အောင်ဆန်းအားကစားကွင်းမှာ တစ်ယောက်တည်း ဘောလုံးပွဲကို တစ်ခါမျှမကြည့်ဖူးပါ။ အစ်ကိုရွှေကိုကြောင့် ဘောလုံးပွဲ စတင်ကြည့်ဖူးရာမှ အခါများစွာ သူနှင့် ပါသွားတတ်ပြီး ရံဖန်ရံခါ သင့်စာပေ ဦးနီ ခေါ်သဖြင့် ပါတတ်ပါသည်။ နောင်သောအခါ ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ၏ 'မှတ်မိသေးတယ် ဂျပန်ခေတ် ဆေးရုံကြီးဝယ်' စာအုပ်ကို ဖတ်ရသောအခါ အစ်ကိုရွှေကို ပြောပြသည့် အတွေ့အကြုံစကားများနှင့်မှတ်စုများ အပါအဝင် ပိုမိုတိကျပြည့်စုံသော ကိုယ်တွေ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်သဖြင့် အတိုင်းမသိ ဝမ်းသာရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိဖတ်မိသော စာအုပ်များထဲတွင် မိမိရေးလိုသော အကြောင်းအရာ၊ အတွေ့အကြုံတို့သည်လည်း ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ၏ ကိုယ်တွေ့စာများအား ကိုးကားထောက်ထားစရာ ဖြစ်လာသည့်အတိုင်း အခြားစာအုပ်စာတမ်းများမှ ရရှိအချက်အလက်များနှင့် ဖတ်မိသိမီသမျှအား စုစည်းတင်ပြရပါကြောင်း။

အကယ်၍ မိမိရေးသားဖော်ပြချက်များတွင် အမှားအယွင်းတစ်စုံတစ်ရာပါဝင်ပါက မူရင်းစာရေးဆရာကြီးများ စာများနှင့် ပြန်ပြောပုဂ္ဂိုလ်တို့နှင့် မဆိုင်ဘဲ မိမိ၏အားနည်းချက်သာဖြစ်ပါကြောင်း ကြိုတင်ဝန်ခံအပ်ပါသည်။ မည်သို့ပင်ဖြစ်စေ ပုဂ္ဂိုလ်ရေးမဖက်။ စေတနာ၊ ဝါသနာအရ မေတ္တာသက်သက်ဖြင့် ရေးသားဖော်ပြခြင်းအပေါ် မေတ္တာဖြင့် ခွင့်လွှတ်မည်ဆိုပါက ရေးသားရခြင်းအပေါ် ဂုဏ်ယူဝမ်းသာရမည် ဖြစ်ပါကြောင်း . . . .

ဇေယျာဇော်

■



www.burmeseclassic.com

www.burmeseclassic.com

# မြောင်းမြမြို့တွင်ပြုလုပ်သည့် ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း (၂၆) နှစ်ပြည့်တွင် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှတ်တရအောက်မေ့ဖွယ်စကား

၂၇ ဒီဇင်ဘာ ၂၀၁၄

မေမေက မြောင်းမြသူဖြစ်တယ်ဆိုတာကို အမြဲပဲဂုဏ်ယူခဲ့ပါတယ်။ ကျွန်မဟာ ငယ်ငယ်တုန်းကဆိုရင် မြောင်းမြဟာ အင်မတန်မှပျော်စရာကောင်းမယ့် နေရာဖြစ်မယ်လို့ ထင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေက ငယ်ငယ်တုန်းက မြောင်းမြမှာ ဘယ်လောက်ပျော်စရာကောင်းလဲဆိုတာ ခဏခဏပြောခဲ့လို့ပါပဲ။

မေမေက မြောင်းမြကနေစပြီးတော့ ကျောင်းဆရာမအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့တယ်။ နောက်တော့ မေမေ့ရဲ့ကရင်မိတ်ဆွေများဟာ သူနာပြုဆရာမတွေအဖြစ် ရန်ကုန်မှာ လုပ်နေကြတယ်ဆိုတော့ ဒီ သူနာပြုဆရာမတွေရဲ့ တာဝန်ဝတ္တရားတွေအကြောင်း ကြားရပြီးတော့ မေမေက



www.burmeseclassic.com

www.burmeseclassic.com



အားကျသွားတာ။ ဒီလိုပဲ လုပ်ချင်တယ်။ ဒီလိုပဲ သူများကို အကျိုးပြုချင်တယ်။ ကရုဏာအလုပ်ကို လုပ်ချင်တယ်ဆိုတဲ့ စိတ်တွေဖြစ်ပေါ်ခဲ့တယ်။

အဲဒီအချိန်တုန်းကဆိုလို့ရှိရင် ပိုပြီးတော့ ကျောင်းဆရာမတွေကို သူနာပြုဆရာမတွေထက် ဂုဏ်ရှိတယ်လို့ မေမေ့ရဲ့ပတ်ဝန်းကျင်က ဒီလိုပဲ ထင်ကြပါတယ်။ ဒါကြောင့်မို့ မေမေ့ရဲ့အမေ ဘွားဘွားကြီးဟာဆိုလို့ရှိရင် မေမေသွားပြီးတော့ သူနာပြုဆရာမလုပ်မှာကို လုံးဝကို သဘောမတူပါဘူး။ အဲဒီတုန်းကမေမေက အမျိုးသားကျောင်းမှာ ဆရာမအလုပ် လုပ်နေတယ်။ ကျောင်းက အိမ်နဲ့လည်း မဝေးဘူး။ အဲဒီတော့ သမီးကို အိမ်မှာလည်း အလုပ်မလုပ်ဘဲနဲ့လည်း ထားလို့ရတယ်။ ကျောင်းဆရာမ သမီးဆိုပြီးတော့ ဂုဏ်ယူလို့ရတယ်ဆိုပြီးတော့ သူနာပြုလုပ်မယ့်ကိစ္စကို လုံးဝသဘောမတူဘူး။

မေမေဟာ အမေ(အဘွား)ကို အင်မတန်မှ ချစ်တယ်။ အင်မတန်မှ လေးစားပေမယ့် အဲဒီကိစ္စနဲ့ပတ်သက်လို့တော့ အမေ(အဘွား)နဲ့ သဘောမတူညီဘူး။ သူနာပြုဆရာမရဲ့အလုပ်ဆိုတာ အင်မတန်မှ မွန်မြတ်တဲ့အလုပ် ဖြစ်တယ်ဆိုပြီးတော့ မေမေဟာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဘိုးဘိုးကတော့ သဘောတူပါတယ်။ ဘိုးဘိုးကတော့ ဒါ မွန်မြတ်တဲ့ အလုပ်ပဲလို့ လုပ်ချင်ရင်လုပ်ဆိုတော့ ဒါနဲ့ပဲ မေမေက ရန်ကုန်ကို သွားပြီးတော့ သူနာပြုဆရာမလုပ်ဖြစ်ခဲ့တယ်။

ကျွန်မ ငယ်ငယ်ကတည်းက မေမေ့ကို ဗိုလ်ချုပ်ကတော်လို့ ခေါ်တာကြားခဲ့ရတဲ့အခါကျတော့ မေမေ့နာမည်လို့တောင် ကျွန်မ တစ်ချိန်တုန်းက ထင်ခဲ့ဖူးတယ်။ ဗိုလ်ချုပ်ကတော်၊ ဗိုလ်ချုပ်ကတော်လို့ ခေါ်ကြတော့ ကျွန်မ ပြန်စဉ်းစားကြည့်တယ်။ ကျွန်မ ပထမဦးဆုံး မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့တာ ကျွန်မရဲ့မိခင်အနေနဲ့ မဟုတ်ဘဲနဲ့ ဖေဖေ့ရဲ့ဇနီးအနေနဲ့ ဒီလိုပဲ သိခဲ့တယ်။ မြင်ခဲ့တယ်။ အဲဒါဟာ ဘာဖြစ်လို့လဲဆိုတော့ မေမေက တာဝန်ကျေခဲ့လို့ လို့ ဒီလိုပဲ ကျွန်မ သတ်မှတ်ပါတယ်။

မေမေဟာ ခေါင်းဆောင်တစ်ဦးရဲ့ဇနီး လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို လုပ်ခဲ့တယ်။ ထားသင့်ထားထိုက်တဲ့ စိတ်ထားတွေကို ထားခဲ့ပါတယ်။ တာဝန်ကျေခဲ့ပါတယ်။ မေမေဟာ ပေးဆပ်တဲ့လူတစ်ယောက်ပါ။ ရယူတဲ့သူတစ်ယောက်မဟုတ်ပါဘူး။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ရဲ့ဇနီးဆိုတာ ဒီလိုပဲပေးဆပ်ခြင်းသာ ဖြစ်ရပါလိမ့်မယ်။ ရယူချင်တဲ့စိတ်နဲ့ဆို နိုင်ငံအတွက် ကောင်းနိုင်မှာ မဟုတ်ပါဘူး။ *(လက်ခုပ်သံများ)*

သူနာပြုဆရာမလုပ်တဲ့အခါမှာ မေမေ့ကို မေမေ့ရဲ့လူနာတွေက အင်မတန်မှ ချစ်ကြပါတယ်။ ချစ်ရတဲ့အကြောင်းရင်းက မေမေက ကရုဏာပြည့်ဝတယ်။ နောက်ပြီးတော့လည်း သူနာပြုဆရာမရဲ့အလုပ်ကို အင်မတန်မှ ကျွမ်းကျွမ်းကျင်ကျင်နဲ့ လုပ်နိုင်ပါတယ်။ အဲဒါကြောင့် လူနာတွေကလည်း ချစ်ပါတယ်။ 'မြန်မာ့ခေတ်ဆေးရုံကြီးဝယ်'ဆိုတဲ့ ဒေါက်တာမြင့်ဆွေရေးတဲ့စာအုပ်ကို ဖတ်ဖူးတဲ့သူဆိုရင် သိပါလိမ့်မယ်။ အင်မတန်မှ ဘယ်လောက် တာဝန်ကျေလဲဆိုတော့ မင်္ဂလာမဆောင်ခင်ညမှာ အဲဒီအချိန်က စစ်အတွင်းတုန်းကပေါ့နော်။ ဖေဖေနဲ့မင်္ဂလာဆောင်တာက စစ်အတွင်းမှာ။ အဲဒီ မင်္ဂလာမဆောင်ခင်ညမှာ ဗုံးပေါက်တဲ့ဒဏ်ကြောင့်မို့ လူနာ တချို့ဆေးရုံကို ရောက်လာတယ်။ ဆေးရုံကိုရောက်လာတော့ မေမေက အိပ်ရာကနေထပြီးတော့ ခွဲစိတ်ကုသဖို့အတွက် ကူညီခဲ့တယ်။ အဲဒီတုန်းက ခွဲစိတ်ဆရာဝန်ကြီး ဦးဘသန်းက ပြောခဲ့တယ်။ မေမေဟာ အနှိုင်းမဲ့သူနာပြုတစ်ယောက် ဖြစ်တယ်ပေါ့နော်။ မင်္ဂလာမဆောင်ခင်



www.burmeseclassic.com

www.burmeseclassic.com



ညမှာတောင်မှ ထပြီးတော့ တာဝန်ကျေအောင် လုပ်တယ်ဆိုပြီးတော့ ဂုဏ်ပြုခဲ့ပါတယ်။

ကျွန်မ မေမေ့ကိုသိပ်ပြီးတော့ ဂုဏ်ယူတယ်ဆိုတာဟာ တာဝန်ကို အင်မတန်မှ သိတတ်တယ်။ တာဝန်ကို အင်မတန်မှကျေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်။ အဲဒါကြောင့် တာဝန်သိတတ်တဲ့သူဆိုတာ ဘယ်နေရာမှာပဲရောက်ရောက် ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တာပဲ။ ကျောင်းဆရာမတုန်းကလည်း ကျောင်းဆရာမအရ တာဝန်ကျေတယ်။ သူနာပြုဆရာမအနေနဲ့လည်း သူနာပြုဆရာမအရ တာဝန်ကျေတယ်။ နောက်တော့ ဖေဖေနဲ့အိမ်ထောင်ကျပြီးတော့ ဗိုလ်ချုပ်ကတော်အနေနဲ့ ဗိုလ်ချုပ်ကတော်အရ တာဝန်ကျေတယ်။ ဘယ်တုံးကမှ မေမေဟာ ဖေဖေရဲ့အလုပ်မှာ ပါဝင်ပြီးတော့ နှောင့်ယှက်ခဲ့တာမရှိဘူး။ ပတ်သက်ခဲ့တာ မရှိဘူး။ ကိုယ့်နေရာနဲ့ကိုယ် ဘယ်လိုနေရမလဲဆိုတာ အင်မတန်မှ နားလည်ခဲ့ပါတယ်။ ဘယ်လိုပံ့ပိုးရမလဲဆိုတာကိုလည်း နားလည်ခဲ့ပါတယ်။ ဖေဖေမရှိတဲ့နောက်ပိုင်းမှာလည်း လူမှုဝန်ထမ်းအလုပ်တွေကို အများကြီးလုပ်ခဲ့ပါတယ်။ ဒါကြောင့်မို့ မေမေ့ရဲ့တစ်သက်တာမှာ တာဝန်မကျေခဲ့ဘူးဆိုတဲ့အချိန် တစ်ခါမှ မရှိခဲ့ပါဘူး။

မှန်မှန်ကန်ကန် အလုပ်တစ်ခုကို လုပ်ခဲ့လို့ရှိရင် ဒီအလုပ်ကို ဒီမှန်ကန်ခြင်းကို အသိအမှတ်ပြုကြမှာပဲ။ ကိုယ့်ရဲ့အသိုင်းအဝိုင်းက အသိအမှတ်ပြုကြမှာပဲ။ ဒီလို အသိအမှတ်ပြုခြင်းခံရတဲ့ဂုဏ်ကို တခြား ဘယ်ဂုဏ်နဲ့မှ ယှဉ်လို့မရပါဘူး။ ရာထူးအာဏာ၊ ပစ္စည်းဥစ္စာဂုဏ်နဲ့ယှဉ်လို့မရပါဘူး။ အများကနေပြီးတော့ လေးစားတဲ့ဂုဏ်၊ အများကနေပြီးတော့တန်ဖိုးထားတဲ့ ဂုဏ်ဆိုတာဟာ လူတစ်ယောက်အတွက် အမြင့်မား

www.burmeseclassic.com



ဆုံး ဂုဏ်ဖြစ်ပါတယ်။ ဒါ ကျွန်မတို့ ပြည်သူပြည်သားတွေကို အမြင့်မား ဆုံးဂုဏ်ကိုသာ ရည်မှန်းစေချင်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

# ဒီစကား

ပဲပြုတ်နဲ့နံပြားအကြောင်းစဉ်းစားလိုက်ရင် ကျွန်မက ဖာလူဒါကိုပါ သွားပြီးသတိရပါတယ်။ မေမေ့အစ်မအကြီးဆုံး ကြီးတော်ကြီးပြောပြဖူးတဲ့ အဖြစ်လေးတစ်ရပ်ကြောင့်ပါ။

စစ်ပြီးစအချိန်. . ရန်ကုန်မြို့မှာ "ဖာလူဒါ" နာမည်ကြီးတဲ့အအေးဆိုင်တစ်ခုရှိပါတယ်. . ဖေဖေက ဘုရင်ခံကောင်စီဒုဥက္ကဋ္ဌ ဖြစ်လာပြီး မကြာမီလခထုတ်ရက်မှာ မိသားစုတွေ အဲဒီအအေးဆိုင်မှာ ဖာလူဒါ သွားသောက်ကြပါတယ်။ အဲဒီတုန်းက ဖာလူဒါခွက်တွေက အကြီးကြီးတွေပါ။ မလိုင်တွေ ကြက်ဥပူတင်းဖတ်တွေ ဖာလူဒါစေ့တွေ နှင်းရည်တွေနဲ့ တစ်ပွဲဆို တစ်ဝကြီးပါပဲ။ ကလေးတွေအပါအဝင် မိသားစုအားလုံး တစ်ယောက်တစ်ခွက်မှာလိုက်တော့ တစ်နှစ်ကျော်ကျော် ကျွန်မအပါအဝင် ကလေးတွေကလည်း တစ်ခွက်စီရပါတယ်။ ဖေဖေ၊ မေမေ၊ ကြီးတော်ကြီးစတဲ့ လူကြီးတွေကတော့ သောက်လို့ကုန်ပေမယ့် ကလေးတွေကတော့ ဘယ်ကုန်နိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ဖန်ခွက်ထဲမှာကျန်နေတဲ့ ဖာလူဒါတွေကို မေမေက တစ်ခွက်ပြီးတစ်ခွက် သောက်လိုက်ပါတယ်။ အစားနည်းတဲ့ ဖေဖေက မေမေ့ကို အံ့သြတဲ့မျက်လုံးတွေနဲ့ကြည့်ပြီး ပြောတယ်တဲ့။

"သခင်ဘစိန်ကြီး ဝက်သားတစ်ပိဿာချက်ရင် သူမြည်းတာနဲ့ပဲကုန်တယ်" တဲ့။ ကြီးတော်ကြီးက ဒီလိုပြောတာကို သဘောကျ မဆုံးပါဘူး။

"သူ့မိန်းမ အစားကြီးတာကို ဘယ့်နှယ် သခင်ဘစိန်ကြီးဘက် မြားဦးလှည့်သွားရတာလဲ" ဖေဖေက ဘုကျကျနဲ့ သွေးထွက်လောက်အောင်မှန်တဲ့ တဲ့တိုးစကားတွေ ပြောတတ်တယ်ဆိုပေမယ့် မေမေ့ကိုကျတော့ နူးညံ့နေလိုက်တာကို ကြီးတော်ကြီးက အတော့်ကို ပီတိဖြစ်ပါတယ်။

တကယ်တော့ ဖေဖေ့စိတ်က နူးညံ့ပါတယ်။ အစားအစာအကြောင်းပဲ ဆက်ရမယ်ဆိုရင် ဘယ်တော့မှ မေမေ့ကို စိတ်ရှုပ်အောင် မလုပ်ခဲ့ဖူးပါဘူး။ မေမေက ငယ်ငယ်ကတည်း အချက်အပြုတ်ဝါသနာမပါတော့ ဘာမှ မချက်တတ်ပါဘူး။ (ဒါကြောင့် ကျွန်မကိုတော့ ငယ်ငယ်ကတည်းကပဲ သင်တန်းလွှတ်ပြီး အချက်အပြုတ် သင်ခိုင်းတာထင်ပါတယ်)။ ဖေဖေက လည်း ဘယ်တော့မှ ချေး(ဂျီး)မများပါဘူး။ ရှေ့မှာချပေးတာကို ခေါင်းငုံ့ စားတာပါပဲ။ အညာသားဆိုတော့ မေမေတို့ အောက်ပြည်က အစားအစာ အချို့ကို သိပ်မကြိုက်ပေမယ့် ကျွေးရင် စားတာပါပဲ။

ဖေဖေ့အစ်ကိုကြီး ဦးအောင်သန်းကဆိုရင် အိမ်ကိုလာလည်လို့ တညင်းသီးချက်ထားတဲ့ အနံ့ရတာနဲ့ ပြေးတာပဲတဲ့။ ဖေဖေကတော့ မကြိုက်ပေမယ့် စားရှာပါတယ်။ "ဖေဖေကြိုက်တာကတော့ ဆိတ်ကလီစာ ဟင်း"တဲ့. . အိမ်မှာ ဆိတ်ကလီစာချက်တိုင်း ဒါ ဖေဖေအကြိုက်ဆုံး ဟင်းဆိုပြီး သတိတရပြောတာ ကျွန်မ ကလေးဘဝတစ်လျှောက်လုံးပါပဲ။

www.burmeseclassic.com



ကလီစာထဲမှာ မျက်နှာသုတ်ပဝါကို ဖေဖေအကြိုက်ဆုံးဆိုတာလည်း သိရပါတယ်။ ကျွန်မ မိတ်ဆွေတွေကို ပြောပြတော့ ရယ်ကြတယ်။ ပုဆိုးကြမ်းကို ဆိုတာနဲ့ တူတယ်လို့ ပြောကြတယ်။ ကျွန်မတို့ကတော့ မျက်နှာ သုတ်ပဝါလို့ပဲ သိပါတယ်။

နောက် ဖေဖေက တစ်ခါတလေ "ငရုတ်သီးဟင်း စားချင်တယ်ပြောတာ" ဘယ်လိုဟင်းမျိုးမှန်းမသိလို့ မကျွေးနိုင်ခဲ့တာကို မေမေက ဝမ်းနည်းစွာ ပြောဖူးတယ်။ ကျွန်မကလည်း ဒီ "ငရုတ်သီးဟင်း" ရှာပုံတော်လုပ်တာ အသက်အတော်ကြီးမှပဲ တောင်တွင်းကြီးဇာတိ ညီမတစ်ယောက် ချက်ကျွေးလို့ စားဖူးဖြစ်တော့တယ်။

"ရိုးရိုးသားသားနေခဲ့တဲ့ ဖေဖေနဲ့မေမေကို သတိရခဲ့ရတယ်"

ဒေါ်အောင်ဆန်းစုကြည်
၂၃. ၂. ၂၀၁၅ နေ့ထုတ် ဒီလှိုင်းဂျာနယ်

■



www.burmeseclassic.com

www.burmeseclassic.com

## မဟာသီရိသုဓမ္မဒေါ်ခင်ကြည်၏ ဘဝရက်စွဲများ

၁၉၁၂ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ဧရာဝတီတိုင်းမြောင်းမြမြို့နယ်ရှိ ပြည်သူ့လုပ်ငန်းဌာနဝန်ထမ်း ဦးဖိုးညင်းနှင့်ဒေါ်ဖွားစုတို့မှ ဒေါ်ခင်ကြည်ကို ဖွားမြင်ခဲ့သည်။ မွေးချင်း ၁၀ ဦး ရှိသည့်အနက် အဌမမြောက်သမီး ဖြစ်သည်။ဒေါ်ခင်ကြည်သည် မြောင်းမြမြို့တွင် သတ္တမတန်းအထိပညာသင်ကြားခဲ့သည်။ ထို့နောက် ABM High School ယခု အ ထ က (၁) ကြည့်မြင်တိုင်၊ မိန်းကလေးအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ပြီး ဆယ်တန်းစာမေးပွဲအောင်မြင်ခဲ့သည်။

ထို့နောက် မော်လမြိုင်မော်တင်လိန်း ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခဲ့ရာ မူလတန်းဆရာဖြစ်လက်မှတ် ရရှိခဲ့သည်။ ယင်းမှ မြောင်းမြမြို့ အမျိုးသားကျောင်း၌ စေတနာ့ဝန်ထမ်းဆရာမအဖြစ် နှစ်အနည်းငယ်ကြာ အမှုထမ်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ဒေါ်ခင်ကြည်သည် ပင်ကိုဗီဇပါသော သူနာပြုဆရာမအလုပ်ကို ရန်ကုန်ဆေးရုံကြီးနှင့် ဒပ်ဖရင်(ယခုဗဟိုအမျိုးသမီးဆေးရုံ)တွင် သူနာပြုသင်တန်း

www.burmeseclassic.com



တက်ရောက်ပြီး ရန်ကုန်ဆေးရုံကြီး၌ သူနာပြုအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် ဒုတိယကမ္ဘာစစ်ကြီးတွင် ရန်ကုန်မြို့ကို ဂျပန်တို့ ဗုံးကြဲပြီးနောက် အင်္ဂလိပ်တို့၏ ဒဏ်ရာရလူနာများကို အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားသို့ ပို့ဆောင်ရေးတွင် ဒေါ်ခင်ကြည်သည် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး စစ်မီးပြန့်ပွားလာသဖြင့် အိန္ဒိယနိုင်ငံမှ နောက်ဆုံးသင်္ဘောဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်လိုက်ပါလာခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဦးနေဝင်း၏ဇနီး ဒေါ်ခင်မေသန်း၏ ဖခင် ဒေါက်တာဘသန်း ဦးဆောင်ဖွင့်လှစ်သည့် BIA ဆေးရုံတွင် ၄င်း၏အစ်မဖြစ်သူ ဒေါ်ခင်ကြီးနှင့်အတူ သူနာပြုအဖြစ် ဆောင်ရွက်ခဲ့သည်။ (ဒေါ်ခင်ကြီးသည် သခင်သန်းထွန်း၏ဇနီး ဖြစ်သည်)

၁၉၄၂ခုနှစ် စက်တင်ဘာလ၆ရက် တနင်္ဂနွေနေ့တွင် ဂျပန်ခေတ်ပြည်သူ့ဆေးရုံကြီးအရှေ့ဘက် အစွန်ဆုံးခန်းမဆောင်၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။

၁၉၄၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် သားကြီး မောင်အောင်ဆန်းဦး ကို မွေးဖွားခဲ့သည်။

၁၉၄၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် သားလတ် မောင်အောင်ဆန်းလင်း ကို မွေးဖွားခဲ့သည်။

၁၉၄၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် သမီးငယ် မအောင်ဆန်းစုကြည် ကို မွေးဖွားခဲ့သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့တွင် သမီးငယ်တစ်ယောက် ထပ်မံထွန်းကားခဲ့သော်လည်း မွေးပြီးငါးရက်မြောက်နေ့



www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၂၆ ရက် (ဗိုလ်ချုပ်အောင်ဆန်းဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့) တွင် ကွယ်လွန်သွားခဲ့သည်။

၁၉၄၇ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ၃၇မိနစ်တွင် ခင်ပွန်းဖြစ်သူ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံရပြီးနောက် ၁၉၄၇ခုနှစ် ဩဂုတ် ၂ ရက်နေ့တွင် ဒေါ်ခင်ကြည်သည် အမိန့်ဒေ့ာန်ပြုချက်နှင့်အတူ

"လူထုကို ကျွန်မ ပြောလိုတာကတော့ မိမိတို့ အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာလုပ်ကြံမှုကြောင့် ဒေါသထွက်စိတ်ဆိုး၍ စိတ်လိုက်မာန်ပါလုပ်ကိုင်မှုကို ရှောင်ကြဉ်ပြီး သူချမှတ်ခဲ့သော လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ဆောင်ကြပါ"

ဟု ဆိုသော သမိုင်းဝင် လူထုပန်ကြားလွှာကို ရေဒီယိုမှတစ်ဆင့် ထုတ်ပြန်ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၁ ခုနှစ် အထိဖဆပလ၏ တာဝန်ပေးချက်အရ ဗိုလ်ချုပ်အောင်ဆန်း၏မဲဆန္ဒနယ်တွင် အမျိုးသမီးအမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး လွှတ်လပ်ရေးနှင့်အတူ သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ် မှ ၁၉၅၃ ခုနှစ်အထိ ဒေါ်ခင်ကြည်သည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တွင် ညွှန်ကြားရေးဝန်အဖြစ် ပါဝင်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီတွင်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ကိုလံဘိုကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာ ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်ကာ



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခဲ့ပြီး ကိုလံဘိုညီလာခံ၏ သဘာပတိအဖြစ်ရွေးချယ် တာဝန်ပေးအပ်ခြင်းခံရသည်။ ယင်းနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ပေးအပ်ချီးမြှင့်သော မြန်မာမိခင်ဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။

၁၉၅၁ ခုနှစ်တွင် သံအမတ်တာဝန်၊ လွှတ်တော်အမတ်၊ မြန်မာအမျိုးသမီးများအသင်းဥက္ကဋ္ဌနှင့် လူမှုရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည့်အတွက် ဒေါ်ခင်ကြည်၏ စွမ်းဆောင်မှုများကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုသည့်အနေနှင့် မဟာသီရိသုဓမ္မဘွဲ့ကို ချီးမြှင့်ခဲ့သည်။

၁၉၅၀၊ ၁၉၅၁၊ ၁၉၅၂ ခုနှစ်များတွင်ဂျီနီဗာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ တက်ရောက်ခဲ့သည်။ အနောက်ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ် စသည့်နိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

၁၉၅၃ ခုနှစ် ဇန်နဝါရီလ (၁၆/၂၀)ရက်နေ့တွင် သားလတ်မောင်အောင်ဆန်းလင်းမှာဗဟန်းမြို့နယ် အမှတ် ၂၅ တာဝါလိန်းလမ်းနေအိမ် (ယခုဗိုလ်ချုပ်ပြတိုက်) ရှိ ရေကန်တွင် ကစားနေရင်း ဖိနပ်ဆယ်ရာမှ ရေနစ်သေဆုံးသွားခဲ့သည်။

၁၉၅၃ခုနှစ်မှ ၁၉၅၈ခုနှစ်အတွင်း (၁) လူမှုဝန်ထမ်းစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ (၂) ပြည်ထောင်စုမြန်မာနိုင်ငံလူမှုဝန်ထမ်းကောင်စီဥက္ကဋ္ဌ၊ (၃) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ (၄) ကျန်းမာရေးနှင့် ပြည်ရေးပြည်ရာအဖွဲ့ဥက္ကဋ္ဌ၊ (၅) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသမီးအသင်းများကောင်စီဥက္ကဋ္ဌ၊ (၆) ဒိမိုကရေစီသဘောတရား



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ၊ (၇) မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်အသင်း၏ ကင်းထောက်ချုပ်၊ (၈) မြန်မာနိုင်ငံသူနာပြုတင်ကားတပ်ဖွဲ့ဝင်အမျိုးသမီးအုပ်ချုပ်ရေးမှူး၊(၉) ရာမာခရစ်ရှ်နာ သာသနာပြုဆေးရုံနှင့် စာကြည့်တိုက်ဒုတိယဥက္ကဋ္ဌ စသည့် ကြီးမားသော တာဝန်များကို ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

၁၉၅၅ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံမှ ချီးမြှင့်သော မာရှယ်တီးတိုးယူဂိုဆလပ် ကြယ်တာရာဘွဲ့(ဒုတိယဆင့်)နှင့် ထိုင်းနိုင်ငံ နိုဘယ်အော်ဒါဘွဲ့ဖြစ်သည့် အမြင့်မြတ်ဆုံးဆုတံဆိပ်တို့ကို ချီးမြှင့်အပ်နှင်းခြင်း ခံခဲ့ရသည်။

၁၉၅၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်များတွင် ဦးနု ဦးဆောင်သော သန့်ရှင်းပါတီ၏ စည်းရုံးရေးတာဝန်များကိုဝင်ရောက်ဆောင်ရွက်ပေးခဲ့သည်။(အဆိုပါရွေးကောက်ပွဲတွင် ဦးနု၏သန့်ရှင်းပါတီအနိုင်ရရှိခဲ့သည်) ၁၉၆၀ ပြည့်နှစ် မေလ ၁၉ ရက်နေ့တွင် ဦးနုခေါင်းဆောင်သော အစိုးရအဖွဲ့က ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ရုံးထိုင်၍ သံအမတ်ကြီးအဖြစ် ခုနစ်နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဇွန်လတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ပါ ပူးတွဲတာဝန်ပေးအပ်ခြင်း ခံရသည်။ (မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် မြန်မာအမျိုးသမီးလောကတွင် ယနေ့အချိန်အထိ ပထမဆုံးတစ်ဦးတည်းသော မြန်မာအမျိုးသမီးသံအမတ်ကြီးအဖြစ် မော်ကွန်းတင်ခံရသည်)

၁၉၆၇ ခုနှစ် ဇွန်လ တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် ဒေါ်ခင်ကြည်သည် သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစားယူပြီးနောက် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၅ -၅၆) နေအိမ်၌ ရိုးရိုးကုပ်ကုပ် နေထိုင်ခဲ့သည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ညွှန်ကြားရေးဝန်ကြီးလုပ်သက် သံအမတ်ပင်စင်များကို မယူဘဲ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဇနီး ထောက်ပံ့ငွေ ကျပ်တစ်ထောင်ကိုသာ ခံစားရယူခဲ့သည်။

၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် သမက်ဖြစ်သူ ဒေါက်တာမိုက်ကယ်အဲရစ် (Dr. MichaelAris) တို့မှ ဖွားမြင်သော မြေးနှစ်ယောက်ဖြစ်သည့် မြင့်ဆန်းအောင် (Alezander)နှင့်ထိန်လင်း (Kim) တို့ကို ဗုဒ္ဓသာသနာ အစဉ်အလာအရ ရှင်ပြုမင်္ဂလာပွဲကို နေအိမ်၌ အကျဉ်းချုံး ပြုလုပ်ခဲ့သည်။

၁၉၈၇ ခုနှစ် ဧပြီလတွင် ဒေါ်ခင်ကြည်သည် နိုင်ငံတော်၏ထောက်ပံ့မှုဖြင့် အင်္ဂလန်ပြည်တွင် မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သည်။ လန်ဒန်မြို့တွင် နှစ်လကြာ ကုသမှုခံယူခဲ့ပြီးနောက် ဒေါ်ခင်ကြည်သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

၁၉၈၈ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ဒေါ်ခင်ကြည်သည် ပြင်းထန်သော လေဖြတ်ရောဂါ ဖြစ်ပွားခဲ့သောကြောင့် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးအားပြုစုရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၇ နာရီ ၁၇ မိနစ်တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး မဟာသီရိသုဓမ္မဒေါ်ခင်ကြည်၏



www.burmeseclassic.com

www.burmeseclassic.com



ကြွင်းကျန်သောရုပ်ကလာပ်ကို ရွှေတိဂုံဘုရားလမ်းရှိ ငြိမ်းချမ်းရေးနှင့် မျိုးချစ်စာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်နှင့် သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဘုရားလတ် ဂူဗိမာန်တို့အကြား မြေကွက်လပ်၌ ဂူဗိမာန်တည်ဆောက်သင်္ဂြိုဟ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီအရေး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မိခင်ဖြစ်သူဒေါ်ခင်ကြည်၏ နှစ် (၁၀၀) ပြည့်မွေးနေ့တွင် ဒေါ်ခင်ကြည် Foundation ကို စတင်တည်ထောင်ခဲ့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)
## ဒေါ်ခင်ကြည်စျာပနနှင့် ရှစ်လေးလုံး လူထုအရေးတော်ပုံ

၁၉၈၈ ခုနှစ် မတ်လ ၃၁ ရက်

အမေရိကန်ပြည်ထောင်စု၊ အောက်စဖို့ဒ်နေအိမ်တွင် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် မိုက်ကယ်အဲရစ်တို့က ဧည့်ခန်းတွင် စာဖတ်နေသည်။ သားဖြစ်သူနှစ်ဦးမှာလည်း ဧည့်ခန်းအတွင်း၌ပင် ရှိနေကြသည်။ ထိုအချိန် တယ်လီဖုန်းမြည်သံက တိတ်ဆိတ်မှုကို ဖောက်ခွဲပြီး ထွက်ပေါ်လာသည်။ ရန်ကုန်မှ မိခင်ကြီးဒေါ်ခင်ကြည်၏ ဖုန်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဆယ်မိနစ်ခန့် ဖုန်းပြောပြီးသည့်အခါ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်အား

"မေမေ လေဖြတ်သွားလို့တဲ့။ ဆေးရုံတင်ထားရတယ်။ အဲဒါ ကျွန်မ ရန်ကုန်ကို ချက်ချင်းသွားရမယ်"

ဟု ပြောလိုက်သည်။ မိုက်ကယ်အဲရစ်ကလည်း ကြည်ဖြူစွာပင် ခေါင်းညိတ်ပြပြီး ရန်ကုန်သို့ သယ်ဆောင်သွားရမည့် ပစ္စည်းများကို ကူညီ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းပေးနေသည်။ ထိုခရီးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မိုက်ကယ်အဲရစ်တို့၏ မိသားစုအတွက်သာမက မြန်မာပြည်သူလူထုအတွက်ပါ များစွာပြောင်း လဲသွားမည့် ခရီးစဉ်ဟုထိုအချိန်က မည်သူမျှထင်မှတ်မိမည် မဟုတ်ကြပေ။

၁၉၈၈ ခုနှစ် ဧပြီလ ၂ ရက်

ရန်ကုန်မြို့၊ ဂျပန်ဆေးရုံကြီးတွင် ဖြစ်သည်။

အချိန်ကာလသည် မတ်လ ၁၃ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကျဆုံးသွားရာမှ ကျောင်းသားများနှင့် အာဏာပိုင်များ၏ အဓိကရုဏ်းဖြစ်ပွားခဲ့သည့် အငွေ့အသက်များက ရန်ကုန်မြို့ရှိ မြန်မာပြည်သူလူထုထံ ကူးစက်နေပြီဖြစ်သည်။ ထိုအချိန် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့သို့ ရောက်ရောက်ချင်း လေဆိပ်မှဆင်းသည်နှင့် တက္ကသိုလ်ရိပ်သာလမ်းရှိ အိမ်သို့ ချက်ချင်းမပြန်ဘဲ မိခင်ကြီးရှိရာ ဂျပန်ဆေးရုံကြီးသို့ လိုက်လာခဲ့သည်။

မိခင်ကြီးဒေါ်ခင်ကြည်၏ ဝေဒနာသည် ပြင်းတန်နေသည်။ ရောဂါဝေဒနာ သုံးလေးမျိုး ခံစားနေရသည်ဟု ဆရာဝန်ကြီးများက ဆိုသည်။ အဆိုးဆုံးက ဆီးချိုဖြစ်သည်။ ဧပြီလ ၇ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ဆရာဝန်ကြီးများနှင့်တိုင်ပင်ပြီး မိခင်ကြီးကို တက္ကသိုလ်ရိပ်သာလမ်းရှိနေအိမ်သို့ ပြန်လည်ခေါ်ဆောင်ပြီး ကုသတော့သည်။ ထို့နောက် သခင်အုန်းမြင့်ကလည်း မိခင်ကြီးဒေါ်ခင်ကြည်၏ ဝေဒနာအားလာရောက်မေးမြန်းခဲ့သည်။ ထိုအချိန်တွင် သခင်အုန်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မြန်မာပြည်နိုင်ငံရေးနှင့် သက်ဆိုင်နေသည့် ကျောင်းသားအရေးအခင်းများအကြောင်းကို ထပ်မံဆွေးနွေးဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်. . . ၁၉၈၄ ခုနှစ်က အန်ကယ်နဲ့ စုနဲ့ ပြောခဲ့တဲ့ အတိုင်း ငြိမ်းချမ်းရေးကိုရမှ ဖြစ်မယ်။ ငြိမ်းချမ်းရေးမရရင် တိုင်းပြည် တော့ တော်တော်ကို ဒုက္ခရောက်ကုန်မယ်။ လူတွေ ဒုက္ခရောက်ကုန်မှာ။ ဒါကို ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာကို စဉ်းစားကြရတော့မယ်။ အန်ကယ်လည်း စဉ်းစားပါ။ စုလည်းစဉ်းစားမယ်။ ဘယ်ပုံ ဘယ်နည်း စလုပ်ကြမလဲ"

မိခင်ကြီးဒေါ်ခင်ကြည်အား ပြုစုစောင့်ရှောက်ရင်း ကျောင်းသား အရေးအခင်း၏ ဆူပူအုံကြွမှုသည် တစ်စတစ်စ အရှိန်ပြင်းလာသည်ကို ဒေါ်အောင်ဆန်းစုကြည် သိပါသည်။

၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်း ဖြစ်ပွားပြီးနောက် ဒေါ် အောင်ဆန်းစုကြည်အား မြန်မာပြည်နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မပြုရန် မဆလအစိုးရက စာဖြင့် အကြောင်းကြားခဲ့ဖူးသည်။ အဘယ် ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂတွင် တာဝန် ထမ်းဆောင်ခဲ့ဖူးခြင်းကြောင့် ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က လည်း

"ကျွန်မ ပြည်ပမှာ နေထိုင်နေပေမယ့် မြန်မာ့နိုင်ငံရေးကိစ္စမှာ ဘာမှ ပါဝင်ပတ်သက်ခြင်း မရှိပါဘူး။ တကယ် နိုင်ငံရေးလုပ်မယ်ဆို လည်း ပြည်တွင်းမှာပဲ လုပ်ဖြစ်မှာပါ"

ဟု ဒေါ်အောင်ဆန်းစုကြည်က စာပြန်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ဧပြီလ ၂ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်သို့ ပြန်လည်ရောက်ရှိ လာသည့် အချိန်တွင်တော့ မဆလအစိုးရကို ပေးခဲ့သည့်အဖြေနှင့် မြဒါး တစ်လမ်း သံတစ်လမ်း ဖြစ်လာပါတော့သည်။ ထိုသို့ ဖြစ်လာရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မြန်မာပြည်၏ ကျောင်းသားအရေးအခင်းက ပူပူနွေးနွေး ဖြစ်ထား ဆဲ။ ၁၉၈၈ ခုနှစ် မတ်လနှင့် ဇွန်လတွင် ကျောင်းသား ၂၀၀ ခန့်သေဆုံးပြီး မိခင်ဖြစ်သူ ဒေါ်ခင်ကြည်၏ ကျန်းမာရေးအား ဂရုတစိုက်ပြုစုပေးနေစဉ် ကျောင်းသားများ၏ ဆန္ဒပြဟစ်ကြွေးသံများကလည်း မြို့အနှံ့တွင် ထွက် ပေါ်နေသည်။

- ဒီမိုကရေစီ ချက်ချင်းပေး
- မဆလ အစိုးရကျဆုံးပါစေ
- သားသတ်သမားစိန်လွင် အလိုမရှိ
- စိန်လွင်ခြောက်တန်း တဖောက်ကန်း
- ဦးအောင်ကြီးနှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေး

စသည်ဖြင့် ကြွေးကြော်သံများက ရန်ကုန်မြို့အနှံ့ ဟိန်းထွက်နေသည်။ ထို့အပြင် ပဲခူး၊ သနပ်ပင်၊ ရေနံချောင်း၊ ပြည်၊ တောင်ကြီး စသည်မြို့ကြီး များသို့လည်း သားသတ်သမား စိန်လွင်အလိုမရှိ ဟူသည့်ကြွေးကြော်သံ များက ကူးစက်သွားသည်။ ရန်ကုန်မြို့တွင် မာရှယ်လော စစ်ဥပဒေ ထုတ်ပြန်ထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တက္ကသိုလ် ရိပ်သာလမ်းရှိ ခြံအမှတ် ၅၄ တွင် နိုင်ငံရေးသမားများက မိခင်ကြီး မဟာ သီရိသုဓမ္မဒေါ်ခင်ကြည်၏ ကျန်းမာရေးအခြေအနေကို မေးမြန်းကြ သလို ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မြန်မာပြည်တွင်ဖြစ်ပျက်နေ သည့် အခြေအနေများကို ပြောပြကြသည်။

"၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ အရေးပေါ် ပါတီညီလာခံတွင် ဦးနေဝင်းသည်

"နောင်ကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်လို့ရှိရင်တော့ စစ်တပ်ဆို တာ ပစ်ရင် မှန်အောင်ပစ်တယ်။ မိုးပေါ် ထောင်ပြီး ဖောက်တာ မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ နောင်ကို ဆူဆူပူပူ လုပ်လို့ရှိရင်တော့ ဆူတဲ့သူတွေ မသက်သာဘူးလို့သာ မှတ်ပေတော့"

မိန့်ခွန်းတွင် ထည့်ပြောခဲ့ပြီး ပါတီဥက္ကဋ္ဌအဖြစ်မှ ထွက်ကာ အနားယူသွားခဲ့သည်။

ထို့နောက်တွင် ဖိနှိပ်ခံထားရသည့် ပြည်သူလူထုနှင့် ရဟန်းရှင်လူ ကျောင်းသားပြည်သူများသည် ပို၍အုံကြွလာခဲ့သည်။ နေ့စဉ်နှင့်အမျှ ဆန္ဒပြပွဲများ၊ နိုင်ငံရေးတရားဟောပွဲများ ရှိနေသည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း မိခင်ကြီး၏ ကျန်းမာရေးတစ်ဖက်နှင့် တိုင်းပြည်ငြိမ်းချမ်းရေး ရရှိရန် လမ်းစရှာဖွေလာသည်။

ဒေါ်အောင်ဆန်းစုကြည်က အမြောက်နှင့်ယန္တရားတပ်မှ ဗိုလ်မှူးလှမြင့်ထံမှတစ်ဆင့် ဦးနေဝင်းနှင့် စကားပြောခွင့်ရရန် တွေ့ခွင့်တောင်းခဲ့သည်။ ထိုအချိန်တွင် ဦးနေဝင်းသည် မဆလပါတီဥက္ကဋ္ဌအဖြစ်မှ အနားယူလိုက်ပြီဖြစ်သည့်အတွက် ပါတီဥက္ကဋ္ဌနေရာနှင့် နိုင်ငံတော်သမ္မတနေရာတွင် ဦးစိန်လွင်က တာဝန်ယူထားချိန်ဖြစ်သည်။ ဗိုလ်မှူးကြီးလှမြင့်က ဒေါ်အောင်ဆန်းစုကြည်ထံ ဖုန်းဆက်လာသည်။ ဦးနေဝင်းနှင့်တွေ့ဆုံနိုင်မည့် အကြောင်းကို မပြော။ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးမလုပ်ဘူးဆိုဟု ပြန်၍မေးခဲ့သည်။

ထိုသည်ကို ဒေါ်အောင်ဆန်းစုကြည် က

"ကျွန်မ နိုင်ငံရေးမလုပ်ဘူးဆိုတာက နိုင်ငံခြားမှာ နေပြီးတော့ နိုင်ငံရေးမလုပ်မှာကို ပြောတာပါ" ဟု ပြန်လည် ဖြေကြားလိုက်သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့ ရန်ကုန်မြို့တွင် မာရှယ်လော ထုတ်ပြန်လိုက်သည်။ ထိုနေ့တွင် တက္ကသိုလ်ရိပ်သာလမ်းရှိ ခြံအမှတ်



www.burmeseclassic.com

www.burmeseclassic.com



၅၄ တွင် သခင်အုန်းမြင့်၊ ဦးထွေးမြင့်၊ ဗိုလ်စကြာ(ရဲဘော်သုံးကျိပ်)၊ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲ စကားဝိုင်းမှ ငြိမ်းချမ်းရေး အတိုင်ပင်ခံကော်မတီတစ်ခု ဖွဲ့စည်းရန် တောင်းဆိုမည့် လုပ်ငန်းစဉ်နှင့် စတင်ကြရန် သဘောတူခဲ့ကြသည်။

ထိုလုပ်ငန်းစဉ်ဖြင့် စတင်မည်ကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း သဘောတူ လက်ခံခဲ့သည်။

"ကျွန်မ သဘောတူပါတယ်။ ကျွန်မတို့ ဒီလုပ်ငန်းတွေ စလုပ်တာနဲ့ လုံးဝအကြမ်းမဖက်ရေးပဲ။ အကြမ်းမဖက် ဝါဒ၊ ဂန္ဒီ ဝါဒပေါ့။ ဒါကို ကျွန်မတို့ရဲ့ မူအနေနဲ့ထားလိုက်မယ်။ နောက်ပြီး ဥပဒေဘောင်အတွင်းကပဲ လုပ်မယ်။ မြေအောက်တို့၊ တောခိုတာတို့၊ လက်နက်ကိုင်တိုက်တာတို့ လုံးဝမလုပ်ဘူး။ ဒါ ကျွန်မတို့ရဲ့ နိုင်ငံရေး လမ်းစဉ်ပဲ"

ထို့နောက်တွင် မိခင်ကြီးဒေါ်ခင်ကြည် ကျန်းမာရေးမကောင်း၍ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်ထံသို့ နိုင်ငံရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင် စသည့် အနုပညာရှင်များနှင့် ရဟန်းရှင်လူကျောင်းသားပြည်သူများက တက္ကသိုလ်ရိပ်သာလမ်းရှိ ခြံအမှတ် ၅၄ သို့ ဝန်းရံလာခဲ့ကြသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ ဆရာပါရဂူနှင့် မောင်ကိုယုတို့က ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံပြီး Signature Campaign အတွက် ရှင်းလင်းပြောပြသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့ ရှေ့နေကြီးများဖြစ်သည့် ဦးဘထွန်း၊ သခင်ချစ်၊ မောင်ကိုယု၊ ဦးထွန်းတင်၊ ဒေါ်မြင့်မြင့်ခင်၊ တို့ဘမာအစည်းအရုံးဝင် သခင်များမှ သခင်ခင်အောင်၊ သခင်ထွန်းခင်၊ သခင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မောင်၊ စာနယ်ဇင်းနှင့် အသိပညာရှင်များ အတတ်ပညာရှင်များမှ မောင်သောက(ဗိုလ်မှူးဘသော်)၊ ဦးလှဝင်း(လေသူရဲတစ်ဦး)၊ မောင်မိုးသူ၊ မောင်ဝံသ၊ ဦးဝင်းတင်၊ ဦးတိုးလှိုင်၊ ဦးလှတင်၊ သခင်တင်မြ၊ ကိုရဲလင်း၊ ပြည်သူ့ရဲဘော်မှ ဗိုလ်သာထွန်း၊ ဗိုလ်စန္ဒာကျော်၊ ဗိုလ်မိုးညို တို့ တက်ရောက်သည့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်အား လူထုနှင့်တွေ့ဆုံဟောပြောရန် အကြံပေး တိုက်တွန်းသည့်အခါ ဒေါ်အောင်ဆန်းစုကြည်ကလည်း သဘောတူလက်ခံခဲ့သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ရွှေတိဂုံစေတီအနောက်ဘက်မုခ်တွင် မြန်မာပြည်သူလူထုကြီးက ဒေါ်အောင်ဆန်းစုကြည် ဟောပြောမည့် စင်မြင့်ရှေ့တွင် ရောက်ရှိနေကြသည်။

"ကျွန်မ ဒီကနေ့ကစပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်းဆက်ဆံပါရစေ။ ကျွန်မနိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ဒါလေးတွေအတွက်ကြောင့် ကျွန်မတိုင်းပြည်ပေါ်မှာထားတဲ့ မေတ္တာဟာ ဘယ်လိုမှကျဆင်းမသွားနိုင်ပါဘူး။

နောက်တစ်ခုက ကျွန်မဟာ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာမှနားမလည်ပါဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပါ။ ဗမာပြည်နိုင်ငံရေးဟာ ဘယ်လောက်ရှုပ်ထွေးတယ်၊ ဒီရှုပ်ထွေးမှုဒဏ်ကို ဖေဖေဘယ်လောက်ခံခဲ့ရတယ်ဆိုတာ ကျွန်မတို့အသိဆုံးပါပဲ။ ဒါကြောင့်မို့လို့လည်း လွတ်လပ်ရေးရပြီးတဲ့အခါကျလို့ရှိရင် ထပ်ပြီးတော့အာဏာလုတဲ့ နိုင်ငံရေးမျိုးကို ဆက်မလုပ်ချင်ဘူးဆိုတာ ဖေဖေအတိအလင်း ပြောသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြောသွားတာမျိုးကြောင့်မို့လို့ ကျွန်မလည်း နိုင်ငံရေးလောကနဲ့ ဝေးဝေးကင်းကင်း နေခဲ့ချင်ပါတယ်။ ဒီလို ဝေးဝေးကင်းကင်း နေခဲ့ချင်လျက်သားနဲ့ အခုမှဘာလို့ ဒီအရေးအခင်းထဲမှာ ပါဝင်နေသလဲလို့ မေးစရာလည်းရှိပါတယ်။ အဲဒီဟာကတော့ ဒီအရေးအခင်းဟာ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်း ဖြစ်နေပါတယ်။ ကျွန်မမှာလည်း ဖေဖေ့ရဲ့သမီးလုပ်ပြီး ခေါင်းရှောင်နေလို့ မဖြစ်တော့ပါဘူး။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယလွတ်မြောက်ရေး တိုက်ပွဲကြီးလို့ ခေါ်ရင်လည်း ဖြစ်ပါတယ်"

ဟောပြောပွဲသို့ တက်ရောက်လာသည့် လူထုကြီးက လက်ခုပ်ဩဘာသံနှင့်အတူ

ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ

ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ

ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ ဆုတောင်းသံများကယနေ့ထိတိုင်။

ပြည်သူလူထုနှင့် တွေ့ဆုံဟောပြောမှုအပြီး ဒေါ်အောင်ဆန်းစုကြည်က သခင်အုန်းမြင့်အား စကားတစ်ခွန်း ပြောလိုက်သည်။

အန်ကယ်. . . "စု" တော့ မြန်မာ့နိုင်ငံအရေးမှာ အရိုးကျေကျေ၊ အရေခန်းခန်း၊ ဆုံးခန်းတိုင်အောင်လုပ်ဖို့ ခြေစုံပစ်ပြီးဝင်ခဲ့ပြီ ဟူ၍ ပြောလိုက်လေသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)

ညနေခင်း မြန်မာ့အသံအစီအစဉ်က သီချင်းပဒေသာ အစီအစဉ်ထုတ်လွှင့်နေစဉ် တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံ၏အဘက်ဘက်က ယိုယွင်းနေသော အခြေအနေများကို အချိန်မီတားဆီးနိုင်ရန် အများပြည်သူအကျိုးအတွက် တပ်မတော်က နိုင်ငံတော်အဝဝကို ယနေ့မှစ၍ လွှဲပြောင်းယူလိုက်ပါသည်။ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြင်ဆင်သည့်အနေဖြင့်ငြိမ်ဝပ်ပိပြား မှုရှိစေရန် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးစောမောင် ခေါင်းဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အား ဖွဲ့စည်းလိုက်သည်"

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး တို့ ပူးပေါင်းကာ အောင်စုတင် ဟုခေါ်တွင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ ထို့နောက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် စသည့် အထက်ဗမာပြည်သို့ စည်းရုံးရေး ခရီးထွက်ခဲ့သည်။

၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ ည ၇ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်နယ်စည်းရုံးရေး ခရီးစဉ်မှ ပြန်ရောက်လာခဲ့ပြီး မိခင်ကြီး၏ ကျန်းမာရေးအခြေအနေကို မိသားစု ဆရာဝန်ကြီးများနှင့် တိုင်ပင်ခဲ့သည်။ ဒီဇင်ဘာလ၏ အေးခဲသောရာသီဥတုကို မိခင်ကြီး ဒေါ်ခင်ကြည်သည်လည်း အလူးအလဲ ရင်ဆိုင်အန်တုနေရချိန်ဖြစ်သည်။ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်နှင့် လေဖြတ်ထားသည့် ဝေဒနာကြောင့် မိခင်ကြီး ဒေါ်ခင်ကြည်သည် အိပ်ရာပေါ်၌ လဲလျောင်းနေရသည့် အချိန်ကာလက လချီကြာမြင့်လာပြီ ဖြစ်သည်။ သမားတော်ကြီးများက ဒေါ်ခင်ကြည်အား ညင်သာစွာ ဘဝကူးပြောင်းနိုင်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



သာ အာရုံစိုက်ပြီးပြုစုကုသပေးနိုင်တော့သည်။ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီး ဒေါ်ခင်ကြည်၏ အနီးနားတွင်သာ ခြေဆုပ်လက်နယ်ပြုစုပေးနေရှာသည်။

ရဟန်း ရှင်လူ ကျောင်းသားပြည်သူများ၏ သွေးထွက်သံယို ဖြစ်ခဲ့သော နှစ်တစ်နှစ်၊ မြန်မာပြည်သူလူထု မတရားဖိနှိပ်ခံခဲ့ရသော နှစ်တစ်နှစ်၊ ၁၉၈၈ ခုနှစ်သည် မကြာမီ ၁၉၈၉ ခုနှစ်သို့ ကူးပြောင်းတော့မည် ဖြစ်သည်။ ဒီဇင်ဘာလ၏ အအေးဒဏ်က လူထု၏မတရား ဖိနှိပ်ခံရမှုကို အားပေးနေးသယောင် မြန်မာပြည်သူလူထုသည် နွေးထွေးမှု ကင်းမဲ့နေသည်။ ခုတင်ပေါ်မှ မိခင်ကြီးဒေါ်ခင်ကြည်သည် တစ်ချက် လူးလူးလွန့်လွန့် ဖြစ်သွားသည်။ ဒေါ်အောင်ဆန်းစုကြည်က မိခင်ကြီး၏ ခြေထောက်နှစ်ဖက်ကို စမ်းကြည့်သည်။ ခြေဖျားများက အေးစက်နေသည်။ ရေနွေးအိတ်နှင့် ခြေစွပ်စွပ်ပေးလိုက်သည့်အခါ မိခင်ကြီး၏ ခြေဖျားများ ပြန်လည်နွေးထွေးလာသည်။

ဒေါ်အောင်ဆန်းစုကြည်က မိခင်ကြီးဒေါ်ခင်ကြည်အား အနီးကပ် ပြုစုပေးနေရင်း စိတ်ထဲဖြစ်ပေါ်လာသည့် ခံစားချက်အတိုင်း

"ဒါမှ ငါ့သမီး"

ဟု အမည်ရသည့် ကဗျာတစ်ပုဒ်ကို ချရေးလိုက်သည်။

*မိခင်၏ နှောင်ကြိုးကိုဖြေပါအံ့*
*သည်းစွာသောအနာအား ကုပါအံ့*
*သမီး၏လုံ့လ ဝီရိယဖြင့်*
*နာလန်ထူပါစေအံ့။*
*မွေးကျေးဇူးကို မသိတတ်သော*



www.burmeseclassic.com

www.burmeseclassic.com



ထိုထိုသောသူတို့အား သိနားလည်အောင်
ဆွဲဆောင်နိုင်စွမ်းကို သမီးအားပေးပါလော့
တွေ့ရသောဘေးရန်တို့ကို
သမီးထီမည်မဟုတ်
တစ်ဘဝ တစ်ခါသေရသည်ဖြစ်၍
အဘယ်နည်းနှင့်သေရမည်ဖြစ်စေ
သမီး၌မထူးခြား
သမီး၏စိတ်ကူးသည်
အကယ်အဖြစ်သို့ရောက်သောအချိန်တွင်
အသင်တို့သည်လည်း ပျော်မြူးကြရမည်။
အခြားအခြားသောသူ
ရွှတ်ချခြင်း ကဲ့ရဲ့ခြင်း
မုန်းတီးရွံရှာခြင်း နာမည်ဖျက်ခြင်းကို
သမီးအလျဉ်းဂရုမပြု
မိခင်ထံမှ
ဒါမှ ငါ့သမီး ဟူသော
ကျူးရင့်သံကိုသာ တောင့်တပါ
လောကတွင်
မိခင်၏ ကျေးဇူးကိုအသိရဆုံးဖြစ်ရပါလို၏။ ။

ဒေါ်အောင်ဆန်းစုကြည်သည် ကဗျာအား အဆုံးသတ်ရေးလိုက်သည်။ မိခင်ကြီးဒေါ်ခင်ကြည်သည် ခုတင်ပေါ်တွင် ဒေါ်အောင်ဆန်းစုကြည် ဝတ်ဆင်ပေးထားသည့် ခြေစွပ်လေးနှင့် နွေးနွေးထွေးထွေးငြိမ်သက်စွာ လဲလျောင်းနေရှာသည်။

www.burmeseclassic.com



၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက် (အင်္ဂါနေ့)

နံနက် ၇ နာရီ ၁၇ မိနစ်တွင် အသက်(၇၆) နှစ်ရှိ မိခင်ကြီး ဒေါ်ခင်ကြည်သည် ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းရှိ ခြံအမှတ် ၅၄ နေအိမ်တွင် ကွယ်လွန်သွားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ကတော် မဟာသီရိသုဓမ္မဒေါ်ခင်ကြည် ကွယ်လွန်သွားပြီဟု သိသည်နှင့် မြန်မာပြည်သူလူထုကြီးသည် ခြံအမှတ် ၅၄ သို့ စုရုံးရောက်ရှိလာကြတော့သည်။ မိခင်ကြီးဒေါ်ခင်ကြည် ကွယ်လွန်ရှာပြီဟုဆိုသည့်နှင့် မည်သည့်နေရာတွင် ဂူသွင်းသင်္ဂြိုဟ်ကြမည်လဲဟု တိုင်ပင်ကြသည့်အခါ ရွှေတိဂုံစေတီ တော်ကြီး၏ ခြေတော်ရင်းရှိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ အုတ်ဂူအနီးတွင် ဂူသွင်းသင်္ဂြိုဟ်ရန် သဘောတူညီ ဆုံးဖြတ်နိုင်ခဲ့ကြသည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မိခင်ကြီးဒေါ်ခင်ကြည်၏ ဈာပနသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အထင်ရှားဆုံး အဖွဲ့ဝင်သုံးဦးဖြစ်သည့် ဗိုလ်ချုပ်ကြီးစောမောင်၊ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ခင်ညွန့်နှင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းမြင့်တို့ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်သို့ ရောက်ရှိလာသည်။ မဟာသီရိသုဓမ္မမိခင်ကြီး ဒေါ်ခင်ကြည်၏ ရုပ်ကလာပ်အား ဂါရဝပြုကာ ဝမ်းနည်းကြောင်း မှတ်တမ်းလက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ယင်းအာဏာသိမ်း စစ်ဗိုလ်ချုပ်ကြီးများသည် ပထမဦးဆုံးအကြိမ် နှစ်အစတွင် ဆုံတွေ့ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ဧည့်ခံသည့်ကော်ဖီဝိုင်းတွင် အာဏာသိမ်းစစ်ဗိုလ်ချုပ်ကြီးများနှင့် ဆွေးနွေးပွဲစကားဝိုင်းက အသက်ဝင်လှသည်။ ဒေါ်အောင်ဆန်းစုကြည်က လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရန်နှင့် ဒီမိုကရေစီစနစ် ပြန်လည်ဖော်ဆောင်ရန် စစ်တပ်၏ ကတိပေးထားချက်များအတိုင်း လုပ်ဆောင်ရန် ဗိုလ်ချုပ်ကြီးစောမောင်ကို သတိပေးခဲ့သည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့ အဖိနှိပ်ခံ ရဟန်းရှင်လူ ကျောင်းသားပြည်သူများက ရွှေတိဂုံစေတီခြေရင်းသို့ ချီတက်နေကြသည်။ လူထုအင်အားသည် သိန်းချီပြီးစနစ်တကျ ချီတက်နေကြခြင်းဖြစ်သည်။ အချို့က တိုက်ပွဲခေါ်သံများဖြင့် ဒေါ်ခင်ကြည်၏ ရုပ်ကလာပ်အား ထမ်းကာ ဆန္ဒပြသင်္ဂြိုဟ်ချင်ကြသည်။ အချို့က ဒီမိုကရေစီတိုက်ပွဲတွင် ကျဆုံးသွားသော ရဲဘော်များကို မမေ့ဘူး၊ ဖိနှိပ်မှုကို ဒူးမထောက်ဘူး စသည် ဖြင့်ဟစ်ကြွေးကာ ချီတက်လာကြသည်။

ခွပ်ဒေါင်းအလံများ၊ သုံးရောင်ခြယ်အလံ၊ ဒီချုပ်ပါတီအလံတို့က နီနီရဲရဲ ယိမ်းယိမ်းနွဲ့နွဲ့ လေတွင်လွင့်လျက် ချီတက်နေကြသည်။ ဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနားသည် အာဏာသိမ်းပြီးမကြာမီ ပထမဦးဆုံးလူထု အင်အားအများအပြား ချီတက်လာသည့်နိုင်ငံရေးအခမ်းအနားတစ်ခုဖြစ်သည်။ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနားသည် စစ်အစိုးရ၏အာဏာသိမ်းပြီးနောက် မြန်မာ့နိုင်ငံရေးတွင် လမ်းခွဲမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်ဟု မြန်မာပြည်အရေး လေ့လာသုံးသပ်သူ သတင်းစာဆရာကြီး ဘာတီးလ်လင့်တနာက သူ၏ ဒေါ်မာန်ဟုန်စာအုပ်တွင် ရေးသားထားသည်။ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးသည်



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးဒေါ်ခင်ကြည် ဈာပနသို့ ရောက်ရှိလာသော်လည်း လူထုမျှော်လင့်သကဲ့သို့ ဖြစ်မလာခဲ့။ ဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနားသို့ အမေရိကန်၊ ဂျပန်၊ အီတလီ၊ ဗြိတိန်၊ ပြင်သစ်နှင့် အနောက်ဂျာမနီ နိုင်ငံ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ တက်ရောက် ဂါရဝပြုခဲ့ကြသည်။ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်သည် ခေတ်သစ် မြန်မာ့မိခင်ကြီးအဖြစ် ယနေ့အချိန်အထိ နှောင်းလူများ စံနမူနာထား အတုယူကြရမည့် အာဇာနည်မိခင်ကြီး ဖြစ်ပေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)
## မင်းတို့ မြန်မာတွေ

"မင်းတို့ မြန်မာတွေဟာ
ဆရာဝန်ဖြစ်နိုင်တဲ့ . .
အရည်အချင်း မရှိပါဘူး . . ."

ပါဏာဗေဒ ပါမောက္ခ ဒေါက်တာ မက်ဂစ်သာ

မြန်မာတွေကို အထင်သေး၊ အမြင်သေး ဖြစ်ခဲ့သည့် ပါဏာဗေဒ ပါမောက္ခ ဒေါက်တာမက်ဂစ်သာ၏ စကားဖြစ်၏။ ယခုအချိန်တွင် မက်ဂစ်သာတစ်ယောက် မြန်မာပြည်တွင်ရှိခဲ့ပါလျှင် "ဆရာကြီး ခင်ဗျား . . . အရင်က မြန်မာတွေကို အထင်သေးခဲ့တာ အခု အထင်သေးတဲ့အတိုင်း မှန်ရဲ့လား" ဟု မေးလိုက်ချင်ပါသေးသည်။

ပါဏာဗေဒပါမောက္ခ ဒေါက်တာမက်ဂစ်သာ ပြောမယ့်သာ ပြောရက်လေသည်။ ဒုတိယကမ္ဘာစစ်ကြီးအကြောင်းနှင့် ထိုဆေးတက္ကသိုလ်ကြီး အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ကြီး ဦးဘသန်းခေါင်းဆောင်လျက် ဆရာဝန်အနည်းငယ်၊ သူနာပြုဆရာမ အနည်းငယ်မျှဖြင့် ဆေးဝါးအလုံအလောက် မရှိ။ ကိရိယာတန်ဆာပလာ မစုံလင်ပဲ ဆေးရုံကြီးဖွင့်ပြီး ဗုံးစက်သေနတ် ထိမှန်ခဲ့ကြရသည့် ရဲဘော်နှင့် အရပ်သား၊ အရပ်သူ လူနာများ၊ ဓားခုတ်ခံလူနာ၊ မီးလောင်ခံ လူနာ၊ မိမိလည်ပင်းကိုမိမိ သင်တုန်းဓားနှင့် လှီးထားသော လူနာ စသည့်အကြောင်းကြောင်းနှင့် အသည်းအသန်လူနာမျိုးစုံတို့ကို မမောနိုင်၊ မပန်းနိုင် ကြံဖန် ကုသကြပုံများမှာ ထိုဆရာ၊ ဆရာမတို့၏ ကြီးမားသော စေတနာ၊ ကိုယ်ချင်းစာနှင့် မေတ္တာများသာတည်း။

ခေါင်းနှင့်ကိုယ်မှာ ဓားဒဏ်ရာကြီးငယ်ဖြင့် ရောက်လာကြသော လူနာ၏ အသက်ချမ်းသာရာရရေးအတွက် မေ့ဆေး မသုံးနိုင်တော့သဖြင့် ဖယောင်းတိုင်မီးအလင်းမျှဖြင့် အပ်နှင့်ညလုံးပေါက် အချက် ၂၀ ခန့်ချုပ်ကြရသည့် အဖြစ်မျိုးတွေ့။ လူနာများ မခံမရပ်နိုင်အောင် နာကျင်လွန်းသဖြင့် အသားကုန် အော်ဟစ်ခံစားနေရလျက် နာလွန်းသဖြင့် ဝေဒနာကြောင့် သတိလွတ်ကာ ဆရာဝန်အပေါ် ကြိမ်းမောင်းဆဲဆိုသံ၊ ဆရာဝန်၊ ဆရာမတွေမှာ လူနာအပေါ် စိုးစဉ်းလေးမျှ စိတ်မကွက်၊ ကရုဏာသက်လျက် ချော့မော့နှစ်သိမ့်ကာ မိဘမေတ္တာမျိုးဖြင့် အသက်ကို ကယ်တင်နေပုံမှာ အံ့ဩဖွယ်ရာပင်။

ဤကာလ ကောင်းကင်ယံမှ လေယာဉ်ပျံများက ရန်ကုန်မြို့ပေါ်သို့ မကြာခဏ ဒေါသတကြီး အရှိန်အဟုန်တို့ဖြင့် ဝဲပျံကာ လူသတ်ဗုံးကြဲချနေသည်။ ဆေးရုံကြီးပေါ်သို့ ဗုံးအချို့ကျသော်လည်း ဆရာဝန်၊ ဆရာမများသည် ကိုယ့်အသက်ဘေး တစ်ဆိတ်ကလေးမျှ ကရုမထားနိုင်ကြပဲ လူနာတို့ကိုသာ ကရုဏာစိတ်စောလျက် ရင်ဝယ်သားပမာ ကုသပေးနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သာမန်စိတ်ဖြင့်ဆိုက ကိုယ့်အသက်ဘေးဖြင့်ကိုယ်လွတ်ရာ ပြေးကြရမည့်အခြေအနေ။ ရန်ကုန်မှ ကိုယ်လွတ်ရုန်းပြေးသူတွေ ဖြစ်ရာနေရာခပ်များများတွင် အိမ်လွတ်၊ တိုက်လွတ်နီးပါး ပြေးကြပြီ။

သို့သော် ဤဆရာဝန်ကြီးများနှင့် ဆရာမများသည် မကြောက်မရွံ့ နောက်မတွန့်ဘဲ တိုင်းပြည်နှင့်လူမျိုးအပေါ် ကရုဏာ လွှမ်းလျက် သစ္စာမပျက်တမ်း မေတ္တာစေတ် ဆက်လှမ်းလျက် ကရုဏာမိခင်ဖခင်များပမာ ရဲရဲရင့်ရင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)
## သူနာပြုဆရာမလေးဒေါ်ခင်ကြည်၏ စေတနာ့ဝန်ထမ်းဘဝအစ

ပြည်သူ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး မဟာသီရိ သုဓမ္မ ဒေါ်ခင်ကြည်ကို မြောင်းမြမြို့ လမ်းဘက်အရာရှိ ဦးဘိုးညင်းနှင့် ဒေါ်ဖွားစု တို့မှ မြန်မာသက္ကရာဇ် ၁၂၇၄ ခု၊ ကဆုန်လဆန်း ၁ ရက်၊ ခရစ် ၁၉၁၂ ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့သည်။ မွေးချင်း ၁၀ ဦးတွင် အဋ္ဌမမြောက် သမီး ဖြစ်သည်။

ဒေါ်ခင်ကြည်သည် မိမိ၏ဇာတိ မြောင်းမြမြို့တွင် သတ္တမတန်း အောင်သည်အထိ ပညာသင်ယူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ ကြည့်မြင် တိုင်မြို့နယ် အေဘီအမ် မိန်းကလေး အထက်တန်းကျောင်းမှ ဆယ်တန်း အောင်ခဲ့ပြီး မော်လမြိုင် အေဘီအမ်ကျောင်း (မော်တင်လိမ်း ဆရာဖြစ် သင်ကျောင်း)မှ မူလတန်းပြဆရာဖြစ် လက်မှတ်ရပြီး မြောင်းမြအမျိုးသား အထက်တန်းကျောင်း၌ စေတနာ့ဝန်ထမ်း ဆရာမအဖြစ် နှစ်အတန်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သည်။ ထို့နောက် ဝါသနာအလျောက် သားဖွားနှင့်သူနာပြု သင်တန်းများကို ဒပ်ဖရင်အမျိုးသမီးဆေးရုံနှင့် ရန်ကုန်ဆေးရုံကြီးတို့မှ အောင်မြင်ခဲ့သည်။

စစ်မဖြစ်မီ ရန်ကုန်ဆေးရုံကြီးတွင် သူနာပြုဆရာမအဖြစ် အမှုထမ်းသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ ဗုံးကြဲခံရ၍ ဒဏ်ရာရလူနာများကို ကိုလ်ကတ္တားသို့ ပို့ဆောင်ရေးတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး စစ်မီးပြန့်ပွားလာသဖြင့် အိန္ဒိယမှ မြန်မာနိုင်ငံသို့ နောက်ဆုံးအခေါက်သင်္ဘောဖြင့် ပြန်လာခဲ့လေသည်။

သူနာပြုဆရာမအဖြစ် အမှုထမ်းခဲ့စဉ် စစ္စတာဆရာမကြီး အဖြစ် တိုးမြှင့်ခံခဲ့ရပြီး ဂျပန်ခေတ်၌ တစ်ခုတည်းသော ဆေးရုံကြီးတွင် စက်သေနတ်၊ ဗုံးဆန်များကြားမှ ကိုယ်ရေးကိုယ်တာ မငဲ့ကွက်ပဲ ဆေးဝါးပစ္စည်းရှားပါးသည့်အချိန်ဖြစ်သမျှနှင့် စေတနာအရင်းခံထားကာ လူနာမှန်သမျှတို့အား မငြိုမငြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ နာသုံးနာ ပြည့်ဝစွာဖြင့် ပြုစုပေးခဲ့သည်။

ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သော ပြည်သူ့ရဲဘော်များ၊ စစ်ခေါင်းဆောင်၊ နိုင်ငံရေး ခေါင်းဆောင်များကိုလည်း သူနာပြုဆရာမကောင်းပီသစွာ ဖြူစင်သန့်ရှင်းသောစိတ်စေတနာ အပြည့်ဖြင့် ဆေးရုံပေါ်မှာပင်နေထိုင်ပြီး အချိန်ပြည့်ကုသပေးခဲ့ပုံများကို ဆရာဝန်ကြီးဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ ရေးသားခဲ့သည့် 'ဂျပန်ခေတ် ဆေးရုံကြီးပေဝယ်' စာအုပ်ကို ကိုးကား၍ ဖြည့်စွက်တင်ပြထားပါသည်။

နိုင်ငံနှင့်တစ်မျိုးသားလုံးအတွက် အသက်တမျှ အရေးကြီးဆုံးသော အရေးကြီးအချိန်ကာလများတွင် သက်စွန့်ကြိုးပမ်းကာ နိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီးများ၏ ကျန်းမာရေးအတွက် ကိုယ်ကျိုး လုံးဝမငဲ့၊ တကယ့်စေတနာ၊ မေတ္တာဖြင့် သက်စွန့်ကြိုးပမ်း အသက် ဆက်ပေးကြသော နံပါတ်တစ် ဆရာဝန်ကြီး ဦးဘသန်း၊ ဒေါက်တာ မြင့်ဆွေ စသည့် ဆရာဝန်ကြီးများနှင့်အတူ နောက်မတွန့်၊ လက်မရွံ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စေတနာဖခင်၊ စေတနာမိခင်များအနက် ဒေါ်ခင်ကြည်မှာ မှတ်တမ်းတင်ရမည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် သခင်အောင်ဆန်းနှင့် လက်ထပ်ခဲ့သည်။ သားသမီးလေးယောက်မှ နှစ်ယောက်ထွန်းကားသည်။ သူ မြတ်နိုးတွယ်တာ သံယောဇဉ်ရှိခဲ့သော သူနာပြုလုပ်ငန်းနှင့်ကား အိမ်ထောင်သည်ဘဝ ရောက်သွားသည်နှင့် လုံးဝကင်းလွတ်သွားခဲ့ရလေသည်။

## တာဝန်ဝတ္တရားနှင့် ရင်တွင်းဖြစ်မေတ္တာ

တာဝန်ဝတ္တရားမျှဆိုက ဤသို့ မိမိအသက်ကိုပေး၍ မဆောင်ရွက်နိုင်ကြ။ ဤတာဝန်နှင့်ဝတ္တရား အခြေခံအားနှင့် နှလုံးသား ကရုဏာတရား မေတ္တာမပွားနိုင်က ဤသို့ ဖြစ်မလာနိုင်ချေ။

မေတ္တာအစစ်မှာ သစ္စာက ကြံ့ကြံ့ခံပေးနိုင်သည်။ 'သေ မြေကြီး၊ ရှင် ရွှေထီး' စိတ် မွေးကြသည်။ သေက မြေကြီးသို့ မလွဲ။ ရှင်က ဘယ်သူ့အတွက် ရွှေထီးနည်း။ ဆရာဝန်၊ ဆရာမတို့အဖို့ မမျှော်လင့်နိုင်ကြပါ။ မိမိ၏လူနာတစ်ယောက် မိမိက ဂရုစိုက်သလောက် ဆင်းရဲကင်းပျောက်ချမ်းသာရောက်က မိမိရွှေထီးဆောင်းရသကဲ့သို့သာ မဟုတ်ပေလော။

လောကကြီးမှာ သူ့အသက် . . အသက်တို့ကို ကယ်တင်ဆိုက်ကြရသော ဤကုသိုလ်ကြီးထက် အဘယ်ကုသိုလ်က ပိုမိုပါအံ့နည်း။ ထို



www.burmeseclassic.com

www.burmeseclassic.com



ကာလဆိုး၊ ကံဆိုးမိုးမှောင် ဂျပန်ခေတ်ကြီးထဲမှာ ဆရာဝန်၊ ဆရာမတို့သည် အလုပ်ဝတ္တရားများကို အနည်းငယ်လေးမှ အလစ်ဟင်းမခံ။ အနား မယူကြပဲ ပြောင်မြောက်သော ဖွဲ့ လုံ့လ၊ ဝီရိယခေတ်အားကြီးများဖြင့် ဆောင်ရွက်နေစဉ်။ အမြောက်သံ၊ ဗုံးဆန်၊ ကျည်ဆန်တွေကြား သက်စွန့်ဆံဖျား မိမိ၏အသက်ကိုမျှ ပမာမထား။ လူနာများကို ကရုဏာပွားနိုင်ကြလေသည်။

ရန်သူ့ကျည်ဆန်၊ သေနတ်သံများမှာ မိမိကိုယ်မိမိ ကရုမထားနိုင်ပဲ လူနာတွေကို ခုတင်၊ အခန်း ပြောင်းတန်ပြောင်း၊ ရွှေ့တန်ရွှေ့ပေးကြရသည်။ လျှပ်စစ်မီးက မလာတာများ၏။ လာပြန်လည်း မဖွင့်ရဲကြ။ ဖယောင်းတိုင်မီး၊ ရေနံဆီ မှန်အိမ်မီးလေး မှုန်ပြပြကလေး အောက်မှာ ယောက်ယက်ခတ်မျှ လုပ်ပေးနေကြရ၏။

မမျှော်လင့်ပဲ သွေးသံရဲရဲနှင့် နောက်တစ်ယောက်၊ ဟော နောက်တစ်ယောက်နှင့် ရောက်လာပြန်တော့လည်း ဤအတိုင်းပဲ ကရုဏာပွား၊ ကိုယ်ချင်းစာတရား စိတ်ခေတ်များနှင့်အတူ သယ်ယူ ဖေးမ ချမ်းသာရကြစေဖို့ပင် ဖြစ်လာရပြန်သည်။

ဗုံးကြလေယာဉ်တွေမှာ နေ့နေ့ညည အခါမရွေး အကြိမ်ကြိမ်လာတတ်သည်။ မမျှော်လင့်ချိန်လည်း ရောက်လာတတ်သည်။ လူနာကိစ္စအဝဝကို ညအမှောင်ထုထဲမှာပင် ခက်ခဲပင်ပန်းလှစွာ ဆောင်ရွက်ကြရသည်။

ဤတွင် သူနာပြုဆရာမများသည် အကူလုပ်သားအင်အားပါနည်းပါးသလောက် ကိုယ်တိုင်လုပ်ကြသည်။ သူနာပြုဆရာမများ အဖို့အလုပ်ကြမ်း၊ အလုပ်နုမျိုးစုံကို သူ့အလုပ်၊ ကိုယ့်အလုပ်မရွေးကြစတမ်းကြံ့ရာကျပန်း နှလုံးစိတ်ဝမ်း ဖြောင့်တန်းစွာ မေတ္တာထားနိုင်ကြသည့် စေတနာမိခင်များ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်က မိမိတို့၏ သူနာပြုဆရာမများသည် ခရိုင်းမီးယား စစ်အတွင်းက စစ်မြေပြင်တွင် သူနာပြုလုပ်ငန်းများကို အသက်ပေး ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် အင်္ဂလိပ်သူနာပြု ဆရာမ ဖလောရင့်နိုက်တင်ဂေး (Florence Nightingale)ကဲ့သို့ ဖန်မီးအိမ်နှင့် သူနာပြုနိုင်ကြ၏။ ထို့ပြင် ဗီယက်နမ်ပြည်၊ ဒီယင်ဗီယင်ဖူး တိုက်ပွဲကြားက သက်စွန့်ဆံဖျား ပြင်သစ်သူနာပြုဆရာမ ဂျင်နီဗေး (Genevieve) စသည့် ကမ္ဘာကျော် သူနာပြုဆရာမများ၏ စံတော်ချိန်ထက် ထစ်ထစ်ကလေး မနိမ့်နိုင်ပုံကို သိရှိဖတ်ရှုရသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)
# ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ထွေး

ဒေါက်တာမြင့်ဆွေ ဘီအိုင်အေဆေးရုံကြီးပေါ် ရောက်ပြီး သိပ်မကြာခင် ဒေါ်ခင်ကြီးနှင့်ဒေါ်ခင်ကြည် ညီအစ်မနှစ်ယောက် ရောက်လာသည်။ ဆေးရုံကြီးမှာ အခြေအနေတည်ကာစ ပထမဆုံး ဦးစွာအစရောက်လာကြသည့် ဆရာမများမှာ ဒေါ်ခင်ကြီးနှင့် ဒေါ်ခင်ကြည်တို့ ညီအစ်မဖြစ်ကြသည်။ ထိုစဉ်က ထိုညီအစ်မနှစ်ဦးမှာ ချာချီလမ်းရှိ သူဌေးဦးဘအို၏တိုက်တွင် တည်းခိုနေကြသည်။

## ဒေါ်ခင်ကြီး

အစ်မဖြစ်သူ ဒေါ်ခင်ကြီးမှာ စစ်မဖြစ်မီက ရန်ကုန်ဆေးရုံကြီးတွင် သူနာပြုသင်တန်း နှစ်နှစ်တက်ထားပြီး၍ ပညာခံရှိပြီးဖြစ်သည်။ ယခုကဲ့သို့ ဘီအိုင်အေဆေးရုံကြီး ရောက်လာသောအခါ ဆေးရုံဂေဟာမှူးအဖြစ် တာဝန်ယူရလေသည်။ နောင်သောအခါ ဒေါ်ခင်ကြီးသည် ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



ခေတ် လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ ဖဆပလ အထွေထွေအတွင်းရေးမှူး ဟောင်းနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဖြစ်သောသခင်သန်းထွန်း၏ ဇနီးဖြစ်လေသည်။

## ဒေါ်ခင်ကြည်

ဒေါက်တာမြင့်ဆွေသည် ယခင်က အင်္ဂလိပ်ခေတ်တွင် ဆေးကျောင်းသားအဖြစ်နှင့် ဆေးရုံကြီးတွင် သင်တန်းဆင်းစဉ် ကာလတွင် ခွဲစိတ်ကုသခန်းမကြီး နံပါတ် (၇၊ ၈) မှာရှိစဉ်ကတည်းက ဒေါ်ခင်ကြည်အား သူနာပြုဆရာမကောင်းတစ်ယောက်အဖြစ် တွေ့ခဲ့ရသည်။ မရင်းနှီးခဲ့ကြ။

ထိုစဉ်ကတည်းက ဒေါ်ခင်ကြည်ကို ရိုးသားတည်ကြည်ပြီး ဣန္ဒြေကြီးလှသည့် ဆရာမကောင်းတစ်ဦးအဖြစ် သိထားသည်။

ဒေါ်ခင်ကြည်သည် ဘီအိုင်အေဆေးရုံကြီးသို့ နေ့စဉ်နံနက် ၈ နာရီတွင် အချိန်မှန်မှန်ရောက်လာတတ်သည်။ မိမိတာဝန်ဖြစ်သောလူနာများအား စေတနာထား ပြုစုနိုင်ရုံမျှမက ဤဆေးရုံကြီး၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုပါ အခြားသော အမှုထမ်းများနှင့်အတူ စိတ်ပါဝင်စားအားတက်သရော ကြိုးပမ်းလုပ်ဆောင်လာပါသည်။ အစ်မဖြစ်သူ ဒေါ်ခင်ကြီးမှာလည်း သူတာဝန်ယူရသည့် ဂေဟာမှူးလုပ်ငန်းကို အလွန်တာဝန်ကျေပွန်သူအဖြစ် ထင်ရှားလာသည့်အပြင် မီးဖိုချောင်ကုလားများ ထမင်းဟင်းချက်ပြုတ်ရာဆီသို့ ချက်ပြုတ်ရာတွင် သန့်ရှင်းသေသပ်မှုရှိစေရေးနှင့် လူနာများအား အချိန်မှန်စနစ်တကျ စေတနာပါပါ ကျွေးမွေးစောင့်ရှောက်ကူညီနိုင်ရန်အထိ အသိပညာပေးကာ လအတော်တွေ့ပါဝင်ဆောင်ရွက်လာသည်။ ထို့ပြင်လူနာများ၏အိပ်ရာနေရာများ သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သေသပ်ရေး ဆိုင်ရာအထိ စနစ်တကျဖြစ်စေရေးများကို မိမိအသိပညာ စိတ်ခေတ်ရင်းအမှန်ဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်လေသည်။

## ဒေါ်တင်ထွေး

ဒေါက်တာမြင့်ဆွေသည် အလုပ်တာဝန်အားလပ်ချိန်ကလေးများတွင် ဒေါ်ခင်ကြီးနှင့် ဒေါ်ခင်ကြည်တို့ ညီအစ်မထံ သွားရောက်လည်ပတ်လေ့ရှိသည်။ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည် ညီအစ်မတို့သည် ဖျာပုံဘက်မှ ယူလာသည့်ငါးခြောက်များကို မီးဖုတ်လျက် ရေနွေးကြမ်းနှင့်သောက်လေ့ရှိသလို ဧည့်ခံလေ့ရှိလေသည်။ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည် ညီအစ်မနှစ်ယောက်စလုံးသည် လောကပျူငှာဖော်ရွေစွာရှိတတ်ကြသည်။ ရှိသည့်စားဖွယ်လေးဖြင့် ဧည့်ခံတတ်၏။ ဒေါက်တာမြင့်ဆွေအား ဒေါ်ခင်ကြည်က ဆရာမဒေါ်တင်ထွေးနှင့် ထပ်မံ မိတ်ဆက်ပေးလေသည်။

"ဒေါက်တာမြင့်ဆွေ . . . ဒါ အထွေးလေ . . . အင်္ဂလိပ် ခေတ်က (R.G.H) မှာကျွန်မတို့နဲ့အတူ အလုပ်လုပ်ခဲ့ကြတဲ့ ကျွန်မရဲ့ဂျူနီယာပေါ့ . . . ဟဲ့ . . အထွေး. . ."

ဟု လှမ်းခေါ်ပြီး ဒေါက်တာမြင့်ဆွေနှင့် စကားပြောဆိုရန် မိတ်ဆက်တိုက်တွန်းလေသည်။ ပိုမိုရင်းနှီးခဲ့ကြလေသည်။

နောင်သော် ဒေါက်တာမြင့်ဆွေသည် ဤ အထွေး(ခေါ်) ဆရာမမတင်ထွေး (ဒေါ်တင်ထွေး) နှင့် ဘဝကြင်ဖော် ဖြစ်ကြလေသည်။ ထိုအခါ ဆရာမများဖြစ်ကြသော ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ထွေးတို့မှာ တကယ် ညီမရင်းသုံးယောက်ပမာ တွဲဖက်ညီရင်းနှီးချစ်ခင်ပြီးဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမျှသာမကဆေးရုံတွင် ဘက်စုံအားကိုးရသည့် ကိုကျော့မောင်ဆိုသည့်ပုဂ္ဂိုလ်ကလည်း ဆေးရုံကြီးသန့်ရှင်းရေးအတွက် သန့်ရှင်းရေးလုပ်သားများကို စနစ်တကျကွပ်ကဲအုပ်ချုပ်လာပြန်သဖြင့် ဆေးရုံကြီးမှာ တင့်တောင့်တင့်တယ် တိုးတက်ပြောင်းလဲ လာခဲ့သည်။

ယင်းသို့ ဒုက္ခဝဲဂယက်ထဲမှ ဆရာကြီးဦးဘသန်းနှင့် တပည့်ဆရာဝန်၊ ဆရာမများသည် မိမိတို့ဆေးရုံကြီး သန့်ရှင်းသာယာရေးအတွက် မရှိသည့်ဆေး ကိုယ်တိုင်ရှာ၊ လုပ်သားများ ကိုယ်တိုင်စု၊ ရောက်လာသမျှလူနာမှန်သမျှအား စေတနာ တစ်လုံးတစ်ခဲကြီးနှင့် မေတ္တာထားကာ ပြုစုကုသလျက်မှ စိတ်ချမ်းသာစရာ ဖြစ်လာရသော်လည်း ဖော်ပြပါ ဆူဇူကီးနှင့်သူ့တပည့်ကျော် ကုလားကျိဝဲဆိုသူတို့၏ နှမ်းဖြူးပေးဒုက္ခကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရခြင်းက ကန့်လန့်ကြီးခံလျက်ရှိနေသေးသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)
# စစ်အတွင်း ဘီအိုင်အေဆေးရုံကြီးပေါ်က စားဝတ်နေရေး

ဤဆရာဝန်၊ ဆရာမ၊ သူနာပြုများသည် ဤသို့ မလုပ်ကြဘဲ စစ်အတွင်းဗုံးသံ၊ ကျည်ဆန်သံများကိုကြောက်ပြီး ကိုယ်လွတ်ရာကိုယ်ပြေး၊ ကိုယ်နေသာသလိုနေ၊ စစ်ပြေးဒုက္ခသည်အများကဲ့သို့ သူလို၊ ကိုယ်လိုနေကြလည်း ဤအချိန်အခါမျိုးတွင်ဘယ်သူကမျှ အပြစ်ဆိုဖွယ်မရှိ။ ထိုသို့ကာလဆိုးမျိုးမှာ မိမိအသက်ဘေးထက် သူ့အသက် ချမ်းသာရေးကို သွေးမအေး၊ မေတ္တာဖွေးဖြူစွာ ကိုယ်ကျိုးစွန့်နိုင်ခြင်း စိတ်ထားသည် အံ့ဖွယ်ရာတည်း။

ယင်းသို့ ဒုက္ခမီးပုံ ဟုန်းဟုန်းထနေသည့်ကြား မိမိတို့အဖို့ ဘာတစ်ခုမျှ အာမခံချက်မရှိ။ အစားအသောက်ကလည်း ဖြစ်သလို စားကြရသော အစားဆင်းရဲခြင်း၊ အနေကလည်း ကြုံသလိုနေကြရ၊ ကြုံသလိုအိပ်ကြရ၊ ကြက်အိပ်ကြက်နိုး၊ အိပ်ကောင်းခြင်း မအိပ်ကြရ။ အဝတ်အထည်မှာရော ဘယ်သူကမျှ တာဝန်ယူမပေးကြသဖြင့် စုမိတကျ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြမည်နည်း။ ဤသို့ အခြေအနေဆိုး အမျိုးမျိုးကြားမှ သံမဏိစိတ်ထား မေတ္တာ၊ ကရုဏာနှင့် ကိုယ်ချင်းစာ စေတနာ စိတ်ထားတို့သည် ဘွားဘွားကြီးပေါ်တတ်နေကြပေသည်။ ဆရာ၊ ဆရာမများအားလုံးမှာ စည်းကမ်းရှိကြလျက် ညီညွတ်သော စိတ်ထားတို့သည် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယစိတ်ဓာတ်တို့ကို စုစည်းထားသလို ဖြစ်နေကြလေသည်။

သူတို့သည် မိသားစုစိတ်ဓာတ်ဖြင့် တစ်ယောက်ကိုတစ်ယောက် လက်တွဲမဖြုတ်စတမ်း မြဲမြဲခိုင်ခဲ့ကြလေသည်။ တစ်ဦးနှင့် တစ်ဦး အထက်အောက်၊ အရာရှိ၊ မရှိ ဆိုတာတွေ စိတ်မမွေးကြ။ တစ်ယောက်နှင့်တစ်ယောက် ထောက်ထားသက်ညှာကြ၏။ အားပေးကြ၏။ ကူညီကြ၏။ စာနာထောက်ထားကြသည့် သေဖော်၊ရှင်ဖက်များတည်း။

ခေါင်းဆောင်ဖြစ်သော ဆရာဝန်ကြီးဦးဘသန်း၏ အတတ်ပညာနှင့် ညီညွတ်ငြိမ်းချမ်းသော စာနာထောက်ထားတတ်သောဖခင်မေတ္တာသည် အံ့ဘနန်းဖြစ်ရလေသည်။ အောက်လက်ငယ်သားများကို အလုပ်လုပ်ရင်း စည်းရုံး၊ စည်းရုံးလျက် အလုပ်လုပ်၊ အလုပ်လုပ်ရင်း ပညာပေးသွားပုံများမှာ ခေါင်းဆောင်တို့၏ နည်းပေးလမ်းပြသဖွယ် ဖြစ်ရခြင်းကို ရာဇဝင်စာတင်ကြရလေသည်။ သို့သော် ဒေါက်တာမက်ဂစ်သာသည် မြန်မာဆရာဝန်လောင်း ကျောင်းသားများကို ချိုးနှိမ်ခဲ့လေသည်။

ကျောင်းသားတစ်ယောက်၏အရည်အချင်းကို သူ စာမေးပွဲ ဖြေဆိုသည့် အမှတ်များကိုကြည့်ပြီး တစ်ကြိမ်တည်းနှင့် အဆုံးအဖြတ်ပေးခြင်းသည် မမှန်ကန်နိုင်ပေ။

လူတစ်ယောက်၏ ဘဝခရီးရှည်ကြီးအတွက် ထိုလူ၏ အရည်အချင်းကို သတ်မှတ်ရာတွင် မိမိ မမျှော်လင့်နိုင်သော ဉာဏ်မီသည့် လက်ရှိပစ္စုပ္ပန်အားနည်းချက်နှင့် မြှုပ်ကွက်ကိုချန်လှပ်ပြီး အဆုံးအဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်းသည် မှားယွင်းတတ်လေသည်။

ထိုနယ်ချဲ့ခေတ်က ဆေးကောလိပ်သို့ဝင်နိုင်ရန်မှာ အေ အဆင့်နှင့် ဘီအဆင့် ခွဲခြားထားရာ အေအဆင့်ဖြင့် အောင်သူသာ အသိအမှတ်ပြုကြလျက် ဘီအဆင့်မှ အောင်သူများကိုကား ဆေးကောလိပ်သို့ ဝင်ခွင့်မပေးဘဲ ပယ်ခဲ့ကြ၏။

စစ်ပြီးခေတ် ရောက်သောအခါ ထိုခေတ်က ဘီအဆင့် အပယ်ခံကျောင်းသားများစွာတို့သည် အလျှော့မပေးသော ဇွဲ လုံ့လ နှင့် သူတို့ကိုခွင့်ပြုသည့် နိုင်ငံခြား ဆေးကောလိပ်များသို့ သွားရောက်ပြီး ပညာ သင်ကြားကြရာ ယနေ့တိုင် ထက်မြက်သော ဆရာဝန်ကြီးများအဖြစ်သို့ ရောက်ရှိနေကြလေသည်။

ဂျပန်ခေတ်က ဖြစ်ရပ်ကလေးတွေထဲမှာ ကျွန်တော်သတိ အရဆုံးကတော့ ဆရာကြီးဦးဘသန်းက လူမမာရဲဘော်တွေ၊ စိတ်အားမငယ်ရအောင် အားရုံပြောင်းပေးတဲ့သဘောနဲ့ ဂီတတွေ၊ တေးသီချင်းတွေနဲ့ ဖျော်ဖြေဖို့ တာဝန်ပေးထားလို့ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တွဲပြီး သီချင်းဆိုရတဲ့ ဖြစ်ရပ်ကလေးပါပဲ။ အဲဒီတုန်းက ခင်ဗျားဟာ ဘီအိုင်အေ ဆေးရုံကြီးမှာ အဆိုတော် တင်တင်မြပါပဲ။ ကျွန်တော်ကတော့ ဖိုးပါကြီးဆိုပါတော့ဗျာ။ ခင်ဗျားရဲ့ သာယာချိုအေးတဲ့အသံလေးကို ဒီနေ့အထိ ကျွန်တော့်နားထဲက မထွက်တော့ဘူး။

"ဆရာရယ် . . . ဗုံးရန် စက်သေနတ်ရန်တွေကြားထဲမှာ ကျွန်မတို့ အလုပ်လုပ်ခဲ့ကြရတာ . . ကံကောင်းလို့မသေကြပဲ ဒီနေ့အထိ အသက်ရှင်နေသေးတယ်နော်။ အဲဒီတုန်းက နေ့စဉ်နေ့တိုင်း ဗုံးတွေ တဝုန်းဝုန်း ကြမ်း လာချနေတာ။ ကြာတော့ ဗုံးခိုကျင်းထဲ ဝင်ရမှာကိုပဲ ငြီးငွေ့လာတော့တယ်။ ဒါနဲ့ တစ်နေ့တော့ ထုံးစံအတိုင်း ဗုံးလာကြပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျွန်မကလည်း ဖျားနေလို့အိပ်ရာထဲက ထချင်စိတ်မရှိတော့ဘူး။ ဒါနဲ့ ဒီနေ့ ဆင်းမပုန်းတော့ဘူးဆိုပြီး အိပ်ရာထဲမှာပဲ ဇွတ်ပေပြီး အိပ်နေလိုက်တယ်။ အဲဒီလို အိပ်နေတုန်း မကြွင်ယုံနဲ့ မသန်းဆင့်တို့က ဒီနေ့ ဗုံးချတာ သိပ်ကြမ်းတယ်ဆိုပြီး ကျွန်မကို သူတို့နှစ်ယောက်က အတင်းဆွဲပြီး အောက်ထပ်ကို ခေါ်သွားကြတယ်လေ။ အဲဒီနေ့က ကျွန်မတို့နေတဲ့ အဆောင်ပေါ် တည့်တည့်ကို ဗုံးနဲ့ တိုက်ရိုက်ကျတာပေါ့။ လေကြောင်းရန်ကင်းလို့ ကျွန်မတို့ရဲ့အခန်းကို ပြန်လာတော့လေ ဆရာရယ်။ ကျွန်မအိပ်တဲ့ ခုတင်ပေါ်မှာ ချထားခဲ့တဲ့ ခြင်ထောင်လေးဟာ အမိုးထက် ခြမ်းကွဲ နေတာတွေ့ရပြီး ဗုံးဆန်တစ်ခုလည်း ကျွန်မအိပ်ရာထဲမှာ စိုက်ဝင်နေတာကို မြင်လိုက်ရတာပဲ အခုပြောရင်းတောင် ကြက်သီးထမိသေးတယ် ”

“ဟုတ်တယ် ဆရာရေ. . . အဲဒီတုန်းက နေ့စဉ်ဗုံးကြဲနေလိုက်ကြတာ ကြောက်ခမန်းလိလိပဲ။ ကျွန်မတို့အနားတစ်ဝိုက်မှာ ရှိတဲ့လူတွေ တခြားဆေးရုံက ဆရာမတွေနဲ့ ဂျပန်ဆေးရုံက ဆရာမတွေကလည်း အားလုံးလိုလို ထွက်ပြေးကုန်ကြတာပဲ။ ကျွန်မတို့ ဘီအိုင်အေဆေးရုံက ဆရာ၊ ဆရာမတွေကတော့ ထွက်မပြေးကြပဲ ဗုံးတွေ ဘယ်လောက်ချနေနေ တာဝန်ကျတဲ့နေရာက တစ်ဖဝါးမှမခွာဘဲ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ဇွဲကောင်းကောင်းနဲ့ လုပ်ကြတာပဲ။ အဲဒါကို အဓိပတိ ဒေါက်တာဘမော် သိသွားတာနဲ့ နောက်နေ့မှာ ကျွန်မတို့ဆေးရုံအမှုထမ်းတွေကို တစ်ယောက် ဂျပန်ငွေနှစ်ဆယ့်ငါးကျပ်စီ ဆုချတာ ဆရာမှတ်မိသေးသလား။

ကျွန်မ တခြားဟာတော့ သိပ်မမှတ်မိချင်တော့ဘူး။ ကျွန်မတို့ စားရတဲ့ထမင်းက ငစိန်ဆန်ဆိုတော့ ရုတ်တရက် မျိုမကျဘဲ လည်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝမှာ တစ်ခံနေလို့ ကျွန်မတို့ရဲ့ တစ်ခုတည်းသော ဟင်းလျာမွန်ဖြစ်တဲ့ ကင်ပွန်းရွက်ဟင်းရည်နဲ့ မျှောချမှပဲ လည်ချောင်းဝမှာ တစ်နေတဲ့ ထမင်းလုပ်ဟာ ကျသွားတာပါပဲ။ ကင်ပွန်းရွက်ဆိုတာကလည်း ရွက်နုမဟုတ်ဘူးဆရာ။ အရွက်ကြမ်းကြီးတွေကို ချက်ထားတာ။ ကျွန်မတို့အားလုံး အလုပ်ဝင်တော့ ပထမခြောက်လလောက်ဟာ လခရယ်လို့ တစ်ပြားမှမရခဲ့ဘူး။ နောက်ပြီး ရပြန်တော့လည်း တစ်လကို ဂျပန်ငွေနှစ်ဆယ့်ငါးကျပ်စီပဲ ရကြတယ်လေ။

အဲဒီလို အစားဆင်းရဲ အနေဆင်းရဲ အလုပ်လုပ်ကြတာကလည်း ပင်ပန်းရတဲ့အထဲ ဗုံးရန်၊ စက်သေနတ်ရန်ကြောင့် နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ်နေကြရပေမယ့် ဘာကြောင့်မှန်းမသိဘူး။ အဲဒီတုန်းက ကျွန်မတို့ သိပ်ပျော်တာပဲ ဆရာ ”

“အေးဗျာ . . . . ခင်ဗျားတို့ဟာ တကယ့်ကို ဇွဲသတ္တိရှိကြတဲ့ အမျိုးသမီးတွေပဲ။ တိုင်းပြည်အတွက် ခင်ဗျားတို့လုပ်ကိုင် ဆောင်ရွက်ပုံတွေကို ကျွန်တော်ဖြင့် အံ့ချီးမကုန်နိုင် ဆိုတာလိုပဲ”

ဤသည်တို့မှာ ဂျပန်ခေတ် ဘီအိုင်အေဆေးရုံကြီးတွင် (ထိုစဉ်က သူနာပြုဆရာမများအဖြစ်) ဆရာကြီးဒေါက်တာမြင့်ဆွေတို့နှင့် လုပ်ကိုင်ခဲ့ကြသည်။ နောင်နှစ် (၂. ၄. ၆၆) ခုနှစ်ရောက်သော် မင်္ဂလာဒုံ B.M.H ဆေးရုံကြီးတွင် ဗိုလ်မှူးဒေါ်ခင်စီ၊ ဗိုလ်မှူး ဒေါ်ရင်နု၊ ဗိုလ်မှူး ဒေါ်တင်ကြည်၊ ဒု-ဗိုလ်ဒေါ်တင်နုတို့နှင့် တွေ့ရစဉ် ‘မှတ်မိသေးတယ်၊ ဂျပန်ခေတ် ဆေးရုံကြီးဝယ်မှ ဆင်းရဲဒုက္ခများ’ ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

## ဒေါ်ခင်ကြည်နှင့် ဘီအိုင်အေဆေးရုံပေါ်က သေဘေးကြုံဒုက္ခများ

အင်္ဂလိပ်လေယာဉ်ပျံများသည် ရန်ကုန်မြို့ပေါ်တွင် ပျံဝဲလျက် ဗုံးကြဲပစ်မှတ်များ လိုက်လံရှာဖွေနေကြသည်။ လရောင်ကလည်း အစွမ်းကုန် လင်းပေးနေ၏။ ဂျပန်လေယာဉ်ပစ် စစ်သည်များကလည်း မီးမောင်းကြီးများထိုးကြလျက် လေယာဉ်လာလမ်းစောင့်နေသော် ပို၍လင်းထိန်သည့် အလင်းရောင်တို့သည် အမင်္ဂလာ မြင်ကွင်းများကို အထင်းသား မြင်ခွင့်ပေးထားသလို ဖြစ်နေသည်။

ဂျပန်များရောက်လာပြီး ရန်ကုန်ဆေးရုံကြီးအား တပ်ချပြီး သူ့လူနာ၊ သူ့ဆရာ၊ သူတို့အလုပ်ချည်း ဖြစ်နေသဖြင့် ၁၉၄၂ ခုနှစ်တွင် ဆရာကြီးဦးဘသန်း ဦးဆောင်ကာ ရန်ကုန်မြို့ ဂေါ်ရာကုန်း ဒိုင်အိုစီဇင် မိန်းကလေးကျောင်းကို ဘီအိုင်အေ ဆေးရုံသစ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြင့်ဆွေပါ သူငယ်ချင်းသုံးယောက်တို့သည် မိမိတို့ဆေးရုံပေါ်သို့ 'ဗုံးကျရင်ဖြင့် ဒုက္ခ' ဟု အားလုံးအတွက် ပူပင်သောကဖြစ်နေကြသည်။ သို့ဖြစ်၍ ဆေးရုံ၏အောက်ဆုံးထပ် လူနာများထားရာဆီသို့ လှေကားတစ်လျှောက် အပြေးအလွှား ဆင်းလာကြသည်။အောက်ဆုံးထပ်သို့အရောက် ဆေးစပ်ခန်းရှေ့နားတွင်ရပ်ပြီး လူနာများထားရာ ခန်းမကြီးအတွင်းမှ လူနာများအား -

"ရဲဘော်တို့ မကြောက်ကြနဲ့ . . . ကျွန်တော်တို့ရှိတယ်"

ဟု အားပေးနေကြစဉ် ဆေးရုံအောက်ထပ်သန့်ရှင်းရေးနှင့်အနာဆေးထည့်ပေးသည့် မောင်မြသင်းဆိုသူက မောကြီးပန်းကြီး အပြေးအလွှားရောက်လာပြီး-

"ဆရာတို့ . . ဆေးရုံကြီးအနောက်ဘက်က ဗုံးခိုကျင်းတွေထဲမှာ မြက်ခြောက်တွေ ပစ်ထားတဲ့နေရာက မီးတွေ တငွေ့ငွေ့ တောက်နေတယ်။ အဲဒါအတွက် လေယာဉ်ပျံတွေရဲ့ဘေးရန်ကို ကျွန်တော်တို့ ရင်ဆိုင်နေရပါပြီ "

၎င်းသတင်းကို ရလျှင်ရချင်း ဆေးရုံသို့ မီးကူးလာမည့်ဘေး၊ ရန်သူမြင်မည့်အလင်းရောင်ဘေးတို့ကြောင့် ဆရာဝန်ဒေါက်တာမြင့်ဆွေ၊ ဗိုလ်လှသမိန်၊ ကိုကျော်ခင်နှင့်ဒေါက်တာဖူဂျီးမား အမည်ခံ ယိုးဒယားလူငယ်တစ်ယောက်တို့ပါ အဆိုပါ မီးလောင်ရာသို့ အချိန်မီသွားရောက်ကာ မီးငြိမ်းသတ်နေကြစဉ် ရန်သူစောင့်ဂျပန်စစ်သားများက အထင်လွဲကာ သေနတ်ကိုယ်စီဖြင့် ချိန်ရွယ်ပြီး ဖမ်းဆီးလိုက်ကြရသည်။ ထို့နောက်အုန်းဆံကြိုးဖြင့် ချည်နှောင်ခံရပြီး ဂျပန်စစ်သားများ ခေါ်ရာပါသွားလေသော်သေအံ့ဆဲဆဲ ဒုက္ခကွန်ရက်ထဲမှ ဂျပန်ကင်ပေတိုင် ညဦးဆဲသူတို့၏



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းစခန်း၊ နှိပ်စက်ရာအခန်းများဆီမှ ဗိုလ်ကြီးသန်းရွှေဆိုသည့် ပုဂ္ဂိုလ်၏ ကျေးဇူးကြောင့် လွတ်လာခဲ့ရပုံများ။ ဆရာကြီး ဒေါက်တာ မြင့်ဆွေတို့သည် မိမိတို့လုပ်ငန်းရှိရာ ဘီအိုင်အေဆေးရုံကြီးသို့ပြန်ရောက် ၍ အရေးပေါ်လူနာခန်းသို့ရောက်မှ နောက်က အလူးအလဲလိုက်ရှာနေ သော ဆရာကြီးဘသန်းတို့ ထပ်မံရောက်လာပြီး အကြောင်းစုံမေးမြန်းကာ ဆရာကြီးမှ ဝမ်းသာဝမ်းနည်းအားဖြင့် တပည့်ချစ်များအား နှစ်သိမ့်ကာ လက်မှ အုန်းဆံကြိုးဒဏ်၊ အသားနီလန်ဒဏ်ရာများကို ကိုယ်တိုင်ယုယစွာ ပြုစုပေးခဲ့သည်။

ဆရာကြီးဦးဘသန်းကလည်း သူ့တပည့်များအား ညအချိန် မတော်ကြီး ဂျပန်များ ရုတ်တရက် အထင်မှားအဖမ်းခံရသည်ကို မသိ ရှာပဲ မရှိတာသာသိ၍ စိုးရိမ်တကြီးလိုက်ရှာရာ ဤဆေးရုံကြီးတွင် ဝင် ရောက်စွက်ဖက်နေသည့် မေဂျာဂျင်နရယ် ဆူဇူကီးထံ အကူအညီတောင်း ပြီး ဂျပန်စစ်ဌာနသို့ မေးမြန်းစုံစမ်းရှာဖွေနေခဲ့ကြရာမှ တစ်ကျော့ကြည့် ပြန်အလာတွင် ဤသို့ ဆုံတွေ့သိရှိရသည်။ (ယင်း စာ-၇)

## ဘီအိုင်အေဆေးရုံနှင့်ဆူဇူကီး

မေဂျာဂျင်နရယ် ဆူဇူကီးမှာ တကယ်က နယ်ချဲ့ခေတ်က Gen -eral Practitioner ပြင်ပဆေးဝါးကုဆရာဝန် တစ်ယောက်မျှဖြစ်ကြောင်း၊ နယ်ချဲ့ခေတ်က အလံပြဘုရားလမ်းတွင် ဆူဇူကီးသားဖွားခန်းဟူ၍ သား ဖွားဆေးခန်း ဖွင့်ထားရာမှ ဂျပန်များ မြန်မာပြည်ဝင်လာချိန်တွင် စစ် ဝတ်စုံကို ချက်ချင်းဝတ်၊ ဂျပန်ဓားရှည်ကြီး လွယ်ကာ ဘီအိုင်အေ ဆေးရုံ ကြီးသို့ မကြာခဏ ရှိုးပြရောက်လာသူ ဖြစ်ကြောင်း၊ အမှန်က ဆေးပညာ တွင် ဆရာကြီးဦးဘသန်းနှင့်စာက မယှဉ်သာအောင် နိမ့်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့အချိန်တွင် မခံချင်စိတ်များကို မျိုသိပ်၍ ယင်းတို့၏ ဝင်ရောက်စွက်ဖက်ခြင်းကို သည်းခံရကြောင်းများကို ထင်ရှားစွာသိရ၏။

ဘယ့်ကလောက် စွက်ဖက်လာသနည်းဆိုမူ တစ်နေ့ကုန်၊ တစ်ညလုံး ဆရာကြီးဦးဘသန်းနှင့် တပည့်ဆရာဝန်၊ ဆရာမများ ကုသပြီး၍ ညနေ ၅ နာရီအချိန်လောက် သူရောက်လာပြီး Round လှည့်ကာ လူနာများကို ကြည့်ရှုလေ့လာရန် ရောက်လာတတ်သည်။

ဟိုဆေးထိုး၊ ဒီဆေး ဒီလိုလုပ်နှင့်ပါ၊ ဆေးပြောင်းပေးတတ်ခြင်းဖြင့် နှမ်းဖျူးအလုပ်လုပ်လေ့ရှိကြောင်း၊ ပိုဆိုးသည်က သူ့နောက်ပါ ယိုးဒယားလူငယ် ဆရာဝန်အတုပါ ပါလာတတ်ပြီး သူ့ဆရာ ဆူဇူကီးနည်းတူ လူနာများအား စမ်းသပ်သလိုလို၊ ဆွေးနွေးမေးမြန်း ဟန်ဖြင့်ပါ အထင်ကြီးအောင်လုပ်လေ့ရှိသည်ကိုပါ သူ့လက်အောက်ခံဘဝအား သိသာမြင်သာစေလေသည်။

## ဆူဇူကီး၏ အနုနည်းပေးဒုက္ခရှာပုံတော်

ဒေါက်တာမြင့်ဆွေတို့ ဂျပန်၏အဖမ်းခံ အသက်ဘေးမှ မသေကောင်း၊ မပျောက်ကောင်း ပြန်ရောက်လာပြီး သိပ်မကြာပါပေ။ လေကြောင်းရန်များ အေးလာသည်နှင့်အမျှ ဆေးရုံကြီးမှာ လူနာများ တစ်စစ ရောက်လာကြပြီး လူဝင်လူထွက် စည်ကားလာပြန်သည်ကို တွေ့ရ၏။

ဆရာကြီးဦးဘသန်းသည် အစစအရာရာ ဦးစီးပဓာန ဆရာကြီးအဖြစ် ဆောင်ရွက်လျက်ရှိစဉ် ယခင်က အိုပီဒီဆရာဝန် ဦးကွမ်းလွင်ပါ ရောက်လာ၍ ဆောင်ရွက်လာကြောင်း သိရသည်။ ဆရာဝန်ဦးကွမ်းလွင်နှင့် မျက်နှာချင်းဆိုင်တွင် ဖော်ပြပါ ဆူဇူကီးသည် သူ၏သစ္စာတော်ခံ တပည့်တစ်ယောက်ဖြစ်သူ ဂျိဝဲ (ခေါ်) ကုလားလူမျိုးတစ်ဦးပါ ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



စေလျက် နေ့စဉ်အလုပ်ချိန်တိုင်းမှာ ဆရာကြီးဦးဘသန်း ဘာလုပ်၊ ဘယ်သွား၊ ဘာဖြစ်၊ ဘယ်သူလာပြီး စသည့် နေ့စဉ် ဖြစ်ရပ်စုံကို သူလျှိုအလုပ်ဖြင့် သူ့ဆရာ ဆူဇူကီး မလာနိုင်သည့်အခါ သတင်းပို့ရသည်။ တစ်ခါတစ်ရံ ဆရာဝန်အတု ယိုးဒယားလူငယ်ဖြစ်သော ဖူဂျီးမားဆိုသူပါ လာတတ်ကြလေသည်။

ထိုဖူဂျီးမားက ဆရာကြီးဦးဘသန်း အလုပ်ပြုတ်ရေးနှင့် ဒေါက်တာမြင့်ဆွေအား သူတို့ထံ ဖဲ့ထုတ်ရယူနိုင်ရေး သွေးခွဲရန် တာဝန်ယူစည်းရုံးသော်လည်း သစ္စာကြီးမားသော ဒေါက်တာ မြင့်ဆွေက ပညာဖြင့် ညင်သာစွာရှောင်တိမ်းကာ သူတို့သွေးခွဲခြင်းမှ ကွေ့ကွင်း လွတ်ကင်းခဲ့ရလေသည်။

## သူခိုးကလူကို ပြန်အော်သည့် ဆူဇူကီး

ဖော်ပြပါအတိုင်း အဆိုးထဲက အကောင်းကြံ၊ အမိုက်ထဲမှ ရွှေကိုရှာအဖြစ် မိမိတို့ဆေးရုံကြီး၏ဘဝလေးကို မိမိတို့ကိုယ်ထူကိုယ်ထ စုပေါင်းရှာကြံလုပ်ဆောင်နေရချိန် ဆရာကြီးဦးဘသန်းမှအစ ဆေးရုံကြီး တစ်ခုလုံးရှိ အမှုထမ်းအားလုံးကိုပါ ဆူးပြောင့်ခလုတ်တံသင်းဖြစ်လာသူမှာ နေရာတကာ နှမ်းဖြူးနေသည့် ဆူဇူကီးနှင့် သူ့တပည့်ကျော် ကုလားဂျီဝဲတို့ ဖြစ်လေသည်။

ထိုဆူဇူကီးဆိုသူမှာ တစ်ချိန်က မေဂျာဂျင်နရယ်အဖြစ်နှင့် ဘီအိုင်အေဆေးရုံကြီးသို့ ရောက်လာသည့် နှမ်းဖြူး ဆူဇူကီးပင် ဖြစ်သည်။ ဖြစ်ပုံမှာ ဤဘီအိုင်အေဆေးရုံကြီးအဖြစ် ဖွင့်လှစ်ထားသော ဤအဆောက်အအုံမှာ စစ်ဖြစ်စဉ်က စစ်ပြေးဒုက္ခသည်များအဖြစ် ထွက်ပြေးသွားကြရာမှ ကျန်သော ဒိုင်အိုစီဇင် မိန်းကလေးကျောင်းဖြစ်ရာ ထို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ စစ်ပြေး,ပြေးကြရလေသော် ကျောင်းအုပ် ဆရာမကြီး၏ အဖိုးတန်ပစ္စည်းများစွာ ကျန်ရစ်လေသည်။ ထိုပစ္စည်းများအား အဆိုပါ ဆူဇူကီးနှင့် သူ၏တပည့်ကျော် ကုလားဂျီဝဲတို့ လာရောက်ပြီး ခပ်တည်တည်နှင့်သိမ်းယူကြကာ ကိုယ်ကျိုးသုံးစွဲကြသည်။

ဤသို့ ခပ်ပြောင်ပြောင် နေ့ကြောင်တောင် ယူဆောင်သွားသည့် ဖြစ်ရပ်ကို အများသိသော်လည်း သူတို့သည် ခပ်အေးအေး မသုံးမနေကြပဲ ဤဆေးရုံကြီးမှာ တာဝန်ရှိဆရာကြီးဦးဘသန်းနှင့် ဆရာဝန်၊ ဆရာမတွေ ခိုးကြောင်းဖြင့် 'မင်းတို့တွေဟာ အားလုံး သူခိုးတွေချည်းပဲ' ဟု မျက်နှာပြောင်တိုက် ကြိမ်းမောင်းလိုက်ချေသေးသည်။

ဤသို့ ဆူဇူကီး၏ အနိုင်ကျင့်ဗိုလ်ကျ ခြယ်လှယ်မှုများကို သံယောင်လိုက်ပြီး မျက်နှာလို၊ မျက်နှာရ ခိုင်းဖတ် ကုလားဂျီဝဲကပါ သူဆရာခြေရာနင်းပြီး မခိုးမခန့်အရယ်၊ အကြည့်တို့ဖြင့် သခင်အားရ ကျွန်ပါး၀ လုပ်လာလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)
## တန်ဆာပွတ္တိဉာဏ်ကောင်းလှသည့် ဒေါ်ခင်ကြည်

တစ်နေ့တွင် ဒေါက်တာမြင့်ဆွေသည် လူနာရှင်ဘော်များအား ဆေးထည့်ပေးနေစဉ် ဧည့်သည်တစ်ယောက် အမှတ်မထင် ရောက်လာ၏။ ထိုဧည့်သည်မှာ ဒေါက်တာမြင့်ဆွေ၏ ၁၉၃၄ ခုနှစ်က ရန်ကုန်တက္ကသိုလ် ပြည်ကျောင်းဆောင် အခန်း (၁၇) တွင် ပထမနှစ် (M.B, B.S) သင်တန်းတက်စဉ်က အလွန်ချစ်ခင်ရင်းနှီးသော သူငယ်ချင်း ကိုအုံးကျော်ဆိုသူ ဖြစ်၏။ ကိုအုံးကျော်မှာ ဖီလော်ဆော်ဖီ နောက်ဆုံးနှစ် သင်တန်းတက်နေခဲ့သူ ဖြစ်သည်။

သို့ဖြစ်၍ လုပ်ငန်းတာဝန်ကို ပြီးအောင်လုပ်ပြီး ဒေါက်တာမြင့်ဆွေသည် သူငယ်ချင်းကိုအုံးကျော်ကို ရှေ့ဆောင်၍ မိမိအခန်းသို့ ခေါ်လာခဲ့သည်။ မိမိအခန်းဝသို့ရောက်သော် မထင်မှတ်သော မြင်ကွင်းကြောင့် ဒေါသအမျက် ချောင်းချောင်း ထွက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ မိမိကိုယ်တိုင် သပ်ရပ်ကျနစွာ ခင်းကျင်းထားသည့် နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် အသားက ရေနံချေး အမည်းရောင်၊ မျက်လုံးပြူးပြူး၊ ဘောင်းဘီအနွမ်း၊ ပေရေနေသည့် ဘွတ် ဖိနပ်ကြီးဝတ်လျက် အခန့်သား ခန့်ခန့်ကြီး ဝင်အိပ်နေသည့် ကုလားဂျီဝဲကို တွေ့ရလေသည်။

ဒေါက်တာမြင့်ဆွေသည် ဒေါသ ထောင်းခနဲထွက်သော်လည်း မတွေ့တာကြာ၍ ယခုမှတွေ့ရသည့် သူငယ်ချင်းမျက်နှာကို ထောက်၍ ပညာရှိအမျက် အပြင်မထွက်ကောင်းဟူ သတိရဆင်ခြင်ပြီး

"ဂျီဝဲ . . . ငါ့ဧည့်သည် လာနေတယ် . . မင်း ခဏဖယ်ပေးပါ . . . နောက်တော့ ပြန်အိပ်ရင်အိပ်ပေါ့ . . . မင်း အိပ်နိုင်တယ် . ." ဟု ပြောရာ

"ဘာလို့ ဖယ်ပေးရမှာလဲ . . . ဒီဆေးရုံမှာ ငါ ဘယ်နားနေနေ . . . နေပိုင်ခွင့်ရှိတယ် "

ဟု ရိုင်းပျစွာပြောပြီး အရေးမစိုက်ဟန်ဖြင့် ခပ်တည်တည် အိပ်မြဲပြန်အိပ်သွားပြန်လေသည်။

ဒေါက်တာမြင့်ဆွေအဖို့ အနိုင်နိုင်ထိန်းထားရသော ဒေါသတို့သည် ပိုမိုကြီးထွားပေါက်ကွဲကာ ငေးကြောင်လျက် အံ့အားသင့် စွာကြည့်နေသော သူငယ်ချင်းကိုပင် အားနာစွာဖြင့် ဂျီဝဲအနားကပ်သွားပြီး ဗိုလ်ဆံတောက်ကို အပိုင်အုပ်ဆုပ်ကိုင်ပြီး အားနှင့်ဆွဲထူ လိုက်သောအခါ ဂျီဝဲသည် ကြောင်တစ်ကောင်၏လက်ဝယ် ကြွက်ပါလာသလို ပါ၍အလာ နားအုံနားရင်းနှင့် ပါးပါမကျန် ပြောင်းသတ်အောင် ဆက်တိုက်ရိုက်ပစ် လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဝဲသည် ဘာမျှမတုံ့ပြန်နိုင်ပဲ သူ့အိပ်ရာပေါ်သို့ ခွေခနဲ ပြန်ကျသွားပြန်သည်။ ဒေါက်တာမြင့်ဆွေသည် ဒေါသစိတ်ဆိုး မပြယ်သေးပဲ ဂျိုဝဲ၏ ဆံပင်ဖုတ်ကို ထပ်မံပြီး အားဆင့်ဆုပ်ကိုင်ကာ သမံတလင်းဆီသို့ ဆွဲချလိုက်သောအခါမှာလည်း အောက်သို့ အစန့်သား ပစ်ကျသွားရာ 'လုပ်မယ့်လုပ် မှတ်လောက်အောင်လုပ်မှ' ဟု ဆိုသည့် မထူးစိတ်ဝင်ကာ ဂျိုဝဲအား ဘောလုံးကန်သကဲ့သို့ ဆက်တိုက်ကန်ပစ်ရာ ဂျိုဝဲသည် တံခါးထွက်ပေါက်မှ ခွေးပြေးဝက်ပြေး ထပြေးမှ လွတ်မြောက်သက်သာခွင့် ရသွားလေသည်။

ပွဲလည်းပြီး သူငယ်ချင်းပါ ပြန်သွားသဖြင့် ဒေါက်တာ မြင့်ဆွေသည် လုပ်ငန်းတာဝန်များကို ဆက်လုပ်လေ၏။ ဤသို့ဖြင့် ညနေ ၃ နာရီခန့်တွင် ဆရာကြီးဦးဘသန်း ရောက်လာကာ သူ့ရုံးခန်းထဲတွင် အလုပ်လုပ်နေသည်။ မကြာမီ ဆရာကြီးဦးဘသန်းက ခေါ်သဖြင့် ဆရာကြီး၏ရုံးခန်းသို့ ဒေါက်တာမြင့်ဆွေ သွားရလေသည်။

ဆရာကြီးဦးဘသန်း၏အခန်းသို့ရောက်သည်နှင့် အခန်းတွင်းမှာ ဆရာကြီးဦးဘသန်း၊ ဆူဇူကီးနှင့် တပည့်ကုလားဂျိုဝဲတို့ အပြင် ဒေါ်ခင်ကြည်အား တွေ့ရလေသည်။

ဆရာကြီးဦးဘသန်းမှာ ဒေါက်တာမြင့်ဆွေ၏ ဂျိုဝဲကို လက်သံပြောင်ပြောင် ဆုံးမနှိပ်ကွက်လိုက်သောဖြစ်စဉ်ကို မသိရသေးသဖြင့် ဆူဇူကီး၏ ဒေါသအမူအရာဆိုးကို အံ့အားသင့်စွာ အကဲခတ်သလို ဖြစ်နေရှာ၏။

(နောက်မှ ဒေါ်ခင်ကြည်၏ ပြန်ပြောချက်အရ ဆူဇူကီးသည် ဆရာကြီးဦးဘသန်းအခန်းထဲ ရောက်ကတည်းက ဒေါသတကြီး အော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ကြိမ်းမောင်းသံနှင့်အတူ "ဒေါက်တာမြင့်ဆွေကို အခုခေါ်ပေး . . . ငါ သူနဲ့တွေ့ချင်တယ်" ဟု ဇွတ်ကြီးအတင်း တောင်းဆိုနေကြောင်းဆို၏။)

ဒေါက်တာမြင့်ဆွေသည် ဆရာကြီးဦးဘသန်း၏ အခန်းတွင်း ရောက်၍ အားလုံးနှင့်ပက်ပင်းဆုံကြရသောအခါ ဆူဇူကီးက ဒေါသတကြီးနှင့် ဒေါက်တာမြင့်ဆွေကို ကြိမ်းမောင်းလေ၏။ ကုလားဂျိဝဲက မျက်ရည်ခံထိုးပြီး ငိုပြောပြောကာ သူ့ဝေဒနာခံစားချက်များကို နတ်သံနှောလို့ ရင်ဖွင့်ကြေညာလေတော့သည်။

ထိုအခါ ဒေါက်တာမြင့်ဆွေကလည်း ကုလားဂျိဝဲ၏ ရိုင်းစိုင်းသည့် အမူအရာ၊ နေပုံထိုင်ပုံနှင့် မခန့်မညား၊ မထိမဲ့မြင် ပြန်ပြောပုံတို့ကို သူ့ဆရာကြီးဆူဇူကီးကို ပြန်ရှင်းပြနေသည်။ ထို ရှင်းပြနေစဉ်မှာပင် ဂျိဝဲက . . "နိုးဆာ . . . နိုးဆာ" နှင့် စကားဝင်လုပြောသလိုဖြစ်နေရာ ဘေးမှ နားထောင်သူများက ဘာနားထောင်၍ ဘာဆုံးဖြတ်ရမှန်းမသိနိုင်အောင် ဖြစ်နေရလေသည်။ ဤအခြေအနေကို ချက်ချင်းရိပ်စားမိသော ဒေါ်ခင်ကြည်သည် တစ်ဇာတ်ပွဲတွင်ဉာဏ် ဖျတ်ခနဲဝင်လာကာ အင်္ဂလိပ်ဘာသာ စကားဖြင့်-

"ဂျိဝဲ မင်းဟာ ကိုယ့်မေဂျာဂျင်နရယ်ကို ဘာကြောင့် မရိုမသေ မလေးမစားနဲ့ အနှောင့်အယှက်ပေးချင်ရတာလဲ။ ငြိမ်ငြိမ်နေပြီး နားထောင်ပါလား "

ဟု ဝင်ပြောလိုက်သည်။ ဤတွင် ဆူဇူကီးအား မြှောက်သလိုနှင့် သူ့တပည့်ဂျိဝဲအား ချောက်သလိုလည်း ဖြစ်သွားရာ ဂျိဝဲမှာ ရုတ်ခြည်း ငြိမ်ကျသွားပြီး ဆရာဆူဇူကီးမှာ ဒေါသငြိမ်းသွားသလိုဖြင့် ဒေါ်ခင်ကြည် ၏ သူ့အပေါ် အရိုအသေပေးရေးစကား ပါလာသဖြင့် ချက်ချင်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းကာ 'ကောင်းပြီလေ' ဟု သဘောဖြင့် ဒေါက်တာ မြင့်ဆွေတို့၏ အဖြစ်အပျက်ကို အေးဆေးသောလေသံသို့ ချက်ချင်းပြောင်း၍ မေးလာတော့၏။ တကယ်တမ်း အဖြစ်မှန်ကိုကြားရသောခါ သူ့တပည့်ကျော်ဂျီဝဲ၏ အစအမှားကို သိလိုက်ရပြီး အေးဆေးစွာ ဆေးရုံမှ ပြန်သွားလေတော့၏။

ဤကိစ္စတွင် ဆူဇူကီး ဒေါသမငြိမ်းပါပဲ ဒေါ်ခင်ကြည် ကြားဝင်မပြောမိချေက ဆူဇူကီးသည် သူ့တပည့်ဂျီဝဲ၏ တစ်ဖက်နားကြားနှင့် ပြဿနာကို ဆုံးစမရှိ ကလနားမရှိ ရှာနိုင်ဘိသည်။

သူ့ဆရာ ဆူဇူကီး ပြန်သွားပြီး ဆေးရုံတွင် ကျန်ရစ်ခဲ့ရသောတပည့်ကျော်ဂျီဝဲသည် ဒေါင်းများအလယ် ကျီးသဖွယ် မျက်နှာငယ်ကာ ဆေးရုံအမှုထမ်းအားလုံး၏ ရွံမုန်းစက်ဆုပ်ဟန်ဖြင့် အကြည့်ကို ခံရကာ ခေါင်းမဖော်နိုင်အောင် ရှိလေသည်။ သူ့ကို ဘယ်သူကမှ အဖက်လုပ်စကားမပြောတော့။ ထိုနေ့ ထိုအကြောင်းဖြင့် ကုလားဂျီဝဲသည် သူ့ဆရာဆူဇူကီးကပဲ အလိုက်သိ အကင်းပါးစွာ ရုပ်သိမ်းလိုက်ရှလေသလားမသိ။ ဤဆေးရုံကြီးသို့ လုံးဝမလာတော့ပဲ ပျောက်ကွယ်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

## လူနာ၊ မိတ်ဆွေ မခွဲခြားခဲ့သော ဆူဇူကီးဆေးရုံပေါ်က ခွဲစိတ်မှု

ဆေးရုံကြီးမှာ ဂျီဝဲ ပျောက်ကွယ်သွားသကဲ့သို့ သူ့ဆရာ ဆူဇူကီး သည်လည်း အနေအထိုင်ဆင်ခြင်သွားသလိုရှိပြီး ဆေးရုံကြီးသို့ အလွန် အလာကျဲသွားသဖြင့် ဆေးရုံကြီးမှာ ပိုမိုအဆင်ပြေ ချောမွေ့စွာ လည် ပတ်လာ၏။ ဆူဇူကီးမှာ ကန်တော်ကလေး လူအိုရုံလမ်းရှိ မိမိကိုယ်ပိုင် သားဖွားနှင့်မီးယပ်ကုဆေးရုံတွင်ပင် ကုသပေးနေတော့သည်။ တစ်နေ့တွင် နံနက် ၈ နာရီခန့်တွင် ဘီအိုင်အေဆေးရုံကြီး၏ ဆရာကြီးဦးဘသန်းရှိရာ အခန်းသို့ ဖော်ပြပါ ဆူဇူကီးဆေးရုံမှ သားဖွားမီးယပ်ဆရာမကြီး၏ ရေး ပေးလိုက်သော (အကူအညီတောင်း၊ မေတ္တာရပ်ခံ၊ ဆရာပင့်) အင်္ဂလိပ် ဘာသာဖြင့် စာတိုကလေးတစ်စောင် ရောက်လာသည်။ စာမှာ -

"လူနာ ရာနီ . . . သားဖွား လူနာ၊ ခါးရိုးကွင်းကျဉ်း၊ ပထမ သားဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်သည်။ ဤသည်ကို ဆူဇူကီး မကုနိုင်တော့သလို ထိုဆေးရုံမှ သားဖွားဆရာမကြီးများလည်း မတတ်နိုင်ဖြစ်ရသည့်ကိန်း ဆိုက်လာသဖြင့် လက်မြှောက်ကာ ဆရာကြီးဦးဘသန်းအားအပ်ရန် တစ်လမ်းတည်းရှိကြောင်း ထင်ရှားပါသည်။

ဆရာကြီးဦးဘသန်းသည် သဘောထားကြီး၊ သည်းခံ၊ စိတ်ရှည်၊ ဇွဲသန်လှသည့်အလျောက် သူနှင့်တကွ မိမိတို့ဆေးရုံကြီးက ရှုံ့မုန်းနေရသည့် ဆူဇူကီးအပေါ် မကြည့်တော့ပဲ လူနာအပေါ်ဆီကိုသာ ကရုဏာဖက် မေတ္တာစိတ် သက်ရောက်လေသည်။

ဆရာကောင်း သမားကောင်းတို့မည်သည် လူနာတို့၏ အသက်ကိုကယ်ရန် ကြံကြရပါက ရန်သူ၊ မိတ်ဆွေဟု မခွဲခြားကြ။ လူနာကို လူနာဟုသာ ရောဂါဝေဒနာ ပျောက်ကင်းရေး စိတ်ချမ်းသာ လူကျန်းမာရေးကိုသာ တစ်ကြောင်းတည်း၊ ဖြောင့်ဖြူးတည်ကြည်သည့် ပညာရှင်သူတော်စင်၊ သူတော်ကောင်းမြတ်တို့၏ အကြည့် အမြင် သုံးသပ်ဆင်ခြင် လက်တွေ့ပင်လျှင် အဓိကထားလျက် ဆောင်ရွက်ကြလေသည်။

လူနာ အသက်ရှင်ကျန်းမာရေးအတွက် ပိုက်ခွဲရန်သာ အဓိကဟု ဆရာကြီးဦးဘသန်း သိလိုက်ရသည်နှင့် ဆရာကြီးသည် ချက်ချင်းပင် ဒေါ်ခင်ကြည်အား ခေါ်လျက်

"ဆရာမ ဆူဇူကီးဆေးရုံသွားပြီး (C.S) လုပ်ရလိမ့်မယ်။ ခွဲစိတ်ကိရိယာအစုံကို ပိုးမွှားကင်းစင်အောင် ရေနွေးအိုးထဲ မိနစ် ၂၀ ကြာအောင် ပြုတ်ထားပေးပါ။ အားလုံးသာ အသင့်ပြင်ထားပေးပါ "

အကင်းပါးလျက် အမြင်ကျယ်ပြီး အတွေ့အကြုံရင့်ကျက်ပြီးသော ဒေါ်ခင်ကြည်သည် 'ချက်ဆို နားခွက် မီးတောက်' ပြီးဖြစ်၏။ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသန်း၏ ညွှန်ကြားချက်ကို လှစ်နေအောင်သိပြီးဖြစ်ရာ ဆရာမှာ မှာသည့်အတိုင်းပင်လျှင် ပြည့်စုံစွာ စီစဉ်ဆောင်ရွက် လိုက်လေသည်။

မကြာမီ အချိန်ကလေးအတွင်းမှာပင် ဆရာကြီးဦးသဘန်း၊ ဒေါက်တာမြင့်ဆွေ၊ ဦးကိုကိုကြီး၊ ဒေါ်ခင်ကြည်တို့သည် ဆရာကြီး ဦးဘသန်းကိုယ်တိုင်မောင်းသည့် ကားငယ်လေးဖြင့်ပင် ဆူဖူကီး ဆေးရုံသို့ ထွက်သွားကြလေသည်။

ဆူဖူကီးဆေးရုံရောက်သည်နှင့် လူနာရာနီအား အမြန်စစ်ဆေး ပြီး သူ့တာဝန် သူ့အလုပ်၊ ကိုယ့်တာဝန် ကိုယ့်အလုပ်ကို အထူးညွှန်ကြား နေစရာမလိုတော့ပဲ ရှေ့ပြေးလုပ်စရာများအား လုပ်ကိုင်ဆောင်ရွက်ပြီး သည်နှင့် 'အားလုံး အသင့်ဖြစ်ပြီ ဆရာ' ဟု အချက်ပေး အကြောင်းကြား သံနှင့်အတူ ဆရာကြီးဦးဘသန်း အလှည့်သို့ ရောက်သွား၏။

ဆရာကြီးဦးဘသန်းသည် ချက်ချင်းပင်လျှင် အားလုံးကို ကြည့် စစ်ဆေးပြီး လူနာ၏ ချက်မှသည် ဆီးစပ်ဆီသို့တိုင် ခွဲစိတ်ကုသသည့် ဆရာဝန်သုံး ဓားဖြင့် ခွဲချလိုက်သည်။

ဒေါ်ခင်ကြည်သည် ဆရာကြီးဦးဘသန်းနှင့် မျက်နှာချင်းဆိုင် နေလျက် ဆရာကြီးဦးဘသန်းမှ လူနာအား ခွဲစိတ်ကိစ္စ လုပ်ဆောင်သမျှ နောက်မှအရိပ်ပမာ ထက်ကြပ်မကွာ သူလုပ်ရမည့် အလုပ်များကို ကျွမ်း ကျင်လိမ္မာပါးနပ်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆရာကြီးဦးဘသန်းအတွက် စိတ်တိုင်းကျရသလို လူနာလည်း စိတ်ချမ်းသာရာ ရသွားလေသည်။

ခွဲစိတ်ပြီးသည်မှ ပြန်လည်ချုပ်ပြီးသည်အထိ ချောမောစွာအောင် မြင်ပြီးမြောက်သွားလေသည်။ (လူနာ ရာနီ၏ဝမ်းတွင်းမှ သန္ဓေသားအား ဆူဖူကီးဆေးရုံမှ ဆရာမကြီးထံ ခွဲစိတ်စဉ် ပြုစုရန်ပေးထားရာ ထိုဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သူတတ်သိပြီးသည့်အတိုင်း သန္ဓေသားကို စိစဉ်လုပ်ကိုင် ဆောင်ရွက်ရာ လူနာ ဗိုက်နာနေသည်မှာ နေ့ ၁၂ နာရီကျော်ပြီဖြစ်၍ အသက်မရှင်နိုင်ဟု သူ့ခန့်မှန်းချက်နှင့် ငြိမ်ချက်သားကောင်းလှသည့် ဤကလေးအား သေပြီဟု.ထင်ကာ အနီးရှိ ဇလုံတစ်လုံးထဲသို့ ထည့်လျက် ရေစက်နားတွင် ချထားခဲ့သည်။

ဆရာကြီးဦးဘသန်းသည် မိခင်ဖြစ်သော လူနာရာနီအား ခွဲစိတ်ကုသရေး အောင်မြင်စွာပြီးဆုံးသော်လည်း ခွဲစိတ်မွေးဖွားပြီးသစ်စ သန္ဓေသားထံ စိတ်ရောက်ပြီးချက်ချင်းသွားယူ စစ်ဆေးသည်။ ဆူဇူကီးဆေးရုံ ဆရာမ ကြီးက သေပြီဆိုကာ ဇလုံထဲကို ပစ်ထားသောကလေးမှာ ဆရာကြီး ဦးဘသန်း၏ စစ်ဆေးချက်ဖြင့် အသက်မသေဘဲ မောင်ကံထူးအဖြစ် အသက်ရှင်ခွင့်ဖြင့် လူ့လောကတွင် လက်မထောင်နိုင်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)
## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်၏ရှေးဦးအစ ပထမတွေ့ဆုံမှု

ဤဆေးရုံကြီးသို့ ဗိုလ်လက်ျာ ဆေးကုသခံလျက်မှ နာလန်ထစ အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း အသည်းအသန် ဖျားနာနေသဖြင့် တပည့်စစ်ဗိုလ်များက ဆရာကြီးဦးဘသန်းကို လာရောက်ခေါ်ကြသည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းသည် ယခင်အင်္ဂလိပ်သံအမတ်ကြီးအား ထားရှိသည့် အလံပြဘုရားလမ်းရှိတိုက်တွင် နေထိုင်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း ဤမျှအသည်းအသန် ဖျားနာရခြင်းမှာ ဖျားနာရလောက်အောင် ပင်ပန်းထားခြင်းကြောင့် ဖြစ်လေ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၂ ခုနှစ် ဇန်နဝါရီလဆန်းမှအစ ယိုးဒယား(ထိုင်း) နိုင်ငံ ဗန်ကောက်မြို့မှ ခရီးပြင်းနှင်ခဲ့ရာ မတ်လ အတွင်းမှ ရန်ကုန်ရောက် ရ၏။ ဤခရီးမှ ယခုလို ရောက်သော်လည်း အားချိန်၊ နားချိန်ဟူ၍မရှိ

www.burmeseclassic.com



တော့သဖြင့် အထက်မြန်မာပြည်သို့ ဆက်လက်ခရီးသွားသည်မှာ မေလ ကုန်ခန့်အထိ ကြာလေသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ ငါးလခန့်ခရီးက ပန်း၊ လမ်းကြမ်းနှင့် ကိုယ်ပန်းစိတ်နွမ်း ဖြစ်လောက်သော ခရီးဒဏ်၊ အစားမမှန်၊ အအိပ်မမှန်၊ ဆီး၊ ဝမ်း၊ သွေး၊ လေ မမှန်၊ ရာသီဥတုဒဏ် စသော အခြေအနေအရပ်ရပ်ကြောင့် အပြင်းဖျားရသည့် အဖြစ်သို့ ကြုံရလေသည်။

ထိုအချိန် ယခင် ချာချီလမ်းတွင်နေပြီး ဆေးရုံသို့ နေ့စဉ် အလုပ်ဆင်းလေ့ရှိသော သူနာပြုဆရာမကြီး ဒေါ်ခင်ကြီးနှင့် ဒေါ်ခင်ကြည်တို့ ညီအစ်မနှစ်ယောက်သည် ဤဘီအိုင်အေ ဆေးရုံကြီးအပေါ်ထပ်သို့ ပြောင်းရွှေ့လာပြီး ပြည်မြို့မှရောက်ရှိလာသည့် ဆရာမဒေါ်တင်ထွေးနှင့် ပေါင်းဆုံကြချိန် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းထံ ဆရာအခေါ် အပင့်လာသဖြင့် ဆရာကြီးဦးဘသန်းသည် ဒေါ်ခင်ကြည်နှင့်အတူ သွားကြပြီး ဗိုလ်ချုပ် ကျန်းမာရေးအခြေအနေကို စစ်ဆေးကြည့်ရှုကြပါသည်။

ဗိုလ်ချုပ်၏ အပြင်းဖျားရှိန်မှာ အပူချိန် ၁၀၃ အထိ တက်နေပါသည်။ ဆရာကြီးဦးဘသန်းက ဗိုလ်ချုပ်အား ကုသင့်သော ဆေးဝါးကုထုံးတို့ဖြင့် စမ်းသပ်ကုသပြီး ဒေါ်ခင်ကြည်နှင့်အတူ ဆေးရုံသို့ ပြန်လာသည်။ ဆေးရုံရောက်သောအခါ ဗိုလ်ချုပ်၏ ကျန်းမာရေးအခြေအနေအရ အနီးကပ် စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် ဆရာမ ဒေါ်တင်ထွေးအား အထူးသူနာပြုအဖြစ် ကျန်းမာရေး စောင့်ရှောက်နိုင်ရန် ဗိုလ်ချုပ်ထံသို့ တာဝန်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ဆရာကြီးဦးဘသန်းသည် ရှေးဦးဆုံး ဗိုလ်ချုပ်အောင်ဆန်း၏ ကျန်းမာရေးအား ကြည့်ရှုရန် ခေါ်သွားသောဆရာမဒေါ်ခင်ကြည်သည် ဤမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှေးဦးအစ ပထမတွေ့ရခြင်းဖြစ်၏။ ထိုအချိန်က ဆရာမဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ကြင်ယာတော်ဖြစ်အံ့သော ဘဝနိဒါန်းအစ ဖြစ်လေသည်။

လူ့ဘဝဟူသည် ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ကြပေ။ ဘဝရေစက်ဆုံရာ ကံတရား၏ လားရာအတိုင်း ဖြစ်ကြရကုန်၏။ ကံကံ၏အကြောင်းတရားများ၏ စေစားစေ့စပ်ရာအတိုင်းသာ လက်ခံဆုံစည်းပေါင်းစပ် ကောင်းမြတ်ကြလေသည်။

ဗိုလ်ချုပ်က ကျန်းမာရေးဆိုးရွားချိန်၊ ဆရာမဒေါ်ခင်ကြည်က ဤဆေးရုံသို့ ရောက်ချိန်အဖြစ် ဆုံကြ၊ ကြုံကြဖို့လည်း ခက်ခဲကြပါသည်။ ဆုံချင်၊ ကြုံချင်သောအခါ ဆုံရ၊ ကြုံရမည့်ဘဝဖြစ်စဉ်အမှန်သည် စိတ်ကူးယဉ်ဖြစ်ရပ်များထက် များစွာဆန်းကြယ်လှလေသည်။ ဆုံလို့ဆုံ၊ ကြုံ၍ကြုံတိုင်းလည်း ဤအဖြစ်မျိုးအထိ ရောက်နိုင်ရန် ခက်ခဲတတ်ပါသည်။ ဘဝတစ်ခု၏ အချစ်ရေး၊ အိမ်ထောင်ရေးတို့သည် မိမိအထင် ထင်တစ်လုံးထက် မြင်မဆုံးအောင် ဆန်းကြယ်တတ်ကြလေသည်။

ဆရာမ မတင်ထွေးအား ဗိုလ်ချုပ်အောင်ဆန်း၏ အနီးကပ်စောင့်ကြပ်ရန် အထူးသူနာပြုအဖြစ် ဆရာကြီးဦးဘသန်းက တာဝန်ပေးထားသော်လည်း ဗိုလ်ချုပ်အောင်ဆန်းဟူ၍ လည်းကောင်း၊ ဗိုလ်ချုပ်၏အနေတည်သော ပင်ကိုအနေအပြောမျိုးကြောင့်လည်းကောင်း၊ ဆရာမမတင်ထွေးမှာ မရွံ့မရဲ ရှိနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ဘဝတစ်လျှောက် စာပေနှင့် နိုင်ငံရေး စစ်ရေးတို့ဖြင့် လွတ်လပ်ရေးဆိုသည့် ပြင်းပြသော ဆန္ဒ၊ ဝီရိယ စိတ်ထားတို့ကြောင့် မိမိ၏အချစ်ရေး၊ အိမ်ထောင်ရေးအတွက် စိတ်မကူး နိုင်ရုံမျှမက မည်သည့်အမျိုးသမီးနှင့်မှ ရောဝင်ပြုံးရယ်ခြင်း၊ စိတ်ကူး ယဉ်ခြင်းမျှပင် အချိန်မရှိနိုင်။ အကြောင်းလျော်စွာ အမျိုးသမီးများနှင့် ဆုံရကြုံရ ဘုံဘဝမှာလည်း သူ့အလို၊ စိတ်အလိုက်ဖြင့် ဘယ်သောအခါမှ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စဖြင့် နူးညံ့သိမ်မွေ့ပြေပြစ်နေသူ မဟုတ်။ ဖြစ်မိသည့်တိုင် သူ့ဦးနှောက်ထဲက တိုင်းပြည်လွတ်လပ်ရေး ကြိုးပမ်းမှု ယန္တရားအောက်တွင် တစ်စမကျန် မြုပ်ကွယ် ပပျောက်သွားရမည်သာ ဖြစ်လေသည်။

ဤလွတ်လပ်ရေးနှင့်ပင် အတွေးပေါင်းစုလျက် ဤ ကြိုးပမ်းရေး ကွန်ရက်သည် သူ့ရင်ထဲ အသည်းထဲ၊ အတွေးထဲမှာ ထာဝရ ပြည့်သိပ် မွန်းကျပ်နေသလိုရှိပြီး မျက်နှာထား တည်လွန်းလျက် တစ်ခါတစ်ရံ သုန်သုန်မှုန်မှုန်ဖြစ်နေတတ်သည်ကို ယောကျ်ားချင်း အမျိုးသားများပင် လျှင် ဗိုလ်ချုပ်အား မဆုံးဖြတ်နိုင်ကြပေ။ ယခုလို ကျန်းမာရေး စောင့် ရှောက်မှုအတွက် သူနာပြုဆရာမတစ်ဦးအဖို့ ပိုမို၍ အနေကျပ်၊ အထိုင် ကြပ်လျက် အကဲခတ်ရ ခက်ကြမည်မှာ မဆန်းပေ။

သို့ဖြစ်ရာ အထူးသူနာပြုဆရာမတာဝန်ဖြင့် ရောက်နေရသော ဆရာမ မတင်ထွေးအနေဖြင့်ကား ကြောက်လန့်စိုးရွံ့ဖြစ်ရသည်မှာ မဆန်း။ ဤသို့သော ကျန်းမာရေးနှင့်ဆိုင်သည့် ဆရာဝန်၊ ဆရာမများ၏ စိတ်ဓာတ်ကား အံ့ဖွယ်ဖြစ်လောက်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သိတ္တိ၊ စေတနာ၊ မေတ္တာ၊ တာဝန်ဝတ္တရားအရာတို့မှာ ထူးခြားစွာ ပျော့ပွန်လွန်း



www.burmeseclassic.com

www.burmeseclassic.com



ကြသည်မှာလည်း မြင့်မြတ်သော အစဉ်အလာကောင်းကြီးဟု ကျိန်းသေပေါက်ပြောနိုင်လောက်ပါသည်။

အကူသူနာပြုဆရာမ မတင်ထွေးမှာ ဗိုလ်ချုပ်ကို ကြောက်မယ့်ကြောက်မိသော်လည်း သူနာပြုဆရာမတာဝန်နှင့် ဝတ္တရားကို တစ်ဆံခြည်မလျော့။ ဗိုလ်ချုပ်၏ခန္ဓာကိုယ်မှ ချွေးများ အဆမတန် ထွက်လျက်ရှိရာ အကျီ၊ အိပ်ရာခင်းမှအစ မပြတ်ကြည့်ရှု၍ ဂရုတစိုက် လဲလှယ်ပေးခြင်း၊ ဆီး၊ ဝမ်းမှမကျန် လိုသမျှ ပြုစုပေးနေလေ၏။

သို့သော် ဆရာမ မတင်ထွေးသည် ဆရာကြီးဦးဘသန်းနှင့်တကွ ညီအစ်မအရင်းလိုဖြစ်ကြသည့် ဆရာမဒေါ်ခင်ကြည်ကဲ့သို့ ပုဂ္ဂိုလ်များက တာဝန်ပေးသဖြင့်သာ မလွန်ဆန်နိုင်၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်ရသော်လည်း ဗိုလ်ချုပ်၏ မျက်နှာထားကို ကြောက်ရွံ့စိတ်က များလာသဖြင့် ညနေပိုင်းတွင် ဆေးရုံသို့ ပြန်ရောက်လာကာ ဆရာကြီးဦးဘသန်းအား-

"ဆရာ. . . ဗိုလ်ချုပ်ကို ဒီဆေးရုံမှာခေါ်ထားရင် ပိုကောင်းပါတယ်။ အိမ်မှာဆိုတော့ ဆေးရုံမှာလိုတော့ ဘယ်မှာအစစ ပြည့်စုံပါ့မလဲ။ ဒီလို ပြည့်စုံတာမဟုတ်လို့ လုပ်ရတာလည်း သိပ်အဆင် မပြေပါဘူး ဆရာ . . . ဒီမှာဆို ဆရာတို့၊ မမကြည်တို့ အနားမှာထားပြီး ကုသတာမျိုးဆို ပိုကောင်းတာပေါ့"

ဆရာကြီးဦးဘသန်းသည် တပည့်မ၏ အကြံပေးတင်ပြလာခြင်းအပေါ် ရှည်ရှည်ဝေးဝေးကြီး မစဉ်းစားတော့ပဲ ဗိုလ်ချုပ်အောင်ဆန်းအား ဤဘီအိုင်အေဆေးရုံကြီးဆီသို့ တင်ပေးလိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)
## ဘီအိုင်အေဆေးရုံပေါ်ရောက် ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းအား ဘီအိုင်အေဆေးရုံသို့ ပြောင်းရွှေ့ကုသခြင်းဖြင့် ဗိုလ်ချုပ်၏ကျန်းမာရေးမှာ သိသိသာသာ တိုးတက်လာလေသည်။ အဖျားကျသွားပြီး အားအင်ဖြည့်တင်းရန် လိုသေးသည်။ ဆေးရုံမှ ဆင်းမည်ကြံလျှင် ဆင်းခွင့်မပေးသေးပဲ အားအင်ပြည့်စေရေးအတွက် ဆက်လက်၍ ပြုစုကုသပေးနေကြလေသည်။

အင်အားပြည့်ဝစေမည့် နွားနို့၊ ကြက်ဥ စသည့် အစာ အာဟာရများ ကျွေးမွေးခြင်းနှင့် ဆေးဝါးဓာတ်စာ လိုရာဖြည့်စွမ်းခြင်း၊ ရေပတ်တိုက်ပေးခြင်း စသည့် လုပ်ငန်းများအား အခြားဆရာမများ လုပ်မပေးရဲကြသဖြင့် လူကြီးဖြစ်သူ ဒေါ်ခင်ကြည်ကိုယ်တိုင် တာဝန်ယူ ပြုစုပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်ခင်ကြည်ကိုယ်တိုင်မှာလည်း အသက်အရွယ် အတွေ့အကြုံအရဖြစ်စေ မွေးရာပါ ပင်ကိုသန္ဓေစိတ်ဓာတ် ဖြူဖြောင့်လျက် စေတနာမိခင်စိတ်ထားပါပြီးသူ ဖြစ်နေသဖြင့် ဆရာမကောင်းတို့၏ ကြန် အင်လက္ခဏာနှင့် ပြည့်စုံသဖြင့် စိတ်တိုတတ်၊ စကားပြောပြတ်သူ ဗိုလ် ချုပ်ကို စိတ်ရှည်ဇွဲသန် သည်းခံခြင်းဖြင့် ကောင်းစွာပြုစုနိုင်ရလေသည်။

လောကတွင် နှမြောတွန့်တိုခြင်းအား ရက်ရောခြင်းဖြင့်၊ စိတ်တို ခြင်းအား စိတ်ရှည်ခြင်းဖြင့်၊ ကောက်ကွေ့ခြင်းအား ဖြူဖြောင့်ခြင်းဖြင့်၊ ဒေါသကြီးသူတို့အား စစ်မှန်သော မေတ္တာစိတ်ဖြင့် အနိုင်ရနိုင်၏။ မိမိ ဘက်က အနေမှန်၊ အကျင့်မှန်၊ စိတ်ထားမှန်၊ သစ္စာ၊ မေတ္တာသန်လျက် သတ္တိနှင့်အသိ ပညာများပါ ပေါင်းစပ်ပေးနိုင်ပြီး ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ ဖြစ်သော အခြေခံ အောင်မြင်ကြောင်း လေးပါးပါ ဖြည့်စွမ်းပေး နိုင်လျှင် ဤကမ္ဘာလောကကြီးမှာ ဘယ်အရပ်က ဘယ်သူနှင့်မှ အဆင် မပြေစရာမရှိနိုင်ပေ။

ယခု ဒေါ်ခင်ကြည်သည် လူနာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ကို မိခင်မေတ္တာမျိုး၊ မိခင်စိတ်၊ အစ်မကြီးမေတ္တာမျိုး၊ အစ်မကြီး စိတ်ဓာတ် ဖြင့် သူနာပြုဆရာမ၏ စေတနာမိခင်စိတ်များပါ နှလုံးသွင်းဆင်ခြင်မှု ပြုစုကုသချက်များအေးရိပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ သံမဏိစိတ် များကို ဖော့ဖယောင်းပမာ ပျော့ပျောင်းလာစေသည်။

မေတ္တာစစ်တို့မည်သည် အလျားအနံ မရှိသော်လည်း အသွား အပြန် ရှိစမြဲတည်း။ ကိုယ့်မေတ္တာမှန်၍ သစ္စာခံမြဲက ရဲဝံ့ ပြတ်သားစွာ အောင်နိုင်ရလေသည်။ ယခုမူ ဗိုလ်ချုပ်အောင်ဆန်း၏ ရှုတည်တည် မာ ကျောသည့် သွင်ပြင်ရုပ်လက္ခဏာတို့သည်ပင် အပြုံးရိပ်သို့ ပြုံးရောင် အရောင်သမ်းလာသည်ကို အားလုံးမျက်မြင် ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်က အကြမ်းနှင့်အနု၊ အဝိုင်းနှင့်လေးထောင့်၊ အပျော့နှင့်အမာ စသည့် ဆန့်ကျင်ဘက်တို့သည် ဘဝတစ်ခုအား တစ်ထပ်တည်း မဖြစ်စေနိုင်။ ရွှေနှင့်သံ ရောစပ်၍ မရနိုင်။ ရွှေက သံအဆင့်သို့ ပြောင်းမည်လား၊ သံက ရွှေအဆင့်သို့ ပြောင်းမည်လား။ ခေတ်တူ၊ ကလာပ်တူ၊ စိတ်ဓာတ်အရည်အသွေး၊ အရည်အချင်းတူမှ ပေါင်းနိုင်ကြလေသည်။ ဗီဇမျိုးစေ့ တူသော်လည်း ခေတ်တူ၊ ကလာပ်တူ၊ အရည်အသွေး၊ အရည်အချင်းမတူက မပေါင်းနိုင်ကြချေ။ တူသော တစ်နေ့ ပေါင်းစပ်နိုင်ကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပင်ကိုဗီဇသဘာဝ ပဋိသန္ဓေ စိတ်ဓာတ်ရင်းခံက မွေးရာပါ ကြမ်း၊ စိတ်ရမ်းမျိုး မဟုတ်။ သူ့ကျွန် မခံပြီစိတ်၊ လွတ်လပ်ရေးရရန်စိတ်တို့ဖြင့် ကျယ်ဝန်းကြီးလေးနက်နဲ ခက်ခဲလှသော ပြဿနာကြီးအဖြစ် သူ့စိတ်မှာ လိုရာမရသောစိတ်အဖြစ် စိတ်တိုနေသည် ထင်ရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ယခုသော် ဆရာမကြီးဒေါ်ခင်ကြည်၏ မေတ္တာရိပ် ပြုစုကုသမှုအောက်ဝယ် ဗိုလ်ချုပ်၏စိတ်အစဉ်တို့သည် ဖော့ဖယောင်းပမာ ပျော့ပျောင်းလာရ၏။ အပြုံးရိပ်များ ပွင့်လင်းလာလေသည်။

ရုပ်ပိုင်းဆိုင်ရာပြုပြင်မှုထက် စိတ်ပိုင်းဆိုင်ရာကို ပြုပြင်ရသည်မှာ အဆများစွာ နက်နဲခက်ခဲလှလေ၏။ ဆရာမကြီးဒေါ်ခင်ကြည်၏စေတနာ မိခင်အစွမ်းမေတ္တာလမ်းပေါ်သို့ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်များ ရွှေ့ပြောင်းလာချိန် ဒေါက်တာမြင့်ဆွေ၏ အလွန်ညက်ညောသော အနုပညာသဘော၊ တယောလက်သံသည်လည်း ဗိုလ်ချုပ်၏စိတ်ကို အနုပညာစမ်းရေထဲသို့ ဖိတ်ခေါ်သလို အကူအပံ့ ဖြစ်နေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း ဤဆေးရုံတွင် ကုသခံနေသည့်ထခါမှာ တိုက်တိုက်ဆိုင်ဆိုင် ဦးကျော်ငြိမ်း (ဖ ဆ ပ လ) ခေါင်းဆောင်သည် သွေးအားနည်းရောဂါဖြင့် ဤဆေးရုံသို့ ထပ်ရောက်လာသည်။ ထိုစဉ်က ဦးကျော်ငြိမ်းမှာ ရှေ့ဆုံးက ကျန်းမာရေးကုသခံယူနေသော ဗိုလ်လက်ျာ နှင့်အတူ နှစ်ယောက်အခန်းတွင် အတူနေပြီး ဗိုလ်ချုပ်အောင်ဆန်းမှာ တစ်ဦးတည်းခန်းမှာ တစ်ဦးတည်းနေရပါသည်။

တစ်ညတွင် ဒေါက်တာမြင့်ဆွေသည် အလုပ်အားလပ်ချိန်မှာ မိမိအခန်း၏ ဝရန်တာသို့ထွက်လျက် ဖွားဖက်တော် တယောကလေးကို ထိုးရင်း လသာသာ၊ လေသာပြတင်း ချိုလေညင်းမှာ လှိုင်ထိပ်ခေါင်တင် ၏ စိန်ခြူးကြာညောင်ဘောလယ်ကို လက်ကွက် ကြွယ်ကြွယ်၊ ဂီတ သံစဉ်ကို ဆိုတီးတီးကာ နေလေသည်။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ကောင်းစွာကြားရလျက် ဤ ဂီတသံစဉ်မှာ နစ်ဝင်သွားသည် ထင်ရ၏။ ဗိုလ်ချုပ်၏ သံမဏိလိပ်ပြာတို့ သည် ဂီတပန်းဝတ်ရည်ဝတ်မှုန်ဝတ်လွှာတို့ဆီ သဘာဝ လိပ်ပြာလေးများ အသွင်သို့ ကူးပြောင်းသွားစေသည်။ မေတ္တာမှန်နှင့် ဂီတရသတို့သည် အချိုပေါ် သကာလောင်း ပိုမိုပျော့ပျောင်း နူးညံ့လာစေလေသည်။

စိန်ခြူးကြာညောင် × × × လရောင်တွေလင်းပါလို့ × × မှန်ရွှေပြတင်းရယ်က × × × မယ်ခုမျှော် × × × သုံးချက်စည်တော် × × × စည်တော် × × × ရိုက်ဆော်ညွှင်းတယ်လေး × × × လင်း လုပေါ့နော် × × ×

ဤကရုဏာရသ ဂီတသံစဉ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံး သားအစဉ်သို့ စိမ့်ဝင်သွားသည်ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ဗိုလ်ချုပ်သည် သူ့အိမ်ဂေဟာသို့ ခဏပြန်ရန် အောက်ထပ်သို့ ကြွရောက်ရရဆင်းလာ၏။ တယောလက်သံနှင့် တေးသံရှင် ဒေါက်တာမြင့်ဆွေကို ပြုံးပြသွားလေသည်။

ဒေါက်တာမြင့်ဆွေ၏ ဗိုလ်ချုပ်ထံမှအပြုံးရိပ် ခံစားချက်တို့သည် မကြုံစဖူး ကြည်နူးထူးထွေ အံ့ဖွယ်ခံစားချက်အဖြစ် ဝမ်းသာလျက် ကျန်ရစ်လေသည်။

အချိန်မှာ ည ၇ နာရီခွဲခန့် လကလည်း လင်းလက်အားဖြင့် သာလွန်းလှလေသည်။ သဘာဝ လေပြေလေညင်းက သာယာမှုအပြင် ရင်ကို အေးမြစေလေ၏။ ထုံးစံအတိုင်း ဒေါက်တာမြင့်ဆွေသည် မိမိ အခန်း၏ဝရန်တာတွင် အဖော်တယောလေးနှင့် အသံစမ်းနေလေသည်။

ထိုစဉ်ခဏမှာပင် အပြင်မှတံခါးခေါက်သံကြားရသဖြင့် တယောကို ခဏချကာ တံခါးဆီသို့သွားပြီး တံခါးဖွင့်ပေးလိုက်သောအခါ ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ ဗိုလ်စကြာတို့ ဖြစ်နေလေ၏။ စောစောက ဗိုလ်ချုပ် အောင်ဆန်း ဆေးရုံမှ အိမ်သို့ခဏပြန်ပြီး ဆေးရုံသို့ပြန်အလာမှာ ဗိုလ်စကြာပါ ပါလာခြင်းဖြစ်မည်ဟု တွက်လိုက်မိသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါက်တာမြင့်ဆွေကို မြင်လျှင်မြင်ချင်း . . .

"ဒေါက်တာမြင့်ဆွေ တယောယူပြီး လိုက်ခဲ့စမ်းဗျာ။ ဟို ဆရာမ မခင်ကြည်တို့ဆီ အလည်သွားရအောင်"

ဗိုလ်ချုပ်အောင်ဆန်း၏ ဖိတ်ခေါ်သံကြောင့် မငြင်းသာတော့ပဲ ဒေါက်တာမြင့်ဆွေသည် အသင့်ပြင်ထားပြီး ဖြစ်နေသော အချစ်တော် တယောလေးကို ရင်မှာပိုက်လို့ လိုက်သွားလေတော့သည်။

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်စကြာနှင့်ဒေါက်တာမြင့်ဆွေတို့ သုံးဦးသားမှာ ဆေးရုံကြီးအပေါ်ဆုံးထပ်သို့ တက်ကြပြီး ဒေါ်ခင်ကြည်တို့ရှိရာ အခန်းသို့ တက်သွားကြလေသည်။ အပေါ်ဆုံးထပ် ကော်ရစ်ဒါမှာတော့ အပြင်က လရောင် ဖွေးဖွေးနုနုကလေးများ ယိုဖိတ်ဖြာဆင်း လင်းလက်နေလေသည်။ အပေါ်ဆုံးထပ်မို့ လေပြေလေညင်း၏ အေးမြသောရသကို ကိုယ်စိတ်နှစ်ပါး အေးမြသွားအောင် ခံစားကြရလေသည်။ စိမ်းလန်းသော သစ်ပင်၊ ပန်းမန်တို့သည်လည်း ကြည်နူးစွာ ယိမ်းနွဲ့ကပွဲဆင်ကြသလို ရှိနေလေသည်။

ဒေါက်တာမြင့်ဆွေသည် ရင်ဝယ်ပိုက်ထားသော အချစ်တော်တယောကလေးဖြင့် ခေါ်ရာသို့လိုက်သွားပြီး 'သီချင်းဆိုဖို့နဲ့ တယောထိုးပေးဖို့' ဟု ကြိုတွက်မိနေ၏။

တူရိယာဂီတပစ္စည်းများ အားလုံးတို့တွင် တယောထိုးခြင်း ဂီတပညာသည် ခက်ခဲပါ၏။ တက်သူ ရှားလှ၏။ တယောသည် ဂီတ တူရိယာအားလုံး၏ ဘုရင်ဘွဲ့ထူးနေရာကြီးကို ရရှိပြီးလေသည်။ ဒေါက်တာမြင့်ဆွေ၏ တယောလက်သံနှင့် ကိုယ်တိုင်ဆိုထိုး၊ သံစဉ်အရဆိုလျှင် ကျွမ်းကျင်အဆင့်ဟု ဆိုရပါမည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်အစဉ်ကို အပြုံးစိတ်နှလုံးအသွင်သို့ ပြောင်းစေရာမှာလည်း ဤတယောမပါဟု မည်သူမျှ မငြင်းနိုင်။

ဒေါက်တာမြင့်ဆွေသည် ဗိုလ်ချုပ်အောင်ဆန်း၏ နာလန်ထစ ရွှင်ပျသွက်လက်နေပုံနှင့် နူးညံ့ပျော့ပျောင်းလှသော ပြုံးအလှ ပိုင်ရှင်ဖြစ်နေသည်ကိုကြည့်ရ၍ ဗိုလ်ချုပ်အောင်ဆန်း၏ အပြုံး အနုအလှတို့ကို သူတစ်ယောက်မှလွဲ၍ မည်သူမျှမြင်ဖူးလိမ့်မည်မဟုတ်ဟု တွေးထင်ကြည်နူးမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်၏ ဤအပြုံး၊ ဤမျက်နှာထားနှင့် ပင်ကိုသဘာဝ စိတ်ထား မွေးရာပါ နူးညံ့ပုံတို့သည် ဤအချိန်တွင် တင်းပြည့်ကျပ်ပြည့် ပေါ်လွင်နေသည်ဟု ခံစားမိလေသည်။ ဗိုလ်ချုပ်အား အပြောကြမ်း၊ အနေကြမ်းနှင့် စိတ်ဓာတ်ခက်ထန်သည်ဟု ဆိုသူအပေါင်းတို့အား ယခု အချိန်မျိုး တွေ့လိုက်ရလျှင် ထိုသူတို့သည် မိမိတို့၏ ထင်မြင်ယူဆ ပြောဆို ဝေဖန်ရေးသားသမျှတွေကို ပြန်လည်ပြုပြင်ကြလိမ့်မည်ဟု ဤမျက်မြင် ဖြင့် တွေးထင်မိလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

## လူပျိုလှည့်ခံရသည့် ဒေါ်ခင်ကြည်၏ ဂီတဆည်းဆာည

ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်စကြာနှင့် ဒေါက်တာမြင့်ဆွေတို့ သုံးဦးသားပုဂ္ဂိုလ်တို့သည် ထိုဘီအိုင်အေဆေးရုံကြီး၏ အပေါ်ဆုံးထပ်အနောက်တောင်ထောင့်ရှိ ဒေါ်ခင်ကြည်၊ ဒေါ်ခင်ကြီးနှင့် ဆရာမ မတင်ထွေးတို့နေထိုင်ရာ အခန်းဆီသို့ ရောက်ကြလေသည်။ ဗိုလ်ချုပ်က အခန်းဝမှရပ်ပြီး အသံပေးလိုက်လေသည်။

"ဆရာမ. . . ဧည့်သည်လာတယ်"

ဗိုလ်ချုပ်၏အသံကို ကြားရသည့်အတွင်းမှ ဆရာမသုံးဦးတို့သည် ဗိုလ်ချုပ်တို့လာမှန်း သိလိုက်၏။ ဆရာမ ဒေါ်ခင်ကြီးနှင့် ဆရာမ ဒေါ်တင်ထွေးတို့နှစ်ဦးသည် ဧည့်ခန်းတွင် ထိုင်နေရာမှ အိပ်ခန်းတွင်းဆီသို့ ဝင်သွားကြလေသည်။ ဆရာမ ဒေါ်ခင်ကြည် ကျန်ရစ်နေလေသည်။

ဒေါ်ခင်ကြည်သည် မပြေးသာ၊ မရှောင်သာတော့ပဲ ကုဗ်ပြန်ကြီးစွာဖြင့် ပြုံးရွှင်သောမျက်နှာမှာ သာယာသောအသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်တို့ အလည်လာကြသလား. . ထိုင်ကြပါရှင့်. . ထိုင်ကြပါ "

ဟု ပြောပြီးမှ

"ဩော်. . . ညှိခန်းက အိုက်လှပါတယ်လေ . . ဝရန်တာဘက်ထွက်ကြရအောင် "

ဟု ဒေါ်ခင်ကြည်က ပြောပြောဆိုဆိုနှင့် ညှိခန်းမှ ကုလားထိုင်နှစ်လုံးကို ဆွဲမ,ယူကာ ဝရန်တာရှိ စားပွဲဝိုင်းမှာ နေရာချလေသည်။ ထိုအခါ အလိုက်သိတတ်သော ဒေါက်တာမြင့်ဆွေကပါ သူ့ အချစ်တော်တယောလေးကို ညှိခန်းရှိ ခုံတန်းရှည်ပေါ်တင်ထားပြီး အခြားကုလားထိုင်တစ်လုံးကို ဆွဲယူကာ ဒေါ်ခင်ကြည်ဆီသို့ ပို့ပေးလိုက်သည်။ ဝရန်တာမှာ ရှိပြီးကုလားထိုင်တစ်လုံးနှင့် လေးယောက်စာ ကုလားထိုင်လေးလုံးမှာ စားပွဲဝိုင်းကလေးမှာ အစေ့အငှ နေသားတကျ ဖြစ်သွားကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းက စတင်၍ နေရာယူအထိုင်ချလိုက်သည်။ ကျန်အားလုံးသည် သူ့နေရာနှင့်သူ အထိုင်ရသွားသောအခါ ဗိုလ်ချုပ်အောင်ဆန်းက စတင်၍ စကားဆိုလေသည်။

"ဘယ့်နှယ်လဲ ဆရာမ. . . အလုပ်လုပ်ရတာ ပျော်ရဲ့လား . . အမှုထမ်းက နည်း၊ လူနာက တဖြည်းဖြည်းများလာ၊ ဆေးရုံကလည်း နေသားတကျ မဟုတ်သေးတော့ ပင်ပန်းမှာပေါ့. . . ရွှေတောင်တိုက်ပွဲက ဒဏ်ရာရလာကြတဲ့ လူနာတွေ ဘယ်အခန်းမှာထားသလဲ" ဗိုလ်ချုပ်၏ စကားအစ အမေးနှင့်ချိန်ကိုက် လိုက်လျောညီထွေပင် ဒေါ်ခင်ကြည်ထံမှ အဖြေပေးလေသည်။

"အခုအချိန်မှာ အလုပ်လုပ်ရတာက ပင်ပန်းတော့ ပင်ပန်းတာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဒါပေမဲ့ ပင်ပန်းတာကိုချည်း ကြည့်လို့တော့ မဖြစ်ဘူးပေါ့။ ကျွန်မတို့ သူနာပြုဆရာမတွေလည်း ကိုယ့်တတ်နိုင်တဲ့ အပိုင်းကနေပြီး ကိုယ့်တိုင်းပြည်အတွက် ဝင်ရောက်ကူညီဖို့ရာက ကျွန်မတို့ရဲ့ တာဝန်ပါပဲ။ ရှေ့တောင်တိုက်ပွဲမှာ ဒဏ်ရာရလာတဲ့ လူနာတွေကတော့ အခန်းနံပါတ် (၂) မှာ ရှိပါတယ်။ ဒီလူနာတွေကို ဒေါက်တာမြင့်ဆွေတို့ စောင့်ရှောက်ပေးနေတာပါပဲ ”

တွေ့ကာစ ပဏာမ လိုအပ်ချက်စကားများကို ဗိုလ်ချုပ်အောင်ဆန်း အမေးနှင့် ဆရာမကြီးဒေါ်ခင်ကြည်၏ အဖြေများ ရှေ့သွားနောက်လိုက် စံချိန်မီအံ့ကိုက် ဖြစ်သွား၏။ ဗိုလ်ချုပ်သည် သဘောကျစွာ ပြုံးလိုက်ပြီး . . .

“ဆရာမ ကျွန်တော်တို့တစ်တွေဟာ တိုင်းပြည်လွတ်လပ်ရေးရဖို့ ခုလိုကြိုးပမ်းခဲ့ကြတဲ့ ခရီးတစ်လျှောက်မှာ ဆရာမတို့လို ကြင်နာယုယစွာ ပြုစုပေးခြင်းကို တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရပါဘူး။ ဒီဆေးရုံရောက်မှ အခုလို ကြင်ကြင်နာနာ ပြုစုယုယတဲ့ ဆရာမတို့နဲ့တွေ့တော့မှ စိတ်ထဲမှာ ချမ်းမြေ့ကြည်နူးမိတယ်ဗျာ။ ကိုင်း . . . ဆရာမ သီချင်းတစ်ပုဒ်လောက် ဆိုစမ်းပါ။ ဒေါက်တာမြင့်ဆွေက တယောကိုင်ဗျာ ”

ဗိုလ်ချုပ်သည် ပင်ကိုက စကားကို ရှည်ရှည်ဝေးဝေး အပိုမပြောတတ်၊ တိုကျဉ်းလိုရှင်းကို ပြောတတ်သူဖြစ်ရာ ဤမျှပြောက တော်လောက်ပြီဟု ဆုံးဖြတ်ပုံရပါသည်။

“ကိုင်း. . . ဆရာမ . . . သီချင်းတစ်ပုဒ်လောက် ဆိုစမ်းပါ. . . ဒေါက်တာမြင့်ဆွေက တယောကိုင်ဗျာ . . . ” နှင့် လိုရင်းသို့ ဖြတ်ပြောလိုက်လေသည်။ ထိုအခါ ဆရာမဒေါ်ခင်ကြည်သည် ရှက်ပြုံးပြုံးလျက်



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဗိုလ်ချုပ်ကလည်း ရှက်စရာကြီး . . ဘယ်ဆိုတတ်ပါ့မလဲ "

မဖြစ်မနေ၊ မရမနေ စိတ်ရှိပြီးဖြစ်သော ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်ကို ပြုံး၍ကြည့်လျက် ထပ်မံမေတ္တာရပ်ခံ ပြန်လေသည်။

"ဆိုသာဆိုပါ. . . ဘာမှရှက်စရာမရှိပါဘူး။ ကျွန်တော်တို့ ချည်းပဲရှိတာပါ"

ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည် သီချင်းဆိုရေးကို အားပေးနေစဉ် ဒေါက်တာမြင့်ဆွေက အလိုက်သိပြီးဖြစ်စွာဖြင့် သူ့အချစ်တော် တယောကလေးကို ထယူကာ ဖြည်းညင်းစွာ အသံစမ်းလျက် ခေါ်သံပေးလိုက်လေသည်။ ဤတွင် ဗိုလ်စကြာက ဗိုလ်ချုပ်နှင့်ဒေါ်ခင်ကြည်တို့ ကြားဝင်ကာ အကြောင်းသိများဖြစ်၍

"ခင်ဗျား . . . စိန်ခြူးကြာညောင် ဆိုတတ်သားပဲ"

ဟု ရေလာမြောင်းပေးလေသံဖြင့် ဒေါ်ခင်ကြည်အား ငြင်းမရရန် ထပ်မံတိုက်တွန်းလေသည်။ ထိုအခါ ဒေါ်ခင်ကြည်သည် ထိုအချိန်က တိုင်းပြည်ခေါင်းဆောင်ကြီးများအဖြစ် ကြီးကျယ်ထင်ရှားသော ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ဆန္ဒကို မလွန်ဆန်လိုတော့သဖြင့် သီချင်းဆိုရန် ဟန်ပြင်ရတော့သည်။

ဒေါက်တာမြင့်ဆွေသည် သူ၏အချစ်တော် တယောလေးဖြင့် စိန်ခြူးကြာညောင်ကို ဘောလယ်ကွက်ဖြင့် စပြီးအသံပေးလိုက်လေသည်။ ဒေါက်တာမြင့်ဆွေ အသံစပေးလိုက်သည့် ဘောလယ်ကွက်မှာ ဒေါ်ခင်ကြည်ဆိုမည့် စိန်ခြူးကြာညောင် မဟုတ်မှန်း ဖျတ်ခနဲ သတိထားလိုက်မိကာ ဒေါ်ခင်ကြည်ဆိုမည့် စိန်ခြူးကြာညောင်မှာ စစ်ကြိုးခေတ်က



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော်အနုပညာရှင် ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်ဆိုခဲ့သော 'မယ်ခုမျှော်' သီချင်းဖြစ်ကြောင်းကို သိလိုက်ပြီးသည်နှင့် ဒေါက်တာမြင့်ဆွေသည် ရှေ့က ဘောလယ်လက်ကွက်ကို တီးနေရာမှ ချက်ချင်း သံဆန်းသို့ ပြောင်းပေးလိုက်သောအခါမှ ဒေါ်ခင်ကြည်၏ ချိုမြိန်သာယာဖွယ် အဆိုသံနှင့် အတွဲညီ ပီပြင်စွာသော တေးသံဖြစ်ပေါ်လာလေသည်။

ဂီတသည် လူ့နှလုံးသားကို ဆွဲဆောင်နိုင်သော စွမ်းအားပြည့်ရှိလေသည်။ ဂီတသံစဉ် ကြိုးတပ်တူရိယာ ပစ္စည်းတို့တွင် တယောသည် အသံဘုရင်ဖြစ်သလို တယောကို ပိုင်ဆိုင်နိုင်နင်းစွာ တီးခတ်နိုင်စွမ်းသော ဒေါက်တာမြင့်ဆွေ၏ လက်သံမှာ မိုးပေါ်ကနတ်သမီးလေးတွေ တစ်ဖက်ငါးရာ ပျံကြွမြူးဆင်း ဖြစ်လောက်သလို ဆရာမကြီးဒေါ်ခင်ကြည်၏ တစ်စစ တက်၍ တက်၍ ရဲရဲကြီး ဆိုလာနိုင်သော အသံတို့သည် ဝန်းကျင်ကို စိုးမိုးလိုက်လေ၏။

ဤသို့ဆိုလျှင် တေးသံကို မျှော်လင့်တမ်းတသလို ဂီတ ဝါသနာခံရှိပြီးသော ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်အစဉ်မှာ မည်သို့ ခံစားလေမည်နည်း။

ဗိုလ်ချုပ်၏ ဘဝသည် ခံစားချက် အသိပညာဗီဇက နုနု၊ တွေ့ကြုံနေရသည့် လက်တွေ့ဘဝက ခပ်ကြမ်းကြမ်း၊ ယခုမူ ဆရာမကြီး ဒေါ်ခင်ကြည်၏ စိန်ခြူးကြာညောင် သံဆန်းတေးဂီတ ရေယာဉ်မှာ နစ်မျောခဲ့လေသည်။ သူ့လက်တွေ့ဘဝ ခရီးကြမ်းကြီးထဲက အိပ်မက်တစ်မျှ အပ်တစ်ထောက်စာမျှလောက်သော ပီတိသောမနဿ နှလုံးသားကြည်နူးရမှုတို့သည် တစ်ဘဝစာဟုလည်း ဆိုနိုင်ပါသည်။

ဗိုလ်ချုပ်သည် ငယ်စဉ်ကျောင်းနေစဉ်ကတည်းက အသည်

www.burmeseclassic.com



အမိက၊ စာမှလွဲက ဂီတဖြစ်ခဲ့၏။ ကျောင်းသွားကျောင်းပြန်ကာလများမှာ များသောအားဖြင့် သူ့အတွေးဝက်ပါထဲမှာ စာများနှင့်၊ အတွေးအခေါ်များက ဦးစီးချုပ်ကိုင်ခဲ့တာများခဲ့သလို ဂီတသံစဉ်တွေကလည်း သူ့ဘဝထဲဝဲပျံ ကျက်စားခံခဲ့ရသည်။ အနည်းဆုံး လက်မှ စည်းဝါးလိုက်နေတတ်ခြင်း၊ သွားရင်းလာရင်းပင် နှုတ်(ပါးစပ်)မှ ကြားပြီး ဂီတသံစဉ်တီးလုံးများကို နှုတ်မှတီးခတ် ဆိုမြည်နေတတ်၏။ အိမ်မှာ နို့ဆီဘူးခွက်လွတ်များ တန်းစီ၍ သိမ်းထားတတ်ရာ ဤသို့ တီးစရာ ခတ်စရာ နို့ဆီခွက်ဘူးခွံတို့သည်ပင် သူ၏ အော်ချက်စထရာ တီးဝိုင်းကြီးထဲမှ ဒရမ်များ ဖြစ်ခဲ့ကြရကာ တစ်ခါတလေ ခြောက်လုံးပတ်ဝိုင်းမှ စခွန့်၊ ပတ်မ ဆိုတာမျိုး ဖြစ်ရလျက် ပတ်မချက်များဖြင့် မဆုံးရှိရလေသည်။ ယခုမူကား ဒေါက်တာမြင့်ဆွေ၏ ပိရိန္ဒဲ့လျသော တယောသံနှင့် ဆရာမဒေါ်ခင်ကြည်၏ ဂရှသံ၊ လဟုသံ၊ ဒီဃ၊ ရသ အဆင်ပြေလှသော တေးသံတို့မှာ နစ်မျောလျက်မှ မသိမသာ စည်းဝါးလိုက်နေမှုတို့တွင် ပါဝင်လွင့်ပျံလျက် ရှိရချေ၏။ နာမည်ကျော်တေးသံရှင်ကြီး ဒေါ်မေရှင်၏ မယ်ခုမျှော် နှင့် ဒေါ်ခင်ကြည်၏ အသံကို ထပ်တူပြုခံစားမိမည် အမှန်တည်း။

ဆေးရုံကြီး၏အပေါ်ထပ် လသာဆောင်လေသာပြတင်းမှ လေနုအေးသည် ရင်ကိုအေးမြစေသည်။ တေးသံရှင်၏အသံက တေးစာသားနှင့် တယောသံကို အင်အားပြည့်ဝစေလေသည်။

*“စိန်ခြူးကြာညောင် × × × လရောင်လင်းသော် × × × မှန်ရွှေပြူပြတင်းကနော် × × × သန်းခေါင်ဦး မယ်ခုမျှော် × × × သုံးချက်စည်တော် × × × စည်တော် × × × ရိုက်ဆော်ညှင်းသော် × × × လင်းအောင် မယ်ခုမျှော် × × ×”*



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်သည် သီချင်းမှာ အာရုံနှစ်၍ စိတ်ပါဝင်စားစွာ သီဆိုနေ၏။ တယောရှင် ဒေါက်တာမြင့်ဆွေမှာ တယောထိုးလျက်မှ အမှတ်တမဲ့ ဗိုလ်ချုပ်ကို အကဲခတ်ကြည့်မိသည်။ ဗိုလ်ချုပ်သည် အာရုံ စူးစိုက် စည်းဝါးလိုက် ခံစားနေရာမှ သီချင်းက ပြီးဆုံး၍၊ ဆိုသံ၊ တီးသံ၊ အသံများ ရပ်သွားသောအခါ . . .

"သိပ်ကောင်းတာပဲဗျာ . . . နောက်တစ်ခေါက်လောက် ထပ်ပြီး ဆိုကြတီးကြပါဦးဗျာ . . ."

ဟု ဗိုလ်ချုပ်၏ ထပ်မံတောင်းဆိုမှုသည် အမှန်လည်း ဖြစ်ပါ သည်။ ဂီတသံ အဆိုအတီးတို့တွင် ပညာရှင်တို့ဘက်က ပထမ တစ်ပုဒ် တည်းဆိုလျှင် အသံညီ စည်းဝါးနရီကို ကိုက်ပြီ ဆိုလောက်ရုံသာရှိသဖြင့် ဒုတိယ၊ တတိယ အတီး၊ အဆိုများမှ အသံအားနှင့် အတီးလက်သား တက်၍ လိုက်ဖက်နိုင်ကြပါသည်။ တစ်ပုဒ်တည်းနှင့်ရပ်ပြီး ပြီးရမည်ဆို လျှင် ဂီတခံစားချက် မပြည့်ဝနိုင်။ ဟင်းကောင်း တစ်ခွက်ကို မြည်းရုံဖြင့် မပြီး၊ မြိန်မြိန်ကြီးစားရမှ ပြည့်စုံသကဲ့သို့ ဖြစ်လေသည်။ ယခု ဗိုလ်ချုပ် ၏တောင်းဆိုမှုနှင့်အညီ နောက်တစ်ခေါက် ပြန်စကြလေသည်။

## မယ်ခုမျှော်

၁၉၄၁ ခုနှစ်၊ ဩဂုတ်၊ တက္ကသိုလ်စိုး ရေးသည်။
ဆို- ဒေါ်မေရှင်

*(မှန်ရွှေပြူ ပြတင်းဝယ်နော် × × × မျှော်ကာရမ်းလို့သာ တွေးမျှော် × × × အရှုဏ်ဆော်ကြူးလို့ လင်းသော် × × × ပျိုမေ စောင့်လို့သာနော် × × × သန်းခေါင်ယံထဲကနော် × × × ပေါ်လာမယ် စောင့်လို့မျှော် ×*

www.burmeseclassic.com

www.burmeseclassic.com



× × တွန်ချိန်သံရောက်လို့ ပျို ဆွမ်းကပ်ချိန် ရောက်ခဲ့သော် × × × ကြက်ဖတွန်ကျူးကျော်)၂

(စိန်ခြူးကြာညောင် × × × လရောင်လင်းသော် × × × မှန်ရွှေပြူ ပြတင်းကနော် × × × သန်းခေါင်ဦး မယ်ခုမျှော်)၂ သုံးချက် စည်တော် × × × စည်တော် × × × ရိုက်ဆော်ညှင်းသော် × × × လင်းအောင် မယ်ခုမျှော် × × × (စိမ်းကားလွန်းပါသော် × × × ဖိုးရွှေလကို ပြောလိုက်ပါ သနော် × × × ချစ်မိတဲ့သူ့အပေါ် × × × ဘယ်ဆီမှာ ပျော် × × ×)၂

(ခေါ်ပေးပါလားလို့နော် × × × တွေ့ရမှာ ရွှင်ပျော် × × × စိတ်မသက်သာသနော် × × × )

(စိန်ခြူးကြာညောင် × × × လရောင်လင်းသော် × × × မှန်ရွှေပြူ ပြတင်းကနော် × × × သန်းခေါင်ဦး × × × မယ်ခုမျှော် × × × သုံးချက်စည်တော် × × × စည်တော် × × × ရိုက်ဆော် ညှင်းသော် × × × လင်းအောင် မယ်ခုမျှော် × × ×)

ပျိုမေချစ်တဲ့ မောင့်ရှုပါ × × × ရေးရေးသာ နှာမြဲနော် × × × ရစ်ကာသာ ဝဲလို့ပေါ် × × × ချစ်တာသာပဲ ပဓာနလို့ထင်ပေါ် × × × ဆယ်ဘဝမို့ ကြင်မနော် × × × လွမ်းလှပါပေါ့နော် × × × တမ်းတရည်လို့မျှော် × × × (တွေးလို့သာ ရမ်းရော်)၂ × × × သနားသင့်ပါသနော် × × ×

(စိန်ခြူးကြာညောင် × × × လရောင်လင်းသော် × × × မှန်ရွှေပြူ ပြတင်းကနော် × × × သန်းခေါင်ဦး × × × မယ်ခုမျှော် × × ×) သုံးချက်စည်တော် × × × စည်တော် × × × ရိုက်ဆော် ညှင်းသော် × × × လင်းအောင် မယ်ခုမျှော် × × ×)



www.burmeseclassic.com

www.burmeseclassic.com



ဤဒုတိယအဆိုအတီးအပြီး ဗိုလ်ချုပ်သည် ကျေနပ်ဝမ်းသာပြုံးလေးဖြင့် ကြည်နူးစွာပြုံးလိုက်ပြီး . . .

"သိပ်ကောင်းတယ်ဗျာ . . . ကိုင်း . . . တော်ပါတော့"

ဟု ပြောမှ အဆိုအတီးတို့ ရပ်လိုက်ကြသည်။ အကင်းပါး အသိအမြင်လျင်မြန်သော ဒေါ်ခင်ကြည်သည် ဂီတတေးသီချင်း ဆိုပြီးလိုက်သည်နှင့် မိန်းမောနစ်မျောမနေဘဲ ဖျတ်ခနဲထသွားပြီး ဧည့်ခံရန် ကော်ဖီနှင့် မုန့်များ ယူဆောင်လျက် ပြန်ရောက်လာလေသည်။

"အားလုံးပဲ . . သုံးဆောင်ကြပါဦးရှင့် . . ."

ဒေါ်ခင်ကြည်၏ ဧည့်ခံမှုနှင့်အားလုံးစားသုံးကြပြီး အသီးသီးမိမိတို့လာရာလမ်းဆီသို့ ရှေးရှုထွက်ခွာခဲ့ကြလေသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အချစ်ရေးနှင့် အိမ်ထောင်ရေး တစ်ပြေးညီ တစ်ချက်လွှတ် ဆုံးဖြတ်ချက်ချနိုင်လောက်သော အစ၏ကောင်းသော တွေ့ဆုံခြင်းဟု ဆိုရပါမည်။

ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်နှင့် တစ်စစ ပိုမိုရင်းနှီးခွင့်ရသွားသည်နှင့်အတူ ဗိုလ်ချုပ်၏ စိတ်အစဉ်တို့သည်လည်း မွေးရာပါ ဇာတိစိတ်သို့ မူလပြန်ကာ ပိုမိုသိမ်မွေ့လာရလေ၏။ ဒေါ်ခင်ကြည်သည်ပင်စိတ်ထားပြောင်းလဲကာ ဗိုလ်ချုပ်အပေါ် သူနာပြုဆရာမကြီးတစ်ယောက်၏ လူနာအပေါ် စေတနာမိခင်တစ်ယောက်နေရာမှ ပြုစုကုသပေးရသည်ထက် ကရုဏာစိတ်ဝင်လာသလို စိတ်ပြောင်းလာပုံကို ဒေါက်တာမြင့်ဆွေပင် အကဲခတ်နိုင်အောင် သိသာစေလာလေသည်။

လက်ငင်းပက်ပင်းကြုံရဆုံရ အခြေအနေတို့သည် ကြမ်းတမ်းခက်ထရော်လှသည့် တိုင်းပြည်၏ လွတ်လပ်ရေးအတွက် အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



ကာလများထဲ သူတို့ဘဝတွေကို တစ်ပိုင်းတစ်စ တစ်ကဏ္ဍအားဖြင့် အချိန်ပိုင်းလေး ဝတ္တရားအရ တစ်ခန်းရပ်ပြဇာတ် ကပြရသည်မျိုး မဟုတ်ပါပဲ သူတို့၏ အသက်နှင့်ခန္ဓာ ဘဝတစ်ခုလုံးကို ကိုယ်တိုင် ပုံအပ်နေရသကဲ့သို့ ဤဘဝရှေ့ရေး အိမ်ထောင်မှုသုခအတွက်ဆိုသည်မှာ လောလောဆယ်မှာ ဤပစ္စုပ္ပန်မှာ အိပ်မက်မျှသာ မဟုတ်ပါလော။

ဗိုလ်ချုပ်တို့ လက်တွေ့ရင်ဆိုင်ရသည့် လွတ်လပ်ရေးဆိုသည် တစ်ဦးတစ်ယောက် တစ်ဖွဲ့အတွက် သေးသိမ်သော ရည်ရွယ်ချက်မဟုတ်။ တစ်ပြည်လုံးတစ်နိုင်ငံလုံး စစ်မီးဟုန်းဟုန်း ကြုံးဝါး ကြွေတောက်နေသည့် သူ့အသက်၊ ကိုယ့်အသက်နှင့် ဘဝလုံးရင်း လက်တွေ့ရင်ဆိုင်တိုက်ပွဲဝင် တိုက်ယူရမည့် တိုင်းပြည်အတွက် လွတ်လပ်ရေးအတွက် တိုက်ပွဲ။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်လူမှန်းသိစ ကျောင်းနေစမှသည် မိဘမျိုးရိုး၏ စည်းစိမ်ဥစ္စာဖြင့် တစ်ဘဝ၊ တစ်အိုး တစ်အိမ်မှာ ဆိမ်းထိန်ထိန် ဖိမ်ကျကျ နေနိုင်လောက်သော အခြေခံ၊ အခြေအနေကောင်းများစွာကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် မတွက်။ နှစ်ပေါင်းရာချီ၊ ကျွန်စာရင်းသွတ်သွင်းခံ ပြည်သူပြည်သားတို့၏လွတ်လပ်ရေးအတွက် နှလုံးသွေးမအေး အသက်ပေး ဦးဆောင် ကိုယ်ကျိုးစွန့်နေရသလို . . .

ဒေါ်ခင်ကြည်သည်လည်း ဆရာကြီးဦးဘသန်း အမှူးပြုသော ဆရာဝန်ကြီးများနှင့် လက်တွဲမဖြုတ်၊ ခြေလှမ်းခပ်သုတ်သုတ် ရင်ပေါင်တန်းကာ ထိုလွတ်လပ်ရေးတိုက်ပွဲဝင် တပ်မတော်အရာရှိ အရာခံ အကြပ်တပ်သားနှင့် ပြည်သူ့ကျန်းမာရေး အသက်ကယ်ဆယ်ရေးကို ကိုယ်ကျိုးစွန့်လုပ်နေရသည်။

ခံယူချက်၊ ယုံကြည်ချက်၊ ဦးတည်ချက် တူညီကာ လွတ်လပ်ရေးဆိုသည့် ပန်းတိုင်ဆီသို့ အသက်ပေးချီတက်နေကြသော ဘဝတူနှစ်ဦး၏



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေး၊ အိမ်ထောင်ရေး . . .။

ဒေါ်ခင်ကြည်သည် ဤလွတ်လပ်ရေးတိုက်ပွဲဝင် တပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားနှင့် ပြည်သူ့ကျန်းမာ၊ ချမ်းသာရေးကို ပြုစုရာမှာ ဆရာကြီးဦးဘသန်းနှင့် ဝန်းကျင်တစ်ခို၏ စိတ်တိုင်းကျ ပြည့်စုံ လုံလောက်သော စေတနာမိခင်မျိုးဖြစ်သည်။

သူလို၊ ကိုယ်လို သာမန်စိတ်ဖြင့် ဤဘဝ၊ ဤအခြေမျိုးထိ ခံနိုင် ရည်စိတ်ထားရှိရန် ခက်ခဲလှပါသည်။ လောကအလိုအားဖြင့် သွေး မတော်၊ သားမစပ်သည့် တစိမ်းပြင်ပြင် ဒုက္ခသောက ပင်လယ် ဝေနေကြ သည့် လူနာဒုက္ခိတများစွာကို မိမိ၏မိခင်ရင်း၊ ဆွေမျိုးရင်းချာ ညီရင်း အစ်ကို မောင်ရင်းနှမလို နှလုံးကြည်ဖြူ ကူညီစောင့်ရှောက် ပြုစုကုသရာ မှာ မျက်နှာတစ်ပတ်မညို၊ စိတ်တစ်ချက် မကွက်၊ ခြေမတွန့်၊ လက်မရွံ့ သော မြင့်မြတ်သည့် စိတ်ထားနှင့်၊ ပီပြင်ဖြူစင်ဖြောင့်မတ်သော အဖြစ်မျိုး သည် ဖြစ်နိုင်ခဲ၊ ရနိုင်ခဲ လှပါသည်။ စေတနာမိခင်စိတ်ဆိုသည် မိဘရင်းမှ လွဲလျှင် မိမိ၏ တစ်အိုးတစ်အိမ် တစ်မိသားစုအတွင်းမှပင် ပြည့်စုံစွာ ထားနိုင်ခဲလှကြောင်း သိပြီး၊ ကြုံပြီးဖြစ်ကြပါမည်။

တကယ်ကတော့ ဗိုလ်ချုပ်အောင်ဆန်းသည် ဆရာမ ဒေါ်ခင် ကြည်၏ လူနာအပေါ် ပြည့်စုံသော ပြုစုယုယမှုနှင့်အတူ ဖြူစင်မြင့်မြတ် သော စေတနာမိခင်၏ ကြင်နာမှု မေတ္တာအေးရိပ်ကတွေ့ကြုံခံစား နားခို လိုက်ရသော တဒင်္ဂသုခကမ္ဘာလေးကို အခြေခံတွေ့ကြုံလိုက်ရပါသည်။ ဗိုလ်ချုပ်သည် ဤတဒင်္ဂသုခကမ္ဘာလေးကို ဘဝနားခိုရာလျှင် အစဉ်မျှထိ မြင်သိ ဆုံးဖြတ်လိုက်သည်။

ဗိုလ်ချုပ်သည် 'မယ်ခုမျှော်' တေးသံရှင် ဒေါ်ခင်ကြည်၏ ဝိတ သံစဉ်မှသည် နောက်ပိုင်းပိုမိုရင်းနှီးရမိသော ခင်မင်တွယ်တာ လာရသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်ထံသို့ ဒေါက်တာမြင့်ဆွေကိုပင် အားနာသဖြင့် အမြဲ မခေါ်တော့ပဲ အလုပ်တာဝန် မအားလပ်သည့်ကြားမှပင် ကြုံရာအသိမိတ်ဆွေ တစ်ဦးဦးဖြင့် ဒေါ်ခင်ကြည်ထံ ရောက်လာတတ်ပေသည်။

ယင်းသို့ သွားရောက်တွေ့ဆုံသည့်အခါများမှာတော့ ဂီတကိစ္စ မပါတော့ပဲ ပုဂ္ဂိုလ်သံယောဇဉ် အိမ်ထောင်ပြုရေး ရည်ရွယ်ချက်ဖြင့် သွားရောက်လေရာ ဆရာကြီးဦးဘသန်း၊ ဒေါက်တာမြင့်ဆွေ နှင့် ဒေါက်တာများ၊ သူနာပြုများ၊ လုပ်ငန်းဝင်ချိန်၊ နားချိန်အရ ကြုံသလိုသွားလာခြင်းမျိုး ဖြစ်လေသည်။

အလျှဉ်းသင့်၍ ဖော်ပြရန်တစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂီတဝါသနာကြီးပုံပင် ဖြစ်ပါသည်။ ယခုတင်ပြခဲ့သော ဒေါ်ခင်ကြည် သီဆိုခဲ့သော 'မယ်ခုမျှော်' သီချင်း၊ ဒေါက်တာမြင့်ဆွေ တယောသံနှင့် စတင်သီဆိုသော အချိန်မှာ ၁၉၄၂ ခုနှစ်၊ မေလ ကုန်ခါနီးမှသည် ဇွန်လအတွင်းလောက် ဖြစ်ပြီး သည့်မတိုင်မီ ဤ ၁၉၄၂ ခုနှစ် ဧပြီလ ၅ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းသီဆိုခဲ့ဖူးသည့် ဂီတတေးစာသားကို အလျှဉ်းသင့်၍ ထည့်သွင်းတင်ပြထားပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)
# ဗိုလ်ချုပ်အောင်ဆန်း သီဆိုခဲ့သော သီချင်းတစ်ပုဒ်

ဗိုလ်ချုပ်အောင်ဆန်းတို့ အထက်မြန်မာပြည်သို့ စစ်မချီမီ အချိန်တွင် ရွှေတောင်ကြားလမ်း အိမ်အမှတ် (၅၆) တွင် ကိုလှမောင် (အငြိမ်းစားသံအမတ်) (မူရင်းအခေါ် အတိုင်း ပြန်လည်ရေးပါ၏) နှင့် ဖျာပုံသူ မသန်းရင်တို့၏ လက်ထပ်မင်္ဂလာပွဲကို ၁၉၄၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပလေသည်။

ထိုလက်ထပ်မင်္ဂလာပွဲသို့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ဘီအိုင်အေ စစ်ဗိုလ်များ၊ သခင်ခေါင်းဆောင်များ၊ တက္ကသိုလ် ကျောင်းသားများနှင့် သမဂ္ဂခေါင်းဆောင်များ တက်ရောက်ကြသည်။

လက်ထပ်မင်္ဂလာပွဲပြီးလျှင် ရင်းနှီးကြသည့် သူငယ်ချင်းများချည်း ကျန်ရစ်ကြသည့်အခါ မင်္ဂလာပွဲတွင် ဧည့်ခံဖျော်ဖြေနေကြသော စန္ဒရားတီးဆရာအား ဗိုလ်ချုပ်မှ အတီးရပ်ခိုင်းကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဘိုးတာရာ . . . ကဥ္စနသီချင်း တီးစမ်းပါ"

ဟု ဗိုလ်ချုပ်အောင်ဆန်းက (စာရေးဆရာကြီး) ဆရာ ဒဂုန်တာရာကို ပြောပြောဆိုဆို လူကြားထဲမှ အတင်းဆွဲခေါ်ကာ ကဥ္စနသီချင်းကို စန္ဒရားဖြင့် တီးခိုင်းလေသည်။

ဒဂုန်တာရာက စန္ဒရားတီး၊ တက္ကသိုလ်ဖြူဝင်းက တယောထိုး၍ ကဥ္စနသီချင်းကို တီးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက စန္ဒရားပေါ် လက်ထောက်ကာ သီချင်းကို အားရပါးရ ဆိုလေသည်။

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းက 'ကဥ္စနသီချင်း' ကို ဆိုသောအခါ မင်္ဂလာပွဲသို့ တက်ရောက်ကြသည့် သူငယ်ချင်းများက သဘောကျသဖြင့် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြသည်။ ထို့ပြင် ဗိုလ်ဇေယျ၊ သခင်ချစ်၊ ကိုထွန်းအုပ်နှင့် ကိုတင်မောင်တို့ကပါ သံပြိုင်လိုက်၍ ဆိုကြသည်။ သီချင်းဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်းက လက်ခုပ်တီး၍ နောက်တစ်ပုဒ် တီးခိုင်းပြန်သည်။ (ကျမ်းကိုး။ ကဥ္စနသီချင်း။ ကိုသန်းလှိုင်-၁၃ နှစ်မြောက်၊ အမှတ်တရ အလွမ်းပြေ၊ ပထမခေတ်ဟောင်း။ သီချင်းပေါင်းချုပ်၊ စာ-၄၅၁)

## ကဥ္စန

၁၉၄၀ ပြည့်နှစ်၊ ဇွန်လ၊ ရွှေပြည်အေး ရေးသည်။

*ကောင်းခြင်း ငါးသွယ်၊ ဂုဏ်အင်္ဂါကြွယ်၊ အသားတော် ကဥ္စန၊ ယဉ်ပါလှတယ်။ အမရာကိန္နရီ၊ မဒီသမ္ဘူလ တော်လေးဝ ပုံနှယ် × × ×*

*(ရွှေသားရုပ်သွင် × × × ခင်မင်စရာငယ် × × × မျက်နှာ ဖော် × × × ဝါဝါဝင်း × × × ရွှေလမင်း ပုံကြီးနှယ်)၂ (ပတ္တမြား အသွေးနဲ့ တူညီစွာရယ် × × × ပါးကလေးက မြင်ရသူလည်း × × အသည်းစွဲတယ်)၂*



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိပါတော့တယ်။ မေတ္တာသဘော ပြောပြမယ် × × × ခင့်မျက်လုံး × × ပြုံးလို့ရယ် × × × နှုတ်ခမ်းတော်ကလေး ကတော့ မှူယာတွေစုံခြယ် × × × ရှုပါရုံမှာ လွန်ကြော့ရှင်းတယ် × × × ခြောက်ပြစ်ကင်းကွာ × × × အဆင်းမှာ ချစ်ခင်စဖွယ် × × ×

သဋ္ဌာလီ × × × အိပ်ရာခန်း × × × စိတ်ကမှန်းလို့ × ×

တမ်းတမိတယ် × × × မောင့်ဘဝင်ထဲမှာစွဲတယ် × × × သားတော် ကဋ္ဌန ခင်ခင်ပျို့လှရယ် × × ×

(လှရက်ပါပေ့ကွယ် × × × မောင့်အချစ်ဦးလေးရဲ့ × × × ခွင့်တောင်းမယ် × × × ပေါင်းကြပါစို့ကွယ် × × × ဆယ်ကမ္ဘာ ရည်စူးကာပရှယ်)၊ ချစ်စရာ တစ်ပါးမယ်ရဲ့ × × × သစ္စာထားမယ် ကွယ့် × × × ရွှေမေတ္တာ ဖေချစ်တာ × × × ခွေလှစ်ကာပြောမယ် × × × ပင်လယ်ရေခန်းတောင် မသွေတမ်းကြွင်မယ် × × × စိတ်ချပါ ခင်ရယ် × × × ယုံပါကွယ် × × × ပျော်ပျော်ရွှင်ရွှင် ကြည်နူးလောက်ဖွယ် × × × ရွှေဖူးစာ နတ်ပေးကာအပ်တဲ့ × × × ပျို့အလှရယ် (ချစ်ပါ့မယ် × × × ကြိုက်ပါ့မယ်)၊ နှစ်ကိုယ်တူ ကြင်ကြပါစို့ နှမရယ် × × × သနားပါဦးတော့ကွယ် × × ×

သဋ္ဌာလီ × × × ခင်ခင်ပျို့ အလှရယ် × × ×

ဤတေးသီချင်းမှာ ကျော်ကြားတေးစာရင်းဝင်ဖြစ်၏။ ယခုတိုင် ပြန်ဆိုတေးများအဖြစ် အသက်ဝင်နေသဖြင့် သီချင်းစာသားပါ ထည့်သွင်းဖော်ပြထားပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)
# ဗိုလ်ချုပ်အောင်ဆန်းက ဒေါ်ခင်ကြည်ကို လက်ထပ်ခွင့်တောင်းပြီ

တစ်နေ့သော ညနေ ၅ နာရီခန့် ဒေါက်တာမြင့်ဆွေသည် ဆေးရုံ၏ တစ်နေ့တာ တာဝန်များပြီး၍ မိမိ၏ အခန်းတွင် ခေတ္တအနားယူကာစ ဖြစ်လေသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရွှေပေါက်ပင် ဦးဘသိန်းဆိုသူအား အဖော်ပြုကာ ဒေါက်တာမြင့်ဆွေ၏အခန်းသို့ ရောက်လာသည်။ ဗိုလ်ချုပ်သည် အခန်းဝသို့ရောက်လျှင်ရောက်ချင်း ဆိုင်းမဆင့်၊ ဗုံမဆင့်ပင် "ဗျို့ . . . ဒေါက်တာမြင့်ဆွေ။ လာဗျာ . . မိန်းမသွားတောင်းမလို့ လိုက်ခဲ့စမ်းပါ "

ဒေါက်တာမြင့်ဆွေသည် ရုတ်တရက်ကြီးမို့ လွန်စွာအံ့သြခြင်းဖြင့် ခံစားလိုက်ရသော်လည်း တင်းခံငြင်းဆန်လို့မရတော့သော ပုဂ္ဂိုလ်နှင့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေများဖြစ်နေ၍ ထိုင်ရာမှရုတ်တရက်ထကာ ဗိုလ်ချုပ်ခေါ်ရာသို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

ဗိုလ်ချုပ်နှင့်ပါလာသည့် ရွှေပေါက်ပင် ဦးဘသိန်းကပင် လူကြီးနေရာက မိန်းမတောင်းမှာလား၊ သူကိုယ်တိုင် မိန်းမတောင်းမှာလား မသိ။ ဒေါ်ခင်ကြည်ထံသို့ ဦးတည်သွားမည်။ မိန်းမတောင်းမည်ဆိုကတည်းက အတောင်းခံ သတို့သမီးလောင်း ကြင်ယာတော်သည် ဒေါ်ခင်ကြည်ဖြစ်ကြောင်းကို ဒေါက်တာမြင့်ဆွေ သံသယဖြစ်စရာမလို။ သိပြီးဖြစ်၏။

များသောအားဖြင့် 'မိန်းမတောင်းသည်' ဆိုသောကိစ္စသည် မဆန်းကြယ်လှသော လူ့လောက ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာအစဉ်အလာဖြစ်သော်လည်း လူကြီး၊ မိဘ၊ အကြီးအကဲတို့ကမှ လူကြီးချင်း၊ နားဖောက်၊ ဆန္ဒယူ၊ အတည်ပြုကြရ၏။ ယခုသော် ဗိုလ်ချုပ်အောင်ဆန်း၊ ရွှေပေါက်ပင် ဦးဘသိန်းနှင့် ဒေါက်တာမြင့်ဆွေတို့ သုံးယောက်သားသည် တစ်ဦးနှင့်တစ်ဦး ဘာကမျှ တိုင်ပင်ဆွေးနွေးခြင်းမပြုကြပဲခပ်စိုက်စိုက်၊ သွက်သွက်ပင် ရှေ့သွားနောက်လိုက်အညီပင် ဒေါ်ခင်ကြည်၏ အခန်းဝသို့ ရောက်သွားကြလေသည်။ ဗိုလ်ချုပ်သည် ခရီးရောက်မဆိုက်မှာပင် အခန်းဝရောက်လျှင်ရောက်ချင်း ဒေါ်ခင်ကြည်အား သိစေရန်-

BURMESE CLASSIC

"မိန်းမတောင်းရအောင် လာတယ်"

ဟု လှမ်းအော်ပြောလိုက်လေသည်။

ဒေါ်ခင်ကြည်သည် အသံကြားရာဆီသို့ ရုတ်ခြည်းထွက်၍ လှမ်းကြည့်ပြီး ဖျတ်ခနဲဆို အခန်းတွင်းသို့ ရှက်ကိုးရှက်ကန်းဖြင့် ပြန်ဝင်၍ ပြေးသွားလေသည်။

ဗိုလ်ချုပ်သည် စိတ်ထဲရှိသမျှကို ဟန်ဆောင်ထားခြင်းမရှိခဲ့။ မျိုး



www.burmeseclassic.com

www.burmeseclassic.com



သိပ်ထားခြင်း အလွန်နည်းပါးစွာ ဘာမဆို ဆုံးဖြတ်ပြီးက ရဲတင်း ပွင့်လင်းစွာ ပြောဆိုလုပ်ကိုင်တတ်သည့် အကျင့်ပါပြီးဖြစ်သဖြင့် နောက်မဆုတ်တမ်း တစ်ဆံခြည်လေးမျှ အလျှော့မပေးသောစိတ်ဖြင့်

"မိန်းတောင်းရအောင် လာတယ်"

ဟုသာ အော်ခေါ်နေသည်။ အတောင်းခံရမည့် မိန်းမသားဘက်ကလည်း သူတစ်ယောက်တည်း ဘယ်လိုထွက်လာမည်နည်း။ ထွက်မလာလို့ရော ဒီပုဂ္ဂိုလ်မျိုးက ကြာရှည်အချိန်ပေးစောင့် နေမည်လား။ ဤသို့ အော်ခေါ်နေခြင်းဖြင့် ပိုဆိုးဖွယ်ရာသာဟု အတွေးပေါက်ကာ ဒေါ်ခင်ကြည်သည် အခန်းတွင်းမှ ဣန္ဒြေဆည်ကာ ထွက်လာလေသည်။

ဗိုလ်ချုပ်နှင့်မျက်နှာချင်းဆိုင် တွေ့ကြသောအခါ

"ကြွပါရှင့် . . . ထိုင်ပါဦး "

စသည့် လောကပျူငှာစကားဦးများပင် မဆိုရသေးမီ ဗိုလ်ချုပ်က

"ကျွန်တော်လာတာ တခြားမဟုတ်ဘူး . . . မိန်းမတောင်း ရအောင် လာတာ "

ဗိုလ်ချုပ်သည် ဒေါက်တာမြင့်ဆွေအား ဒေါ်ခင်ကြည်ထံ သွားတိုင်း ခေါ်သွားတတ်၍ သွားရခြင်းအကြောင်းရင်းကို ရိပ်စားမိပြီး ဖြစ်၏။ နောက်ပိုင်း ကြုံသည့်တစ်ခါနှစ်ခါနှင့် ဒေါက်တာမြင့်ဆွေ မပါဘဲ သွားသည့်အခါများပါ ရှိခဲ့ရာ ဗိုလ်ချုပ်အနေဖြင့် ဒေါ်ခင်ကြည်အား တစ်စုံတစ်ရာ အတိုင်းအတာအထိ မိမိ၏ဆန္ဒသဘောထားများကို ပြောပြီးဖြစ်လိမ့်မည်ဟု ထင်ခဲ့ရသော်လည်း တွေ့ရှိသာ ပိုမိုရင်းနှီးကျွမ်းဝင်အောင် တွေ့ဆုံခြင်းဖြစ်လျက် တကယ်တမ်းမှာ သူ့ ဆန္ဒအား ဘာမျှမပြောဘဲ ယခုမှပင် တွေ့လျှင်တွေ့ချင်း ပစ်မှတ်ကို တစ်ချက်လွှတ် ပြောချလိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်ဘက်မှလည်း ဗိုလ်ချုပ်၏ ပွင့်လင်း အရိုးသားဆုံး ရင်ဖွင့်တောင်းဆိုချက်ကို ကြားလိုက်ရသည်ကို အဆန်းမထင် နိုင်လောက်အောင် ကြိုတင်ရိပ်မိပြီး ဖြစ်နိုင်ပါသည်။

ဤသို့ ပြောဆိုရင်ဖွင့်နေသည့်ကာလများသည် ဗိုလ်ချုပ်၏ ကျန်းမာရေး၊ ဆေးကုသခံယူဆဲ ဖြစ်ပါသည်။ ကျန်းမာရေး နာလန်ထစအချိန် ဆေးရုံမှ ဆင်းခွင့်မရသေးချိန်ဖြစ်သည်။

အကြောင်းမှာ ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်အား အာရုံစိုက်နေသည်ကို နှစ်ကိုယ်သိ မဟုတ်။ နှစ်ကိုယ်ကြား မဟုတ်။ ဆေးတိုက်လျှင်လည်း အခြားဆရာ၊ ဆရာမများ ဆေးတိုက်၍ လက်မခံ။ 'မခင်ကြည်ခေါ်ပေး။ မခင်ကြည်တိုက်မှ သောက်မယ်'။ အစာအာဟာရကျွေးလျှင်လည်း မခင်ကြည်ပါမှဟု အကြိမ်ကြိမ် ပွင့်လင်းစွာ တောင်းဆိုဆန္ဒများအရ အားလုံးက နားလည်ပြီးဖြစ်နေလောက်ပေပြီ။

ယခုလို ဒေါ်ခင်ကြည်ထံ တည့်တည့်လာပြီး

"ကျွန်တော်လာတာတခြားမဟုတ်ဘူး။ မိန်းမတောင်းရအောင်လာတာ" ဟု တည့်တည့်ပစ်ထည့်လိုက်သော ပစ်မှတ်သည် ဒေါ်ခင်ကြည်အတွက် ရုတ်တရက်အဖြေပေးခက်၍ မပေးလိုက်ရသော်လည်း ဤကိစ္စကို လိုရင်းတိုကျဉ်းအားဖြင့် အဖြေပေးရတော့မည်ကို သတိထားမိမှာလည်း အမှန်ဖြစ်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ မိန်းကလေးတို့သဘာဝကို မိန်းကလေး တိုင်း မစွန့်ကြ။ အိမ်ထောင်ရေးကိစ္စ အဖြေဆိုသည်ကို ရုတ်တရက် ပေးခဲကြပေလိမ့်မည်။ ဘဝကြီးတစ်ခုလုံး၏ ခရီးဆုံးဘူတာအထိ စီးနင်းလိုက်ပါရမည့် လက်မှတ်၊ ဤလက်မှတ်ကို မိမိဘက်က နှလုံးသားနှင့် ဆုံးဖြတ်၍ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးအား ယုံမှတ်၊ ပုံအပ်ပေးအပ်ပြီးမှ ရယူရမည့် လက်မှတ်။

ထိုအချိန်မှစ၍ ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်လာတိုင်း ပုန်းနေလေ့ရှိသည်ကို ဒေါက်တာမြင့်ဆွေတို့ ရိပ်မိကြ၏။ သည့်နောက် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့သည် အကြိမ်ကြိမ်မတွေ့ရတော့ပဲ ဗိုလ်ချုပ်အောင်ဆန်း၏ ရောဂါဝေဒနာများလည်း ပျောက်ကင်းသွားပြီဖြစ်၍ ဆေးရုံမှ ဆင်းခွင့်ရသည်နှင့် ဗိုလ်ချုပ်သည်ဆေးရုံမှဆင်းသွားလေတော့သည်။ ဗိုလ်ချုပ်သည် ဆေးရုံမှဆင်းလိုက်သည်နှင့် မိမိအား တန်းစီ၍စောင့်နေသည့် တိုင်းပြည်၏ တာဝန်ကြီးများဆီသို့ ကောက်ကောက်ပါအောင် လိုက်ပါသွားလျက် ဤဆေးရုံကြီးနှင့်ပါ အချိန်အတော်ကြာ ပြတ်တောက်သွားခဲ့ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)
# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘဝဖူးစာအရေး

ဒေါ်ခင်ကြည် အကြောင်းရေးလျှင် ဗိုလ်ချုပ်အောင်ဆန်းပါမှ ပိုမိုပြည့်စုံပါသည်။ ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်၏ ဘဝမီးရှူး တန်ဆောင် ဖြစ်၏။ ဗိုလ်ချုပ်သည်လည်း ဒေါ်ခင်ကြည်နှင့်တွေ့မှ ဘဝဖူးစာရေးကို ဆုံးဖြတ်ချက်ချပြီး ဤဆုံးဖြတ်ချက်အရဖြင့် အိမ်ထောင်ရေး ထူထောင် သည်မှာ အလွန်မှ ဖူးစာဖက် ရှေးရေစက်ပါကြောင်း ပို၍သိသာလှပါ သည်။

## သခင်အောင်ဆန်းဘဝ အချစ်ရေး

ဗိုလ်ချုပ်အောင်ဆန်းသည် သခင်အောင်ဆန်းဘဝက သခင် တင်မောင် (ကျုံမငေး) နှင့် မြစ်ဝကျွန်းပေါ်ဒေသဘက် ရောက်ကြ၏။ ဟင်္သာတမြို့နယ်အတွင်းရှိ ရွာကြီးတစ်ရွာသို့ရောက်သော သခင်တင် မောင် (ကျုံမငေး) မှ ထိုရွာကြီးရှိ မြေပိုင်ရှင် စက်သူဌေး ဦး၏သမီး



www.burmeseclassic.com

www.burmeseclassic.com



လေး မရင်အေးဆိုသည့် အရွယ်ကောင်း၊ ဥစ္စာပေါ၊ ရုပ်ချော၊ သဘော ကောင်း၊ မနောဖြူလေးတစ်ဦးနှင့် သခင်အောင်ဆန်းကို အောင်သွယ် ပေးခဲ့သည်။ မရင်အေး၏ ခေတ်ပုံကိုလည်း ပြသည်။ မရင်အေးအိမ်သို့ လည်း ခေါ်သွားဖူးသည်။ မရင်အေးက သခင်အောင်ဆန်းတို့၏ လွတ် လပ်ရေး ကြိုးပမ်းမှုအတွက် ရန်ပုံငွေသုံးရာကျပ်ကိုလှူလိုက်သေးသည်။ သခင်အောင်ဆန်းသည် သူရည်ရွယ်မှန်းထားရာ အဓိကဖြစ်သော တိုင်း ပြည် လွတ်လပ်ရေးကိစ္စမှတစ်ပါး တခြားဘာမျှ မစဉ်းစားသလို အချစ် ရေး၊ အိမ်ထောင်ရေးအတွက် စိတ်ဝင်စားပုံမရ။ ဤကိစ္စအတွက် ထုံပေ ပေနေလေသည်။

သခင်အောင်ဆန်း ဂျပန်နိုင်ငံမှ ပြန်ရောက်လာသောအခါ မရင် အေးတို့မိသားစုအကြောင်း မေးသည်ဆို၏။ ဘာအကြောင်းဖြင့် မေး သည်ကို မသိကြရကြောင်း၊ မိမိတို့အား ရန်ပုံငွေ ငွေကြေး ထောက်ပံ့ လှူဒါန်းသည့်အကြောင်းကြောင့် မေးသလား။ ဘာရယ် မသိ။

သခင်အောင်ဆန်းသည် ငယ်စဉ်ကတည်းက မိန်းကလေးများ ဖြင့် အရောတဝင်မနေ။ မိန်းကလေးများနှင့် ပတ်သက်၍ စလျှင် အလွန် ရှက်တတ်ပြီး စိတ်ဆိုးတတ်၏။ အချစ်ကိစ္စ စိတ်မဝင်စားခဲ့။ တက္ကသိုလ် ကျောင်းသားဘဝအထိ ခပ်တည်တည်နေတတ်သဖြင့် အပေါင်းအသင်း များက စကြနောက်ကြသည့်အခါ

"ကျွန်တော့်မှာ အဲဒီလောက် သတ္တိမရှိဘူးဗျ . . . မျက်စိ ကျနေ တာလည်း မရှိဘူး"

ဟု ပြောဖူး၏။

ဤသည်မှာလည်း သူ့တကယ့်စိတ်ထားမှန်ကို ပြောခြင်းဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ မည်သူမဆို မိမိရည်မှန်းဦးတည်ရာ တစ်ခုတည်းအား အာရုံစူးစိုက်ကာ ဉာဏ်ဝီရိယ စိုက်ထုတ်နေပါက အခြားစိတ် ဝင်ခဲလှပါသည်။

သခင်အောင်ဆန်းသည် မိန်းကလေးများနှင့် အနေစိမ်းလွန်းလှ၍ အချို့မိန်းကလေးများကပင် သူ့အား တမင်စကြ၊ နောက်ကြသည့် အဖြစ်သို့ ရောက်ရလေ၏။

တစ်ခါက အင်းလျားကန်ပေါင်ရိုးတွင် ညနေပိုင်း လမ်းလျှောက်နေကြစဉ် သခင်အောင်ဆန်းသည် မမကြီး၊ မအမာ စသော ကျောင်းသူ တစ်စုနှင့် ရင်ဆိုင်ဆုံမိကြစဉ် မမကြီးက

"သခင်အောင်ဆန်းကို မအမာက ချစ်လို့တဲ့"

ဟု လှမ်းနောက်၏။ သခင်အောင်ဆန်းသည် တစ်ချက်မျှ နောက်သို့ကြည့်ကာ မျက်နှာနီမြန်းပြီး ရှုသိုးသိုးနှင့် ခပ်သုတ်သုတ် ထွက်သွားလေသည်။

## ဗိုလ်ချုပ်အောင်ဆန်း၏ မေတ္တာရင်လှိုင်းခတ်သံ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် ဗမာ့ လွတ်လပ်ရေးအတွက် ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ကျောင်းမှာ နေကြစဉ် လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းနှင့် သန္နိဋ္ဌာန်ချပြီးချိန်

ဗိုလ်ချုပ်၏ နှလုံးသားရေးရာ နိုးကြွစေသော မေတ္တာ ရင်လှိုင်းခတ်သံလေး တစ်ချက်ပေါ်ပေါက်ခဲ့ဖူး၏။ ဗိုလ်ချုပ်တို့ ရဲဘော်သုံးကျိပ်တို့သည် ယာယီတည်းခိုလျက် စစ်ပညာသင်ကြားရန် တိုကျိုမြို့မှ ၃၉ မိုင်ခန့်ဝေးသည့် ဒေသသို့ ထွက်ခဲ့၏။ ဤတွင် ကာနယ်ဆူဇူကီးနှင့်ရင်းနှီးသည့် မစ္စတာဟာချီအိဝါစကီး၏ အပန်းဖြေရိပ်သာအဖြစ် ထားရှိသည့် အိဝါစကီး၏နေအိမ်သို့ ရောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မြန်မာစစ်ပညာသင်များအား ပြုစုကျွေးမွေးစောင့်ရှောက်ရန်အတွက် မစ္စတာအီဝါစကီးသည် မိမိ၏တူမတော်စပ်သော အသက် ၂၀ အရွယ် အိရိုကောစံနှင့် အသက် ၁၈ နှစ်ခန့်ရှိ အေအိကောစံ ဟု အမည်ရသည့် အထက်တန်းကျောင်းသူ ညီအစ်မနှစ်ဦးအား အကူအညီအဖြစ် ခေါ်ထားရာ ရောက်လာ၍ ကူညီပေးလျက်ရှိကြလေသည်။

ထိုညီအစ်မနှစ်ဖော်တို့သည် အသက်အရွယ်အားဖြင့်ဖြစ်စေ၊ ပြုပြင်ဆင်ယင်နေတတ်၍ဖြစ်စေ၊ ချောမောလှပသည့် ဂျပန် လှပျိုဖြူလေးများဖြစ်ကြ၏။ ဤတွင် မြန်မာစစ်ပညာသင်များမှာလည်း လူပျိုလူလွတ်များဖြစ်ကြသဖြင့် တစ်နေ့မဟုတ်တစ်နေ့ ပိုမို ရင်းနှီးကြရာမှ မေတ္တာသက်ဝင်ခြင်းအဆင့်သို့ ရောက်နိုင်ရာ အေအိကောစံအမည်ရ မိန်းကလေးမှာ ဗိုလ်ချုပ်နှင့် ပိုမိုရင်းလာရာ ကိုအောင်ဆန်းလည်း လောကီသားပေမို့ မေတ္တာသက်ဝင်ခဲ့ရ၏။ ဤသည်ကို အတူနေရဲဘော်အချို့နှင့် ဂျပန်ဆရာများကပါ မြှောက်ပေးလာကြသည်။ သည့်အပြင် ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး) ကိုယ်တိုင်ပင် သွေးထိုးဆွဲဆောင်မှုတို့ကြောင့် ကိုအောင်ဆန်းသည် အေအိကောစံအား ဖွင့်ဟပြောမည်ကြံပြီးမှ စိတ်ကို ထိန်းလိုက်သည်။

သို့သော် ဆရာလည်းဖြစ်၊ ရောင်းရင်းလည်း ဖြစ်သော မီနာမိအိုကာ (ခေါ်) မစ္စတာဆူဇူကီးအား ဂျပန်ဘာသာဖြင့် မေတ္တာစာတစ်စောင် ရေးခိုင်းခဲ့သည်။

သို့သော် ဗိုလ်ချုပ်သည် အချစ်ရေးထက် ရည်ရွယ်ချက် ကြီးကြီးဖြစ်သော မိမိတိုင်းပြည်၏ လွတ်လပ်ရေးကို အဓိက ဦးစားပေးကာ ဘာမျှမပြော စာမပေးတော့ပဲ တိုင်းပြည်လွတ်လပ်ရေး မရမချင်း မိမိရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



ချက် အလုပ်မပြီးမချင်း လုံးဝမစဉ်းစားဟု ဆုံးဖြတ်စွန့်လွှတ်နိုင်ခဲ့လေသည်။

## တိုင်းပြည်လွတ်လပ်ရေးနှင့်အချစ်ရေး

ဆုံးဖြတ်ချက်အဖြစ် ယတိပြတ်၊ သတ်မှတ်ဆုံးဖြတ်ပြီးက မိမိဆုံးဖြတ်သည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာနိုင်ရေးသည် အရေးကြီးလှသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကိုအောင်ဆန်းဘဝ ကတည်းက သူ့ဆုံးဖြတ်ချက်တို့သည် မှန်ကန်တိကျနေလေ၏။ ဤ ဆုံးဖြတ်ချက်များဖြင့် လောကရှေ့တန်းသို့ ရဲရဲဝံ့ဝံ့ ရင်ကော့လက်မထောင်ပြီး တက်ရောက်နိုင်လေသည်။

တိုင်းပြည်လွတ်လပ်ရေး အရေးတကြီးဖြစ်နေချိန် အချစ်ရေးနှင့် အိမ်ထောင်ရေးကြောင့် အနှောင့်အယှက် မဖြစ်စေရန် သူက အများအား သတိပေးခဲ့သည့်အတိုင်း သူကိုယ်တိုင် ချစ်ရေး ချစ်ရာ လောကီ ဖြစ်လေ့ဖြစ်ထကိစ္စကို သူသည် အချိန်မီ တားဆီးနိုင်ခဲ့သည်။ သူ့ဆုံးဖြတ်ချက်အတိုင်း သူ့အချစ်ရေးအတွက် အချစ်ရေးဘက်သို့ ခြေတစ်လှမ်းလှည့်ဖို့ လုံးဝစိတ်မကူးတော့ချေ။

ဤမျှမက ဂျပန်ပြည်တွင် စစ်ပညာသင်ကာလမှာပင် မိမိတို့၏ ဆရာဖြစ်သော ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး)က ဗိုလ်ချုပ်အား မိန်းကလေး အဖော်နှင့်နေရန် လမ်းဖွင့်ပေးခဲ့ရာတွင်လည်း ဗိုလ်ချုပ်သည် မျက်နှာရှက်သွေးဖြန်းလောက်အောင် ရှက်စိတ်ဖြစ်ပေါ်ကာ လုံးဝခါးခါးသီးသီး ငြင်းပယ်လိုက်သည့်အပြင် "အင်း ဒီဂျပန်တွေကတော့ ငါတို့ကို ပထမအဆင့်အနေနဲ့ ငါတို့ရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ် ပျက်ပြားအောင် လုပ်လာတာပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေး၍ သတိကြီးစွာထားဖို့ ဆုံးဖြတ်နိုင်ခဲ့သည်။ ယင်းသို့ စိတ်ဆုံးဖြတ်ချက်ချပြီးသော ဗိုလ်ချုပ်ကို သူ့ဆရာ ကာနယ်ဆူဇူကီးသည် လက်မလျှော့သေးပဲ 'ဘာသားနဲ့ ထုထားလို့လဲ' ဆိုသည့် သဘောဖြင့် တိုကျိုသို့ပြန်ရောက်သောအခါ လက်ဆွဲစွဲစင် မိန်းကလေးများထံ ခေါ်သွားကာ လက်တွေ့ထပ်မံ မြူဆွယ်ပြန်သည်။ ဤသည်ကို ငြင်းပယ်လျက် အဖျက်သဘောမှ ကျော်လွှန်လွှတ်မြောက်ကာ အောင်ပွဲရလိုက်ပြန်လေသည်။

မည်သည့်အရေးမဆို မိမိ၏ဘဝမျှော်မှန်းချက်၊ ရည်ရွယ်ချက်သို့ မရောက်မချင်း လမ်းခုလတ်တွင် အမှောင့်အနှောင့်အယှက်တို့သည် ပုံသဏ္ဌာန်မျိုးစုံ၊ နည်းစုံ၊ အကြောင်းစုံဖြင့် ဟန့်တားကာ တားဆီး ပိတ်ပင်နှောင့်ယှက် ပိတ်ဆို့ရပ်တန့်စေမည် မလွဲဧကန်။ ဤသည်ကို ဗိုလ်ချုပ်ကဲ့သို့ သုံးသပ်ဆုံးဖြတ်ချက် မှန်ကန်စွာ လိုက်နာဆုံးဖြတ်ရလျက်၊ ဘဝအောင်ပွဲခံအဖြစ် အမိအရ ရယူနိုင်ရမည်။

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ဘဝတက်လမ်းတိုင်းတွင် အတိုက်နှင့်အဖျက်တို့သည် ရှိစမြဲဖြစ်ကြလေသည်။

ဤသည်ကို လောကဓံ ခံနိုင်ရည်စွမ်းရှိရမည်ဟု အသိကို နှလုံးသည်းပွတ်မှ မလွတ်ရအောင် အသိပညာတို့ဖြင့် ထိန်းနိုင်လျက် 'တိုက်လေ ပြောင်လေ' ဟု လည်းကောင်း၊ 'တိုက်လေ ရှောင်လေ အောင်လေ' ဟု လည်းကောင်း နှလုံးသွင်း ဆင်ခြင်မှုဖြင့် မိမိ၏ ဘဝရည်မှန်းချက် အောင်ပန်းကို ဆွတ်လှမ်းနိုင်ရမည်။

ရည်မှန်းချက်ကြီးလေ အတိုက်အဖျက်ကြီးလေဟု သိထားရမည်။ ရည်မှန်းချက်မရောက်မီ လောကဓံ ကြုံသမျှကို စိတ်ရှည်ရှည် ဖွဲ့သန်သည်းခံ ပညာဉာဏ်မြော်မြင်ရှိရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် ဘဝရည်မှန်းချက်ကြီးကြပြီး အသိဉာဏ် ပညာကြီးကြလျက် တိုးတက်စွမ်းရည်ပါပြီးဖြစ်ကြလျက် သဒ္ဓါ၊ ပညာ၊ လုံ့လ ဥဿာဟကြီးကြပါလျက် လောကစံ၏ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး နှင့် ရင်ဆိုင်ပက်ပင်း တိုးကြရသောအခါ သတိချွတ်ယွင်း ဆင်ခြင်မှုကင်း သဖြင့် မြင်းကောင်းခွာလိပ် ဖြစ်တတ်ကြလေ၏။ သံခွာတစ်ဖက် ကျွတ်ရုံ ဖြင့် စစ်ပွဲကြီးရှုံးကြရဘိသို့ ဖြစ်ရတတ်သည်ကို သတိအသိမပြတ် ဆက် စပ်မှုရှိရမည်ကို ကြိုတင်လျက်သိထားရ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)
## ဒေါ်ခင်ကြည်ကိုဗိုလ်ချုပ်အောင်ဆန်းဖိတ်ကျွေးသည့် ညစာစားပွဲ

ဗိုလ်ချုပ်အောင်ဆန်းသည် အရေးကြီးလုပ်ငန်းများမှ မိမိ အိမ်ပြန်ရောက်လာသည့်တစ်နေ့ ညနေ ၅ နာရီအချိန်ခန့်တွင် ဒေါ်ခင်ကြည်အား မိမိအိမ်မှာ ညစာစားရန် ဖိတ်ကြားသွားလေသည်။

ဗိုလ်ချုပ်အိမ် ထမင်းစားပွဲသို့ ဒေါ်ခင်ကြည်နှင့်အတူ ဆရာမ မတင်ထွေး လိုက်ပါသွားရန် စီစဉ်ပြီးဖြစ်သော်လည်း ဆရာမ မတင်ထွေးမှာ အကြောင်းကိစ္စတစ်ခုကြောင့် မလိုက်ဖြစ်တော့သဖြင့် ဆရာမ မမြ လိုက်ပါသွားရလေသည်။

တကယ်တော့ ထိုညက ဗိုလ်ချုပ်၏ ထိုညစာထမင်းစားပွဲမှာ ဗိုလ်ချုပ်၏ ဘဝကြင်ဖော်၊ ကြင်ယာတော် ရွေးချယ်အတည်ပြုသည့် ပွဲပင်ဖြစ်ပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့သည် ထိုမှ်ဦးက အသက်အရွယ်အားဖြင့် မငယ်လှတော့ချေ။ တိုင်းရေးပြည်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ အကျပ်အတည်းများစွာထဲမှာ သူ့တာဝန်၊ ကိုယ့် တာဝန်တို့ဖြင့် ကိုယ်စီနစ်မွန်း ရှုန်းကန်နေကြလျက်သာ ဤအသက် အရွယ်အထိ နေကြသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၂၇ နှစ်၊ ဒေါ်ခင်ကြည်သည် အသက် ၃၁ နှစ်။

ဤအသက်အရွယ်တွေ ရောက်ကြပြီ။ တိုင်းပြည်၏ တာဝန်ကြီးတွေကိုလည်း နိုင်ရာ၊ ကျရာနေရာက မခိုမကပ် စေတနာတူ၊ ဝါသနာတူ၊ အနစ်နာခံနေကြသည့် စေတနာဖခင်၊ စေတနာမိခင်များ ဖြစ်ကြလေသည်။

နှစ်ဦးသား ပါရမီရှင်ပုဂ္ဂိုလ်တို့သည် အသိပညာ ဆင်ခြင် ဉာဏ်အလိမ္မာတရားတို့ဖြင့် ဘဝအတွေ့အကြုံများကို ခါးစည်း၊ ရင်စည်းကြကာ လက်တွေ့ အတွေ့အကြုံများဖြင့် တနင့်တပိုး ခံစားထားရသူများဖြစ်ကြရသည်။ နှစ်ဦးစလုံးသည်လည်း ပစ္စက္ခကြုံတွေ့ နေကြရသည့် ကြီးလေးသော တိုင်းပြည်၏တာဝန်တို့ဖြင့် သူ့အတိုင်းအတာနှင့်သူ ပင်ပန်းကြီးစွာ ကြုံတွေ့ကြရလျက်ရှိကြရာ ဘဝတစ်ခု၏ တစ်စိတ်တစ်ပိုင်းမှာ စိတ်တိုင်းကျ တစ်ခဏ၊ တစ်ဒင်္ဂဖြစ်ဖြစ် ကိုယ့်အိုး၊ ကိုယ့်အိမ်ဖြင့် ငြိမ်းချမ်းရာ အိမ်တစ်ဆောင် မီးတစ်ပြောင်အဖြစ် ရှိနေရန်လည်း အလွန်လိုအပ်သော အသက်အရွယ်တွေလည်း ဖြစ်နေပါကြောင်း စဉ်းစားပြီး ဖြစ်ပါလိမ့်မည်။

သို့ဖြစ်၍ ထမင်းစားပွဲအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါ်ခင်ကြည်အား မိမိ၏ဘဝခရီးဖော်အဖြစ် လက်တွဲနိုင်ရန်အတွက် ခွင့်ပန်လေတော့သည်။ ဒေါ်ခင်ကြည်ဘက်ကလည်း ဗိုလ်ချုပ်နှင့် စတင်တွေ့ပြီးသည်မှ အခြေအနေအရပ်ရပ်သော ဗိုလ်ချုပ်၏ သဘောထားကို ကောင်းစွာနားလည်သိရှိပြီးဖြစ်သည့်အလျောက် လက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတို့သား၊ သတို့သမီးတို့သည် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နှစ်ဦးသဘောတူ နှလုံးသားစာချုပ်ဖြင့် ပဏာမအောင်မြင်သွားလေသည်။ မိမိတို့၏ အထက်အကြီးအကဲ လူကြီးများအား အသိးသီးအသိပေးအကြောင်းကြားရန် လောကဝတ်၊ ဓမ္မဝတ်အရ ဆောင်ရွက်ရန်ရှိလာပြန်လေသည်။

နောက်တစ်နေ့နံနက် ၇ နာရီတွင် ဒေါ်ခင်ကြည်သည် အလုပ်တာဝန်များ ဆက်လက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ဝင်ရလေသည်။ တာဝန်ရှိရာ ဆေးရုံသို့ရောက်သည်နှင့် Pantry အစားအသောက်နှင့်ပန်းကန်များထားရာ အခန်းသို့ ဝင်၏။ ဆရာကြီး ဦးဘသန်းနှင့်တကွ ဆရာဝန်များသောက်သုံးနိုင်ရန် ကော်ဖီဖျော်နေလေသည်။

ထိုအချိန်မှာပင် ဒေါက်တာမြင့်ဆွေသည် ကော်ဖီသောက်ရန် Pantry ထဲသို့ ဝင်သွားလေသည်။ ဒေါ်ခင်ကြည်သည် မိမိ ပြောဆိုအသိပေးရမည့်စကားကို စတင်ပြောလေသည်။

"ဒေါက်တာမြင့်ဆွေ. . . ညက ထမင်းစားပွဲမှာ ဗိုလ်ချုပ်က ကျွန်မကို သူနဲ့လက်ထပ်ဖို့ပြောလို့ ကျွန်မတော့ ကတိပေးခဲ့ပါပြီ . . . အဲဒါ ဒေါက်တာမြင့်ဆွေ ဘယ်လိုသဘောရသလဲ. . ."

အကြောင်းစုံကို ရိပ်မိထားသော ဒေါက်တာမြင့်ဆွေက . .

"ဘယ်လို သဘောရရမလဲ။ ဒီလို ပုဂ္ဂိုလ်ကြီးမျိုးကို ဘဝကြင်ဖက်အဖြစ်ဖြစ်ရတာ ဆရာမအတွက် အင်မတန် ကုသိုလ်ထူးပါတယ်. . . နောင်တစ်ခေတ်မှာ ဆရာမဟာ အင်မတန်ထင်ရှားတဲ့ အမျိုးသမီးကြီးဖြစ်လာရမှာပဲ"

ဟု သူ့အမြင်နှင့်တကွ ထောက်ခံပြော ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြင့်ဆွေသည် ကော်ဖီသောက်ပြီး မိမိ၏ အလုပ်ရှိရာ အောက်ဆုံးထပ် Basement Surgical Ward သို့ ဆင်းလာခဲ့လေသည်။

နောက်မကြာမီ နံနက် ၁၀ နာရီခွဲခန့်အချိန်တွင် ဒေါက်တာမြင့်ဆွေထံသို့ သူနာပြုလက်ထောက် မောင်သန်းထွန်း တစ်ယောက်ရောက်လာပြီး ဆရာကြီးဦးဘသန်းက အခေါ်လွှတ်ကြောင်းပြောသဖြင့် ဒေါက်တာမြင့်ဆွေသည် ဆရာကြီးဦးဘသန်းထံသို့ သွားရောက်လေသည်။ ဆရာကြီးဦးဘသန်း၏ အခန်းထဲတွင် ဒေါ်ခင်ကြည်မှာ ဗိုလ်ချုပ်နှင့် လက်ထပ်တော့မည့်အကြောင်းနှင့် ဆရာကြီးထံ အသိပေးကာ လက်ထပ်ခွင့်ပေးပါရန် ဆရာကြီးအား မိဘအရာထားကာ ခွင့်ပန်နေသည်ကို တွေ့ရလေသည်။

ဒေါက်တာမြင့်ဆွေသည် ဆရာကြီးဦးဘသန်း၏ အခန်းသို့ ရောက်လိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင်

"မောင်မြင့်ဆွေ . . . ဆရာတို့တစ်တွေတော့ ခုလိုအချိန်မှာ ဆေးရုံကြီးအတွက် အင်မတန်လိုအပ်နေတဲ့ ဆရာမကောင်းတစ်ယောက် ဆုံးရှုံးရဦးတော့မယ်။ ရှင်နည်းရာ အဂ္ဂလူထွက်တော့ ဖြစ်ပြန်ပေါ့။ မခင်ကြည် လက်ထပ်တော့မယ်လေ။ ဒါပေမဲ့ သူ့တစ်သက်တာ ဘဝနောင်ရေးအတွက်ဖြစ်တာမို့ ဆရာတို့ ခွင့်ပြုပေးရမှာပေါ့။ ကဲ . . . မခင်ကြည် ဆရာ ခွင့်ပြုပါတယ်။ မင်း လုပ်စရာရှိတဲ့အစီအစဉ်ကိုသာ လုပ်ပေတော့"

ဟု ဒေါ်ခင်ကြည်အား ဆရာကြီးကပြောပြီး တစ်ဆက်တည်းမှာပင် ဒေါက်တာမြင့်ဆွေဘက်သို့ လှမ်းကြည့်လိုက်ပြီး

"မောင်မြင့်ဆွေ . . . မင်းက ဆရာ့ရဲ့ညီဆိုလည်း ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တူဆိုလည်း ဟုတ်တယ်။ ခုလို အရေးကြီးနေတဲ့ အချိန်ကြီးမှာ မခင်ကြည်လို အားကိုးရတဲ့ ဆရာမတစ်ဦးကို လက်လွှတ်လိုက်ရတာဟာ ဆရာတို့ဆေးရုံအတွက် ဆုံးရှုံးမှုတစ်ရပ်ပဲ။ ဒါပေမဲ့ ဆရာတို့ဝမ်းနည်းနေကြလို့ မပြီးသေးဘူး။ ဆရာတို့မှာ တာဝန်တွေ အများကြီးရှိသေးတယ်။ ဒီတော့ . . . ကျန်ရစ်တဲ့လူနဲ့ မဖြစ်ဖြစ်အောင် လုပ်ရမှာပဲ။ မောင်မြင့်ဆွေလည်း အားမငယ်ပါနဲ့။ ခုနေအချိန်မှာ ဆရာ့အနေနဲ့ မင်းရယ်၊ ဗိုလ်လှသမိန်ရယ်၊ မောင်စံမြင့်ရယ်၊ ဒီသုံးယောက်ကို အားကိုးနေရတာပဲ”

ဟု ပြောပြီး ဒေါက်တာမြင့်ဆွေအား ရှေ့ဆက်လုပ်ရမည့် အလုပ်တာဝန်များကို ဆက်လက်လုပ်ဆောင်နိုင်ရန် အစီအစဉ်အား ပြောကြားလိုက်လေသည်။ ဒေါက်တာမြင့်ဆွေလည်း ဆရာကြီးဦးဘသန်း၏ စီစဉ်ညွှန်ကြားချက်များကို နာခံမှတ်သားလျက် ရိုသေစွာ နှုတ်ဆက်ကာ ဆရာကြီးဦးဘသန်း၏ အခန်းမှ ဖြည်းညင်းစွာ ထွက်လာခဲ့လေသည်။

ဆရာကြီးဦးဘသန်းမှာ သူ အားကိုးအားထားပြုနေရသော ဆရာမကောင်းတစ်ဦးဖြစ်သော ဒေါ်ခင်ကြည်၏ ဘဝနောင်ရေးအတွက် ဝမ်းသာကြည်နူးမိသော်လည်း ဆေးရုံအတွက် ဆရာမကောင်းတစ်ဦး လက်လွှတ်ရမည့်အရေး တွေးကာ လူစားထည့်ရမည့် အကြောင်းများနှင့် မျက်နှာမလှဘဲ ကျန်ရစ်ရှာလေသည်။

ဒေါ်ခင်ကြည်သည် မိမိ၏အိမ်ထောင်ပြုရေး အခြေအနေအား ဆေးရုံကြီး၏ မိမိ၏သက်ဆိုင်ရာ အကြီးအကဲ ဆရာကြီးဦးဘသန်းနှင့် ပြောသင့်ပြောထိုက်သော ပုဂ္ဂိုလ်တို့အား အသိပေး ခွင့်တောင်းသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းသည် အစဉ်အလာ မင်္ဂလာဂါရဝတရား ရှေးရှုလျက် နောက်တစ်နေ့တွင် ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၌နေကြသော မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးများဖြစ်ကြသည့် ဦးဘဝင်းနှင့် ဦးအောင်သန်းထံသို့ အစ်ကိုကြီး အဖအရာအဖြစ် ဦးထိပ်ထားကာ သတို့သမီး (ဒေါ်ခင်ကြည်) မခင်ကြည် အား တစ်ပါတည်းခေါ်သွားကာ မိမိ၏ဘဝကြင်ဖော် သတို့သမီးဖြစ် ကြောင်း အသိပေး အကြောင်းကြားလေသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းသည် မိန်းမတောင်းရန်အတွက် လက်ထပ်လက်စွပ်ဝယ်ပေးရန် ဦးအုန်းမြင့်အား ပြောဆိုခဲ့ဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျန်းမာရေးချို့တဲ့၍ဆေးရုံရောက်စဉ် ဦးအုန်းမြင့် နှင့် သခင်တင်ဦးတို့ နှစ်ဦး ဗိုလ်ချုပ်အခန်းသို့ဝင်သွားရာ

"ဟိုကောင် တင်ဦး. . . ငါ့မိန်းမဖို့ လက်စွပ်ဝယ်ခိုင်းတာ မရဘူး။ အုန်းမြင့် မင်းဝယ်ပေးရမယ်"

မိန်းမတောင်းရာတွင် လက်စွပ်လဲရန် လက်စွပ်ကိုဝယ်ခိုင်း နေ လေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါ်ခင်ကြည်နှင့် လက်ထပ်တော့ မည့်အချိန် ဖြစ်သည်။

"ဟေ့ တင်ဦး . . . အုန်းမြင့်ကို ပိုက်ဆံပေးလိုက်။ ဟေ့ကောင် လက်စွပ်ဝယ်ဖို့နော်. . မင်း မသုံးပစ်လိုက်နဲ့ဦး"

ဟု ဗိုလ်ချုပ်သည် ရယ်မောပြောဆိုခဲ့ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)
## ဆရာကြီးဦးဘသန်းနှင့်အတူ ဒေါ်ခင်ကြည်ပါသေဘေးမှ လွတ်မြောက်ရ

တစ်နေ့တွင် မမျှော်လင့်သော ရင်တုန်စရာ ပြဿနာသတင်းကို ဒေါက်တာမြင့်ဆွေ ကြားရ၏။ ဖြစ်ပုံမှာ ဒေါက်တာမြင့်ဆွေသည် ထိုအချိန်တွင် နာမည်ကျော် ရွှေတောင်တိုက်ပွဲမှ ဒဏ်ရာရ ဗိုလ်များအား ဆေးထည့်ပေး ကုသလျက်ရှိရာ ကုသဆောင် (၁) ရှိ ခုတင်နံပါတ် (၂) မှ ဗိုလ်ကြီးခင်မောင်လတ်၏ ခြေထောက်မှဒဏ်ရာကို ပတ်တီးဖြေပြီး ဆေးထည့်ရန်ပြင်နေစဉ် ဗိုလ်ကြီးက မျက်နှာမသာမယာရှိသည်ကို အကဲခတ်ကောင်းသော ဒေါက်တာမြင့်ဆွေက

"ဗိုလ်ကြီး. . . ဘာဖြစ်သလဲ. . . နေမကောင်းဘူးလား"

ဟု မေးသည်။

ဗိုလ်ကြီးခင်မောင်လတ်က



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . . ကျွန်တော့်မျက်စိကို ကြည့်ပေးစမ်းပါ . . . ဘာဖြစ်နေသလဲ မသိဘူး "

ဟု ပြောသဖြင့် ခြေထောက်မှဒဏ်ရာကိစ္စကို ခဏရပ်ပြီး ဗိုလ်ကြီး၏လက်ငင်းဖြစ်ဝေဒနာဟုပြောရာ မျက်စိဆီသို့ အာရုံပြုပြီး မျက်နှာချင်းကပ်လုအထိ ဗိုလ်ကြီး၏မျက်စိအား ကြည့်နေစဉ်

"ဒီမယ် ဆရာ . . . မျက်စိက ဘာမှမဖြစ်ဘူး။ ဆရာ့ကို အရေးကြီးစကား ပြောစရာရှိလို့ ကျွန်တော်နဲ့ မျက်စောင်းထိုး ခုတင်မှာအိပ်နေတဲ့ ခေါင်းမှာ ဒဏ်ရာရထားတဲ့ ယိုးဒယားဘက်က လိုက်လာတဲ့ စစ်ဗိုလ်၊ ဒီလူဟာ ခေါင်းက ဒဏ်ရာကြောင့် ညညကျ ခေါင်းသိပ်ကိုက်တယ်ဆိုပြီး မအိပ်နိုင်လောက်အောင် ခံစားနေရပုံရတယ်။ အဲဒါကို သူ့မှာ ဒီကလောက် ခေါင်းကိုက်ခံစားနေရတာကို ဆရာကြီးဦးဘသန်းနဲ့ ဆရာမဒေါ်ခင်ကြည်တို့က သူ့ကို ပစ်ထားတယ်။ ဂရုမစိုက်ဘူးဆိုပြီး ဒီတစ်ခါဦးဘသန်းနဲ့ ဒေါ်ခင်ကြည်တို့ Round လှည့်လာရင် သေနတ်နဲ့ပစ်သတ်မယ်လို့ ကြိမ်းနေတယ်။ အဲဒါကို ဆရာ ကြည့်လုပ်ပါဦး။ စောစောကတပ်ကြပ်ကြီးရွှေကို ကို ကျွန်တော် ပြောခိုင်းလိုက်သေးတယ် လာ မပြောဘူးလား"

ဟု ဗိုလ်ကြီးခင်မောင်လတ်က အသံတိုးတိုးဖြင့် ဒေါက်တာမြင့်ဆွေအား အကြောင်းစုံပြောပြီး မေးလေသည်။ ထိုအခါမှ ဒေါက်တာမြင့်ဆွေလည်း တပ်ကြပ်ကြီးရွှေကို လာသတင်းပို့ခဲ့သည်ကို သတိရလျက်

"ဩော် . . . အဲဒါလား . . . တပ်ကြပ်ကြီးရွှေကို လာပြောတယ်ဗိုလ်ကြီး။ ဒါပေမဲ့ လူနာတွေဟာ ဝေဒနာတက်လာရင် စိတ်တင်းတာပြောတတ်လွန်းလို့ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ စဉ်းစားရင်း အလုပ်ကလည်း

www.burmeseclassic.com



ဇယ်ဆက်နေတော့ အမှတ်တမဲ့ ဖြစ်သွားမိတယ်။ ဪ. . . လက်စသတ်တော့ တကယ်ကိုး။ ခက်ကုန်တော့မှာပဲ။ ဘာဆက်လုပ်ရပါ့မလဲ။ ဒီလူကလည်း ခေါင်းကိုထိထားတယ်ဆိုတော့ စိတ်ထင်တာတွေ တွေးပြီး ထင်ရာလုပ်ရင် ငါးပါးမှောက်ကုန်တော့မှာပဲ။ တစ်ခုခုတော့ လုပ်ဦးမှ"

ဟု ဒေါက်တာမြင့်ဆွေသည် ပြောပြောဆိုဆိုနှင့် ဆေးဗန်းကို မ,ကာ ဖော်ပြပါ ခေါင်းဒဏ်ရာရ စစ်ဗိုလ်ရှိရာသို့ သွားလေသည်။ နိစ္စဓူဝ ဤသို့သော ဝေဒနာရှင်မျိုးစုံ၊ လူမျိုးစုံတို့ဖြင့် အတွေ့အကြုံ ရင့်ကျက်ပြီးသော ဒေါက်တာမြင့်ဆွေသည် ပင်ကိုကလည်း စိတ်ရှည်၊ ဖွဲ့သန်၊ သည်းခံမှု၊ ကိုယ်ချင်းစာစိတ် များပြားမှုတို့ဖြင့် အကြောင်းစုံကိုလည်း ချက်ချင်းသိပြီးဖြစ်၍

"ဗိုလ်ကြီး. . . ဘယ့်နှယ်နေသေးလဲ"

ဟု ဒေါက်တာမြင့်ဆွေ၏ စေတနာဖခင်၊ မေတ္တာရိပ်မှအသံကို ဝေဒနာရှင်ဗိုလ်ကြီးသည် ကြားလိုက်ရသည်နှင့်

"ဒီနေ့ ခေါင်းသိပ်ကိုက်နေတယ်။ မနေ့ကလည်း ကိုက်တာပဲ။ ဒေါက်တာဘသန်းပေါ့ဗျာ။ ကျွန်တော့်ကို လုံးဝဂရုမစိုက်ဘူး။ လာလည်း မကြည့်ဘူး။ ကျွန်တော် မကျေနပ်နိုင်ဘူး။ လွတ်လပ်ရေးအတွက် ဒီကလောက် အသက်စွန့်ပြီး တိုက်ပွဲဝင်လာတဲ့ စစ်ဗိုလ်တစ်ယောက်ကို ဒီလိုဆက်ဆံတာ ကျွန်တော် မကျေနပ်နိုင်ဘူး အကြောင်းပြလိုက်ချင်တယ်"

ဟူ၍မကျေနပ်သံ၊ အငြိုးအတေးသံ ဝေဒနာခံစားချက်မှ ပွင့်အံ့လာသော ဒေါသသံတွေကို ဒေါက်တာမြင့်ဆွေ ကိုယ်တိုင် ကြားလိုက်တော့မှ ဒီလူ တကယ်လုပ်မယ့်လူမျိုး။ ဝေဒနာပြင်းထန်ပြီး စိတ်ဖောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်တဲ့ဘက်ကို ရောက်သွားလျှင် တကယ်ဖြစ်နိုင်ကြောင်းများတွေးပြီး ဗိုလ်ကြီးခင်မောင်လတ်နှင့် တပ်ကြပ်ကြီးရွှေကိုတို့ ပြောသည့်အတိုင်း ဖြစ်နိုင်သည်ဟု အတွေးဝင်ကာ ဒေါက်တာမြင့်ဆွေသည် စိုးရိမ်စိတ်များ ဖြစ်သွားရလေသည်။

သို့သော် စိတ်ထိန်းနိုင်သော အတွေ့အကြုံအကျင့်တို့ဖြင့် ဒေါက်တာမြင့်ဆွေသည် လေသံကို အထူးပျော့ပျောင်းသာယာ ချိုအေး သံဖြင့်

"ဗိုလ်ကြီး. . . ဗိုလ်ကြီးဒဏ်ရာက ခုနေအခါမှာ တော်တော်လေး ပြင်းနေပါတယ်။ ခေါင်းကိုက်နေတာကို ဗိုလ်ကြီး မပြောတော့ ကျွန်တော် လည်း မသိဘူးပေါ့။ ကျွန်တော့်ကို အသိပေးရင်တောင် ဒီလောက် ဝေဒနာမခံစားရပါဘူး။ ဆရာကြီးဦးဘသန်းကတော့ ဒီလိုပါ။ လွတ်လပ် ရေးအတွက် စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်တွေအတွက် အကောင်းဆုံးကုသပေးနိုင်ဖို့ အခု ဘီအိုင်အေ ဆေးရုံကြီးကို ထူထောင် နေရတဲ့အချိန်မို့ အင်မတန်မှ အလုပ်များနေရှာပါတယ်။ ပြီးတော့ ဒေါ်ခင်ကြည်ဆိုရင်လည်း သူနာပြုဘက်ဆိုင်ရာ ဌာနကြီးဖွင့်လှစ်နိုင်ဖို့နဲ့ နောက်ထပ် သူနာပြုဆရာမများ ရရှိနိုင်ဖို့ကိစ္စတွေကို သူပဲ လုံးပန်းနေရပါ တယ်။ ဗမာ့တပ်မတော် ဗိုလ်ကြီးများနဲ့ ဂျပန်စစ်တပ်က အကူအညီရ အောင် အမျိုးမျိုး ကြံရ၊ ဖန်ရ ဖြစ်နေတော့ ဆရာကြီးဦးဘသန်းနဲ့အတူ ဒေါ်ခင်ကြည်ပါ နှစ်ယောက်စလုံးပဲ မအားလပ်ရှာကြပါဘူး။

ဆရာကြီးဦးဘသန်းဟာ မြန်မာပြည်က အင်္ဂလိပ်တွေ ထွက်ပြေး သွားပြီးနောက် ခွဲစိတ်ကုသဘက်မှာ အကြီးဆုံးဘွဲ့ကို ရထားတဲ့ ပါရဂူကြီး တစ်ဦး ဖြစ်ပါတယ်။ သူ့လို ပါရဂူကြီးတစ်ဦး ရှိနေခြင်းဟာ ဆေးရုံကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် အင်မတန်အကျိုးများပါတယ်။ ကျွန်တော်တို့ လူငယ်တွေကတော့ စေတနာအလျှောက်သာ ရှိတာပါ။ တကယ့်အခက်အခဲ အကျဉ်းအကျပ် ထဲမှာ ခွဲစိတ်ကုသဖို့ရာ ကြုံလာရင် ဆရာကြီးဦးဘသန်းမှ တတ်နိုင်တာပါ။ ခုနေအခါမျိုး ဗုံးဒဏ်ကြောင့်ဖြစ်စေ၊ အဝေးရန်သူမျိုးငါးပါးကြောင့် ဖြစ်စေ အကယ်လို့ ဖြစ်ပေါ်လာမယ်ဆို ဒီဆရာကြီးများ မတော်တဆ တိမ်းပါးသွားရင် ဗိုလ်ကြီးတို့၊ ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ တပ်မတော်ကြီး တစ်ခုလုံးအတွက် ကျန်းမာရေးဆိုင်ရာမှာ ဆုံးရှုံးမှုတွေ တွေ့ကြရမှာပဲ။ ဒီဆရာကြီးလို ဆရာဝန်ကောင်းမျိုး ခုနေမှာ လုံးဝအစားထိုး ရယူစရာ မရှိပါဘူး။ ပြီးတော့ ဒီဆရာကြီးမျိုးနဲ့အတူ ဒေါ်ခင်ကြည်တို့ အပေါ်မှာလည်း ဘယ်လိုမှ သဘောမထားပါနဲ့ ဗိုလ်ကြီးရယ်။ ကျွန်တော် တောင်းပန်ပါတယ်။ ဒီမှာ ကျွန်တော်တစ်ယောက်လုံး ရှိနေသားပဲ။ ဘာမဆို လိုတာရှိရင် ကျွန်တော့်ကို ပြောပေါ့။ ဆရာကြီးကလည်း ကျွန်တော့်ကို တာဝန်လွှဲထားပါတယ်။ ဗိုလ်ကြီး ညက မအိပ်ရတော့ ခေါင်းသိပ်ကိုက်နေမှာပေါ့။ ဒီအတွက် ကျွန်တော် ဆေးတိုက်ပါ့မယ် ”

ဒေါက်တာမြင့်ဆွေသည် ပြောပြောဆိုဆို အိပ်ဆေးဖြင့် စီစဉ်ပြီး

“ဗိုလ်ကြီး ခဏနေဦးနော် . . . ကျွန်တော် အို ပီ ဒီက ရေစက်မှာ လက်သွားဆေးလိုက်ဦးမယ်”

ဟု ပြောပြီး ဆရာကြီးဦးဘသန်း၏အခန်းသို့ ထွက်လာခဲ့လေသည်။ ဆရာကြီးဦးဘသန်းနှင့်တွေ့သောအခါ ဒေါက်တာမြင့်ဆွေသည် လူနာဗိုလ်ကြီး၏ ဝေဒနာအကြံအစည် အကြောင်းများ အလုံးစုံကို ဆရာကြီးဦးဘသန်းအား ပြောပြပြီး “ဒီကနေ့ အခန်းနံပါတ် (၁) ကို ဆရာကြီးတို့ Round မလှည့်ပါရန်နှင့် အခိုက်အတန့် ရှောင်နေရန်” သတိပေးကာ

www.burmeseclassic.com



အဆိုပါ စစ်ဗိုလ်ထံပြန်လာပြီး သူ့ဒဏ်ရာအား ပို၍ ဖြည်းညင်းညင် သာစွာကိုင်တွယ် ဆေးထည့်ပေးလိုက်လေသည်။ သူ့ဘေးက လူနာ စစ်ဗိုလ်တစ်ယောက်ကိုပါ ဆက်လက်ဆေးထည့်ပေးလျက်မှ သူ့ကို အကဲ ခတ်နေစဉ် မိနစ် ၂၀ လောက်အကြာမှာ သူသည် ဘာမျှမပြောတော့ပဲ ဒေါက်တာမြင့်ဆွေ၏ ပြေရာပြေကြောင်း တောင်းပန် မေတ္တာရပ်ခံချက် ဖြင့် နားဝင်သွားဘိသို့ မှိန်းနေရာမှ အိပ်ပျော်သွားလေသည်။

ဤကိစ္စသည် သေးသိမ်သောကိစ္စ မဟုတ်။ ထိုစဉ်ကာလမျိုး မှာ အလွန်မှကြောက်စရာ ကောင်းလှသည်။ လွတ်လပ်ရေးအတွက် တိုက် ပွဲဝင်ကာလမှာ လူနာစစ်ဗိုလ်တိုင်း၏ ခေါင်းအုံးအောက်တွင် ပစ္စတို တစ်လက်၊ ခြောက်လုံးပြူးတစ်လက် ဆိုသကဲ့သို့ ရှိနေကြပါသည်။

သေရေးရှင်ရေးအတွက် တိုက်ပွဲကြီးမှ ဒဏ်ရာရလာသူ လူနာ များမှာ သွေးပူသွေးဆူနေကြပြီး စိတ်ဓာတ်ရေးရာမှာလည်း အလွန်ပင် တက်ကြွခက်ထန်လျက်ရှိကြရာ တစ်ဖက်မှ အနည်းငယ် ချွတ်ချော်တိမ်း ပါးမှု၊ ချွတ်ယွင်းချက်တစ်စုံတစ်ရာကြောင့် စိတ်နောက်ကိုယ်ပါ မဖြစ်ဟူ ၍ မည်သူမျှ မပြောနိုင်၊ မတတ်နိုင်ကြသည့် အချိန်။

ဒေါက်တာမြင့်ဆွေသည် မိမိ၏ကျေးဇူးရှင် ဆရာကြီး၏ အသက် ကို ကယ်ဆယ်ခွင့်ရခဲ့လေသည်။ ဤသည်မှာလည်း ကျေးဇူးရှင် ဆရာကြီး ဦးဘသန်း၏ စေတနာမှန်သောကံတရားဟု ဒေါက်တာမြင့်ဆွေ တွက်မိပြန် ပါသည်။ အဘယ်ကြောင့်ဆိုသော် စေတနာ ဖခင်၊ စေတနာမိခင်၊ ဤ ဆရာကြီးများ၊ ဆရာ၊ ဆရာမကြီးများသည် မရေမတွက်နိုင်သော သတ္တဝါ တို့၏အသက်ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် တကယ့်စိတ်ရင်း၊ စေတနာရင်း ဖြူစင်ခြင်းမေတ္တာ စိတ်နဲ့အတူ ကယ်တင်ကုသ ပေးတဒါန



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုကုသိုလ်ကြီးများ ပြုခဲ့ကြသည့်အတွက် ဤကြုံတွေ့အံ့ဆဲဆဲ ဖြစ်သော ဥပစ္ဆေဒကကံမှ ဆရာကြီးဦးဘသန်းနှင့်ဒေါ်ခင်ကြည်တို့အား ရှောင်ကွင်း၊ လွတ်ကင်း ချမ်းသာရာ ရနိုင်လေပြီတကားဟု ဒေါက်တာ မြင့်ဆွေသည် အတွေးဖြင့် ဝမ်းသာမဆုံး ရှိရလေသည်။

ဤကိစ္စမျိုး နောင်တစ်ကြိမ် မဖြစ်ပေါ်စေရေးအတွက် ဗိုလ်ကြီး ခင်မောင်လတ်၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာဗိုလ်မှူးထံ ဥပါယ်တံမျဉ်ဖြင့် အကြောင်းကြားလေသည်။ ဆိုင်ရာ ဗိုလ်မှူးမှ လူနာစစ်ဗိုလ်များ၏ ခေါင်း အုံးအောက်မှာ ထားရှိနေကြသည့် ပစ္စတို၊ ခြောက်လုံးပြူး စသည့် လက် နက်များကို အချိန်မီလာရောက် သိမ်းဆည်းသွားခြင်းအားဖြင့် အရှည်စိတ် အေးစရာ ဖြစ်ရလေတော့သည်။

(ဖော်ပြပါ ဖြစ်စဉ်ထဲမှ သတင်းပေးသည့် တပ်ကြပ်ကြီး ရွှေကို သည် စစ်ပြီးကာလ ရုပ်ရှင်မင်းသားရွှေကို ဖြစ်ကြောင်း ထည့်သွင်းဖော်ပြ ထားသည်။)

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)
# ဂျပန်ခေတ်ဘီအိုင်အေဆေးရုံကြီးပေါ်မှ
# စေတနာဖခင်၊ စေတနာမိခင်

ဆရာကြီးဦးဘသန်းနှင့် ဒေါက်တာမြင့်ဆွေ အပါအဝင် ဆရာဝန်များ၊ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်တို့ အပါအဝင် ဆရာမကြီး၊ ဆရာမလေးအားလုံးတို့ကို အမှန်အတိုင်း လေ့လာကြည့်လျှင် 'စေတနာဖခင်၊ စေတနာမိခင်' ဟု အမည်ပေးထိုက်ပါသည်။

မြန်မာသမားတော်၊ ခေတ်မီသမားတော်နှင့်သမားတော်များ သူနာပြုများသည် သူတို့လုပ်ငန်းကိုက စေတနာမပါ၍ မဖြစ်။ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာ စသည့် ဗြဟ္မစိုရ်တရား လေးပါးနှင့် တစ်ကြောင်းမဟုတ်တစ်ကြောင်း ဆက်သွယ်၊ ယှက်နွှယ်နေရသော အလုပ်ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂျပန်ခေတ် ဆေးရုံ၏ အမှုထမ်းကြီးငယ်မှန်သမျှသည် ပိုမို၍ မေတ္တာစသော ဖြဟ္မစိုရ်နှင့် ရွှန်းရွှန်းစိုတမျှ ပတ်သက်နေပါသည်။

အကြောင်းမှာ ငွေကြေးလာဘ်လာဘကိစ္စ လုံးဝမပါရှိ၊ မရရှိ၊ ဘာမျှ အာမခံချက်မရှိ၊ စားဖို့၊ နေဖို့၊ ဝတ်ဖို့ပင် မျှော်လင့်ချက် တစ်စုံတစ်ရာ မရှိ။ မရရှိကြပဲ စေတနာသက်သက် မေတ္တာဖက်၍ စေတနာ၊ ဝါသနာ၊ အနစ်နာခံကြလျက် တကယ့်ပင်ကိုစိတ်ရင်း စေတနာ မေတ္တာဖြင့် ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးနေခြင်းကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။

အများနည်းတူ စစ်ပြေးဒုက္ခသည်တွေနှင့် ရောနှောပြေးလွှားလျက် လွတ်ရာလွတ်ကြောင်း၊ အေးရာအေးကြောင်းနေလျှင်လည်း အပြစ်လုံးဝမရှိသည့်အချိန် ဖြစ်၏။

ပြေးစရာ မြေမရှိ။ ပေးစရာ ငွေမရှိဆိုသော အဖြစ်မျိုးများ လုံးဝမဟုတ်။ ပြေးလျှင် နိုင်ငံခြားအထိ အင်္ဂလိပ်များနှင့်အတူ ရောယောင်ပြေးသွားပြီး လုပ်ငန်းဆောင်တာနှင့်တကွ အဆင်ပြေပြီးသားများ ဖြစ်ကြပါလျက် စားဝတ်နေရေးအတွက် လုံးဝအာမခံချက်မရှိ။ လစာမရှိ။ တာဝန်ယူ ထောက်ပံ့မည့်သူ မရှိ။ ဆေးဝါးပြည့်စုံမှု မရှိ။ ဆေးကုရန် ကိရိယာပြည့်စုံမှု မရှိ။ အမှုထမ်း ပြည့်စုံမှု မရှိ။ နောက်ဆုံး မိမိတို့၏ အသက်အန္တရာယ်အတွက် ကာကွယ်ပေးနိုင်လောက်သည့် တာဝန်ခံ မရှိ။ နေ့စဉ်အစားအသောက်မှအစ အိမ်စကနားနေမှုမှအစ လုံခြုံပါမည်ဟု တာဝန်ခံ မရှိ။

ဤသို့ မရှိပေါင်းများစွာကြားထဲကမှ မူလဆေးရုံကြီးမှာ ကြိတ်မှိတ်ပြီး မိမိတို့၏ အသိပညာ၊ စေတနာ၊ မေတ္တာအရ ကျောမှိုင်းသင့်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လူနာတို့အား ပစ်မထားရက်သဖြင့် ကိုယ်ချင်းစာမိကြသဖြင့် တိုင်းပြည်၏လွတ်လပ်ရေးတိုက်ပွဲ အကျဉ်းအကျပ်ကာလထဲမှာ ကျန်းမာရေးကဏ္ဍကြီးကို အရေးကြီးမှန်းသိသဖြင့်သာ ဆောင်ရွက်ကြပါသည်။

ဤဆရာကြီး၊ ဆရာမကြီးများ၏ စေတနာသည် ရိုးရိုးစေတနာမဟုတ်။ အသက်ကိုပေးလျက်သာ ဆောင်ရွက်ကြရလေသည်။

အပြင်မှာက လေယာဉ်ပျံများက တဝဲဝဲ။ ဗုံးမိုးက တသဲသဲ။ မီးမလာ၊ ရေမရှိရသည့် ဘက်စုံချွတ်ခြုံကျ ကာလဆိုးကြီးထဲကမှ ကိုယ့်အရေးထက် သူ့အရေး၊ လူနာမှန်သမျှတို့၏ သက်ရှင်ကျန်းမာရေး၊ စိတ်ချမ်းသာရေးမျိုးစုံကို မရှိသည့်ကြားက တက်စုံရွက်စုံဖွင့်လျက် စေတနာစိတ်ဓာတ်၊ မေတ္တာစိတ် သက်ရောက်ကာ ကိုယ်ချင်းစာတရားဖြင့် ကြည်ဖြူစွာ အနစ်နာခံကာ လုပ်ဆောင်နိုင်သော စိတ်ဓာတ်နှင့် ဇွဲ၊ လုံ့လ၊ ဝီရိယစိတ်ဓာတ်တို့သည် သာမန်စိတ်မျိုး မဟုတ်ပါ။

ဤ ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်အစဉ်သည် ဗုဒ္ဓဟော ကြားမေတ္တာတရားနှင့်ပါ အကျွမ်းဝင်လျက် ရှိသည်ဟု ဆိုနိုင်ပေါ့ပါသည်။

## ဗုဒ္ဓအလိုကျ မေတ္တာဝါဒ

ဗုဒ္ဓသည် သတ္တဝါအနန္တတို့၏သန္တာန်တွင် ပြစ်မှားတတ်သော ဒေါသစိတ်ကို တစ်ရံတစ်ခါလေးမျှ မဖြစ်စေချင်ပေ။ အေးမြဖြူစင် ကြည်လင်သော မေတ္တာဓာတ်ကိုသာ အစဉ်အမြဲရှိနေစေလိုသည်။ မည်မျှထိရှိနေစေချင်သနည်း ဆိုသော် . . .

"ရေသည် လူကောင်း၊ လူဆိုးမရွေး စင်ကြယ်အေးမြစေခြင်းကို ထပ်တူပြုမှုသကဲ့သို့ မိမိအပေါ် ကောင်းကျိုးပြုသူကိုဖြစ်စေ၊ အကျိုးမဲ့ကြောင်းကိုပင် ပြုသူကို ဖြစ်စေ၊ မေတ္တာစိတ်ဓာတ်ကို ထပ်တူညီမျှ ထားရှိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှသာ ချမ်းသာရ၏။ (ပုဒ္ဓဝံသ အဋ္ဌကထာ-၁၇၇)

ဤဆေးရုံကြီးမှာ လူဆိုးလူကောင်း ရန်သူမိတ်ဆွေမရွေး ကျန်းမာရေးချို့တဲ့သူမှန်သမျှကို တစ်ပြေးညီ ဆောင်ရွက်ကြလေ၏။ မြန်မာနှင့်တိုင်းရင်းသားများသာမက ဂျပန်များကိုပင် ရာထူးကြီးငယ်မရွေး ဒဏ်ရာ ကြီးငယ် အသွယ်သွယ်ကို လူနာအနေဖြင့် ပြုစုကုသ ပေးကြရလေသည်။

ကုသသည်ဆိုကတည်းက အနာရောဂါ ဝေဒနာပျောက်ကင်း ချမ်းသာရေးကို အဓိကရည်စူးလျက် ကုသပြုစုနေကြလေရာ မေတ္တာ၊ စေတနာ ရှေ့ထားပြုစုခြင်းဖြင့် ဆေးဝါးခါတ်စာ ရှားပါးလှသည့် ထိုခေတ်ကာလကြီးထဲမှာ အနာရောဂါဝေဒနာရှင်များစွာမှာ အံ့မခန်း အနာရောဂါပျောက်ကင်းကြကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာရာရကြခြင်းက သက်သေသာဓကအဖြစ် လေ့လာတွေ့ရှိရပါသည်။

ဘုန်းလေးရာ ဖရုံဆင့်

ဤပြည်သူ့ဆေးရုံကြီးမှာ နေ့မအား၊ ညမအားဖြစ်ရလောက်အောင် ဒဏ်ရာမျိုးစုံ၊ ဝေဒနာမျိုးစုံ၊ လူတန်းစားမျိုးစုံတို့ကို ဆရာကြီး ဦးဘသန်း ဦးဆောင်၍ ဒေါက်တာမြင့်ဆွေ၊ ဗိုလ်လှသမိန်နှင့် ဆရာဝန်များ၊ သူနာပြုများထဲမှ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည် စသည့် ဆရာမကြီး၊ ဆရာမလေးများသည် နေ့မအား၊ ညမအား အမှုထမ်းရှာရသည့်အထဲက သူ့အလုပ်၊ ကိုယ့်အလုပ်မရွေးဘဲ ကြုံသလို၊ ကျသလို လုပ်ကြ၊ ကြုံရာကျဘာန်းစားကြရ၊ ဆေးရုံမှာပင် ရေမလာ၊ မီးမရှိကြားထဲ ဤသို့ အိပ်ကြရနှင့် နေ့စဉ် ဂျပန်များက သူတို့ဆေးရုံကြီးအဖြစ် သူ့ဆရာဝန်၊ သူ့သူနာများဖြစ်သော ရွှေတောင်တိုက်ပွဲ ဒဏ်ရာရ အရာရှိ၊ အရာခံ၊ အကြပ်



www.burmeseclassic.com

www.burmeseclassic.com



တပ်သားများကိုချည်း ကုသနေကြသဖြင့် ဆရာကြီးဦးဘသန်းသည် နေရာကောင်း အဆောက်အအုံတစ်ခုကို တပည့်များနှင့် အရေးပေါ် ရှာ၊ ပစ္စည်းရှာ၊ ဆေးရှာ၊ လူ (အမှုထမ်း) ရှာပြီး ဘီ အိုင် အေ ဆေးရုံကြီး ဟူ၍ ချက်ချင်း လက်ငင်းပင် နုတ်တို့ဖန်၊ ရေကန်အသင့် ကြာအတင့်ဖြင့် ရှိသမျှ လူအင်အား၊ ရှိသမျှဆေးဝါး အနည်းငယ်ပါသမျှ ပစ္စည်းကိရိယာ တို့ဖြင့် မြန်မာတိုင်းရင်းသား၊ လွတ်လပ်ရေးတိုက်ပွဲဝင် အာဇာနည်များနှင့် လူတန်းစားမျိုးစုံတို့ကို ဆက်လက်ဖန်တီး ကုသပြုစုပေးကြရသည့် ကျန်းမာရေး ဖြည့်စွမ်းမှု စေတနာမေတ္တာမျိုးသည် သာမန်စိတ်ဓာတ်အင်အား ဖြင့် မဖြစ်နိုင်ကြပါ။

ဤသို့ ကြီးလေးသော တာဝန်ဝတ္တရားကို မည်သူတစ်ဦး တစ်ယောက်ကမျှ ငွေပေး၊ ရာထူးပေး၍ တာဝန်ပေးထားသည် မဟုတ်။ ဘာငွေ၊ ဘာရာထူးမျှ မမျှော်လင့်။ မျှော်လင့်စရာ မရှိ။ ပကတိ စေတနာ၊ မေတ္တာမှလွဲ၍ အခန့်မသင့်က ဗုံးဆန်ထိ၍ ဂျပန်ဖမ်း၍ စသည့် ရန်သူမျိုး ငါးပါးနှင့် ကျောနား၊ ရင်နားကပ်ထားပြီး လုပ်နေကြရသည်။

သည်နေရာတွင် မိမိတို့၏ လုပ်ရိုးလုပ်စဉ် ဆေးရုံကြီးအား ဂျပန်က အပိုင်စီးလိုက်သည့်အခါမှာလည်း ခါးကော့ပြီး ကိုယ့်အရပ်၊ ကိုယ့်အိမ် ကိုယ်ပြန်ပြီး အေးဆေးစွာ စစ်ဘေးရှောင်လျက်နေပါက ရနိုင်ပါသေး၏။

ဆရာကြီး ဦးဘသန်းနှင့် ဆရာဝန်၊ ဆရာမများ၏ လက်မလျှော့၊ လက်မတွန့်၊ နောက်မဆုတ်သည့် ဇွဲ သတ္တိသည် မြင့်မြတ်သော စိတ်ဓာတ်ကြီးများနှင့် စေတနာ၊ မေတ္တာအခြေခံများကို ကောင်းစွာမြင်တွေ့နေရလေသည်။

ဆရာကြီးဦးဘသန်းသည် ဤသို့ ဘီ အိုင် အေ ဆေးရုံကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ် ကြံ့ခိုင်ဖန်တီးနိုင်လိုက်ခြင်းဖြင့် မြန်မာ့သူရဲကောင်း အာဇာနည်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်မျိုးချစ်ပုဂ္ဂိုလ်များစွာ၊ သခင်များစွာနှင့် လူတန်းစားမျိုးစုံတို့၏ ရောဂါမျိုးစုံ၊ အသည်းအသန် ဒဏ်ရာမျိုးစုံတို့ကို ကုသပေးနိုင်ခြင်းဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာရာ ရရှိကြစေပြီး လွတ်လပ်ရေးအတွက် တော်လှန်ရေးတိုက်ပွဲများကို အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ကြသည် မဟုတ်ပါလား။

ဤသို့ ကြီးကျယ်မြင့်မြတ်သော စိတ်ထားမျိုးကို အချိန်၊ ကာလ၊ ဒေသ၊ ပယောဂအရ တစ်ပြေးညီ အချိန်မီ ကိုယ်ကျိုးစွန့် ဆောင်ရွက်ခြင်းတို့မှာ 'တိုင်းပြည်လွတ်လပ်ရေး' မှတစ်ပါး အခြားရည်ရွယ်ချက် မရှိကြ။

'စေတနာ အနစ်နာ၊ ဝါသနာနှင့် သည်းခံမှု' ဖြင့် ကာလဒါနမျိုးသည် စေတနာမေတ္တာမျိုးဟုဆိုက ရနိုင်လောက်ပါသည်။

သို့ဖြစ်၍ ဤသမားတော်ကြီး၊ ဤဆရာဝန်၊ ဤဆရာမကြီး၊ ဆရာမလေးတို့အား စေတနာဖခင်၊ စေတနာမိခင်ဟု ကျေးဇူးရှင် ခင်ပွန်းကြီးဆယ်ပါးသို့ ဝင်၊ မဝင် စဉ်းစားစရာမလိုတော့ပဲ အလိုလို တန်းဝင်၊ စခန်းဝင်ပုဂ္ဂိုလ်များ ဖြစ်နေကြပါသည်။

ထိုပုဂ္ဂိုလ်တို့၏ စေတနာ မေတ္တာကို အဘယ်ပေတံဖြင့် တိုင်းတာလျက် အဘယ်ဥစ္စာပစ္စည်း၊ ငွေကြေးတို့ဖြင့် တန်ဖိုးဖြတ်ကြပါမည်နည်း။

## ဤမှန်ကန်သော စေတနာ၊ မေတ္တာကြောင့်

ဤဆရာဝန်ကြီးနှင့် ဆရာဝန်များ၊ သူနာပြု ဆရာမကြီး၊ ဆရာမလေးများသည် ဤမျှ ဖုံးမိုးရွာကာ ရန်သူမျိုးငါးပါးက ကျောနား၊ ရင်နားကပ် ပြဿနာမျိုးစုံ ရှာနေသည့် အန္တရာယ်ပေါင်းစုံ၏ စက်ကွင်းပစ်မှတ်ထဲမှာ စေတနာ၊ မေတ္တာ၏အကျိုးကြောင့် -

www.burmeseclassic.com

www.burmeseclassic.com



- ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်မှ လွတ်ကြရ၏။
- ဆေးရုံပေါ် ပုံးမိုးကျသည့်တိုင် ပုံးဆန်မှ လွတ်ကြရ၏။ မှည့်တစ်ပေါက် မစွန်း။
- အနီး၊ အဝေးဖြစ်သော ရန်သူတို့၏ သေကြောင်းကြံ အဖြစ်ဆိုးတို့မှ ကွေကွင်းကြရ၏။
- အချိန်ကျက စားသောက်စရာ ကောင်း၊ မကောင်း အပထား ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက် ရေလုံပြုတ်မျှဖြင့်ပင်(အငတ်မခံ) ပုံမှန်စားကြရ၏။
- အန္တရာယ်ကြားထဲမှာ ကောင်းစွာအိပ်စက်နိုင်ကြ၏။
- ဆရာကြီးဦးဘသန်း၏ ဉာဏ်အမြော်အမြင်ကြောင့်ဟု ဆိုကရနိုင်သည့် စိတ်၏ဖြေရာ ဂီတရသများနှင့်ပင် စိတ်ပျက်စရာဘဝကို စိတ်ချမ်းသာရာရစေ၏။

ဖော်ပြပါအတိုင်း ဒုက္ခ၊ သောက၊ အသက်အန္တရာယ်များကြားမှ ကိုယ်ကျိုးစွန့် အများအကျိုးဆောင် ပရဟိတလုပ်ငန်းသက်သက်ကြီးမှာ ဆရာကြီးဦးဘသန်းသည် တပည့်ဆရာဝန်၊ ဆရာမတွေနှင့် နီးစပ်ရာ လူနာများ စိတ်ဓာတ်မကျစေရေး၊ စိတ်ဓာတ် တက်ကြွစေရေး၊ စိတ်ဓာတ် လန်းဆန်းစေရေးတို့အတွက် မိမိအပါအဝင် မိမိ၏သမီးလေး ကစ်တီ (ခေါ်) ဒေါ်ခင်မေသန်း (နောက်သော် ဗိုလ်ချုပ်ကြီးနေဝင်းကတော်)က စန္ဒရားတီး အပါအဝင် ဒေါက်တာမြင့်ဆွေက တယော စသည်ဖြင့် ဂီတဝိုင်းလေးတစ်ဝိုင်းကို ကြံဖန်ကာ ဖန်တီးပြန်ပြီး အနားမရနှင့် ရသည့်နားချိန်မှာ မြန်မာသံတေးတို့ဖြင့် ဆိုကြ၊ တီးကြ၊ အပန်းဖြေ ပေးကြလေသည်။

သို့ဖြစ်ရာ ဂျပန်ခေတ်ဆေးရုံကြီးမှာ အဓိကအားဖြင့် လူနာကုသရေး၊ အမှုထမ်း၊ ဆေးဝါး၊ ကိရိယာ ရှာဖွေရေးအင်အားဖြည့်ရေးနှင့် ဖျော်



www.burmeseclassic.com

www.burmeseclassic.com



ဖြေရေးတို့သည် အံ့ဝင်ခွင်ကျဖြစ်ကာ ဆရာ၊ ဆရာမတို့၏ စေတနာ မေတ္တာနှင့် အနုပညာများနှင့်ပါ သိမ်မွေ့စွာ ထုံမွမ်းပြည့်စုံနေစေလေသည်။

စေတနာ၊ မေတ္တာနှင့်ဂီတတို့သည် ဒေါသကို တိုက်စား ဖုံးပိတ်စေလေသည်။ တချို့ လူနာတွေမှာ မခံမရပ်နိုင်အောင် ဒဏ်ရာ၊ ဝေဒနာ အနာရောဂါကြောင့် ဆရာ၊ ဆရာမတွေကို မကြုံသင့်ရာကြုံ၊ မပြောသင့်ရာ ပြောသည်မှအစ ဆဲဆို ကြိမ်းမောင်းသည်အထိ ဤတစ်ယောက်မှ ဒေါသပေါက်ကွဲမှုမျိုးစုံကို ဤဆေးရုံကြီးမှ ဆရာဝန်ကြီးဦးဘသန်းနှင့် ဆရာ၊ ဆရာမများစွာက စေတနာ၊ မေတ္တာ၊ ဂီတတို့ဖြင့် အစပျောက် ကိစ္စတုံး ဥပေက္ခာပြုဖြစ်ကြလေသည်။

"နတ္ထိ၊ ဒေါသ၊ သမော ကလိ" ဒေါသနှင့်တူသော အပြစ်ဟူ၍ မရှိဟု ဒေါသဖြစ်မှုမှန်သမျှ ပျက်စီးရာပျက်စီးကြောင်းကသာ များလေရာ လူနာတို့အပေါ် ထားရှိအပ်သော၊ ထားရှိပြီးသော စေတနာ၊ မေတ္တာကို ဒေါသဖြင့် မဖျက်ဆီးနိုင်၊ မေတ္တာမပျက်၊ သစ္စာ ပန္နက်ခံ စေတနာမှန် ကောင်းကျိုးသာ ဆက်ဖြစ်ကြလေ၏။

"ကတိသစ္စာ၊ တည်သောခါဝယ်၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်" ဖြစ်ရလေ၏။ စေတနာ၊ မေတ္တာ၊ သစ္စာ၊ ဆေးပညာတို့ ပေါင်းစပ်လျက် ကောင်းမြတ်သော အကျိုးကျေးဇူး ဖြစ်နေပြီ မဟုတ်ပါလော။

## သမားဂုဏ်နှင့် မေတ္တာ

သမားကောင်းဂုဏ်တွင် စေတနာ၊ မေတ္တာနှင့် ကျွမ်းကျင်သော ပညာရပ်များအပြင် စိတ်ရှည်၊ ဇွဲသန်၊ သည်းခံရသည့် အချက်များပါ ပါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လေသည်။ ထို့ပြင် ကာလ၊ ဒေသ၊ ပယောဂကိုပါ ဆင်ခြင်တိုင်းထွာနိုင်ကြရလေသည်။ တပည့်ငယ်သားများနှင့် လူနာတို့အပေါ် သားသမီးလိုသဘောထားနိုင်ကြလေသည်။

သို့ဖြစ်၍ ဆရာကြီးဦးဘသန်းကလည်း မိမိ၏အရည်အချင်းပြည့်မီသော တပည့်မ ဆရာမကြီးဒေါ်ခင်ကြည်အတွက် ဂရုတစိုက်အလိုက်တသိ ရှိလှလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာအခမ်းအနားအတွက် ခန်းဝင်ပစ္စည်းများကို ဗိုလ်ချုပ်ဈေးမှ ကာယကံရှင် ဒေါ်ခင်ကြည်က ဝယ်ယူစုဆောင်းစီစဉ်နေကြသကဲ့သို့ ဤလက်ထပ်ပွဲအတွက်ကိုဆရာကြီးဦးဘသန်းကိုယ်တိုင်လည်း လိုအပ်သောပစ္စည်းများကို အထူးဂရုစိုက်ပြီး ရှာဖွေဝယ်ခြမ်းပေးပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအဖို့မှာ ဂျပန်ခေတ်တစ်လျှောက် မြန်မာစစ်ဦးယူမ်တွေမှာ ဂျပန်စစ်ဗိုလ်များနည်းတူ စစ်ဝတ်စုံတစ်စုံ၊ သက္ကလပ်ရေညှိစိမ်းတစ်စုံ၊ ရှပ်အင်္ကျီအဖြူ လက်တိုတစ်ထည်၊ စွပ်ကျယ်နှစ်ထည်၊ သုံးထည်သာ ရှိ၏။ ဗိုလ်ချုပ်အောင်ဆန်းမှာလည်း ဤမျှသာ ရှိလေသည်။

အတိအကျဆိုရသော် ယူနီဖောင်းရေညှိရောင်တစ်စုံ၊ ရှပ်အင်္ကျီနှစ်ထည်၊ စွပ်ကျယ်လက်စက တစ်ထည်၊ ချည်လုံချည်နှစ်ထည်သာမင်္ဂလာဆောင်ခါနီးအထိ ဗိုလ်ချုပ်အောင်ဆန်းမှာ ရှိပါသည်။

ခမ်းထောင်ပြုတော့မည့် လက်ထပ်ခါနီးမှ သတို့သားအတွက်ပိုးလုံချည်လေး၊ တိုက်ပုံအင်္ကျီလေးတစ်ထည် လိုသဖြင့် ဗိုလ်ချုပ်အောင်ကြီး (သခင်အောင်ကြီး-ပေါင်းတည်) နှင့် ကိုမောင်မောင် (စာအတိုင်းရေးသည်)နှင့် ယခင်ရန်နိုင်ဈေး(ခေါ်) ယခု ဗိုလ်ချုပ်ဈေးသို့သွားကာ သတို့သားအတွက် ဘန်ကောက်ပိုးလုံချည်တစ်ထည် ဝယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်ရွေးရာမှာ ထော်လော်ကန့်လန့်ဟု ဆိုရသော်လည်း အရောင်ရှားပြီး သက်န်းရောင် ဝါဝါထိန်ထိန်ကြီးက တစ်ထည်၊ ကတ္တီပါ ပိန်းတန်းဖိနပ်သစ် နက်ပြာရောင်တစ်ရံနှင့် ထိုဗိုလ်ချုပ်ဈေးရှိ ဗိုလ်ချုပ် အောင်ဆန်းနှင့် လုံးတူရွယ်တူရှိသည့် လူတစ်ယောက်ကို ရှာရွေး တိုင်းတာပြီး ရှပ်အင်္ကျီကော်လံမပါ တစ်ထည်နှင့် အပြင်ဖုံး တိုက်ပုံအင်္ကျီ တစ်ထည် ချုပ်ပေးကြသည်။ ထိုစဉ်က ဘန်ကောက်လုံချည်ကို တစ်ဆယ်ကျပ် တိတိ ပေးရသည်။ (ထိုလုံချည်သည် တာဝါလိန်းဗိုလ်ချုပ်ပြတိုက်မှာ တွေ့ နိုင်သည်)

ဗိုလ်ချုပ်က ထိုအရောင်ကို အလွန်သဘောကျပုံပေါ်၍ ဝယ်ပေး ကြသည်။ ထိုရက်ပိုင်းမှာ ဗိုလ်ချုပ်၏ကြင်ယာတော် ဒေါ်ခင်ကြည်သည် ထမင်းအိုး၊ ဟင်းအိုးများ ဝယ်သည်။ မင်္ဂလာဆောင်ပြီး ဒေါ်ခင်ကြည် ကိုယ်တိုင် ချက်ပြုတ်ပါသည်။

အင်္ဂလိပ်က မဖြောင့်၊ ဂျပန်က တမှောင့်၊ တိုင်းပြည်မှာ အလွန် မှ အနှောင့်အယှက် များလွန်းချိန်ပြီးမှ အားလုံးက အားကိုးအားထား ခေါင်းပေါ်တင်ထားကာမှ အိမ်ထောင်ပြုလျှင် စစ်အေးမှုပြုရန်ဟု ဖြစ်စေ ချင်သည့် အများမျှော်လင့်ချက်ကို အိမ်ထောင်ရေး ဆန့်ကျင်သည်။ အိမ် ထောင်ရေးမှာ နစ်မွန်းသွားလျှင် တိုင်းရေး ပြည်ရေးကို ရာနှုန်းပြည့်မလုပ် နိုင်မှာကို စိုးရိမ်တကြီးဖြစ်ကာ ဗိုလ်ချုပ်နှင့်ဒေါ်ခင်ကြည်တို့ မင်္ဂလာ ဆောင်ကို အရွဲ့တိုက်ကြသည့် နောက်လိုက်ငယ်သားများကို ဗိုလ်ချုပ်သည် မသိသလို အပါဆွဲခေါ်နိုင်ခဲ့သည်။

လက်ထပ်ရန်အချိန်ကာလတို့သည် သတို့သား၊ သတို့သမီးတို့ အား ပိုမိုနီးကပ်စေသည့်တိုင် သတို့သား ဗိုလ်ချုပ်အောင်ဆန်းသည် မိမိ၏ တိုင်းရေးပြည်ရေးလုပ်ငန်းများအား တစ်စမကျန်၊ လစ်ဟင်းမခံသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးဒေါ်ခင်ကြည်ဘက်ကလည်း ဆေးရုံ၏ မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို လုံးဝ လစ်ဟင်းမခံ။ ထမ်းဆောင်မြဲ ထမ်းဆောင် လျက်ရှိနေလေသည်။

ဒေါ်ခင်ကြည်သည် လုပ်ငန်းတာဝန်ကို တာဝန်ကျေပွန်သည် ဆိုသည်ထက် ဤတာဝန်ကျေမှုများနှင့်အတူ ဆရာမများအပေါ်ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် ဖြစ်စေ၊ အထူးသဖြင့် လူနာများအပေါ် တကယ့်စိတ်ရင်းစေတနာ ဖြူစင်စွာ ကိုယ်ဖိရင်ဖိ၊ စိတ်ပါလက်ပါ စွမ်း ဆောင်နိုင်ဖြစ်၏။ အလိုက်တသိရှိခြင်း၊ အကဲခတ် ဆုံးဖြတ်ချက်နှင့် အသိ အမြင် လျင်မြန်ပါးနပ်ခြင်း၊ အရိပ်ပြ အကောင်ထင် သိမြင်တတ်ခြင်း များကြောင့် ဆရာကြီးဦးဘသန်းနှင့် ဆရာဝန်များ ဘဝတူလုပ်ဖော်ကိုင် ဖက်များက လေးစားချစ်ခင်ကြလေသည်။ ဤသည်ကို ဒေါက်တာမြင့် ဆွေက မိမိ၏ဂျပန်ခေတ် ဆေးရုံကြီးဝယ် စာအုပ်တွင်

"ဒေါ်ခင်ကြည်သည် တကယ်ပင် ဆရာမကောင်းတစ်ယောက် ပီသသူ၊ ဆရာဝန်များက အားကိုးရသူဖြစ်၍လည်း မိဘနှင့် ဆရာဖြစ် သော ဆရာကြီးဦးဘသန်း၏ အချစ်တော် ဖြစ်နေခဲ့ရပါသည်။ အရည် အချင်းရှိသည့် တပည့်သားသမီးတို့အား မိဘတိုင်း၊ ဆရာတိုင်းက ချစ်ခင် လေးစား အရေးထားကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အရက်မသောက်။ ငယ်စဉ်မှအစ ထန်းရည်မျှပင် မသောက်။ မိမိ၏ဘဝလုပ်ငန်း ရည်ရွယ်ချက်ကို အပျက် မခံ။ အမူးဘဝဖြင့် အနစ်မွန်းမခံကြောင်း တွေ့ရှိရသည်။ ရဲဘော်အပေါင်း အသင်းများနှင့် လိုက်လျောကာ သောက်ခဲ့သည့် တစ်ကြိမ်တည်းနှင့် အရက်ကို စွန့်ပစ်ခဲ့ကြောင်း သိရ၏။ အပျော်အပါး လိုက်စားမှုမရှိ။ ဂျပန် သို့ရောက်စဉ် ဒေသခံအကြီးအကဲတို့၏ အကဲစမ်း မြှူဆွယ်တိုက်တွန်းမှု



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပင် ခါးသီးစွာမြင်းဆန်ခဲ့သည်။ ခြုံငုံ၍လေ့လာပါက အသောက် အစား၊ အပျော်အပါးများကင်းသူ ဖြစ်လေသည်။ မိမိ၏ ဦးတည်ရည်မှန်း ရာ တိုင်းပြည်လွတ်လပ်ရေးရဖို့သာ တစ်စိတ်တည်း၊ တစ်ဖြောင့်တစ်လမ်း တည်းမှာ ထာဝရဖြောင့်ဖြူးစွာ စံပြအဖြစ် ရပ်တည်ပြသွားခဲ့လေသည်။

သူ့ဘဝ စားဝတ်နေရေးကိုပင် ပစ်စလက်ခတ် ပစ်ပယ်ထားကာ ကြုံသလိုနေ၊ ကြုံသလိုအိပ်၊ ရှိတာသာဝတ်၊ ရတာစား၊ မရှိ မရကက မစားဘဲနေနိုင်ခဲ့သည်အထိ ခြိုးခြံဆင်းရဲခံနိုင်ရာမှာလည်း စံပြဖြစ်ခဲ့ ကြောင်း အသီးသီးရေးဖွဲ့နိုင်အောင် စာတွင်ခဲ့လေသည်။

ဒေါ်ခင်ကြည်ကို ဆေးရုံမှာတွေ့ပြီး မိမိစိတ်ဆုံးဖြတ်ချက်ချပြီး သော် မိမိ၏ကျောင်းသားဘဝက စိတ်ကူးယဉ်ဇနီးလောင်း၏ အရည် အချင်းပြည့်မီသည်ဟု အပိုင်တွက်ကာ အရယူလေသည်။ ဤသည်ကို အဖျားရောဂါပျောက်ပြန်တော့ မိန်းမယူရေးရောဂါ စွဲကပ်ကြောင်း ဆို ကြ၊ ရေးကြပြန်သည်။ စေတနာစော၍ ပြောကြ၊ ရေးကြခြင်းဖြစ်နိုင်ပါ၏။

ဘယ်သူတွေက ဘာတွေပြောပြော ဗိုလ်ချုပ်သည် ပြောသလို လုပ်ပြီး လုပ်သလိုပြောတတ်သည့် လက်တွေ့ဒိဋ္ဌသမားဖြစ်သဖြင့် သူ့ကိစ္စ နှင့်သူ ဖြစ်အောင်လုပ်မှာ သေချာဖြစ်၏။

ဤတွင် စာရေးဆရာကြီး ရွှေဥဒေါင်း၏ အရေးအပြောနှင့် ဆိုရပါက ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်း၏ တစ်ဦးတည်း သော ပြိုင်ဘက်မမြင်၊ ကြင်ယာတော်အဖြစ် မေတ္တာရှိခဲ့ပုံမှာ

"စံဒေဝီကို ချစ်ကြိုက်ခဲ့ခြင်းနှင့်တူညီသော မေတ္တာမျိုးမှကား တစ်သက်တာတွင် တစ်ဦးတစ်ယောက်မျှ မကြုံခဲ့ဖူးပေ"

ဟု ဆိုသော ဆရာကြီးရွှေဥဒေါင်း၏ စံဒေဝီအပေါ် ချစ် မေတ္တာမျိုး ဖြစ်နေလေသည်။ ဗိုလ်ချုပ်သည် သူ့အိမ်ထောင်ကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်နှင့် မင်္ဂလာဆောင်သောအခါမှာလည်း သူ့ ကိုယ်ပိုင်စစ်ယူနီဖောင်းဖြင့်ပင် မင်္ဂလာဆောင်ကြောင်း ဓာတ်ပုံများကို ထောက်ထားကိုးကားပြီး သိနိုင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)
## လက်ထပ်ပွဲမကျင်းပမီ အကြိုတစ်ရက်

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်၏ လက်ထပ်ပွဲ ကျင်းပမည့်ရက်မှာ ၁၉၄၂ ခုနှစ် စက်တင်ဘာ ၆ ရက်။ ယခု ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၅ ရက်။ တစ်ရက် အကြိုနေ့က ဒေါ်ခင်ကြည်၏ဆောင်ရွက်ချက်ကို ကြည့်မြင်ရပါက ဒေါက်တာမြင့်ဆွေ ညသန်းခေါင်ယံအချိန် အိပ်မောကျကာလ အပြင်မှတံခါးခေါက်သဖြင့် အိပ်ရာမှ နိုးထပြီး အခြေအနေကို လေ့လာသောအခါ . . .

"မောင်မြင့်ဆွေ . . . ဆရာပါကွ။ အရေးတကြီး ခွဲစိတ်ဖို့ ရှိတယ်။ ခွဲစိတ်ခန်းကို ပြင်ဖို့ မခင်ကြည်နဲ့ အထွေးတို့ကို နှိုးလိုက်ပါဦး "

ဆရာကြီးဦးဘသန်းဖြစ်သဖြင့် ဆရာကြီး၏အစီအစဉ်အားလုံး အတိုင်း ပြင်ဆင်လိုက်သည်။ ခွဲစိတ်ခန်းမှာက ထိုညက မီးက မလာပြန်ပါ။ ဆရာမ ဒေါ်ခင်ကြည်၊ ဒေါ်တင်ထွေးနှင့် ဒေါက်တာမြင့်ဆွေတို့သည် အိုပီဒီဘက်သို့ သက်ဆိုင်ရာပစ္စည်းများကိုယ်စီဖြင့် လျှောက်လာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိုပီဒီအခန်းရှေ့ရှိ အခန်းကြီးထဲတွင် ဆရာကြီးဦးဘသန်းသည် ကုလားထိုင်တစ်လုံး၌ ထိုင်စောင့်နေလေသည်။ ဆရာကြီးက တပည့်သုံးယောက်ကို မြင်သောအခါ-

"မောင်မြင့်ဆွေ . . . ဆရာ့အနီးကြည့်မျက်မှန် အိမ်မှာကျန်ခဲ့တယ် . . . ပြန်ယူရလိမ့်မယ်"

ဟု ပြောပြီး မျက်မှန်ကိစ္စ မသွားသေးပဲ လူနာထံ စိတ်စောလျက် ခွဲစိတ်ကုသသည့် စားပွဲပေါ်တင်ထားခဲ့သည်။ လူနာရှိရာသို့ ရှေးဦးစွာသွားသည်။ လူနာဖြစ်သောပုဂ္ဂိုလ်မှာ စစ်မဖြစ်မီ အင်္ဂလိပ်ခေတ်က နာမည်ကျော် ဓာတုဗေဒ ကထိကဆရာကြီးတစ်ဦးဖြစ်ကြောင်း တွေ့ရသည်။ ဆရာကြီးဦးဘသန်းမှာ ဤလူနာ အနာရောဂါသက်ရောက်ရာနေရာများကို တစ်ခုချင်း၊ တစ်နေရာချင်း လိုက်လံစစ်ဆေးကာ ဒေါက်တာမြင့်ဆွေအား ဝေဒနာဖြစ်ပုံ၊ ဆက်စပ်ပုံနှင့် ကုသရမည့် အကြောင်းကိစ္စများကိုပါ အသေးစိတ် သင်ပြောပြောလျက် ခန္ဓာဗေဒဆိုင်ရာကို လက်တွေ့ သင်ပြပေးနေသည်။ ပြီးနောက် လူနာအား မေ့ဖီးယား ထိုးပေးကာ ဝေဒနာ သက်သာစေပြီးမှ မျက်မှန်ရယူရန်ကိစ္စကို အကာလ ညအခါကြီးမှာပင်သွားကြရာ လမ်းရှိ သခင်မြထံ ကားအကူအညီတောင်းလျက် မျက်မှန်အား ပြန်ယူရရှိပြီး ဆေးရုံသို့ ပြန်ခဲ့ကြ၏။

ဆေးရုံရောက်လျှင် ဆရာမဒေါ်ခင်ကြည်နှင့် ဆရာမဒေါ်တင်ထွေးတို့သည် ခွဲစိတ်ကုသရာတွင် အသုံးပြုမည့် ကိရိယာများကို ရေနွေးနှင့် ပြုတ်ပြီးဖြစ်နေကြ၍ လူနာအားခွဲစိတ်ရန် အသင့်ပြင်ကြလေသည်။ ဆရာကြီးမှ လိုအပ်သော ကိရိယာများကို အသင့်ပြင်ရန် ထပ်မံသတိပေးချိန်မှာ ဆရာမဒေါ်တင်ထွေးသည် စောစောက ရေနွေးနှင့်ပြုတ်ထားသော ကိရိယာအတွက် ထပ်မံကာ ထင်းမီးနှင့် ရေနွေးအား အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် မီးအားပေးထားလေသည်။ ဆရာကြီးသည် ရေနွေးပြုတ်ပြီး ကိရိယာများ အသင့်ဖြစ်စေ၍ ခဏစောင့်လျက် ရုံးခန်း၌ ဒေါ်ခင်ကြည်နှင့် စကားပြောနေကြသည်။

ဒေါက်တာမြင့်ဆွေမှာ မနီးမဝေးတွင် ခဏထိုင်နေ၏။ ဤတွင် ဆရာကြီးဦးဘသန်းသည် ဒေါက်တာမြင့်ဆွေအား လှမ်းကြည့်လျက် . . .

"A Paragon of Nurses, even on the eve of her wedding She is helping a Surgeon doing operation"

ဟု ပြောလိုက်လေသည်။ ဆိုလိုသည်မှာ . . .

"စံနမူနာတင်လောက်တဲ့ သူနာပြုဆရာမကြီးပေပဲ။ လက်မထပ်ခင် အကြိုညမှာတောင် ခွဲစိတ်ကုသတဲ့ သမားတော်ကို ကူညီပေးခဲ့ပေတယ်" ဟူ၍ ဖြစ်ပါသည်။

ဆရာကြီးဦးဘသန်းသည် ဒေါ်ခင်ကြည်အား ချီးမွမ်းပြော ပြောပြီး လူနာဆီသို့ သွားရောက်ကြည့်ရှုပြီး

"မခင်ကြည် . . . Scrub လုပ်ပေတော့ (ဘရုတ်ရှိုနှင့် ပွတ်တိုက်ပေးခြင်း) အားလုံး အသင့်ဖြစ်နေပြီ"

ဟု ပြောလေသည်။ ဒေါ်ခင်ကြည်သည် သူ ဝတ်ဆင်ထားသော အပြာရောင် ကုတ်အင်္ကျီအနွေးထည်အား ချွတ်လိုက်၏။ သူ၏ လက်များကို ရေစက်တွင် သွားပွတ်တံကလေးဖြင့် စနစ်တကျ ဆေးကြောနေသည်။ ပြီးမှ ခွဲစိတ်ခန်းတွင် ဝတ်ဆင်ရမည့် ဝတ်ရုံကို ဝတ်လိုက်သည်။ ဆရာမ ဒေါ်တင်ထွေးသည်လည်း အကင်းပါး အလိုက်သိလွန်းသူဖြစ်ရကား ဒန်ဘူးထဲရှိ နှာခေါင်းနှင့်ပါးစပ်တို့ကို စည်းထားရမည့် အဝတ်များကိုယူကာ ဒေါ်ခင်ကြည်၏နှာခေါင်းနှင့် ပါးစပ်ကို ဖုံးအုပ်တပ်ဆင်၍ ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဘသန်းကိုမူ ဒေါက်တာမြင့်ဆွေက လိုလေသေးမရှိ ပြည့်ဝတိကျစွာ ဆောင်ရွက်ပေးပြီး ဆရာကြီးညွှန်ကြားသည့်အတိုင်းပင် လူနာ ကထိကကြီးအား မေ့ဆေးပေးလိုက်လေသည်။

"ဆရာ . . . လူနာ မေ့ပါပြီ "

ဟု ဒေါက်တာမြင့်ဆွေ အသိပေးအပြီး ဆရာကြီးဦးဘသန်းသည် လူနာအား စတင်ခွဲစိတ်ကုသလေတော့သည်။ ဆရာကြီး၏ ခွဲစိတ်ကုသချက်များသည် အလွန်မှကျွမ်းကျင်တတ်သိလွန်းလှလျက် အောင်မြင်စွာ အဆင့်ဆင့်ခွဲစိတ်ဆောင်ရွက်ပြီး နောက်ဆုံး အပေါ်ယံအရေပြားကို တင်ချာအိုင်အိုဒင်း ထပ်မံသုတ်လိမ်းပြီး ချုပ်ပေးပြီးသည်နှင့်အတူ ဆရာကြီး၏ ခွဲစိတ်ကုသလုပ်ငန်းကိစ္စတို့လည်း ဆုံးခန်းတိုင်သို့ ရောက်သွားလေသည်။

လူနာ ကထိကကြီးလည်း အသက်မှန်မှန်ရှူကာ အိပ်မောကျနေ၏။ ထိုသို့ ငြိမ်ချက်သားကောင်းလှစွာ စိတ်ချရသည့်အခြေသို့ ရောက်ပြီး လူနာအား နေရာချပေးစေပြီးသည့်အချိန်ကား ညဥ့်သန်းခေါင်ယံမှ နံနက်လင်းအားကြီး ၆ နာရီခွဲနေလေပြီ။ အားလုံးကိစ္စပြီးကြချိန် ဆရာကြီး၏ အရိပ်အခြည်ကို စောင့်ကြည့်နေစဉ်မှာ ဆရာကြီးဦးဘသန်းနှင့် ဒေါ်ခင်ကြည်တို့သည် ဒေါ်ခင်ကြီး ပို့ပေးလိုက်သည့် ကော်ဖီပူပူလေးကို သောက်နေကြလျက် ဒေါက်တာမြင့်ဆွေပါ လုပ်ငန်းပြီး၍ ကော်ဖီဝင်သောက်နေစဉ် ဆရာကြီးဦးဘသန်းက အားလုံးကို အနားယူနိုင်ကြောင်း အသိပေးပြီး ဒေါ်ခင်ကြည်ဘက်သို့ လှည့်ကာ . . .

"အခု ၆ နာရီခွဲနေပြီ။ မခင်ကြည် အခန်းပြန်ပြီး တစ်ရေးအိပ်လိုက်ဦး။ မင်္ဂလာဆောင်က ၂ နာရီမှစမှာဆိုတော့ အိပ်ဖို့အချိန်ရပါသေးတယ်"

ဟု ဆရာကြီးဦးဘသန်း ပြောပြီး နေအိမ်ပြန်သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တပည့်အားလုံးတို့သည် အသီးသီး မိမိတို့အနားယူရာ အခန်းအသီးသီးသို့ သွားကြလေသည်။

ဤတွင် သူနာပြုဆရာမကြီးဒေါ်ခင်ကြည်၏ သူနာပြုဆရာမဘဝ ဇာတ်လမ်းသည် နိဂုံးကမ္ပတ် အဆုံးသတ်ရာဖြစ်လျက် ဤအခန်းကဏ္ဍာ ကန့်လန့်ကာ၏ ဤမှာအဆုံးမှသည်. . ထိုနေ့တစ်နေ့ မွန်းလွဲ ၂ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် လက်ထပ်မင်္ဂလာပွဲကြီးသဘင် ဆင်ယင်ကျင်းပကြတော့မည်သာတည်း။

## ဒေါ်ခင်ကြည်အားအမှတ်ရနေတော့မည့် ဘီအိုင်အေဆေးရုံ

ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်လက်ထပ်ပြီးသျှောင်နောက်ဆံထုံးပါဆိုသလို ဘီအိုင်အေဆေးရုံကြီးနှင့် ခွဲခွာရတော့မည်ဖြစ်သည်။ ဗုံးကြနေသည့် လေယာဉ်များအောက်၊ ကျည်ဆန်သေနတ်သံများအောက် မကြောက်မရွံ့ဖြင့် ဆေးကုသမှုများကိုဆောင်ရွက်ပေးခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များကို ဒေါ်ခင်ကြည်အမှတ်ရနေမည်ဖြစ်သလို ဆေးရုံပေါ်မှ ဆရာကြီးဒေါက်တာဘသန်းနှင့် ဒေါက်တာမြင့်ဆွေ၊ ဒေါ်တင်ထွေးတို့သည်လည်း ဒေါ်ခင်ကြည်ကို အမှတ်ရနေကြတော့မည် ဖြစ်သည်။

ဆရာကြီးဒေါက်တာဘသန်းအားကိုးရသည့် သူနာပြုဆရာမဒေါ်ခင်ကြည်ကို ဘီအိုင်အေဆေးရုံအတွက် လက်လွှတ်ဆုံးရှုံးရတော့မည်ဆိုသည့်အခါ ဒေါက်တာမြင့်ဆွေက ဒေါ်ခင်ကြည်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဟန်ဆောင်မှုကင်းသော၊ ပွင့်လင်းစွာလုပ်ကိုင်ဆောင်ရွက်တတ်ပုံများကို ပြန်ပြောင်းအောက်မေ့နေမိပြန်သည်။

## ဗိုလ်လက်ျာနှင့်ပတ်သက်၍

၁၉၄၂ ခုနှစ် မေလ၏ နောက်ဆုံးပတ်အရောက်တွင် ဤဘီအိုင်



www.burmeseclassic.com

www.burmeseclassic.com



အဆေးရုံကြီးသို့ လူမမာအဖြစ်နှင့် ဆေးကုသခံရန် ရှေးဦးစွာ ရောက်လာသည့်ပုဂ္ဂိုလ်မှာ ဗိုလ်လက်ျာ (ခေါ်) သခင်လှဖေ ဖြစ်သည်။ ဗိုလ်လက်ျာသည် ထိုစဉ်က မေဂျာဂျင်နရယ်အဖြစ် လူသိများခဲ့သည်။

ဗိုလ်လက်ျာသည် ဗမာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ သက်စွန့်ကြိုးပမ်း မနားတမ်း ကြိုးပမ်းရာမှ အအိပ်မမှန်၊ အစားမမှန်သည့်အပြင် ခရီးကပန်း၊ လမ်းကကြမ်းမှာ နေ့ည ရက်လကြာရှည် ပင်ပန်းဒဏ်ကြောင့် အားကုန်အားပြတ်ဖြစ်နေသည့်အတွက် ဆရာကြီးဦးဘသန်းက ဘီအိုင်အေဆေးရုံကြီး အပေါ်ထပ် သီးသန့်ခန်း (ဒေါက်တာမြင့်ဆွေ၏ အပေါ်တည့်တည့်အခန်း) မှာထားကာ ဆေးဝါးကုသပေးနေခြင်း ဖြစ်၏။ ဆရာကြီးဦးဘသန်းနှင့်တကွ ဒေါက်တာမြင့်ဆွေ၊ ဗိုလ်လှသမိန်နှင့် ဆရာ ဆရာမ၊ သူနာပြုများ ဝိုင်းဝန်းဂရုတစိုက် ကုသကြခြင်းဖြင့် ဆရာ့ဆရာများ၏ မေတ္တာကြောင့် ကျန်းမာရေးကောင်းမွန်လာရလေသည်။

တစ်နေ့သောအခါက ဗိုလ်လက်ျာ၏ ဖခင်ကြီး ပဥ္စင်းတက်နိုင်ရေးကိစ္စတွင် လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူနိုင်ရေးအတွက် ဒေါက်တာမြင့်ဆွေနှင့် ဒေါ်ခင်ကြည်တို့ တာဝန်ယူခဲ့ကြရသည်။

ထိုနေ့က ဘီအိုင်အေဆေးရုံကြီးမှ ထွက်လာခဲ့ကြပြီး ဆင်းဒဝစ်လမ်းဘက် ရောက်ကြကာ ဗိုလ်ချုပ်ဈေး ခုံးတံတားကို ကျော်ပြီး ဗိုလ်ချုပ်ဈေးဘက်ဆီ ရောက်ကြသည်။ ထိုမှတစ်ဖန် သိမ်ကြီးဈေး၊ ထိုမှတစ်ဖန် မြင်းလှည်းငှားကြပြီး ကြည့်မြင်တိုင်သို့ သွားကြသည်။

ဦးသိန်း+ဒေါ်ပု သင်္ကန်းပရိက္ခရာဆိုင်မှ သင်္ကန်းပရိက္ခရာများ ဝယ်ယူပြီး ထိုဆိုင်မှထွက်လာကြရာ လမ်းဘေးပလက်ဖောင်းပေါ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အသုပ်စုံဆိုင်လေးကို ဒေါ်ခင်ကြည်လှမ်းကြည့်ပြီး အသုပ်စုံစားကြရန် ဒေါက်တာမြင့်ဆွေအား အဖော်ညှိ၏။

ဒေါက်တာမြင့်ဆွေက 'ဒီလိုနေရာမျိုးမှာ မထိုင်ရန်၊ မစားရန်' ကန့်ကွက်ပါသော်လည်း ဒေါ်ခင်ကြည်သည် ဝန်းကျင်နှင့်အခြား အကြောင်းအရာများကို လျစ်လျူပြုကာ မိမိ၏လက်ငင်းစားလိုသည့် လက်သုပ်စုံ ချဉ်၊ ငန်၊ စပ်ကို ဟင်းချိုပူပူကလေးဖြင့် ရှူးရှဲ မြည်အောင် ချက်ချင်းပဲ မြိန်ရေရှက်ရေ စားလေသည်။

ဤသည်တို့မှာ ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဟန်ဆောင်မှုမရှိခြင်း၊ မိမိနှင့်လုပ်သင့် လုပ်ထိုက်သည်ဆိုက ပွင့်လင်း ရိုးသားစွာ ဆောင်ရွက် လုပ်ကိုင်တတ်ပုံကို သိသာစေခဲ့သည်။

ဒေါ်ခင်ကြည်မှာ တာဝန်ကျေပွန်လှသည့် ဆရာမကောင်း တစ် ဦးဖြစ်ရာ ဒေါ်ခင်ကြည်၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို သဘောကျလှ သဖြင့် ဆရာကြီးဦးသဘန်းက ဆုချသည့်အနေနှင့် ဒေါ်ခင်ကြည်အတွက် စူရတီလုံချည်ဝယ်ရန် ငွေကျပ်သုံးဆယ်ပေးပြီး ဒေါက်တာမြင့်ဆွေအား ဝယ်ခိုင်းခဲ့လေသည်။

ထိုစဉ်ဖြစ်ရပ်များကို တွေးတောရင်း ဒေါက်တာမြင့်ဆွေ ကိုယ် တိုင်မှာ ဒေါ်ခင်ကြည်အပေါ် မိမိ၏နှမအရင်းကဲ့သို့ သဘောထားခဲ့ပြီး ဖြစ်၍ ခွဲခွာရမည့်အရေး နောင်တွေ့ရန် ခက်ခဲနေမည့်အရေးတွေးကာ နှမြောသကဲ့သို့ ဝမ်းနည်းစိတ်ဖြစ်ပေါ်ရပုံကို တွေ့ရသည်။

ထို့အတူ ဖခင်သဖွယ် အစစစောင့်ရှောက်ခဲ့ပြီး လက်တွေ့လုပ် ငန်းမှာ လက်တွဲမကွာရှိခဲ့သော ဆရာကြီးဦးဘသန်းလည်း သက်ဆေး သီချင်းဆိုလျက်ပင် မျက်နှာမသာမယာရှိလှအောင် ခင်မင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)
## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာလက်ထပ်ပွဲ

" ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းကို လက်ထပ်ရာ၌ လူပုဂ္ဂိုလ်တစ်ဦးကိုသာ လက်ထပ်လိုက်သည် မဟုတ်၊ ကံအကြောင်းတရားတစ်ရပ်ကိုပါ လက်ထပ်လိုက်ခြင်းဖြစ်သည် "

"ဗိုလ်ချုပ်အောင်ဆန်းသည်လည်း သူ၏ဘဝကြင်ဖော်အနေနှင့် ရှိအပ်သောသတ္တိနှင့် နွေးထွေးသော မေတ္တာတို့ကိုပိုင်ဆိုင်ရုံသာမက သူကွယ်လွန်သွားပြီးနောက် သူ၏စံတင်ထားမှုများကို ဂုဏ်သရေရှိရှိ ကြံ့ကြံ့ခိုင်ခိုင်ထိန်းသိမ်းသွားမည့် အမျိုးသမီးတစ်ဦးကို လက်ထပ်လိုက်ခြင်းဖြစ်သည် "

(ဒေါ်အောင်ဆန်းစုကြည်ရေးသားသည့် ကြောက်ရွံ့ခြင်းမှလွတ်ကင်းရေး စာအုပ်မှ)



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲ ၂ နာရီ အချိန်တွင် မင်္ဂလာလက်ထပ်ပွဲ ကျင်းပတော့မည် ဖြစ်ပါသည်။ ညက ဆရာကြီးဦးဘသန်း အမှူးပြုလျက် အရေးကြီးလူနာအား ခွဲစိတ်ကုသရာ မိုးစင်စင်လင်းရသည်။ နံနက် ၆ နာရီခွဲမှ ပြီးကြသဖြင့် ဆရာ၊ ဆရာမ အားလုံးတို့ နံနက် ၇ နာရီလောက်ကမှ စတင်ပြီး အနားယူအိပ်စက်ကြရ သည်။

ဒေါက်တာမြင့်ဆွေသည် အိပ်မောကျရာမှ အရေးကြီးကိစ္စအား စိတ်စောခဲ့၍ ရုတ်တရက်အသိဝင်ကာ နိုးလိုက်သည်နှင့် လက်မှ နာရီကို ကြည့်လိုက်သောအခါ နံနက် ၉ နာရီ ထိုးနေပေပြီ။ ဤနံနက် ၉ နာရီ အချိန်ကို စောသေးသည်ဟု တွက်ချက်၍မရ။ ဤအချိန်မှ စတင်စီစဉ်မှ စိတ်ချစွာ အချိန်မီပြီးစီးနိုင်မည်ကို တွက်ချက်ပြီး အိပ်ရာမှထကာ ရေချိုး အဝတ်အစားလဲပြီး ဆာဂျင် ကိုကျော့မောင်နှင့် ဆရာမများ၊ ဆေးရုံ လုပ်သားများကို စုစည်းလျက် ဆေးရုံကြီး၏ အရှေ့မြောက်ဘက် အစွန် ဆုံးရှိ ခန်းမကျယ်ကြီးထဲသို့ သွားကြသည်။

စားပွဲများ၊ ကုလားထိုင်များနှင့်တကွ ခန်းမကြီးအတွင်း သန့်ရှင်း ရေးနှင့်အတူ နေရာချစီစဉ်ကာ ခင်းကျင်းပြင်ဆင်ကြလေသည်။ စင်မြင့် ပေါ်တွင် သတို့သားနှင့်သတို့သမီးဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့အတွက် နှစ်ယောက်ထိုင် စုံတွဲဆိုဖာကြီးတစ်လုံး ခင်း ထားလိုက်ပါသည်။

စင်မြင့်၏ အောက်နားတွင် စစ်ဗိုလ်ကြီးများ၊ နိုင်ငံရေး လောကမှ ထင်ရှားသော ခေါင်းဆောင်ကြီးများအတွက် သီးသန့်နေရာများကို စနစ် တကျ ပြင်ဆင်ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်ပိုင်း၊ နောက်ပိုင်းတို့အထိ သူ့နေရာနှင့်သူ ဆေးရုံ ဆရာ၊ ဆရာမများ၊ ပြင်ပမှ ဖိတ်ကြားထားသော မိတ်သင်္ဂဟ ဧည့်သည်တော်များ၊ ဆေးရုံဝန်ထမ်းများ၊ အလုပ်သမားများမှမကျန်ရအောင် နေရာထိုင်ခင်းများ စီစဉ်ခင်းကျင်းလိုက်သည်။ တကယ်က ဤမင်္ဂလာခန်းမအား ဤသို့ ပြင်ဆင်ထားခြင်းသည် စထရင်းဟိုတယ်ကြီး၌ ခင်းကျင်းပြင်ဆင်ထားပုံမျိုးနှင့် လုံးဝတူလျက် ခမ်းနားတင့်တယ်နေပါသည်။

ထိုမင်္ဂလာပွဲနေ့၏ နံနက်ခင်း အခမ်းအနား ပြင်ဆင်ခြင်း အစီအစဉ်ကာလသည် ဆေးရုံလုပ်သားများပါမကျန် ပျော်ရွှင်တက်ကြွနေကြလေသည်။ သူနာပြုဆရာမများ၊ ဆရာမလောင်းလျာများပါ မကျန် မမောပန်းနိုင်ရှာကြအောင် မိမိတို့အမြင်ချင်း ပေါင်းစပ်ကာ မလှ လှအောင် စေတနာဆောင်လျက် မယဉ် ယဉ်အောင် လက်ရာပြောင်ချက်ကောင်းလှအောင် စိတ်တိုင်းကျအောင် အမျိုးမျိုး စီစဉ်မွမ်းမံကာ အရောင်ထင် အကွက်ရိုက်နေကြဘိသို့ ရှိလေ၏။

စင်မြင့်ပေါ်တွင် မဟော်ဂနီရောင် ပြောင်လက်အရောင် ထွက်နေသည့် စန္ဒရားတစ်လုံး၊ ခန်းမကြီး၏ အနောက်ဘက် နံရံ၌လည်း စန္ဒရားတစ်လုံးတို့ကိုပါ အသင့်ပြင်ဆင်နေရာချပေးထားလိုက်ကြသည်။

ဒေါက်တာမြင့်ဆွေနှင့် ကိုစံမြင့်တို့သည် ဤမင်္ဂလာခန်းမကြီး ပြင်ဆင်ရန် ဝိုင်းဝန်းလုပ်ကိုင်စီစဉ်ခြင်းနှင့်အတူ မိမိတို့တာဝန် ဝတ္တရားမပျက်ရအောင်ပါ သတိထားကြလျက် ဆေးရုံတွင်း လူနာများထံ လိုအပ်သလို သွားရောက်ကုသကြရသေးသည်။

ဆရာမဒေါ်တင်ထွေးမှာ သတို့သမီး ဒေါ်ခင်ကြည်အား ဝတ်စား ပြင်ဆင်ဖြီးလိမ်းရာတွင် လိုအပ်သလို ကူညီလုပ်ကိုင်ပေးလျက် အလှတွင် အယဉ်ဆင့် ပန်းတင့်စေဖို့ ဆောင်ရွက်နေလေသည်။ (ဦး ကို၊ ဒေါ်၊ မ၊



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်များအား ထိုစဉ်အခေါ် အရေးအသား အတိုင်းမျှသာ ဖော်ပြအပ်ပါသည်)

မွန်းလွဲ ၁ နာရီခွဲလောက်မှစ၍ မင်္ဂလာဧည့်ခံပွဲသို့ ကားကြီး၊ ကားငယ်အသွယ်သွယ်တို့သည် အလံပြဘုရားလမ်းတစ်လျှောက်မှ ဆေးရုံရှိ မင်္ဂလာခန်းမဆီသို့ ရှေ့ဆင့်၊ နောက်ဆင့်ပင် ရောက်လာကြ။ နေရာယူကြနှင့်။ အသီးသီးသော ပုဂ္ဂိုလ်အပေါင်းတို့မှာ စီစဉ်တကျ အထိုင်ရ ဖြစ်နေကြလေသည်။

စစ်ဘက်မှ ပုဂ္ဂိုလ်များသည် လှပခံ့ညားသော စစ်ဝတ်စုံများ ဝတ်ဆင်ကြလျက် အရပ်ဘက်ပုဂ္ဂိုလ်များမှာလည်း ထည်ဝါခံ့ညားသော မြန်မာဆန်ဆန်အဝတ်အစားစုံတွဲများနှင့် ဝတ်ဆင်ကြကာ သတို့သား ဗိုလ်ချုပ်အောင်ဆန်းနှင့်သတို့သမီး ဒေါ်ခင်ကြည်တို့၏ ရှေ့နားတွင် နေရာယူပြီးကြလေပြီ။

မကြာလိုက်ပါပေ။ ဂီတသံစဉ်များ ငြိမ့်ညောင်းသာယာစွာ ပျံ့လွင့်လျက် ပရိသတ်၏ ဘဝင်နှလုံးကို ရွှင်ပြုံးကြည်စေလေသည်။

("သစ္စာ. . . မဏ္ဍိုင်. . . မြဲ. . ခိုင်ခဲ့ပေ . . . မေတ္တာမိုးတွေ . . သွန်းဖြိုး. . . ရွာစေ. . . အသည်းမှာစွဲမက်. . . အသက်ကို ပုံတယ်လေ . . . ")၂

ပဏာမအပုဒ်အဆုံး လက်ခုပ်သံများ ပြည့်လျှံသွားလေသည်။

စစ်မဖြစ်မီအချိန်က အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ နာမည်ကျော် တေးသံရှင် ပြည်လှဖေနှင့် တေးသံရှင်မေရှင်တို့ စုံတွဲဆို တေးသီချင်း ဖြစ်သည့် အလျောက် လူကြီးလူငယ်တိုင်း၏ နှုတ်ဖျား ရေပန်းစား လူသိများ၊ နှလုံးသားကို ဆွဲဆောင်နိုင်ခဲ့သည့် 'သက်ဝေ' အမည်ရ တေးသီချင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ပရိသတ်အပေါင်းသည် ဂီတလေလှိုင်းမှာ ကြည်နူး ခံစား လျက် သတို့သားနှင့်သတို့သမီးတို့ကို တွေ့လိုဇောနှင့် စိတ်စောကာ မျှော် လင့်နေကြလေ၏။ ဤလက်ထပ်မင်္ဂလာပွဲကြီးမှာ ဤ ဂီတသံစဉ်ကို သီဆို သူကား အခြားမဟုတ်။ မိမိတို့၏ ကျေးဇူးရှင် ဆရာကြီးဦးဘသန်း ကိုယ် တိုင်ပင် ဖြစ်ပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)
## မင်္ဂလာလက်ထပ်ပွဲနှင့် ဂန္ထဝင်သီချင်းနှစ်ပုဒ်အကြောင်း

သက်ဝေ

၁၉၄၁ ခုနှစ်၊ မေလ၊ မြို့မငြိမ်းရေး
(ပြည်လှဖေနှင့်မေရှင် တွဲဖက်သီဆိုသည်)
ဤမင်္ဂလာပွဲတွင် ဆရာကြီးဦးဘသန်း ကိုယ်တိုင် သီဆိုသည်။

မ။ ။ (သစ္စာမဏ္ဍိုင် . . . မြဲခိုင်ခဲ့ပေ . . မေတ္တာမိုးတွေ . . . သွန်းဖြိုးရွာစေ . . . အသည်းမှာစွဲတယ် . . . အသက်ကို ပုံမယ်လေ)၂ တစ်ကိုယ်လုံး . . . သိမ်းကျုံး . . လိုရာသုံး သက်ဝေ. . . အပြုံးမပျက်ပေါင်. . . စိတ်လက်ရှည်ရှည်. . . အချစ်အတွက်ဖြင့် . . . အသက်ပင်သေသေ. . . အသွေးယူ . . . အသားကို လှူ . . လှူ . . စိတ်တူတယ် . . . ရယ်ရယ် ပြုံးပြုံး . . . မဒ္ဒီဒေဝီ . . ဝေဿန်ထုံးလို . . . နှလုံးပြုကာ ကြည်ဖြူမယ် . . . သက်ဝေ . . . အလိုကျ ဆိုသမျှ . . . ကိုယ်ရောစိတ်ပါ လိုက်လျောပါ့မယ်လေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကျား။ ။ (ခူဝံကြယ် မြေမှာခကြွေ . . . ကောင်းကင်မှာ နေလတွေ ကွယ်စေ . . . မြမြင့်မိုရ်ပြိုအက်ကာ ကြေ . . သွေကွက်မယ် . . . စိတ်ဝယ် မသွေ)၂ ချစ်တဲ့သူ အမူတုံး ကလေးက တိမ်စင်လနှယ် . . . အလှကြွယ်ရှာပေ . . . ကြာကြာလေ . . . မရိုးတဲ့အပြင် . . . ဆထမ်းပိုး တိုး မယ် . . . အချစ်တွေ . . . ကမ္ဘာမြေ . . . အသချေ်လဲတောင် မကွဲအောင် တောင်း . . . ဆုကိုခြွေ . . . သက်ဝေ . . . ချစ်မက် မပြေတယ်လေ . . . ။

မ။ ။ ခိုင်းတော့ သက်ဝေ . . . အချစ်စမ်းချင်စမ်း . . . မစမ်း ချင်နေ . . . ထူးတဲ့ ခင်မင်တာတွေ . . . အသက်ကို စွန့်ရ တောင်ပင် . . မငြိုငြင်ဘူးရှင့် . . အသင့် လိုရာစေ။

ကျား။ ။ မခိုင်းရက်ဘူးကွယ် . . . ဒီကိုယ့်လည်ဆွဲ . . ပုလဲသွယ် . . . ရေ . . . ရွှေ့က မောင်သာ အစဉ်နေ . . အသက်နဲ့ထပ်တူ ကြင်မယ်လေ . . . ရင်ကိုခွဲလို့ အသည်းကင်ပါစေ . . . ချစ် သက်ဝေ နှမ . . . စိတ်တိုင်းကျကျ ပျော်သလိုနေ . . . လှ သထက် လှမယ်ဆိုရင်. . ဆေးဖက်ဝင်ပါသလားလို့ . . . မောင့်အသားတွေ . . . မောင့် အသွေးတွေ. . . မောင့် အသည်းတွေ . . . မောင့်နှလုံးတွေ . . . အသုံးပြုပါလေ . . . ကြည်ဖြူပါတယ် . . . လိုရာကို ယူစေ . . . ။

မ။ ။ ခူဝံကြယ် . . . မြေမှာခကြွေ . . . ချစ်မက်မပြေတယ်လေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



## ရန်အောင်မင်္ဂလာတူရိယာအဖွဲ့ အလက်ာကျော်စွာ ဆရာကြီးရွှေပြည်အေး

သီချင်းသံ အေးအေးငြိမ့်ငြိမ့်နှင့် လက်ခုပ်သံများ ခန်းမကြီးတစ်ခုလုံး ဝဲပျံဝေညံသွားပြီးနောက် ခမ်းနားလှပသေသပ်စွာသော စစ်ဝတ်စုံကို ဝတ်ဆင်လျက် ဂျပန်စစ်ဦးထုပ်ကို ဆောင်းထားသည့် သတို့သား ဗိုလ်ချုပ်အောင်ဆန်းသည် သတို့သမီး ဒေါ်ခင်ကြည်နှင့် ရွှေလက်တွဲကာ သတို့သား၊ သတို့သမီးတို့၏ လူပျိုရံ အပျိုရံများ ခြံရံကြလျက် မင်္ဂလာခန်းမအဝဆီသို့ ကြွနင်းရရ ထွက်ပေါ်လာကြလေသည်။

ပရိသတ်အားလုံးသည် အထူးပင် တိတ်ဆိတ်အေးချမ်းစွာဖြင့် ထိုင်ရာမှထကြပြီး သတို့သားနှင့်သတို့သမီးတို့အား အရိုအသေပြုကြလေသည်။

ဤတွင် မမျှော်လင့်သော အကြောင်းကိစ္စလေးတစ်ခုသည် အလွန်တိုတောင်းလှစွာသော အချိန်လေးအတွင်းမှာ လျှပ်စစ်လျှပ်ပန်းများ လင်းလက်လိုက်သလို ဖြစ်ပေါ်သွားလေသည်။ အခန်းသို့ လျှောက်လာသည့် သတို့သားနှင့်သတို့သမီးတို့အား အခန်းဝတွင် ဆေးရုံမှ ကိုကျော့မောင်နှင့် အခြားတစ်ယောက်တို့က အပေါက်ဝမှ ဆီးကြိုပြီး မင်္ဂလာဆောင်တို့၏ လက်ရိုးလုပ်စဉ်တစ်ရပ်ဖြစ်သော ရွှေကြိုးတားခြင်းကို ပြုကြခြင်းပင် ဖြစ်လေသည်။

တိုင်းပြည်၏လွတ်လပ်ရေးအတွက်မျှသာ အချိန်ပြည့် အစဉ်တစိုက် အာရုံရှေးရှုလျက် အခြားဘာကိုမျှ စိတ်ဝင်စားခဲ့လှစွာသော ဗိုလ်ချုပ်သည် လောကဝတ်ထုံးထမ်းစဉ်လာထဲက မလိုလားအပ်သော အပိုအလုပ်ဟု ထင်သမျှကို လုံးဝဂရုမစိုက်၊ ဟန်မဆောင်တတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အလျောက် မိမိရှေ့တွင် တားလာသည့်ရွှေကြိုးကို သူ၏ ညာလက်ဖြင့် ဖျတ်ခနဲ ဆောင့်ဆွဲယူလိုက်ကာ ဘေးသို့လွှင့်ပစ်လိုက်ပြီး ခပ်တည်တည်နှင့်ပင် ဣန္ဒြေမပျက် ခြေလှမ်းမှန်မှန်လှမ်း၍ စင်မြင့်ပေါ်ရှိ မိမိတို့ထိုင်ခုံဆီသို့ လျှောက်လာခဲ့လေသည်။

ဗိုလ်ချုပ်၏ မမျှော်လင့်သော အပြုအမူကြောင့် အားလုံးမှာ အံ့အားသင့်ကာ ကြည့်ရှုနေကြသော်လည်း ဗိုလ်ချုပ်မှာ ဘာမျှမဖြစ်သလို ဆက်လျှောက်ရာမှ မိမိတို့၏နေရာတွင် နေရာယူပြီးသည့်နောက်ပရိသတ်တို့သည်လည်း မိမိတို့နေရာအသီးသီးတွင် ပြန်၍ ထိုင်ကြလေသည်။

ဆရာကြီးဦးဘသန်း၏သမီး ကစ်တီဘသန်း (နောင် ဗိုလ်ချုပ်ကြီးနေဝင်း၏ဇနီး ဒေါ်ခင်မေသန်း) သည် စင်မြင့်ပေါ်ရှိ စန္ဒရားရှေ့တွင် နေရာယူဝင်ထိုင်လျက် စန္ဒရားအား အသံစမ်းကာ ဖခင်ဖြစ်သူ ဆရာကြီးဦးဘသန်း သီဆိုမည့်အသံနှင့် ချိန်ကိုက် နရိစည်းဝါးအညီ စောင့်နေလေသည်။

စင်မြင့်ပေါ်ရှိ သတို့သား ဗိုလ်ချုပ်နှင့် သတို့သမီး ဒေါ်ခင်ကြည်တို့သည် တည်ငြိမ်အေးဆေးစွာပင် ပရိသတ်ရှိရာသို့ အာရုံစိုက်လျက် ကြည့်နေကြလေသည်။

ဆရာကြီးဦးဘသန်းနှင့်သမီး ကစ်တီဘသန်းတို့က ဒုတိယအကြိမ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း အကြိုက်ဆုံးဖြစ်သည့် 'သက်ဝေ' သီချင်းဖြင့် ပြန်လည်ဧည့်ခံပြန်သည်။ သတို့သား၊ သတို့သမီးတို့နှင့် အတူတေးသံသာများကို ပရိသတ်က လက်ခုပ်လက်ဝါးတီးကာ ဆက်လက်အားပေးကြလေသည်။

၎င်း 'သက်ဝေ' သီချင်းကို ဆိုပြီးသည်နှင့် ၎င်းမင်္ဂလာပွဲကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အတိုင်း ရန်အောင်မင်္ဂလာ တူရိယာအဖွဲ့မှ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့၏ လက်ထပ်မင်္ဂလာပွဲအတွက် သီးခြားဂုဏ်ပြုရေးစပ်သီကုံးထားသည့် 'အောင်မင်္ဂလာသီချင်း' ဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြလေသည်။

ဤအောင်မင်္ဂလာသီချင်းကို အလင်္ကာကျော်စွာ ဆရာကြီးရွှေပြည်အေးက ရေးစပ်ပါသည်။ ဤသီချင်းစာသားကိုပါ အညွှန်းနှင့်တကွ ထည့်သွင်းဖော်ပြထားပါသည်။)

မင်္ဂလာလက်ထပ်ပွဲသည် အစီအစဉ်အတိုင်း အောင်မြင်စွာ ပြီးလေသည်။ နတ်မောက်သား ဗိုလ်ချုပ်အောင်ဆန်းနှင့် မြောင်းမြသူဒေါ်ခင်ကြည်တို့၏ လက်ထပ်မင်္ဂလာပွဲ ပြီးဆုံးအောင်မြင်ကြလေသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၂၈ နှစ်၊ ဒေါ်ခင်ကြည်သည် အသက် ၃၁ နှစ် အသက်အရွယ်တို့တွင် အိမ်ထောင်သည်ဘဝသို့ ရောက်သွားကြလေသည်။

## အောင်မင်္ဂလာသီချင်း

မင်းကပွဲနဲ့ . . . အနော်ဇာပုံပမာ . . . ဘိသိက်လောင်းကာ . . အပေါင်းသဟာ . . အောင်ကြောင်းဖြင့် ဆုတောင်းမယ် သည်အခါ × × × ရတနာရွှေမိုးရွာ. . . ရက်မြတ်မှာ . . အထက်နတ်ပါ . . လက်ထပ်ပွဲကို နွှဲမယ်လာ . . . နှစ်ဦးမကွာ . . ရွှေဖူးစာဆုံကြတာ × × ×

ရွှေနဲ့မြပမာ . . . ဂဟေဆက်ပေတာ . . ကျက်သရေဖြာ . . ပတ္တမြား ကျောက်မျက်ရွဲနဲ့သာ . . ခြယ်လှယ်စီကာ . . မြရေ ခွက်အညီညာလှ ရွှေသက်လျှာ . . . တူနှစ်ဖြာ . . လ . . နေ . . ဆွက်တဲ့ပုံပမာ . . . ရေဖျန်းမင်္ဂလာပြုမယ် သည်ချိန်ခါ × ×

www.burmeseclassic.com

www.burmeseclassic.com



(အများ) ဆို . . ဗိုလ်တေဇရဲ့ . . ကုသိုလ်ထူးတာ . . . သူဇာယမင်းလို . . . ဝင်းကြည်ပတာ . . အလှထိပ်တင် မခင်ကြည် ပါ . . . တူနှစ်ဖြာတွဲလို့ . . နွဲ့ယှဉ်ကာ . . ရွှေရေစက်ပေါင်း . . အကြောင်းဆုံလာ . . . ငွေခရုသင်းနဲ့ သာယာညင်းကာ . . အောင်ဇေယျတု . . . သဗ္ဗ . . အောင်မင်္ဂလာ × × × ၂

ရပ်ရွာဆွေမျိုး . . . မိဘစုံစွာ . . . အပ်ခဲ့ပါတော့မှာ . . . ကိုမောင်အေးက . . . အထူးပဲ ကူညီတာ . . . ဝိုင်းဝန်းလို့သာ အားထုတ်ကာ . . ဗိုလ်တေဇရဲ့ . . ဂုဏ်ရည်ကိုသာ . . အထူးပင် ပြောကာ ပြမှာ . . တကယ်ပဲ နားဆင်တော်မူပါ . . . ဉာဏ်ပညာ ပြည့်စုံစွာ . . . သဘောထားလည်း ကောင်းပေတာ . . . အသက် ငယ်ပေမယ်လို့သာ . . . မြင့်မြတ်တဲ့ စိတ်ထားဟာ . . . မိတ်များစွာ . . အားလုံး ယုံကြည်ပါ . . .

ဤအောင်မင်္ဂလာတေးသီချင်းအား ဆရာကြီးရွှေပြည်အေး ရေးသားဖွဲ့ဆိုသည်။

* ဗိုလ်ချုပ်အောင်ဆန်း ဆောင်းပါး၊ စာ-၅၆၇။

* ဂျပန်ခေတ် ဆေးရုံကြီးဝယ်။ စာ-၄၃၇။

ဤ ရန်အောင်မင်္ဂလာတူရိယာအဖွဲ့တွင် ပါဝင်သည့် တူရိယာပညာရှင်များမှာ . .

* စန္ဒရား - ရွှေပြည်အေး * ကလယ်ရီရိုနက် -ကိုမောင်ကလေးနှင့် ကိုမောင်မောင် * တယော - ဗိန်ယောက်နှင့် ကိုဘတိုး * ဂီတာ - ကိုအောင်သိန်း * ဂျပ်စဘင် - ဝါကာ * ဗုံ - ကိုသိန်းအောင် * တင်နာ - ခေတ္တရာအေး * စပန်းနစ်(ရှ်) ဂီတာ - မြို့မသီးတို့ ပါဝင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)
## မင်္ဂလာဆောင်ပြီးနောက် သျှောင်နောက်ဆံထုံးပါခဲ့ရ ဒေါ်ခင်ကြည်ဘဝ

ဒေါ်ခင်ကြည်နှင့် ဗိုလ်ချုပ်တို့၏ လက်ထပ်ပွဲပြီးသွားသည့်နောက် ဆေးရုံကြီးတွင် ယခင် လုပ်ဖော်ကိုင်ဖက် အမှုထမ်းများအဖို့ သံယောဇဉ်ဖြစ်နေကြရသော အဖော်ကောင်းတစ်ယောက် ဒေါ်ခင်ကြည် မရှိတော့သောအခါ အားလုံးတို့၏ စိတ်တွင် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ ဟာတာတာကြီးဖြစ်နေခဲ့ကြသည်။ လွမ်း၍ ကျန်ရစ်ခဲ့ကြရပါသည်။ ဆေးရုံအဖွဲ့သားအားလုံး သုံးလေးရက်မျှ အလုပ်လုပ်၍ မဖြစ်နိုင်အောင်ရှိနေကြပါသည်။

"မင်္ဂလာဆောင်နေ့က ဆရာကြီးဦးဘသန်းနှင့် သမီးဖြစ်သူကစ်တီတို့ 'သက်ဝေ' သီချင်း သီဆိုတီးခတ်နေကြစဉ် ပရိသတ်က အာရုံစိုက်နားထောင်နေကြသည်ကို ဒေါ်ခင်ကြည်သည် လှမ်းကြည့်ငေးမောကာ . . .

"ငါတော့ ဒီနေ့ကစပြီး ဘီအိုင်အေ ဆေးရုံကြီးနှင့်တကွ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်တွေကို ခွဲခွာရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အတွေး ဆွေးစိတ်ကလေးများ ဝင်ရောက်နေသည်လား မသိ။

ပုထုဇဉ်သဘာဝ 'မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး' များသာ ဖြစ်တတ်၏။ ဒေါ်ခင်ကြည်သည်လည်း ပုထုဇဉ်သဘာဝ မိမိနှင့်သေဖော် ရှင်ဖက် မေတ္တာ၊ သစ္စာလမ်းမကြီးမှာ အတူတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြ သည့် ဆရာကြီးဦးဘသန်းနှင့် ဆရာဝန်များ၊ ဘဝတူ သူနာပြုဆရာမများ အားလုံးကို ရုတ်တရက် နှုတ်ဆက် ထွက်ခွာရသလိုဖြစ်ရခြင်းဖြင့် သတိ တရ လွမ်းဆွတ်တသခြင်းမရှိဘဲ နေပါအံ့။ အထူးသဖြင့် ဆင်းရဲတူ၊ ချမ်းသာတူဟု စကားတွင် ဆင်းရဲဒုက္ခ ပင်လယ်ဝေနေကြရသည့် စစ်အတွင်းကာလ ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် ရင်ဆိုင်ပက်ပင်းကြုံကြရ သည့်ကြားမှာ စစ်အတွင်း လူနာမျိုးစုံကို မိမိတို့၏ စေတနာမိခင်စိတ်အား ရှေ့တန်းတင်ပြီး အတူတူ ရှေ့သွားနောက်လိုက်အညီ မေတ္တာဖြင့် ဆောင် ရွက်ခဲ့ကြသည် မဟုတ်ပါလား။

ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါ်ခင်ကြည်နှင့် အိမ်ထောင်ပြုပြီး သည့်နောက် ပျဉ်းမနားမြို့တွင် ခေတ္တနေကြလေသည်။ ဗိုလ်ချုပ်အောင် ဆန်းသည် သူ၏အပါးတော်မြဲ ဗိုလ်ထွန်းလှအား မင်္ဂလာဆောင်နောက် ကြောင်းပြန် အတွေးများ တွေးမိဟန်ဖြင့် ပြောလေ၏။

"နောက်ပြီး ငါ တစ်ခု မကြိုက်တာရှိသေးတယ်။ မြန်မာ့ထုံးစံ ဆိုပြီး မင်္ဂလာဆောင် အခမ်းအနား အကြီးအကျယ်လုပ်ပြီး ငွေတွေ နင်း ကန်ဖြုန်းကြတာ အပိုပဲ။ လက်ထပ်တယ်ဆိုရင် ဘယ်သူမှ ရိုးရိုးနဲ့ကျဉ်း ကျဉ်း မလုပ်ချင်ကြဘူး။ ပိုက်ဆံဖြုန်းပြီး လက်ထပ်မှ ဟုတ်တယ် ထင်ကြ တယ်။ ဒါကြောင့် ငါတော့ ခိုးယူတာ အအေးဆုံးပဲလို့ ထင်တယ်။ ဘာမှ သိပ် မကုန်ဘဲနဲ့ လိုရင်းရောက်တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြောရခြင်းမှာလည်း ဒေါ်ခင်ကြည်နှင့် မိမိ၏ လက်ထပ်ပွဲတွင် ရွှေကြိုးတားခလေ့မျိုးကို မကြိုက်ကြောင်းကိုပါ တွေးထင်နိုင်ပါသည်။ ဗိုလ်ချုပ်၏ အယူအဆမှာ 'အကျိုးမရှိ၊ အချိန်ကုန်၊ ငွေကုန်၊ လူပန်း' ကိစ္စတွေကို လက်မခံနိုင်သည်ကို သူသည် ဟန်မဆောင်ဘဲ လက်တွေ့ဘဝတွေဖြင့် တစ်စစီ ပယ်ဖြုတ်ပစ်သလို ရှိလေသည်။ မိမိ၏ မင်္ဂလာဆောင်ကိုလည်း လိုရင်းတိုကျဉ်း ပြည့်စုံစေခြင်းဖြင့် အောင်မြင်စေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့သည် မင်္ဂလာဆောင်ပြီး ပျဉ်းမနားမြို့မှာ ခေတ္တနေကြစဉ် မကြာမီ ဗိုလ်ချုပ်၏ အစ်ကိုများဖြစ်ကြသော ဦးဘဝင်းနှင့်ဦးအောင်သန်းတို့သည် ဇာတိနတ်မောက်သို့ ပြန်ကြရာ ညီတော်မောင် ဗိုလ်ချုပ်ရှိရာ ပျဉ်းမနားသို့ ခေတ္တဝင်ရောက် တည်းခိုကြသည်။

ထို့နောက် ဦးဘဝင်းနှင့်ဦးအောင်သန်းတို့ တောင်တွင်းကြီးသို့ ခရီးဆက်ရန် ပျဉ်းမနားဘူတာသို့ ဆင်းကြသောအခါ ဗိုလ်ချုပ် အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့က ဘူတာသို့ လိုက်ပို့ပေးကြသည်။ ဤသို့ ကိုယ်တိုင်သာမက ဇနီးနှင့်အတူ ဘူတာသို့လိုက်ပို့သော ညီတော်မောင် ဗိုလ်ချုပ်အောင်ဆန်းကို ရည်စူးကာ ဦးဘဝင်းက ဦးအောင်သန်းဘက်သို့ ပြုံးကြည့်ပြီး 'အောင်ဆန်း လူမှုရေး နားလည်လာပြီ' ဟု မှတ်ချက်ချလေသည်။

ဗိုလ်ချုပ်အောင်ဆန်းဘက်က ကြည့်ပြန်သော် လောကတွင် လူမှုရေးဟူသည် အလွန်ကျယ်ဝန်းလှသည့် သာရေး၊ နာရေး၊ ဆွေရေးမျိုးရေး၊ ရပ်ရေးရွာရေး၊ အပေါင်းအသင်းရေး၊ စားဝတ်နေရေး စသည့် အရေး၊ အရေးပေါင်း မြောက်မြားစွာကို စုစည်းထားသော အရေးကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ဗိုလ်ချုပ်အတွက် ဤအရေးတွေဘက် ခြေဦးတစ်ချက်လှည့်မိလျှင် မိမိ၏တိုင်းပြည် လွတ်လပ်ရေးဆိုသော ဇရာနတ္တ ရည်ရွယ်ချက်သည် 'နတ်သုဒ္ဓါထက် မစင်တစ်စက်' ကျဘိသို့ ခံစားရမည်မလွဲ။ ယင်းသည့်ကြားက အိမ်ထောင်သည်အဖြစ်သို့ မိမိဘဝရောက်ရသည်ကိုပင် ဗိုလ်ချုပ် ကိုယ်တိုင်က "နိုင်ငံရေးလုပ်နေတဲ့အခါ အိမ်ထောင်ပြုတော့ သားမယား သံယောဇဉ်တွေက အတော်ရှိသားကွ။ ငါဆိုရင်တောင် လူပျိုဘဝတုန်းက ဖြစ်သလိုနေခဲ့ပေမယ့် အခု သားသမီးနဲ့ အိမ်ထောင်နဲ့ဆိုရင်ပဲ အနည်းဆုံး တွေးပူရတဲ့ သံယောဇဉ်ကလေးတော့ ရှိလာတာပဲ . . . ဘာဖြစ်ဖြစ်ကွာ . . . အိမ်ထောင်နဲ့ဆိုတော့ လူပျိုဘဝလို . . တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက်၊ သံယောဇဉ်ကင်းကင်းနဲ့ အလုပ်လုပ်လို့ မကောင်းလို့ပါပဲကွာ"

ဟူ၍ အပါးတော်မြဲ ဗိုလ်ထွန်းလှကို ပြောဖူးသည်။ ဤ အတွေးအပြောတွေနှင့်အတူ ဗိုလ်ချုပ် အိမ်ထောင်သည်ဘဝမှာ စိတ်ပြောင်းသွားသည်ဆိုရာမှာလည်း ဘဝပေးအခြေအနေ၊ အချိန်၊ ကာလ၊ ပစ္စက္ခဘဝတို့အပေါ် ပြောင်းလဲရာမှာ မှန်ကန်နိုင်ပါသည်။ လူသည် ဘဝပေးအခြေအနေ အသက်အရွယ်၊ အတွေ့အကြုံပေါ် မူတည်၍ အတွေးအမြင်ပြောင်းလဲတတ်ပါသည်။ 'အောင်ဆန်း လူမှုရေး နားလည်လာပြီ' ဆိုသော ဗိုလ်ချုပ်၏အစ်ကိုကြီး ဦးဘဝင်း အမြင်သည်လည်း ဗိုလ်ချုပ်၏ အဖြစ်မှန်ပြောင်းလဲမှန်သဘော လက်တွေ့ကို အမှန်ပြောဆိုချီးကျူးခြင်း ဖြစ်နိုင်ပါသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်သည် နေပြည်တော်- ပျဉ်းမနားမြို့မှရန်ကုန်သို့ ပြန်လာပြီး (၆) မိုင်၊ အင်းလျားကန်စောင်းရှိ Grassmere Vale အမည်ရှိ အိမ်တွင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)
## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မိသားစုဘဝ

ပစ်တိုင်းထောင်သည် ကြိုးမပါ၊ ကြိုးကိုင်ဆရာ မလို။ ရုပ်သေးရုပ်မှာက ကြိုးပါရ၏။ ကြိုးကိုင်ဆရာ ရှိရလေသည်။

ပစ်တိုင်းထောင်ဘဝသည်လည်း ဘယ်သူမပြု မိမိမှုချည်းသာတည်း။ ရုပ်သေးရုပ်ဘဝသည်လည်း ဘယ်သူမပြု မိမိမှုချည်းသာတည်း။ ပစ်တိုင်းထောင်ဘဝသည် ပြင်ပ အချည်အနှောင် နှောင်ကြိုးမဲ့ဘဝ ဖြစ်လေသည်။ မိမိ၏အတွင်းစိတ်စေစားရာအတိုင်းသာ ဦးတည်ရွေ့လျားသွားလာလုပ်ကိုင်နိုင်ကြလျက် ရွက်ကျပင်ပေါက်ကဲ့သို့ အရွက်ကျရာဝယ် အမြစ်တွယ် ရှင်သန်ကာ လိုရာမှန်သမျှ ခြယ်လှယ် နိုင်စွမ်းကြလေသည်။

ဤပစ်တိုင်းထောင်ဘဝမှချည်း ရုပ်သေးရုပ် ဖြစ်ကြရသည်တည်း။ ပုထုဇဉ်လူသားတို့၏ လှုပ်ရှားသွားလာ ဦးတည်ရာ မြားတစ်စင်း၏ ပစ်မှတ်များသာဖြစ်လျက် ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေနှင့် ကိုယ့်

www.burmeseclassic.com



အလုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ သက်တမ်းတို တစ်ဘဝ၊ တစ်ခန္ဓာကဏ္ဍလေးသည် လူ့လောကကြီးထဲသို့ တိုင်းပြည်လွတ်လပ်ရေးရစေရန် တစ်ကြောင်းတည်းဖြင့် ရောက်လာပြီး လာရာလမ်းသို့ ပြန်သွားသလိုသာ ရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်ထောင်ရေးသက်တမ်းသည် မည်မျှကြာသနည်း။ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲ ၂ နာရီမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီအထိသာ မဟုတ်လေလော။

လူဖြစ်လာ ကျောင်းသားဘဝ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသား၊ နိုင်ငံရေးလောက ရောက်၊ ဝရမ်းပြေးဖြစ်၊ ပြည်ပ ရောက်၊ စစ်ဗိုလ်ဖြစ်၊ ဗိုလ်ချုပ် စသည် ဖြစ်ရသည့် ဖြစ်စဉ်ဘဝအသီးသီးကို သိကြပြီးဖြစ်ပါသည်။ အိမ်ထောင် မကျမီနှင့် အိမ်ထောင်ကျပြီးအထိမှသည် ရုတ်တရက် နှုတ်မဆက်နိုင်ပဲ ဘဝနိဂုံးချုပ်ရသည်အထိ 'လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး' အတွက် ဘာတစ်ခု၊ တစ်တို၊ တစ်စမျှ ဘာတွေရော လုပ်နိုင်တော့မည်နည်း။ အမိဝမ်းတွင်းမှ ခြေဖဝါး၊ လက်ဖဝါးချည်းထွက်လာပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးတို့ဖြင့် တစ်နင့်တစ်ပိုး၊ စျေးမဆစ်တမ်း၊ နှုတ်မရှုံ့၊ လက်မတွန့်စတမ်းဖြင့် တစ်ဘဝလုံးပေးဆပ်ကာ ခြေဖဝါး၊ လက်ဖဝါးအတိုင်း ဤလူ့ဘဝမှ ပြန်ထွက်သွားလေသည်။

ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းလို ဘဝမျိုးနှင့် ပါရမီရေစက်ပေါင်းဖက်အကြောင်းဆက်လာရသော ဒေါ်ခင်ကြည်၏ဘဝမှာရာ ဗိုလ်ချုပ်၏ ခေါင်းတွဲသွားရာ နောက်တွဲပါသာ ဖြစ်လေသည့် သွျောင်သွားရာ ဆံထုံးပါသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်ကိုယ်တိုင်မှာလည်း စေတနာ့ဝန်ထမ်း ကျောင်းဆရာမအဖြစ် အခြေခံအစမှသည် စေတနာ့ဝန်ထမ်း သူနာပြုဆရာမ သူနာပြုမှူးဆရာမကြီးအထိ ကျွမ်းကျင်မှု အတတ်ပညာအရဖြစ်လာပြီး လက်မလည်အောင် လူနာများစွာကို ကုသပြုစုရသည့်တိုင် ထိုကာလ ဆရာကြီးဦးဘသန်းမှအစ ဒေါက်တာမြင့်ဆွေနှင့် ဆရာဝန်များအလယ်၊ ဒေါ်ခင်ကြည်တို့လို ဆရာမများ အဆုံး အားလုံးတို့မှာ ထိုခေတ်တစ်လျှောက် ဆေးဖိုး မပါ၊ ဝါးခ မရ၊ လစာ မရှိ၊ ခံစားခွင့် ဗလာနတ္ထိ၊ ပကတိ စေတနာဝန်ထမ်းဘဝက အကျိုးပေးများသည်သာ ဖြစ်လေသည်။

## မိသားစုဘဝ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာမကြီးဒေါ်ခင်ကြည်တို့၏ ဘဝဖူးစာဆုံရာသည် ဂျပန်ခေတ်ဘိအိုင်အေဆေးရုံကြီးမှာ စတင်ခဲ့ကြပြီး ဂျပန်ခေတ်အတွင်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့တွင် သားနှစ်ယောက်နှင့်သမီးတစ်ယောက် ထွန်းကားလာခဲ့သည်။

သားဦးကလေး မောင်အောင်ဆန်းဦးကို ၁၉၄၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင်မွေးဖွားသန့်စင်လေရာ ဗိုလ်ချုပ်သည် မိမိခြေရာနင်းမည့်သားဟု ထုတ်ဖော်ပြောပြီးဂုဏ်ယူဝမ်းသာစွာ မော်တပြုံးပြုံးနှင့် ပျော်မဆုံးရှိခဲ့လေသည်။

ဒုတိယသား မောင်အောင်ဆန်းလင်းကို ၁၉၄၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် မွေးဖွားသန့်စင်သည်။

သမီးကလေး မအောင်ဆန်းစုကြည်ကို ၁၉၄၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် မွေးဖွားသန့်စင်သည်။

(ဒုတိယသား မောင်အောင်ဆန်းလင်းသည် အသက် ၉ နှစ်သား



www.burmeseclassic.com

www.burmeseclassic.com



အရွယ် ၁၆၊ ၁၊ ၁၉၅၃ ခုနှစ်တွင် တာဝါလိန်းအိမ်ရှိ ရေကန်တွင် ရေနစ်သေဆုံးခဲ့သည်။

## သာယာသောအိမ်ထောင်ရေး

ကလေးများသည်ဆော့ကစားတတ်ကြသည့်သဘာဝရှိ၏။ တချို့အဆော့လွန်ကြသည်။ တစ်ခါတစ်ရံအစားအစာကိုပင် လု၍စားတတ်ကြလျက် ရယ်ကြသလို ငိုကြသည်လည်း ရှိတတ်သည်။ ဒေါ်ခင်ကြည်သည် မိခင်တို့သဘာဝ တယ်ဆိုးတဲ့ကလေးတွေပဲဟု အမှတ်တမဲ့ ပြောမိလေသည်။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက-

*" ငါ့ကလေးတွေ ကလေးသဘာဝ ဆိုးချင်ဆိုးပါစေကွာ။ အရေးကြီးတာက ကလေးဆိုတာစိတ်ကောင်း ရှိဖို့ရယ်၊ တည်ကြည် ဖြောင့်မတ်ခြင်းကို လိုအပ်တဲ့စိတ်ရှိဖို့ရယ် ဒါပဲအရေးကြီးတယ် "*

ဟူ၍ ကလေးဘဝအရွယ် အခြေခံရှိသင့်သည့် စိတ်ထားကို ဒေါ်ခင်ကြည်အား ပြောဖူးလေသည်။

ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းအား အိမ်ထောင်သည်ဘဝတွင် မည်သည့်ဟင်းလျာမျိုး စားချင်ကြောင်း မေးတတ်သည်။ ဗိုလ်ချုပ်မှာ ပင်ကိုက မိမိဘဝ၏ စားဝတ်နေရေးအား အထူးဂရုပြုသူမဟုတ်၍ ချက်ကျွေးတာသာ စားတတ်၍ အဝတ်အဆင်နှင့်ပတ်သက်လျှင်လည်း ဒေါ်ခင်ကြည်က သင့်တော်သဖြင့် ဆင်သောအဝတ်ကိုသာဝတ်တတ်သည်။ ဗိုလ်ချုပ်ဆန္ဒအရတောင်းဆိုကာ ပြောတတ်သည့် ဟင်းမှာ မေးလွန်းမှ ချဉ်ပေါင်ဟင်း(သို့မဟုတ်) ရှောက်သီးသုပ် တစ်ခုခုသာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် စကားပြောရာတွင် တိုတိုပြတ်ပြတ် ပြောလေ့ရှိသဖြင့် ဒေါ်ခင်ကြည်နှင့် အိမ်ထောင်ပြုသောအခါ မည်သို့သော သည်းခံမှုမျိုးတွေနှင့် ရင်ဆိုင်ရအံ့ဟု ထင်ဖွယ်ရာရှိသော်လည်း ဗိုလ်ချုပ်၏ အိမ်ထောင်ရေးဘဝသည် စားဝတ်နေရေးမှာ အလွန်မှ ကျဉ်းမြောင်းလှသည့်အပြင် ဇနီးမောင်နှံရာသက်ပန် ဆက်ဆံရေးတို့တွင်လည်း တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ သိတတ်မှုနှင့် သည်းခံခွင့်လွှတ်မှုများပါ ပြည့်စုံကြသဖြင့် တစ်ဦးကိုတစ်ဦးအပြစ်ရှာ၊ အပြစ်ဖို့ ပြုစုခြင်းကင်းကြလျက် သာယာသော အိမ်ထောင်တစ်ခုဖြစ်ကြောင်း သိရှိရလေသည်။

မရှိရှိတာလေးနှင့်

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိက လိုအပ်သဖြင့်ခေါ်ထားသော ကိုထွန်းအုံးဆိုသူအား စစ်ဝတ်စုံပေးရန် ဖြစ်လာသောအခါ ဇနီးသည် ဒေါ်ခင်ကြည်အား စစ်ဝတ်စုံတစ်စုံယူလာရန် လှမ်းပြောသောအခါ ဒေါ်ခင်ကြည် ယူလာသည့်စစ်ဝတ်စုံမှာ ဗိုလ်ချုပ်နှင့်ဒေါ်ခင်ကြည်တို့ လက်ထပ်စဉ်က ဗိုလ်ချုပ်အောင်ဆန်းဝတ်သည့် ဝတ်စုံဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကိုထွန်းအုံးကို ချက်ချင်းဝတ်စေ၍ ကိုယ်တိုင်ပင် အကျီကြယ်သီးများ တပ်ပေးပြီး

"*ဟုတ်ပြီ . . နည်းနည်းတော့တိုတယ်။ ကိစ္စမရှိဘူး. . . ဝတ်လို့ရ ပြီးတာပဲ* "ဟုပြောကာ သဘောကျနေလေသည်။

မင်္ဂလာဦးဝတ်စုံ၊ ငါ့လိုဗိုလ်ချုပ် ဝတ်သောဝတ်စုံဟူ၍ ဗိုလ်ချုပ်အောင်ဆန်းမှာ အယူမရှိ အစွဲမထားသလို ဒေါ်ခင်ကြည်နှင့် ရှေ့သွားနောက်လိုက်ညီလှပုံကို သိသာစေသည်။ မရှိတာ ရှိတာမတွက်။ ရှိတာကို ပေးလိုက်ရ၊ လှူလိုက်ရလျှင် ကျေနပ်ဝမ်းမြောက်နေကြသော ဇနီးမောင်နှံ

www.burmeseclassic.com

www.burmeseclassic.com



၏ စိတ်ထားညီပုံကို သိသာစေသည်။ ဤတွင် တစ်ရံတည်းရှိသော မိမိ၏ ဖိနပ်ကိုပါပေးရာ ဘယ်လိုမှ မတော်လွန်း၍ ကိုထွန်းအုံးက

" *ဖိနပ်တော့ ကျွန်တော် ရှာနိုင်ပါတယ်။ ဒီဖိနပ် ဗိုလ်ချုပ်နဲ့ပဲ တော်မှာ*"

ဟု ဆိုမှ လက်လျှော့ပြီး ပြန်ယူထားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)
## ဖက်ဆစ်တော်လှန်ရေးကာလ စစ်ရှောင်ခဲ့ရသည့် ဒေါ်ခင်ကြည်

၁၉၄၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ယခုနတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ ဖက်ဆစ်တော်လှန်ရေးအတွက် စုဝေးတိုင်ပင်သည့်အစည်းအဝေးတွင် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် ခေါင်းဆောင်များက တိတ်တဆိတ် ဆွေးနွေးတိုင်ပင်နေကြသည်။ ထိုအစည်းအဝေးကို သုံးရက်တိုင်တိုင်လျှို့ဝှက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ တက်ရောက်သည့် ပုဂ္ဂိုလ် ၂၁ ဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးစောကြာဒိုး၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးဗထူး၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်မှူးဖိုးကွန်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်စိန်မှန်၊ ဗိုလ်ခင်မောင်ကလေး၊ သခင်စိုး၊ သခင်သန်းထွန်း၊ ဦးဗဆွေ၊ သခင်ချစ်၊ ဦးကျော်ငြိမ်း၊ ဦးလှမောင်၊ သခင်တင်မြ တို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဖက်ဆစ်တော်လှန်ရေးအတွက် ကနဦးရက် သတ်မှတ်ပြီးလည်းဖြစ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဇနီးဒေါ်ခင်ကြည်နှင့် ကလေးများကို ဖျာပုံမြို့သို့စစ်ရှောင်ကြရန် သူ၏ရဲဘော်များနှင့်စီစဉ်တော့သည်။ ဒေါ်ခင်ကြည်သည် တတိယမြောက်ရင်သွေးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်ဝန်ကို လွယ်ထားရသည်မှာလည်း ငါးလခန့် ရှိနေပြီဖြစ်သည်။ သားကြီးမောင်အောင်ဆန်းဦး၊ သားလတ်မောင်အောင်ဆန်းလင်းနှင့်အတူ ဒေါ်ခင်ကြည်အား ဖျာပုံမြို့သို့တာဝန်ယူလိုက်ပါပို့ဆောင်ပေးရမည့် ရဲဘော်များမှာ ကိုဖေ၊ ဗိုလ်ကျော်၊ ကိုသာဆန်းနှင့် ကိုဘမောင်တို့ လေးဦးကို ဗိုလ်မင်းခေါင်က တာဝန်ပေးလိုက်သည်။

၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်။ ဒေါ်ခင်ကြည်တို့သားအမိအား လိုက်ပါပို့ဆောင်ပေးရမည့် ရဲဘော်လေးဦးက ခရီးအတွက် ကြိုတင်ပြင်ဆင်ကြသည်။ ရဲဘော်တစ်ဦးလျှင် ဂျပန်မြင်းစီးရိုင်ဖယ်တစ်လက်စီအား သေနတ်ဒင်များဖြုတ်ကာ အိပ်ရာလိပ်နှင့်အတူ ရောလိပ်၍ထုပ်ထားကြသည်။ လက်ပစ်ဗုံးများနှင့် ကျည်ဆန်များကို ဆန်တောင်းများထဲထည့်၍ ကြက်သွန်၊ ငရုတ်သီး၊ အာလူး၊ ဆန် စသည်တို့နှင့် ဖုံးကာဝှက်ထားကြသည်။ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းအား ဂျပန်များက စောင့်ကြည့်နေသလို ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့သားအမိကိုလည်း ဂျပန်များက မျက်စိဒေါက်ထောက် ကြည့်နေကြသည်။ ထို့ကြောင့် ဒေါ်ခင်ကြည်သည် ဇာတိမြို့ဖြစ်သည့် မြောင်းမြမြို့သို့ အလည်သွားသည့်ဟန်ဖြင့် ခရီးကို ပြင်ဆင်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် မတ်လ ၁၈ ရက်။ ယင်းနေ့ညနေ ၅ နာရီခန့်တွင် ဒေါ်ခင်ကြည်တို့သားအမိနှင့် ရဲဘော်လေးဦးသည် နေအိမ်မှ ထွက်ခွာလှည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးဖြင့် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ထွက်လာခဲ့ကြသည်။ ဤသို့ ပို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်တိုင်ပင်လျှင် ဒေါ်ခင်ကြည်နှင့် သားသမီးများကို ရန်ကုန်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့သည်။ ည ၆ နာရီခန့်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း တော်လှန်ရေးရဲဘော် ကိုမောင်ကြွယ်က သမ္ဗန်နှစ်စင်းနှင့်အတူ ကြည့်မြင်တိုင်ဆိပ်ကမ်းတွင် စောင့်နေသည်။

သမ္ဗန်နှစ်စင်းမှာ အသေးတစ်စင်း အကြီးတစ်စင်း ဖြစ်သည်။ ကြိုရောက်နှင့်နေသည့် ရဲဘော်ကိုဖေတို့က သမ္ဗန်အသေးပေါ်သို့ ခရီးဆောင်အိပ်ရာလိပ်များကို တင်လိုက်ကြပြီး ရဲဘော်သာဆန်းနှင့် ကိုဘမောင်တို့ လိုက်ပါလာခဲ့ကြသည်။ သမ္ဗန်ကြီးပေါ်တွင် လက်နက်များပါသည့် တောင်းသုံးလုံးနှင့် ဒေါ်ခင်ကြည်တို့သားအမိနှင့် ဒေါ်ကျော့တင် (ဗိုလ်ရန်အောင်၏မရီး)၊ ဒေါ်ခင်ကြည်၏ညီမအရင်း ဒေါ်အမာတို့က သမ္ဗန်ဝမ်းဗိုက်ထဲမှ လိုက်ပါလာခဲ့ကြသည်။ ည ၈ နာရီခန့်တွင် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ သမ္ဗန်နှစ်စင်းသည် လရောင်အောက်တွင် တရွေ့ရွေ့နှင့် ခရီးနှင်နေတော့သည်။

ဒေါ်ခင်ကြည်တို့ စီးနင်းလာသည့် သမ္ဗန်နှစ်စင်း တွံ့တေးဝအရောက်တွင် ကျောက်ချထားသည့် ဂျပန်ကင်းစခန်းမှ စစ်ဆေးမေးမြန်းရာ ဘိရှုမာပြောဟေတိုက်(မြန်မာစစ်သားတွေ)ကွ ဟုပြန်လည်ဖြေကြားပြီးမှ ဆက်လက်ခရီးနှင်ခွင့် ရကြသည်။ ထိုနေ့ည တွံ့တေးတွင် သမ္ဗန်ကိုဆိုက်ကပ်ပြီး တစ်ညအိပ်ကာ နဂိုမူလစီစဉ်ထားသည့်အတိုင်း နောက်တစ်နေ့နံနက်တွင် ကိုဘမောင်က သမ္ဗန်နှစ်စင်းကို ထပ်မံငှားရမ်းခဲ့သည်။ အသစ်ငှားလာသည့် သမ္ဗန်ပေါ်သို့ ပစ္စည်းများပြောင်းရွှေ့ကာ ဆက်လက် ခရီးထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၁၉ ရက်နေ့ ဖက်ဆစ်တော်လှန်ရေးကာလ စစ်ရှောင်ထွက်လာသည့် ဒေါ်ခင်ကြည်တို့သားအမိမှာ လိုရာခရီးသို့ မရောက်ရှိသေး။ ကိုမောင်ကြွယ်၏ နေရပ်ဖြစ်သည့် ဖျာပုံခရိုင် ကြက်ဖမွေးဇောင်းရွာတွင် ကိုမောင်ကြွယ်၏ အစ်ကိုဖြစ်သူမှာ ဩဇာညောင်းသည့် သူကြီးဦးစိန်ကြီး ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်တို့ သားအမိအား သူကြီးဦးစိန်ကြီးရှိသည့်အရပ်၌သာ လုံခြုံစိတ်ချရမည်ဟုဆိုကာ ကြက်ဖမွေးဇောင်းရွာတွင်နေထိုင်ရန် ခရီးနှင်ခဲ့ကြသည်။ သမ္ဗန်ခဏတစ်ဖြုတ်နားသည့်အခါ ဒေါ်ခင်ကြည်က

"ကလေးတွေလည်း ပူအိုက်လှပြီ၊ တို့တစ်တွေ ကုန်းပေါ်တက်ပြီး သစ်ပင်ရိပ်မှာ နားကြရင် ကောင်းမယ်ကွယ် "

ဟု ဆိုသောကြောင့် ဒေါ်ခင်ကြည်အား ပြုစုစောင့်ရှောက်ရန် လိုက်ပါလာသည့် ရဲဘော်များက လမုပင်ကြီးတစ်ပင်အောက်တွင် နေရာထိုင်ခင်းများ ပြုလုပ်ပေးသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သားနှစ်ဦးမှာ လမုပင်အောက် ပျော်ရွှင်စွာ ဆော့ကစားနေရာမှ ပုရွက်ဆိတ်များကိုက်၍ ငိုယိုကြသည်။ ထိုသည်ကို အတူပါလာသည့်ရဲဘော်များက ဝါးများစိုက်ပြီး စောင်များမိုးပေးလိုက်ကြသည်။ သို့သော်လည်း ဗိုလ်ချုပ်၏သားနှစ်ဦးမှာ နို့ဆာ၍ငိုကြပြန်သည်။ ထိုအခါ ကိုဖေက ကရင်ပုဆိုးစုတ်ဝတ်ပြီး ကရင်ဟန်ဆောင်ပြီး နို့အရှာထွက်သော်လည်း နွားနို့မရ၍ ကျွဲနို့ကိုသာ ဝယ်ယူလာခဲ့ရသည်။

နေ့လယ်နေ့ခင်း ခရီးတစ်ထောက်နားပြီး ညနေ ၄ နာရီခန့် ဖျာပုံသို့ ဆက်လက်ခရီးထွက်လာရာ အနိမ့်ပျံကျွဲညီနောင် လေယာဉ်များက ချောင်းရိုးတစ်လျှောက်စက်သေနတ်များဖြင့် တောက်လျှောက်ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ စစ်ရှောင်ထွက်လာသည့် ဒေါ်ခင်ကြည်တို့သားအမိမှာ သေကံမရောက်၍သာ အသက်ဘေးမှ လွတ်မြောက်လာခဲ့ကြရသည်။ ဂျပန်ကျွဲညီနောင်လေယာဉ်များက စက်သေနတ်များဖြင့် ပစ်ခတ်ပြီးသွားသည့်အခါ ဒေါ်ခင်ကြည်တို့သားအမိသည် ညဘက်တွင်မှ ဆက်လက်ခရီးထွက်နိုင်သည်။ အတူပါတော်လှန်ရေးရဲဘော်များက ဒေါ်ခင်ကြည်တို့သားအမိအား ဘေးအန္တရာယ်မကျရောက်စေရန် ကင်းစောင့်ပြီးစောင့်ရှောက်ပေးခဲ့ကြသည်။ ဒေါ်ခင်ကြည်တို့သားအမိ၏ စစ်ရှောင်ခရီးသည် ခက်ခက်ခဲခဲပင် သမ္ဗန်အဆင့်ဆင့်ပြောင်းကာ သွားလာခဲ့ကြရသည်။

မတ်လ ၂၀ ရက်နေ့၊ နံနက် ၉ နာရီတွင် ကျိုက်ထိုရွာရှိ ဗိုလ်မှူးဖိုးကွန်းအိမ်သို့ ရောက်ရှိကြသည်။ ဗိုလ်မှူးဖိုးကွန်း အိမ်တွင်ပင် ဒေါ်ခင်ကြည်တို့ နံနက်စာစားပြီး ခရီးစဉ်လုံခြုံရေးအတွက် နောက်ထပ်သမ္ဗန်နှစ်စင်းကို ရှာဖွေငှားရမ်းခဲ့ကြရသည်။ ယခုတစ်ကြိမ် ကျိုက်ထော်မှ ဖျာပုံသို့ငှားရမ်းလာသည့် သမ္ဗန်နှစ်စင်းမှာ တော်လှန်ရေးရဲဘော်များ၏ သမ္ဗန်များဖြစ်ကြသည့်အတွက် ဒေါ်ခင်ကြည်မှာ ခရီးစဉ်အတွက် အနည်းငယ်စိတ်အေးသွားခဲ့သည်။ ညနေ ၄ နာရီတွင် ဖျာပုံသို့ ဆက်လက်ခရီးထွက်ခဲ့ကြသည်။

မတ်လ ၂၁ ရက်နေ့၊ ည ၁၀ နာရီတွင် ဖျာပုံမြို့စွန် စာတိုက်လမ်းဆိပ်သို့ ရောက်ရှိခဲ့ကြသည်။ ထိုမှတစ်ဆင့် ညသန်းခေါင်ကျော် ၂ နာရီခွဲခန့်တွင် အပြောင်လမ်းဆိပ်ကမ်းမှနေ၍ သမ္ဗန်ငယ်များထပ်ငှားကာ ကြက်ဖမွေးဇောင်းရွာအထိ အတွင်းလမ်းမှ ခရီးဆက်ခဲ့ကြသည်။ အောင်ဆန်းဦးနှင့်အောင်ဆန်းလင်း သားငယ်နှစ်ဦးမှာလည်း ပင်ပန်း၍ အိပ်ပျော်နေခဲ့ကြသည်။ တော်လှန်ရေးရဲဘော်များ၏ ကြည့်ရှုစောင့်ရှောက်ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ဖေးမမှုနှင့် ဒေါ်ခင်ကြည်တို့သားအမိ ကြက်ဖမွေးဇောင်းရွာမှ သူကြီး ဦးစိန်ကြီးအား ဗိုလ်ချုပ်အောင်ဆန်း ရေးပေးလိုက်သည့်စာအား ပြသ လိုက်မှသာ ထိုရွာ၌ နေထိုင်ခွင့်ရခဲ့ကြသည်။

နောက်တစ်ခန်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေးအတွက် ခရီးထွက်ရာမှ ဒေါ်ခင်ကြည်နှင့် မိသားစုကိုလွမ်းသည့် ဗိုလ်ချုပ်အောင်ဆန်း၏ လူသားဆန်မှုများကို တော်လှန်ရေးခရီးစဉ်နှင့် ချစ်ကြိုးတစ်မျှင်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)
# တော်လှန်ရေးခရီးစဉ်နှင့် ချစ်ကြိုးတစ်မျှင်

"သေလျှင်လည်း သေ၊ မသေလျှင် ဗမာပြည်ကြီး လွတ်လပ်ဖို့ သေချာအောင်လုပ်ရမည်"

ဟု ဗိုလ်ချုပ်အောင်ဆန်း၏ အဓိဋ္ဌာန်ချက်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအသက်ရှင်နေခြင်းသည် ဖက်ဆစ်တော်လှန်ရေးကြီး အတွက် ဖြစ်နေလေသည်။ ဒေါ်ခင်ကြည်တို့သားအမိသည် ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းရွာသို့ ရောက်ရှိသွားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် သရက်ခရိုင်ဘက်သို့ ၁၉၄၅ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် စတင်ခရီးထွက်ခွာလာခဲ့သည်။

ယင်းနေ့ မတ်လ ၂၂ ရက်နေ့ည ၇ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မင်းခေါင်၊ ဗိုလ်ထွန်းအုံးတို့နှင့်အတူ ဝူစလေကားဖြင့် ထွက်ခဲ့ကြသည်။ ကိုယ်ရံတော်တပ်မှ တပ်ကြပ်ကြီးအောင်ဖေ၊



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်း ရဲဘော်ညွန့်မောင်တို့ပါ ပါဝင်လာခဲ့ကြသည်။ ကြို့ပင်ကောက်မြို့သို့ရောက်သည့်အခါ ဗိုလ်မင်းခေါင်၏ ဖခင်အိမ်၌ တည်းခိုကြသည်။ တစ်ဖန် ပေါင်းတည်မြို့ရောက်သော် ဦးသီဟန်(အငြိမ်းစားနိုင်ငံခြားရေးဝန်ကြီး) ဒေါ်အေးရင်တို့အိမ်၌ တည်းခိုကြပြန်သည်။ မတ်လ ၂၄ ရက်နေ့တွင် ပြည်မြို့မှ ပြလို့သို့ ရောက်ရှိလာခဲ့ကြသည်။ ပြလို့မှ ဧရာဝတီမြစ်ကိုကူးလျက် ရခိုင်ရိုးမတစ်နေရာတွင် စစ်ဌာနချုပ်စခန်း ဖွင့်လျက် ဂျပန်ကိုတော်လှန်ရန် ဖြစ်လေသည်။ သို့သော် ဂျပန်အကြံပေးအရာရှိချုပ်နှင့် ရွှေတောင်တွင်ဆုံရန် ဖြစ်လာသဖြင့် ပြလို့မှရွှေတောင်သို့ ပြန်လာကာ တိုင်း(၄)တာဝန်ခံ ဗိုလ်မှူးကျော်ဇောနှင့် တွေ့သဖြင့် ဂျပန်တို့ သံသယရှိနေကြောင်း သိရသဖြင့် ၁၉၄၅ ခုနှစ် ဧပြီလ ၂ ရက်နေ့ကို တော်လှန်ရေးအတွက် ရက်သတ်မှတ်ထားရာမှ ဗိုလ်ချုပ်အောင်ဆန်းသည် မတ်လ ၂၇ ရက်နေ့ကို ပြောင်းရွှေ့သတ်မှတ်လိုက်တော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်များကို လှည့်ဖြားပြီး အင်္ဂလိပ်နယ်ချဲ့အား တိုက်ရန်ဟန်နှင့် ဗမာ့တပ်မတော် တပ်အသီးသီးကို ဗမာတစ်ပြည်လုံးသို့ တပ်ဖြန့်ထားရသည်။ ဂျပန်များကလည်း ယုံကြည်ပြီးကျေနပ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်ဖြန့်အမိန့်တုများကိုလည်း ထုတ်ပြန်ခဲ့သည်။ ထိုသို့ ဂျပန်များက ဗမာ့တပ်မတော်၏ လှုပ်ရှားဆောင်ရွက်မှုများကို လိုက်လံစောင့်ကြည့်နေသည့်ကြားမှ မတ်လ ၂၇ ရက်နေ့ကို ဖက်ဆစ်တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ကာ ပိပိရိရိဆောင်ရွက်ကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပထမစီးနင်းလာသော ဝူစလေးကားအစား ရွှေနတ်တောင်အနီးတွင် ဟီးလ်မင်းကားသို့ ပြောင်းကာ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစား ဦးထုပ်မှအစ ရုပ်ပြောင်းလျက် ပြလို့သို့ ရန်သူဂျပန်များကြားမှ စွန့်စွန့်စားစား ခရီးနှင်ခဲ့သည်။ ပြလို့မှ ဧရာဝတီမြစ်ကို လှေဖြင့်ကူးကာ ပုဏ္ဏားရွာသို့ ရောက်ကြသည်။ ထိုရွာမှ ရွာသူကြီးဦးငွေလှိုင်အိမ်တွင် စခန်းချကာ မျိုးချစ်ဗမာ့တပ်မတော်၏ ပထမယာယီစခန်းဖွင့်ပြီး ဖက်ဆစ်တော်လှန်ရေးကို ကြံစည်လေသည်။

ထိုမတ်လ ၂၇ ရက်နေ့ ညနေတော်လှန်ရေးစတင်ကြောင်း မကြေညာမီ ဗိုလ်ချုပ်အောင်ဆန်းသည် ကွပ်ပျစ်ပေါ်တွင် ထိုင်လျက် တစ်စုံတစ်ရာအား တွေးနေသလိုရှိသဖြင့် ဗိုလ်မင်းခေါင်က

"ဗိုလ်ချုပ် ဘာတွေများတွေးနေပါသလဲ"

ဟု မေးသဖြင့် ဗိုလ်ချုပ်က

"တို့ ဒီနေ့ညနေပိုင်းပဲ တော်လှန်ရေးစကြတော့မယ် မဟုတ်လား။ တိုင်းအသီးသီးဟာ တို့အစီအစဉ်အတိုင်းပဲ လုပ်နိုင်ကြပါ့မလားဆိုတာ၊ နောက်ပြီး တို့လုပ်ငန်းအတွက် မဟာမိတ်အင်္ဂလိပ်တွေက အကူအညီတွေ ပေးမှာတွေကလည်း ထိထိရောက်ရောက်မှ အကူအညီ ပြုပါ့မလား ဆိုတာတွေပဲ၊ နောက်တစ်ခုကတော့ မင်းအစ်မကြီး(ဒေါ်ခင်ကြည်)နဲ့ ကျန်ခဲ့တဲ့ ကလေးတွေဟာ ရန်သူနဲ့ ကင်းဝေးရာဒေသမှာ ရောက်ပါ့မလား ဆိုတာပဲ" ဟုဆိုလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိ၏အတွေးသစ် အစီအစဉ်များကို သူ့ဦးနှောက်တွင် အကွက်ချလျက် တလည်းသီးများကဲ့သို့ သူ့အကန့်နှင့်သူ တစ်ကန့်စီကို စနစ်တကျလက်တွေ့ လုပ်ပြသွားနိုင်လေသည်။ ထိုစဉ်က ဂျပန်တော်လှန်ရေးဆိုသည်မှာ ရေကုန်ရေခန်း ခါးစည်းရင်စည်းပြီး ထိုင်ရောက် ရင်ဆိုင်ရမည့် လွတ်လပ်ရေးတိုက်ပွဲကြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအပါအဝင် တော်လှန်ရေးရဲဘော်အားလုံးနှင့် တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး၏အရေးကို ပူပန်မိသကဲ့သို့ မိမိတို့ ဦးစီးခေါင်းဆောင်များ မိသားစုဝင်အားလုံး၏အန္တရာယ်သည် မိမိတို့နှင့် ထပ်တူမျှ အသက်အန္တရာယ်ကြီးလှသည်ကိုလည်း သိသာစေလှသည်။

ရန်သူတို့၏ ရက်စက်ကြမ်းကြုတ်မှုကို အသေးစိတ်သိထားပြီးလည်းဖြစ်သည်။ ရန်သူတို့သည် မစားရသည့်အမဲ သဲနှင့်ပက်မှာလည်း သေချာသည်။ သို့ဖြစ်၍တော်လှန်ရေးကြီး အချိန်ကျပြီဖြစ်သည်နှင့်အတူ မိသားစုဝင်အားလုံးကိုပါ ပူပန်သောက ရောက်ရမည်မှာလည်း မလွဲဧကန်ပင်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဗိုလ်မင်းခေါင်မှာလည်း လက်ထပ်ပြီးစ တစ်လပင်မပြည့်သေးမီ စစ်ထွက်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အတိတ်ကို ဆင်ခြင်၊ ပစ္စုပ္ပန်ကို သုံးသပ်လျက် အနာဂတ်အထိ အင်္ဂလိပ်တို့အတွက် ရန်မအေးနိုင်သေးပုံကို တွက်သည်။ အတန်ကြာသောအခါ ဆိတ်ငြိမ်နေရာမှ ဗိုလ်မင်းခေါင်ကလည်း သူ့ဇနီးကို သတိရလေသည်။

ထိုအခါ နိုင်ငံကျော်အဆိုတော်ကြီး ပြည်လှဖေ၏ နတ်သျှင်နောင်သီချင်းကို သတိရလျက် မတိုးမကျယ်လေး သီဆိုနေသည်ကို ဗိုလ်ချုပ်အောင်ဆန်းကြားရသောအခါ ဗိုလ်ချုပ်အောင်ဆန်းလည်း ထိုသီချင်းကို ကြိုက်နှစ်သက်သူဖြစ်၍ သံပြိုင်လိုက်လံ သီဆိုလေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိ၏ လက်ဆွဲသားရေသေတ္တာငယ်ကို ထယူ၏။ သေတ္တာကို ဖွင့်လိုက်သည်။ ပြီးနောက် ဇနီးသည် ဒေါ်ခင်ကြည်ဝတ်သော ရင်ဖုံးအကျႌ၊ ကလေးဝတ်အကျႌများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဓာတ်ပုံကို ထုတ်ပြလေသည်။ ထိုပစ္စည်းများအား ယူလာရသည့် အကြောင်းအရင်းအား ဗိုလ်မင်းခေါင် မေးသောအခါ ဒေါ်ခင်ကြည်က ထည့်ပေးလိုက်၍ ပါလာကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ပြောပြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မင်းခေါင်အား ဘာကြောင့် နတ်သျှင်နောင်သီချင်းဆိုသလဲဟု မေးပြန်လေသည်။ ဗိုလ်မင်းခေါင်က အိမ်ကို သတိရစိတ်ရောက်လို့ပါဟု ဖြေလေသည်။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက သူလည်း အိမ်ကို စိတ်ရောက်ကြောင်းနှင့် ထိုသို့ စိတ်ရောက်ကြောင်းကို ပိုမိုလေးနက်အောင် ပစ္စည်းများ ထုတ်ပြသည်ဟု ပြောလေသည်။ ထိုသို့ပြောပြီး နတ်သျှင်နောင်သီချင်းကိုပင် ထပ်မံဆိုခိုင်းသဖြင့် ဗိုလ်မင်းခေါင်က ဤသီချင်းအားဆိုစဉ် ဗိုလ်ချုပ်အောင်ဆန်းပါ လိုက်ဆိုပြန်လေသည်။

ဤသို့ အလွမ်းပြေ စိတ်ပြေလက်ပျောက် သီချင်းဆိုနေကြစဉ်မှာပင် အချိန်နာရီကား ည ၆ နာရီထိုးပြီ ဖြစ်သည်။ တော်လှန်ရေးအချက်ပေး တုံးမောင်းခေါက်သံများနှင့်အတူ သေနတ်သံများ ဆူညံစွာ ထွက်ပေါ်လာတော့သည်။ ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲနိုင်ပြီဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းက

"ဟေ့. . . တော်လှန်ရေးကြီးစပြီကွ၊ အောင်ပွဲလည်း မကြာမီ ဆွတ်ခူးနိုင်မှာပဲ"

ဟု ကျေနပ်ခြင်း၊ အားတင်းခြင်း၊ မျှော်လင့်ခြင်းများစွာတို့ဖြင့် ဦးခေါင်းကို ညွတ်၍ပြောလေသည်။

ဂျပန်တို့လက်နက်ချပြီ

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်က မဟာမိတ်တပ်



www.burmeseclassic.com

www.burmeseclassic.com



များကို ခြွင်းချက်မရှိ လက်နက်ချကြောင်း ဂျပန်နိုင်ငံက ကြေညာကာ စစ်ကြီးပြီးကြောင်း သိရသည်။ ထိုသို့ ဖက်ဆစ်တော်လှန်ရေးနှင့် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့လေသည်။ သို့သော် ထိုကာလ မြန်မာနိုင်ငံသည် ဗြိတိသျှအုပ်ချုပ်မှုအောက်သို့ ပြန်ရောက်သွားပြန်ရာ ဗိုလ်ချုပ်အောင်ဆန်း သည် မြန်မာ့လွတ်လပ်ရေးကြီးအတွက် ဗြိတိသျှတို့နှင့် ဆက်လက် ရင် ဆိုင်ပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းရပြန်လေသည်။

စစ်ကြီးပြီး၍ တတိယမြောက်ရင်သွေးဖြစ်သူ သမီး ဒေါ်အောင် ဆန်းစုကြည်အား မွေးဖွားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေး စည်းရုံးရေးတရားဟောရန်နှင့် မိခင်ကြီးအား ကန်တော့ရန် ဒေါ်ခင်ကြည် တို့သားအမိကိုပါ နတ်မောက်သို့ ခေါ်ဆောင်လာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် ကြိုတင်တွက်ချက်ထားသော နိုင်ငံရေးပရောဟိတ် စိတ်တွက်ဟောကိန်းများအရ အင်္ဂလိပ်အား ယခု တစ်ကြိမ်တွင် နောက်ဆုံးအနေဖြင့် တိုက်ထုတ်ရေးအတွက် ပြည်တွင်း အမျိုးသားညီညွတ်ရေးမျှဖြင့် တွန်းလှန်ရွှေ့လျား ပပျောက်စေရေးဖြစ် သည်။

ပထမ နှစ်တစ်ရာဝန်းကျင် အမြစ်တွယ်ရှင်သန်နေသော နယ်ချဲ့ ကိုလိုနီတို့အား ဂျပန်ဖက်ဆစ်တို့၏ အကူအညီဖြင့် တစ်မဟုတ်ချင်း ဆို သလို တိုက်ထုတ်ဖယ်ရှားနိုင်စဉ်က ဂျပန်၏ ပရိယာယ်ဉာဏ်ကို သိပြီး အတိုင်း ဂျပန်သည် မြန်မာပြည်အား ခြေကုပ်စခန်းဖြင့် အမြတ်ထုတ် အနိုင်ကျင့် သွေးစုပ်ခြယ်လှယ်မည်ဟု ထင်ခဲ့သည့်အတိုင်း ဂျပန်တို့၏ ကြီးမား ကျွမ်းကျင်သော အင်အားကို အင်္ဂလိပ်မဟာမိတ်များဖြင့် တွန်း လှန်ဖယ်ရှားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာ့မြေနှင့် မြန်မာတွေ အကြောင်း ကောင်းကောင်းကြီးသိကြပြီး ဖြစ်သည့်အလျောက် ဂျပန် အပြေးမှာ အင်္ဂလိပ်အရေးက ဒုတိယအကြိမ် ပြန်လည်အခြေချရန် ကြိုတင်တွက်သလို ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်မျိုးချစ် တိုင်း ရင်းသားများသည် စစ်ပညာများနှင့် အတွေ့အကြုံများပါ ရရှိထားပြီး ဖြစ်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)
# ဒေါ်ခင်ကြည်လိုက်ပါခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေးခရီးများ

ပြည်တွင်းတိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဦးစားပေးကာ လုပ်ဆောင်မှ အောင်မြင်မည်ကို ကြိုတင်တွက်ချက်ကာ ပြည်နယ်၊ ပြည်မ ဟူသမျှသို့ စည်းရုံးရေးကို ခြေသွက်၊ လက်သွက် နှုတ်ထက်မြက်စွာ အနားမနေ ဆက်တိုက်ဆိုသလို ခရီးဆက်လေသည်။ ဤခရီးစဉ်များတွင် ဘဝအဖော်ကြင်ယာတော် ဒေါ်ခင်ကြည်ပင် ပါဝင်သင့်သည့် ခရီးများတွင် ပါဝင်ကြောင်းတွေ့ရလေသည်။ စည်းရုံးရေးတိုင်းလိုလို အောင်မြင်စွာ စည်းရုံးနိုင်လေသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်ဘက်သို့သွားရာ ချစ်ဇနီးဒေါ်ခင်ကြည်ပါ လိုက်ပါလာခဲ့သည်။ မိတ္ထီလာမှ တောင်ကြီးသို့သွားရာ ကားလမ်းအရောက်တွင် ဗိုလ်ထွန်းလှက



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်ထောင်ပြုခြင်းအကြောင်းများကို မေးမိလေသည်။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက သူ၏ ကျောင်းနေကာလ အိမ်ထောင်ရေး စိတ်ကူးယဉ်ပုံအကြောင်းများပါ ပြောပြီး ဆက်လက်၍

"ခုတော့ မိန်းမယူမှပဲဆိုပြီး ဇွတ်ယူလိုက်တာပေါ့ကွာ။ လူချင်းကြိုက်ပုံကလည်း မင်းတို့ကောင်တွေလို သံသရာရှည်ကြီး လုပ်နေတာမဟုတ်ဘူး။ တိုတိုတုတ်တုတ် လိုရင်းသဘောရောက်တဲ့ very bussin-ess like နည်းပဲကွ"

ဟု ဒေါ်ခင်ကြည်အား ပြုံးကြည့်ရင်း မြိန်ရေရှက်ရေ ပြောပြလေသည်။ ဗိုလ်ချုပ်သည် တစ်ဆက်တည်းမှာပင်

"ဒါထက် နေစမ်းပါဦးကွ၊ အဲဒီတုန်းက ငါ ဖြုန်းခနဲ မိန်းမယူပစ်လိုက်တော့ တပ်ထဲက ရဲဘော်တွေရဲ့စိတ်မှာ ဘယ်လိုဖြစ်ကြသလဲ"

ဟု မေးလေသည်။

ဗိုလ်ထွန်းလှကလည်း

"ဟာ. . ဘာဖြစ်ရမှာလဲ . . ငါတို့ ဗိုလ်ချုပ်တော့သွားပြီ. . မိန်းမရတယ်ဆိုရင်ပဲ တို့ရဲဘော်တွေကို သိပ်ပြီး ဂရုစိုက်တော့မှာ မဟုတ်ဘူး၊ တို့တပ်မတော်ကြီးလည်း ဘယ်လို ဖြစ်မလဲမသိဘူး၊ အဲသလို ရဲဘော်တိုင်းလိုလို တွေးမိကြပြီး ဝမ်းနည်းကြတာပေါ့"

ဟူ၍ ဗိုလ်ရန်နိုင်၏ တပ်ရင်း (၂) မှ ဗိုလ်မင်းလွင်က ဖြေသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် အံ့ဩမှင်တက်ပြီး ဟော. . . ဟုတ်လားဟုဆိုကာ ဘာမျှဆက်မပြောတော့။ စတေရှင်ဝက်ဂွန်ကားလေး၏ ပြတင်းမှသည် လမ်းဘေးရှိ တောတန်းနှင့် တောင်ကမ်းပါးယံကြီးများကို ငေးကြည့်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အပေါ် ရဲဘော်အပေါင်းနှင့် ဗမာလူငယ်များတို့သည် မည်မျှ ချစ်ခင်ကြည်ညိုကြကြောင်း ဗိုလ်ချုပ်ကိုယ်တိုင် ကောင်းစွာသိလေသည်။ ရှမ်းတောင်တန်းကြီးများကို ဗိုလ်ချုပ်အောင်ဆန်းက ငေးကြည့်ရင်း လိုက်ပါလာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ သွားသည့်ခရီးစဉ် အချိန်ကာလသည် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ဖြစ်သည်။ သံဖြူဇရပ်တွင် ကျဆုံးစစ်သည်များအား အလေးပြုအခမ်းအနား၊ တနင်္သာရီတိုင်း ကရင်အမျိုးသားများနှစ်ပတ်လည်ပွဲ၊ ကပ္ပလီရွာ၊ ကရင်နှစ်သစ်ကူးပွဲ၊ ကရင်နီနယ်လွိုင်ကော်မြို့သို့ ခရီးပြင်းနှင်ရန်၊ ရန်ကုန်မှ မိတ္ထီလာသို့ ဝေဟင်ခရီး၊ မိတ္ထီလာမှ ရှမ်းပြည်နယ်သို့ ယခုကဲ့သို့ ကားနှင့် တက်နေကြခြင်းဖြစ်၏။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်ထွန်းလှအား အိမ်ထောင်ပြုသည့် အတွေးအခေါ်ပါသော စကားအချို့ကို ဆိုခဲ့သေးသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မဟာမိတ်သေနာပတိချုပ် မောင့်ဘက်တန်က ပေးအပ်သော စစ်ဗိုလ်တပ်မင်းကြီးရာထူးကို လက်မခံဘဲ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဗမာ့လွတ်လပ်ရေးတပ်များကို ပဲ့ကိုင်လျက်ရှိစဉ် ဗိုလ်ထွန်းလှသည် ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့ရောက်သွားရာ . . .

"ဟော့ကောင် မင်း ငါ့အိမ် လာနေပါလားကွ"

"မဖြစ်ဘူးထင်တယ် ဗိုလ်ချုပ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် အခု မိန်းမရနေပြီ"

"ဟေ. . . ဟုတ်လား။ မင်းဟာက မြန်လှချည်လား။ ဘယ်တုံးက ရလိုက်တာလဲ။ ငါတောင် မသိလိုက်ဘူး။ ဘယ်မှာ လက်ထပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်တာမဟုတ်ဘူး ခိုးပြေးတာ"

လွန်ခဲ့သော ခြောက်လခန့်ကပင် လူပျိုရဲဘော်တွေ မိန်းမ မယူသေးရန်ကို နတ္တလင်းမှာ ပြောခဲ့သည့်ကြားက မိန်းမယူမိသဖြင့် မပြောရဲဘဲ နေခဲ့ရာမှ ယခုကဲ့သို့ အကြောင်းကြုံမှ ပြောရသည့်အတွက် ဗိုလ်ချုပ်သည် ဗိုလ်ထွန်းလှကို ဘာမှမပြောဘဲ

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဟု မေးလေသည်။

ဗိုလ်ထွန်းလှကလည်း ၂၆ နှစ်ဟုပြန်ဖြေသည်။ ထိုအခါ ဗိုလ်ချုပ်က

ဟာ. . . ဒါဖြင့် all right ပဲ ဟုဆိုကာ မိမိ အိမ်ထောင်ပြုခြင်းနှင့်တကွ အိမ်ထောင်ပြုရေးအကြောင်းကို ရှင်းပြလေသည်။ ထိုအခါ ဗိုလ်ထွန်းလှက နားထောင်နေရာမှ

" ဒါကတော့ ဟုတ်ပါတယ် ဗိုလ်ချုပ်။ ဒါပေမဲ့ လူတွေက ဒီလောက် ခေတ်မမီကြသေးတော့ ခက်တာပါပဲ။ အခု ကျွန်တော် မိန်းကလေးအိမ်ကို လူကြီးတွေနဲ့ ပြန်အပ်ဖို့ စီစဉ်နေတယ်"

ဟုဆိုရာ ဗိုလ်ချုပ်က

ဟာ. . ဒီပြန်အပ်တယ်ဆိုတာလည်း ငါတော့ ပိုတယ်လို့ ထင်တာပဲ။ မိန်းမနဲ့ယောက်ျား နှစ်ဦးသဘောတူကြရင် လူသိနတ်ကြား လင်မယားအဖြစ် နေလိုက်ရင် ပြီးရောပေါ့ကွ။

ဗိုလ်ချုပ်၏ အပြောကို ဇနီးဖြစ်သူ ဒေါ်ခင်ကြည်သည် ဘာမျှဝင်မပြောဘဲ ပြုံးလျက် နားထောင်နေလေသည်။

မျှားမကြာမီ ကာကွယ်ရေးအတွင်းဝန် ဦးဘတင့်၏ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားစဉ်ကလည်း ရန်ကုန်မြို့ မျက်နှာကြီးမင်္ဂလာဆောင်၏ အပို ဆာဒါးအလုပ်များ အလုပ်ခံကာ တစ်ယောက်နှင့်တစ်ယောက် ရာထူးပြိုင်၊ အဝတ်အစားပြိုင်၊ ဂုဏ်ပြိုင် စသည့် မင်းပရိသတ်ကြီးကို ကြည့်ပြီး ဗိုလ်ချုပ် သည် အလွန်မျက်စိနောက်ဟန်ဖြင့် အပြန်လမ်းတစ်လျှောက် မျက် မှောက်ကုတ်၍ စကားမပြောဘဲ ပြန်လာခဲ့သည်။

ယောက်ျားနဲ့ မိန်းမအိမ်ထောင်ပြုတဲ့နေရာမှာ ခိုးယူတာ အကောင်းဆုံးပါပဲကွာဟု ဗိုလ်ချုပ်သည် ပြောဖြစ်အောင် ပြောလိုက်သေး လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

## ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ ဒေါ်ခင်ကြည်နှင့် သားသမီးများ၏အမှတ်တရအချို့

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့ရဲဘော်တပ်ဖွဲ့ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည် ယမန်နေ့ကပင် ဘုရင်ခံ၏ အမှုဆောင်လူကြီး အဖြစ် ရောက်သွားလျက် သူ၏ဇနီးဒေါ်ခင်ကြည်နှင့်အတူ မြို့ထဲသို့ ဂျစ်ကားဖြင့် ထွက်လာကြသည်။ ဂျစ်ကားမောင်းသူမှာ ဗိုလ်ထွန်းလှပင်ဖြစ် လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တစ်လမ်းလုံးစကားတစ်ခွန်းမျှ မပြော ဘဲ ငေးမော၍သာလိုက်လာပြီး အလံပြဘုရားလမ်းသို့ ရောက်သောအခါ အင်္ဂလိပ်လို

I am not happy in office အစိုးရအဖွဲ့ထဲဝင်ပြီး ရာထူးယူ ထားရတာ ငါတော့ မပျော်ပါဘူးကွာ ဟု ပြောလေသည်။ ဒေါ်ခင်ကြည် က ဘာမှဝင်မပြော။ ဗိုလ်ထွန်းလှ က



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဗိုလ်ချုပ် " ဟု မေးသောအခါ

"ဘာကြောင့်မှန်း မသိဘူး၊ ငါတို့ နိုင်ငံရေးလုပ်လာတာ ဖြုန်းခနဲ ဒီလို အစိုးရအဖွဲ့ထဲရောက်လိမ့်မယ်လို့ တစ်ခါမှ စိတ်မကူးခဲ့ဘူး။ ခုတော့ မမျှော်လင့်ဘဲ အစိုးရအဖွဲ့ဝင် ရာထူးယူလိုက်ရတော့ ငါ့စိတ်ထဲဘာကြောင့် မှန်းမသိ ပျော်ကိုမပျော်ဘူးကွာ "

ဟုပြောဆိုလေသည်။ ဗိုလ်ထွန်းလှလည်း ဘာမှဆက်မပြော။ ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်လည်း ဘာမှမပြော။ ကားပေါ်တွင် အတွေး ကိုယ်စီနှင့် တိတ်ဆိတ်နေသည်။ ဤ မပျော်ဆိုသော အဓိပ္ပာယ်ကို ဗိုလ် ထွန်းလှ ရိပ်မိသကဲ့သို့ ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်သည်လည်း သူ့စိတ် တွင် သိနိုင်မည်ဟု ဗိုလ်ထွန်းလှ တွက်မိသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့၊ တနင်္ဂနွေနေ့ဖြစ် သည်။ အမှတ် ၂၅ တာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဒေါ်ခင် ကြည်မှာ စတုတ္ထမြောက် သမီးငယ်တစ်ဦးကို ထပ်မံမွေးဖွားခဲ့သည်။

ထိုနေ့တွင် ဗမာတစ်နိုင်ငံလုံး၌ အလုပ်သမားအရေး၊ သပိတ် အရေးများကြောင့် ဆာပေါ်ထွန်းအစိုးရပြုတ်ကျပြီးနောက် အကင်းပါးလှ သည့် ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်(စ်) က ဖဆပလခေါင်းဆောင်များနှင့် အပူတပြင်း စေ့စပ်ဆွေးနွေးသည်။ ဗမာပြည်၏ ရှေ့ရေးကံကြမ္မာကို လူ တိုင်းက စိတ်ဝင်စားစွာ နားစွင့်နေချိန်ဖြစ်သည်။ အလုပ်အများဆုံး၊ ခေါင်း အရှုပ်ရဆုံးပုဂ္ဂိုလ်မှာ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဇနီး ဒေါ်ခင်ကြည်တို့သည် သားသမီး များကို အလွန်ချစ်ခင်ကြသည့်အလျောက် သမီးလေးတစ်ဦး ထပ်မံမွေး



www.burmeseclassic.com

www.burmeseclassic.com



ဖွားရသည်ကိုပင် မပျော်စရာတွေထဲက စိတ်၏ဖြေရာ ပျော်စရာဖြစ်လေသည်။ ပထမ ကလေးနှစ်ဦးမှာ ယောကျ်ားလေးများချည်းဖြစ်ကြလျက်၊ တတိယ ကလေးမှာ မိန်းကလေးဖြစ်လျက် ဤရင်နှစ်သည်းချာ ကလေးများမှာ ဆောကစားပြေးလွှားတတ်သည့် သားနှစ်ဦးနှင့် သမီးတို့သည် မိဘတို့၏ ပုလဲမျက်ရှု သားရွှေဥ ဖြစ်ရလေသည်။

ယခု သမီးရတနာတစ်ဦး ထပ်မံထွန်းကားလာသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့မှာ အချစ်တွေ ပိုနေရပြန်လေသည်။ သမီးငယ်နှစ်ဦး အဖော်ရပြီဟု ဝမ်းသာကြည်နူးနေကြစဉ် စက်တင်ဘာလ ၂၆ ရက်နေ့ ( ဗိုလ်ချုပ်အောင်ဆန်းဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုသောနေ့) တွင် ဗိုလ်ချုပ်နှင့်ဇနီး ဒေါ်ခင်ကြည်တို့၏ဖော်ပြပါ သမီးထွေး သည် ဖခင်၏ဂုဏ်ရှိန်သမ္ဘာကို လှူပြည်တွင် ငါးရက်မျှသာ အတူနေ ဆုံစည်းခဲ့ပြီး ကွယ်လွန်သွားခဲ့လေသည်။

မိဘဟူသည် သားသမီးအဘယ်မျှလောက်ပင် များများ၊ ချစ်ခင်ယုယ သမုဒယမေတ္တာအား ဘယ်သောအခါမှ မလျော့၊ သမုဒ္ဒရာရေကဲ့သို့ လျှံကျ မသွား၊ လျော့မသွားသော မေတ္တာ၊ မိဘမှာသာ ရှိသည့်မေတ္တာ။ ဤ မိဘမေတ္တာကို စာဆိုအကျော် ဆရာတော်အရှင်မဟာသီလဝံသ ကိုယ်တော်ကြီးက ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ မြင့်ခြင်းဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဖခင် ကျေးဇူးရှင်ဟု မိဘကျေးဇူးကို စပ်ဆိုတော်မူသကဲ့သို့ ပုတ္တောဝါဒပျို့မှ. . .

မိဘတို့၏ကျေးဇူးသည် ယူဇနာပေါင်းနှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးနှင့် နှိုင်းစာပါက မဟာပထဝီမြေကြီးသည် ဝါးရွက်ကဲ့သို့အလား ပါးပါးကလေးမျှသာ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်များပြားလှသော အနန္တစကြဝဠာတို့သည်လည်း အပ်၌ ထွင်းထားသော အပ်နဖားပေါက်ကဲ့သို့ ဖြစ်ပေလိမ့်မည်။

ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ကျယ်လှစွာသော မဟာသမုဒ္ဒရာရေတို့သည်လည်း မိဘမေတ္တာနှင့် နှိုင်းစာချေက မိုးရေ ပေါက်ကဲ့သို့ ဖြစ်ပေလိမ့်မည်။

မိဘတို့၏ ကျေးဇူးမေတ္တာသည် သားသမီးများအပေါ် အဘယ် မျှ ထားရှိလေသနည်း။ ဤမေတ္တာထုနှင့် ချစ်ကြရသည့် မိဘတို့အဖို့ သား သမီးတစ်ဦး တစ်ယောက်ဆုံးရှုံးရခြင်းအတွက် အိမ်၏အသက်ခန္ဓာ တစ် ဝက် သို့မဟုတ် အလုံးစုံပါသွားသည်ထက် နှမြောတသ ဝမ်းနည်းကြရ လေ၏။

ထိုသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးတစ်ဖက်၊ မိသားစု အရေးတစ်ဖက်ကြားထဲတွင် သေလျှင်လည်းသေ၊ မသေလျှင် ဗမာပြည် ကြီး လွတ်လပ်ဖို့ သေချာအောင်လုပ်ရမည်ဟု အဓိဋ္ဌာန်ချက်နှင့်အတူ ဖက်ဆစ်တော်လှန်ရေးပြီးနောက် နယ်ချဲ့ဗြိတိသျှတို့ လက်အောက်မှ လွတ်မြောက်ရန် ဆက်လက်ရုန်းကန် တိုက်ပွဲဝင်ခဲ့သည်။ အစိုးရဝန်ကြီး အဖွဲ့ဝင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက်တွင်လည်း ဗိုလ်ချုပ်အောင် ဆန်းသည် ဇနီးဒေါ်ခင်ကြည်နှင့်အတူရှိခဲ့သည့် အမှတ်တရအချို့ကို ရှာဖွေဖော်ပြလိုပါသည်။

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ ၁၉၄၇ ခုနှစ် နှစ်ဆန်းပိုင်းကာလတစ်ခုတွင် ဖြစ်သည်။ ဗိုလ်ချုပ်အောင် ဆန်းသည် နိုင်ငံရေးအရှုပ်အထွေးများ ကြားထဲမှ ခဏတစ်ဖြုတ်အိမ်တွင် အနားယူနေစဉ် ဖြစ်သည်။ ဒေါ်ခင်ကြည်သည် ရေဒီယိုကို ဖွင့်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓူဝံကြယ် မြေမှာခကြွေ ကောင်းကင်မှာ နေလတွေ ကွယ်စေ စသည့် အစချီလာသည့် သက်ဝေသီချင်း chorus ပိုဒ်က ပျံ့လွင့်လာ၏။ ဗိုလ်ချုပ်အနားယူစဉ်နှင့် ကြုံ၍ နားထောင်နေကြစဉ် တက္ကသိုလ်နေဝင်း အပျော်တမ်းတူရိယာ ကာလပေါ်အဖွဲ့ဖြစ်ကြောင်း ရေဒီယိုမှကြေညာသွားသည့်အခါ ဗိုလ်ချုပ်သည် အံ့အားသင့်လျက် ရှိနေခဲ့သည်။ နောက်တစ်နေ့ ထမင်းစားပွဲတွင် ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း) နှင့်ဆုံကြရာ ဗိုလ်ချုပ်အောင်ဆန်းက

"ဟော့ကောင်. . . ညက မင်းတို့တူရိယာဝိုင်း အတော် ဟုတ်သွားပါကလား။ သက်ဝေ သီချင်းဆိုတာ ဘယ်သူလဲ။ ငါဖြင့် တကယ့် မေရှင်ဓာတ်ပြား မှတ်လို့"

ဟု ချီးကျူးစကား ဆိုလေသည်။ ထိုအခါ ဗိုလ်ထွန်းလှကလည်း

"ဆိုတာကတော့ ကျွန်တော့်မိန်းမပဲ ဗိုလ်ချုပ်။ စန္ဒရားက ဒဂုန်တာရာ၊ တယောက ကျွန်တော်ပဲ"

"ဟေ. . . ဟုတ်လား. . . ဒီလိုဆိုတော့ အနိုင်သားပဲကွ။ အေးကွာ ငါ့မိန်းမကိုလည်း သီချင်းဆို သင်ခိုင်းဦးမှပဲ"

ဒေါ်ခင်ကြည်က ဗိုလ်ချုပ်ပြောသည့်စကားကို ပြန်ဖြေပါသည်။

"အမလေး. . . မလုပ်ပါနဲ့တော် . . . မေရှင်တို့၊ ဒိုရာသန်းတို့ရဲ့ ဓာတ်ပြားတွေ ဖွင့်နားထောင်ပြီး သဘောကျနေ တော်ရောပေါ့"

ဟု ပြောမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ထွန်းလှတို့သည် သဘောကျနေကြတော့သည်။

ထပ်မံပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဒဂုန်တာရာရေးသားသည့် အောင်ဆန်း(သို့မဟုတ်)အရိုင်း ဆောင်းပါးနှင့်ပတ်သက်၍ ဗိုလ်ထွန်းလှအား အောက်ပါအတိုင်း ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒွေးမြိုင်(ဒဂုန်တာရာ)ကတော့ ငါ့ကို အရိုင်းတဲ့ကွာ။ ဒါကတော့ ကြမ်းလွန်းတယ် ထင်တာပဲ။ ငါဟာစင်စစ် ရိုင်းသလောက်တော့ ရိုင်းပါတယ်။ ဒါပေမဲ့ မရိုင်းတဲ့အချက်အလက်တွေလည်း အများကြီးရှိပါသေးတယ်ကွာ။ မဟုတ်ဘူးလား။ What do you say " ဟူ၍ အနီးတွင် ရှိသော ဒေါ်ခင်ကြည်ဘက်သို့ လှည့်ပြီး ပြုံးပြုံးကြီးနှင့် မေးလိုက်လေသည်။

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလန်တွင် အက်တလီအစိုးရနှင့် လွတ်လပ်ရေးအတွက် ဆွေးနွေးနေစဉ်ကာလ၌

"ကြည်ရေ . . . *ပဲပြုတ်နဲ့ နံပြားရရင်စားချင်တယ်. . .*"

စသည့် ဗိုလ်ချုပ်၏လက်ရေးမူနှင့် ဒေါ်ခင်ကြည်ထံသို့ ရေးခဲ့သော စာသားလေးမှာ ခေတ်အဆက်ဆက် သမိုင်းဝင်နေမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပွင့်လင်းရိုးသားသလောက် မိမိမှာ ဆာလောင်ချိန်ရောက်လျှင် ဆာလောင်ကြောင်း သခင်ဘဝကလည်း မိမိထံရောက်လာသူတို့ကို တစ်ခုခု (သို့မဟုတ်) ထမင်းကျွေးရန် ပြောဆိုတတ်လေသည်။

ဗိုလ်ချုပ်ဖြစ်သည့်တိုင် သူ့ထံ ငွေရှိရမည်ကို မစဉ်းစား။ သူ့အလုပ်နှင့် သူသာ စဉ်းစားစရာ ရှိနေလေသည်။ တစ်နေ့တွင် ဗိုလ်ထွန်းလှအား. . .

"ငါ အခုဗိုက်ဆာလို့ တစ်ခုခု စားချင်တယ်ကွာ"

တစ်ခုခု ဆိုခြင်းကြောင့် ဘာစားရ၊ စားရ အစာအာဟာရဖြစ်လို့ ဗိုက်အဆာပြေ ပြီးရောဆိုသည့် သဘောသို့ရောက်ပါသည်။ ထိုအခါ ဗိုလ်ထွန်းလှက. . .

"ဗိုလ်ချုပ်က ဘာများစားချင်လို့လဲ" ဟု မေးရာ



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းက ဝယ်ကျွေးမလို့လား၊ ဝယ်ကျွေးရအောင် မင်းမှာ ပိုက်ဆံရော ရှိလို့လား" ဟု ဗိုလ်ချုပ်က ပြန်မေးလေသည်။

ဤသည်ကို ဗိုလ်ထွန်းလှက မိမိမှာပါသော ငွေခုနစ်ကျပ် ထည့်ထားသည့် အိတ်ကပ်ကို ပုတ်ပြပြီး ဟန်ပါပါဖြင့်

"ကျွန်တော့်မှာ ပိုက်ဆံပါ ပါတယ်။ ဗိုလ်ချုပ် စားချင်တယ်ဆိုတာသာ ပြောပါ" ဟု ဆိုမှ ဗိုလ်ချုပ်က

"မဂိုလမ်း(ရွှေဘုံသာလမ်း) က ပလာတာနဲ့ ခပတ်စားချင်တယ်ကွာ" ဟု ဆိုလေတော့သည်။

ထိုအခါဗိုလ်ထွန်းလှက ပလာတာနှင့် ဆိတ်သားခပတ်တစ်ပွဲစီ ပေါင်းနှစ်ပွဲဖိုး မပြည့်သဖြင့် ဆိုင်ရှင်နှင့်လည်း ရင်းနှီးပြီးဖြစ်၍ ဗိုလ်ချုပ်မေးက ပိုက်ဆံရှင်းပြီးဖြစ်ကြောင်း ပြောရန်နှင့် နောက်နေ့မှ လာပေးမည်ဆိုကာ နောက်တစ်နေ့တွင် ဗိုလ်ထွန်းလှသည် လက်ကျန်ငွေအကြွေးကို သွားရှင်းပေးခဲ့သည်။ ဗိုလ်ထွန်းလှ ဝယ်ကျွေးသော ပလာတာနှင့် ဆိတ်သားခပတ်ကို စားရင်း ဗိုလ်ချုပ်အောင်ဆန်းက

"အေးကွ မစားရတာ ကြာလို့လားမသိဘူး။ အလွန်စားလို့ကောင်းတယ်" ဟု ပြောလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အလွန်ပင် သနားစရာကောင်းသော ခေါင်းဆောင်တစ်ဦးပင် ဖြစ်ပါသည်။ ဝန်ကြီးချုပ် ရာထူးရှိသူတစ်ယောက်က ပလာတာနှင့် ဆိတ်သားခပတ် ဝယ်စားဖို့ ငွေမရှိဟု ဆိုထား၍ အံ့ဩစရာကောင်းသလို သနားစရာလည်း အလွန်ကောင်းလှပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)
# ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ဒေါ်ခင်ကြည်၏ဘဝဖြတ်သန်းမှု

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် အတွင်းဝန်များရုံး၌ မသမာသူလူတစ်စု၏ လက်ချက်ကြောင့် ကျဆုံးသွားခဲ့သည်ကို လူတိုင်းသိပြီး ဖြစ်ပါသည်။ ထိုနေ့ နံနက်က ဗိုလ်ချုပ်အောင်ဆန်းသည် သနပ်ခါးရောင် ပိုးပျော့ရင်ဖုံး၊ ဘန်ကောက်လုံချည်၊ ပန်းနုရောင်ခေါင်းပေါင်းနှင့် ရုံးသွားရန်ပြင်ဆင်နေသည်။ ထိုသည်ကို ဒေါ်ခင်ကြည်နှင့်သားသမီးများက ဝိုင်းဝန်းပြင်ဆင်ပေးနေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဝတ်စားဆင်ယင်မှုသည် ခါတိုင်း စစ်ယူနီဖောင်းနှင့် မြင်တွေ့နေရာမှ ယခုအခါ ဘန်ကောက်ပုဆိုး၊ ခေါင်းပေါင်းနှင့် သားသမီးများ၏မျက်စိရှေ့တွင်အဆန်းတကြယ် ဖြစ်လို့နေပေမည်။ အိမ်အပြင်တွင်လည်း မိုးက အုံ့ဆိုင်းညို့မှိုင်းနေသည်။

www.burmeseclassic.com



ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့် သမီး(ဒေါ်)အောင်ဆန်းစုကြည်တို့က ဗိုလ်ချုပ်အောင်ဆန်းအား အိမ်အဝထိ လိုက်ပို့ခဲ့သည်မှာ နောက်ဆုံးနေ့ အဖြစ် မည်သူကမျှ မထင်မှတ်ခဲ့။ မိုးက ဖွဲလိုက် သည်းလိုက်နှင့် မိုးရေ ထဲမှာပင် အပါးတော်မြဲဗိုလ်ထွန်းလှက ဗိုလ်ချုပ်အောင်ဆန်းကို စောင့် နေသည်။

ထိုနေ့၊ ထိုရက်၊ ထိုအချိန် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ် အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ သည့်အခါ ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးရှင်မွေးမိခင် အမေစုနှင့် ဗိုလ်ချုပ်၏ဇနီးဖြစ်သူ ဒေါ်ခင်ကြည်တို့သည် သောက မီးတောက်လောင် ခြင်းခံရသကဲ့သို့ မြန်မာတစ်မျိုးသားလုံးနှင့် တိုင်းရင်းသားညီနောင် မောင် နှမများပါ နှလုံးစိတ်ဝမ်း ညှိုးနွမ်းပင်ပန်းကြရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးရှင်မိခင်ကြီးနှင့် ချစ်လှစွာသော ဇနီးဒေါ်ခင်ကြည်၏ ရင်မှပွင့်လာသော ကြေကွဲဝမ်းနည်းစွာထွက်ပေါ် လာသည့် စကားရပ်များနှင့် နိုင်ငံခြားခေါင်းဆောင်ကြီးများအချို့ကပါ ဝမ်းနည်းကြေကွဲကြကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီနှင့် ဝန်ကြီးချုပ်နေရူး၊ ဗြိတိန်နိုင်ငံအငြိမ်းစား မြောက် ဂျော့ဘုရင်၊ နန်းရင်းဝန် အက်တလီ၊ ပါကစ္စတန် ဘုရင်ခံချုပ်ဟောင်း မစ္စတာဂျင်းနား၊ အင်ဒိုနီးရှားနိုင်ငံခေါင်းဆောင် ဒေါက်တာရှရီယာ၊ ဘင်္ဂလားဘုရင်ခံ၊ အိန္ဒိယဘုရင်ခံချုပ်၊ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှ မြန်မာအမျိုးသားများက အသီးသီးသောဝမ်းနည်း ကြေကွဲလွှာများ ပေးပို့ကြလေသည်။

၁၉၄၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကတော် ဒေါ်ခင်ကြည်သည် အမိန့်ပြန်ကြေညာချက်နှင့်အတူ လူသိထုတ်ပြန်ကြား

www.burmeseclassic.com

www.burmeseclassic.com



လွှာကို ထုတ်ပြန်လျက် လွတ်လပ်ရေးကြိုးပမ်းမှုတွင် သမိုင်းပေးတာဝန်ကို ပါဝင် ထမ်းဆောင်ခဲ့လေသည်။ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်၏ ပန်ကြားလွှာတွင်-

*"ကျွန်မရဲ့ ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။ အခု သူကွယ်လွန်သွားတော့ သူ့ကို လွမ်းဆွတ်နေမယ့်အစား သူ ချမှတ်ခဲ့တဲ့ လမ်းစဉ်တွင် ပါဝင်နိုင်တဲ့ဘက်က ပါဝင်ပြီး သူ ချန်ခဲ့တဲ့ သူ့သွေး သူ့သား မိမိရဲ့ ရင်သွေးကလေးများကို အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးမယ်လို့ ဆုံးဖြတ်ပါတယ်။*

*လူထုကို ကျွန်မပြောလိုတာကတော့ မိမိတို့ အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာလုပ်ကြံမှုကြောင့် ဒေါသထွက်စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုကို ရှောင်ကြဉ်ပြီး သူ ချမှတ်ခဲ့သောလမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ဆောင်ကြပါ။ သူ ပျိုးထောင်ခဲ့သော ဖဆပလအဖွဲ့ကြီးကို ဆုတက်ထမ်းပိုး အားပေးထောက်ခံကြပါ။ သူ ရည်မှန်းခဲ့သော လွတ်လပ်ရေးကို မရမနေ ကြိုးပမ်းကြပါ"*

ဟူ၍ တိုင်းပြည်သို့ တိုက်တွန်း ပြောကြားခဲ့လေသည်။

ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် မိမိ၏ ပန်ကြားလွှာတွင် ပါဝင်သကဲ့သို့ သူအခုကွယ်လွန်သွားတော့ သူ့ကို လွမ်းဆွတ်နေမယ့်အစား သူချမှတ်ခဲ့တဲ့လမ်းစဉ်တွင် ပါဝင်နိုင်တဲ့ဘက်မှ ပါဝင်ပြီးဆိုသည့်အတိုင်း မိမိစွမ်းဆောင်နိုင်သမျှသော အတိုင်းအတာဖြင့် နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရာဘက်က ပါဝင်စွမ်းဆောင်ခဲ့လေသည်။ ဦးစော၏ အမျိုးသမီးက နစ်နာကြေး(လျော်ကြေး)ငွေကို ဒေါ်ခင်ကြည်အား ပေးရာတွင် ဒေါ်ခင်ကြည်သည် ယင်းနစ်နာကြေးငွေကို လက်မခံခဲ့။

ကျွန်မ အမျိုးသားသေဆုံးခဲ့သလို ဦးစောလည်း မကြာမီ ကြိုးပေးကွပ်မျက်ခံရပြီး သေဆုံးတော့မည် ဖြစ်သည်။ ထိုအခါ ကျွန်မကဲ့သို့ ရှင်လည်း မုဆိုးမဘဝသို့ ရောက်ရှိမည်ဖြစ်သည်ဟုဆိုကာ နစ်နာကြေး (လျော်ကြေး) ငွေကို လက်ခံခြင်းမရှိခဲ့သည်မှာ သမိုင်းအထောက်အထားများက အခိုင်အမာရှိနေပါသည်။

ထို့အပြင် ဒေါ်ခင်ကြည်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် အမြဲပြောလေ့ရှိသည့် စကားတစ်ခွန်းကို အာရှဦးကျော့၏ဇနီးဖြစ်သူ အဘွားဒေါ်ရီက ပြန်ပြောပြပါသည်။

*"ကျွန်မဘဝမှာ အမြတ်ဆုံးဖြစ်တာက ဗိုလ်ချုပ်ကတော် ဖြစ်ခွင့်ရတာပဲ။ ဘာ ငွေကြေးဂုဏ်ဒြပ်မှ မပိုင်ဆိုင်ဘဲ တိုင်းပြည်နဲ့ လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီးတစ်ယောက်ဖြစ်ခွင့်ရတဲ့ ဂုဏ်တစ်ခုပဲ ပိုင်ဆိုင်တယ်"* ဟု ပြောလေ့ရှိခဲ့ပါသည်။

ထို့နောက် ဖဆပလအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အရ ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ပါလီမန်အမတ်နေရာတွင် ဝင်ရောက်အရွေးချယ်ခံခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ဖဆပလအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို မိခင်နှင့်ကလေးစောင့်ရှောက်ရေးညွှန်ကြားရေးဝန်အဖြစ်ပါ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၅၀ပြည့်နှစ်တွင် ကိုလံဘိုကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်ကာ တက်ရောက်ခဲ့ပြီး ကိုလံဘိုညီလာခံ၏ သဘာပတိအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရသည်။ ထိုနှစ်တွင် အမေရိကန် ပြည်ထောင်စုမှ ပေးအပ်ချီးမြှင့်သော မြန်မာမိခင်ဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ပေးအပ်ချီးမြှင့်သော မဟာသီရိသုဓမ္မဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၃ ခုနှစ် မှ ၁၉၅၈ ခုနှစ်အထိ

(၁) လူမှုဝန်ထမ်းစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ
(၂) ပြည်ထောင်စုမြန်မာနိုင်ငံ လူမှုဝန်ထမ်းကောင်စီဥက္ကဋ္ဌ
(၃) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ
(၄) ကျန်းမာရေးနှင့် ပြည်ရေးပြည်ရာအဖွဲ့ဥက္ကဋ္ဌ
(၅) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသမီးအသင်းများကောင်စီ ဥက္ကဋ္ဌ
(၆) ဒီမိုကရေစီသဘောတရား တိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ
(၇) မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အသင်း၏ ကင်းထောက်ချုပ်
(၈) မြန်မာနိုင်ငံသူနာပြုတင်ကားတပ်ဖွဲ့ဝင် အမျိုးသမီးအုပ်ချုပ်ရေးမှူး
(၉) ရာမာခရစ်ရှ်နာ သာသနာပြုဆေးရုံနှင့် စာကြည့်တိုက် ဒုတိယဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



စသည့် ကြီးမားသောတာဝန်များကို ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ဒေါ်ခင်ကြည်သည် စိတ်ဓာတ်ပြတ်သားသူ ဖြစ်သည်။ လုပ်စရာရှိသည့် အလုပ်များကို သေချာစွာ စဉ်းစားဆုံးဖြတ်ပြီးမှသာ လုပ်ကိုင်ဆောင်ရွက်တတ်သည်။ ပြောစရာရှိလျှင်လည်း ပွင့်ပွင့်လင်းလင်းနှင့် ပြတ်ပြတ်သားသား ပြောဆိုတတ်သည်။

၁၉၅၀၊ ၁၉၅၁၊ ၁၉၅၂ ခုနှစ်များတွင် ဂျီနီဗာကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာတက်ရောက်ခဲ့သည်။ အနောက်ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ် စသည့် နိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံက ယူဂိုဆလပ်ကြယ်တာရာဘွဲ့(ဒုတိယဆင့်)၊ ထိုင်းနိုင်ငံ နိုဘယ်အော်ဒါဘွဲ့ ဖြစ်သည့် အမြင့်မြတ်ဆုံး ဆုတံဆိပ်တို့ကို ချီးမြှင့်အပ်နှင်းခြင်း ခံခဲ့ရသည်။ ၁၉၅၈ ခုနှစ်တွင် ဖဆပလအဖွဲ့ကြီးသည် သန့်ရှင်း၊ တည်မြဲဟု နှစ်ခြမ်းကွဲပြီးနောက် ဒေါ်ခင်ကြည်သည် သန့်ရှင်းပါတီ၏ စည်းရုံးရေးလုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ပေးခဲ့သည်။ ရွေးကောက်ပွဲတွင်မူ ဝင်ရောက်အရွေးမခံခဲ့ချေ။ ဤရွေးကောက်ပွဲတွင် ဦးနုခေါင်းဆောင်သော သန့်ရှင်းပါတီက အနိုင်ရရှိခဲ့သည်။

ရွေးကောက်ပွဲအပြီးကာလက အတိုက်အခံများဘက်မှ အချို့ပုဂ္ဂိုလ်တို့၏ ပုဂ္ဂိုလ်ရေးစွပ်စွဲချက်များ ပေါ်ထွက်လာသည်။ ဦးနု ခေါင်းဆောင်သောအစိုးရအဖွဲ့သည် ၁၉၆၀ ပြည့်နှစ် မေလ ၁၉ ရက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ယင်းနှစ် ဇွန်လတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ပါ ပူးတွဲတာဝန်ပေးအပ်ခြင်း ခံရသည်။ ဒေါ်ခင်ကြည်သည် မြန်မာအမျိုးသမီးလောကတွင် ပထမဆုံးနှင့် ယနေ့အချိန်ခါထိ တစ်ဦးတည်းသော မြန်မာအမျိုးသမီးသံအမတ်ကြီးအဖြစ် မော်ကွန်းတင်ခံရသူ ဖြစ်ပါသည်။ ၁၉၆၇ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်တွင် ဒေါ်ခင်ကြည်သည် သံအမတ်ကြီးရာထူးမှ အငြိမ်းစား ယူလိုက်လေသည်။ အငြိမ်းစားယူပြီးနောက် ၁၉၆၇ ခုနှစ်မှစ၍ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၅၄၊ ၅၆) နေအိမ်တွင် ရိုးရိုးကုပ်ကုပ်ပင် နေထိုင်ခဲ့သည်။

အချိန်ကာလ ၁၉၈၄ ခုနှစ်ခန့်က သခင်အုန်းမြင့်အား ဒေါ်ခင်ကြည်က တိုင်တိုင်ပင်ပင်နှင့် စကားတစ်ခွန်း ပြောသည်။

"သခင်အုန်းမြင့်ရေ. . . ကျွန်မစဉ်းစားထားတဲ့ အစီအစဉ်လေးကို ပြောချင်လို့ တိုင်ပင်တာလည်း ပါတာပေါ့"

ဘေးတွင် ထိုင်နေသည့် သမီးဖြစ်သူဒေါ်အောင်ဆန်းစုကြည်ကလည်း မိခင်ကြီး၏ ရှေ့ဆက်လာမည့်စကားကို နားစွင့်နေသည်။

"ကျွန်မတို့ နိုင်ငံရဲ့ အခြေအနေဟာလည်း တစ်နှစ်ပြီးတစ်နှစ် ကျပ်တည်းပြီးရင်း ကျပ်တည်းလာတယ်လေ။ အဲဒါ ကျွန်မကို လစဉ်နိုင်ငံတော်က ထောက်ပံ့နေတဲ့ ထောက်ပံ့ငွေငါးထောင်ကို တစ်ဝက်ပဲယူတော့မယ် သခင်အုန်းမြင့်ရေ။ ကျန်တစ်ဝက်ကိုတော့ နိုင်ငံတော်ကိုပဲ ပြန်လှူလိုက်တော့မယ်လို့ စဉ်းစားထားတယ်"

သခင်အုန်းမြင့် ဒေါ်ခင်ကြည်၏စကားကို မည်သို့မျှ အပြောင်းမပြန်ဖြစ်ဘဲ ဗိုလ်ချုပ်အောင်ဆန်း၏ကတော် ဒေါ်ခင်ကြည်ကိုသာငေး၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသလို သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကလည်း မည်သည့် စကားတစ်ခွန်းကိုမျှ ဝင်ရောက်မဆိုခဲ့ပေ။ ထို့နောက်တွင် မဟာသီရိ သုဓမ္မ၊ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်သည် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအဖွဲ့ ညွှန်ကြားရေးဝန်လုပ်သက်နှင့် သံအမတ်ပင်စင်များကို မယူဘဲ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေထဲမှ တစ်ဝက်သာယူပြီး ကျန်တစ်ဝက်ကို နိုင်ငံတော်သို့ပင် ပြန်လည် လှူဒါန်းခဲ့သည်။ ဒေါ်ခင်ကြည်သည် တည်ငြိမ်အေးချမ်းသော ပင်ကိုသဘာဝနှင့်အညီ သဘာဝသစ်ပင်ပန်းမန်များကိုသာ စိုက်ပျိုးရင်း ဘဝကို အေးချမ်းစွာဖြတ်သန်း နေထိုင်ခဲ့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)
# ဒေါ်ခင်ကြည်ပုံသွင်းထုဆစ်ခဲ့သည့် ဖအေတူသမီး (ဒေါ်)အောင်ဆန်းစုကြည်

မဟာသီရိသုဓမ္မဒေါ်ခင်ကြည်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ပြီးနောက် သားသမီးသုံးဦးကို ဦးဆောင်ပြီး ဖခင်ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဖြစ်စေရန်ပြုစုပျိုးထောင်ပေးခဲ့သည်။ ထို့အပြင် ဒေါ်ခင်ကြည်သည် တိုင်းပြည်၏လိုအပ်နေသော အခန်းကဏ္ဍမှလည်း အဖွဲ့အစည်းအသီးသီး၊ ဌာနအသီးသီးတွင်လည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရပြီးနောက်တွင် နိုင်ငံ့ တာဝန်များကို တာဝန်ယူ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထိုသို့ မိသားစုအရေးနှင့် တိုင်းပြည်၏လိုအပ်နေသော အခန်းကဏ္ဍများ၌ ပါဝင်ဆောင်ရွက်နေစဉ် ကံကြမ္မာ၏ ထိုးနှက်ချက်ကို နောက်တစ်ကြိမ် ဆုံတွေ့ခဲ့ရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဒုတိယသားဖြစ်သူ အောင်ဆန်းလင်းမှာ ဗဟန်းမြို့နယ် အမှတ် ၂၅ တာဝါလိမ်းလမ်းနေအိမ်(ယခုဗိုလ်ချုပ်ပြတိုက်)ရှိ ရေကန်ပေါင်ရိုးပေါ် ကစားနေစဉ် လိမ့်ကျကာ ရေနစ်သေဆုံးသွားခဲ့ရှာသည်။ သားအောင်ဆန်းလင်း သေဆုံးချိန်တွင် အသက်ကိုးနှစ်အရွယ်သာ ရှိသေးသည်။ ညီမဖြစ်သူ သမီးအောင်ဆန်းစုကြည်မှာလည်း အသက် ရှစ်နှစ်အရွယ်သာ ရှိသေးသည်။ အောင်ဆန်းလင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ အထူးချစ်မြတ်နိုးဆုံးအားကိုးသော အစ်ကိုတစ်ဦး ဖြစ်သည်။ ထိုသို့ အဖြစ်ဆိုးကြီးနှင့် ဒေါ်ခင်ကြည် ထပ်မံကြုံတွေ့ခဲ့ရသလို သမီးငယ်(ဒေါ်)အောင်ဆန်းစုကြည်အနေနှင့်လည်း များစွာစိတ်ထိခိုက်ခဲ့ရရှာသည်။ စိတ်ထဲမှ တော်ရုံနှင့်ပျောက်ကွယ်သွားခြင်းမရှိခဲ့။

(ဒေါ်)အောင်ဆန်းစုကြည်သည် သူ၏အစ်ကိုဖြစ်သူ အောင်ဆန်းလင်းအား မမေ့နိုင်သကဲ့သို့ ဖခင်ဖြစ်သူဗိုလ်ချုပ် အောင်ဆန်းကိုလည်း မမေ့နိုင်ခဲ့။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၃၂ နှစ်အရွယ်မျှဖြင့် ကြီးလေးသော၊ များပြားသော တာဝန်များကို အရွယ်နှင့်မလိုက်ထမ်းဆောင်သွားခဲ့သည်များကို ဒေါ်ခင်ကြည်သည် သားသမီးများအားအမြဲသတိရနေစေရန် စသည့် အမွေအနှစ်များကိုပေးရန် အစဉ်ကြိုးပမ်းသွန်သင်ဆုံးမခဲ့သည်။

"ကလေးတွေကို ဘာကိုမှ မကြောက်စေနဲ့။ သူတို့ ကြောက်ဖို့ဟာ နှစ်ခုပဲ ရှိတယ်။ မတရားတဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။ မမှန်တဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။ လောကမှာ ကြောက်ဖို့ဆိုတာ ဒီနှစ်ခုရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဗိုလ်ချုပ်အောင်ဆန်း၏ လေးနက်သည့် အတွေးအခေါ်များ အတိုင်း မိခင်ကြီးဒေါ်ခင်ကြည်မှတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်သည် အသားကျအရိုးစွဲ ရှင်သန်ကြီးပြင်းခဲ့သည်။

*"စုစုလေး အသက် ၁၄ နှစ်အရွယ်မှာ အဘွားတို့ဆီမှာ ဓာတ်ပုံ လာရိုက်တယ်။ အဲဒီတော့မှ အဘွားလည်း သူ့ကို သေချာတွေ့ဖူးတာ သူက ဆံပင်ကျစ်ဆံမြီးလေး ကျစ်ထားတယ်။ မျက်လုံးတောက်တောက် လေးနဲ့ ချစ်ဖို့ကောင်းတယ်။ မျက်နှာကတော့ လုံးဝခပ်တည်တည်ပဲ။ ဓာတ်ပုံရိုက်မယ် ရယ်ပါဆိုတော့လည်း လုံးဝရယ်ခိုင်းလို့ မရဘူး။ စုစု လေးက ဗိုလ်ချုပ်နဲ့ဒေါ်ခင်ကြည်တို့ရဲ့ သမီးပီသပါပေတယ်။ သူကိုယ်တိုင် ကလည်း ရဲရင့်ထက်မြက်တယ်။ စဉ်းစားဆင်ခြင်ဉာဏ်လည်း ရှိတယ်။ ပညာလည်းတတ် တယ်။ ရုပ်ရည်ကလည်း ကိုယ့်ကိုယ့်ကိုယ် ယုံကြည်မှု ရှိပြီး ချစ်စရာ ကောင်းတယ်"* ဟု

အာရှဦးကျော့၏ဇနီးဖြစ်သူ အသက် ၉၂ နှစ်ရှိပြီဖြစ်သည့် အဘွားဒေါ်ရီက ဒေးလီးအလဲဗင်းသတင်းစာနှင့် အင်တာဗျူးတွင် ဖြေ ကြားထားခြင်းဖြစ်သည်။

*(အာရှဦးကျော့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့ မိသားစုအား မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ပေးခဲ့သည့် ဓာတ်ပုံဆရာ တစ်ဦးဖြစ်သည်။ ထိုခေတ်အခါက ဟံသာဝတီနှင့် ကြေးမုံသတင်းစာ၏ ဓာတ်ပုံ သတင်းထောက်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေးခရီး များတွင် လိုက်ပါမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသည့် အာရှဓာတ်ပုံတိုက် ပိုင်ရှင်ဦးကျော့ဖြစ်ပါသည်။ ဦးကျော့၏ဇနီးဒေါ်ရီသည် ဒေါ်ခင်ကြည် တည်ထောင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသမီးအသင်းများ*



www.burmeseclassic.com

www.burmeseclassic.com



*ကောင်စီတွင် အထွေထွေအတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါသည်။ လက်ရှိတွင် အဘွားဒေါ်ရီသည် အသက် ၉၂ နှစ်ရှိပြီဖြစ်ပါသည်။)*

ဒေါ်အောင်ဆန်းစုကြည်သည် ငယ်စဉ်ကလေးဘဝက မိခင်ဒေါ်ခင်ကြည်၏ အုပ်ထိန်းမှုနှင့် တပ်မတော်သား ရဲဘော်များ၏ လက်ပေါ်တွင် ကြီးပြင်းခဲ့သူ ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့ရှိ စိန့်ဖရန့်စစ် ကွန်ဗင့်ကျောင်းတွင် ဒေါ်အောင်ဆန်းစုကြည် ကျောင်းစနေသည်။ ထိုကျောင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၅၇ ခုနှစ်အထိနေခဲ့သည်။ အလယ်တန်းပညာကို စိန့်ဖရန့်စစ် ကွန်ဗင့်ကျောင်းမှာပင် ပြီးဆုံးခဲ့သည်။ ထိုအချိန်က ပညာရေးစနစ်တွင် အစိုးရကျောင်းများနှင့် သာသနာပြုကျောင်းများဟူ၍ နှစ်မျိုးသာရှိသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် သားသမီးများကို သာသနာပြုကျောင်းများတွင်ပင် ကျောင်းထားခဲ့ကြသည်။

ဗမာပြည်သည် လွတ်လပ်ရေးရပြီးချိန်ဖြစ်သော်လည်း နေဝင်မီးငြိမ်းအမိန့်ကို ထုတ်ပြန်ထားသည့် ကာလဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် KNDO တပ်များက မြို့ကြီးအတော်များများကို သိမ်းပိုက်ထားသည့် ကာလဖြစ်သည်။ အင်းစိန်၌ သေနတ်သံများ၊ ဗုံးသံများဖြင့် ပစ်ခတ်သည့် တိုက်ပွဲများက မကြာမကြာ ဖြစ်ပွားနေသည်။ ဒေါ်ခင်ကြည်၏ ဇာတိဖြစ်သည့် ပုသိမ်၊ မြောင်းမြ၊ ဓနုဖြူ၊ ညောင်တုန်း စသည့်မြို့ကြီးများကို KNDO တို့က သိမ်းပိုက်ထားသည်။

၁၉၅၇ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ၁၂ နှစ်သမီးအရွယ် စိန့်ဖရန့်စစ် ကွန်ဗင့်ကျောင်း၌ သတ္တမတန်းစာမေးပွဲ ဖြေဆိုစဉ် မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြားမှုနှင့် ဟယ်ရီတန် ကျောင်းသားသေဆုံးကာ အရေးအခင်း တစ်ခု ဖြစ်ပွားခဲ့သေးသည်။ ထိုအရေးအခင်းသည် ဟယ်ရီတန် အရေး အခင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ သိတတ်စ မျက်မြင်ကိုယ်တွေ့ ပထမဦးဆုံးသော ကျောင်းသားနှင့် အာဏာပိုင်များ ထိပ်တိုက်တွေ့ခဲ့ သည့် နိုင်ငံရေးပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

၁၉၅၇-၁၉၅၈ ခုနှစ် ပညာသင်နှစ်တွင် ဒေါ်အောင်ဆန်းစုကြည် သည် မက်သဒစ်အထက်တန်းကျောင်းသို့ ပြောင်းရွှေ့နေခဲ့ရသည်။ တဖြည်းဖြည်းနှင့် အရွယ်ရောက်လာသည့် သမီးဖြစ်သူဒေါ်အောင်ဆန်း စုကြည်ကို မိခင်ကြီးဒေါ်ခင်ကြည်သည် မြန်မာ့လူမှုရေးနှင့် ကိုယ်ကျင့် သီလ၏တန်ဖိုးကိုအလေးထားပြီး ဗုဒ္ဓဘာသာတရားကို ယုံကြည်ကိုင်းရှိုင်း ရန် သွန်သင်ဆုံးမခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်သို့ အမြဲတစေ ဝင်ထွက်ကာ ဒေါ်ခင်ကြည်တို့ သားအမိအား ဝန်းရံ ကူညီကြည့်ရှုပေးခဲ့ကြသူများ ရှိပါသည်။ ဦးအုန်း၊ သခင်အုန်းမြင့်၊ အိုးဝေဦးညိုမြ၊ တရားသူကြီးချုပ် ဦးမြင့်သိန်း တို့ဖြစ်သည်။ ဒေါ်အောင် ဆန်းစုကြည်သည် အသက် ၁၂ နှစ် ၁၃ နှစ်အရွယ် ရှိပြီဖြစ်သည့်အတွက် မိခင်ကြီးဒေါ်ခင်ကြည်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးရဲဘော်များ စကားဝိုင်းနံဘေးတွင် နားစွင့်နားထောင်နေတတ်ပြီ ဖြစ်သည်။ မိခင်ကြီး ဒေါ်ခင်ကြည်နှင့် နိုင်ငံရေးပုဂ္ဂိုလ်များ၏ နိုင်ငံရေးအသိအမြင်အတွေး အခေါ်များ၊ ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ အရွယ်နှင့်မမျှ တိုင်းပြည် အတွက် ပေးဆပ်အနစ်နာခံခဲ့သည်များကို အလိုလို နားထဲစွဲလာနေပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းနေဖက်သူငယ်ချင်း၊ ဖဆပလ အတွင်း၌လည်း တွဲဖက်လုပ်ကိုင်ခဲ့သူ ဦးအုန်းနှင့် သတင်းစာဆရာကြီး အိုးဝေဦးညိုမြတို့သည် ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်စာအုပ်များ ဖတ်ရန်နှင့် ဖတ်သင့်သည့် စာအုပ်များကို ကိုယ်တိုင်ကိုယ်ကျ ရှာဖွေပေးခဲ့သူများ ဖြစ်သည်။ ပင်ကိုဗီဇအရ စာဖတ်ဝါသနာပါသည့် ဒေါ်အောင်ဆန်းစုကြည်အနေနှင့်လည်း စာအုပ်များကိုဝါးစားလိုက်သကဲ့သို့ တစ်အုပ်ပြီးတစ်အုပ် ဖတ်ခဲ့သည်။ အိုးဝေဦးညိုမြသည် ဒေါ်အောင်ဆန်းစုကြည်ကို ဟားဗတ်ဂန္ထဝင် Harvard Classics ဆိုသည့် စာအုပ်အတွဲလိုက်ကို လက်ဆောင်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အနှစ်သက်ဆုံး စာအုပ်များထဲတွင် အဆိုပါစာအုပ် ပါဝင်ပြီး အချိန်ရတိုင်း မကြာခဏထုတ်ဖတ်သည့် စာအုပ်ဟုလည်း ဆိုသည်။

၁၉၆၀ ပြည့်နှစ် ဦးနုပါတီအနိုင်ရရှိပြီး ပထစအစိုးရဖြစ်လာသည့်အခါ ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။ ထိုအခါ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးနှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားမည်ဖြစ်သည်။ မိခင်ကြီးဒေါ်ခင်ကြည်နှင့် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်တို့သည် သယ်ဆောင်သွားမည့် ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်နေကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ သယ်ဆောင်မည့် ပစ္စည်းအများဆုံးမှာ စာအုပ်များသာဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အက္ကဘာလမ်း Akbar Road အမှတ် ၂၄ သည် ဒေါ်ခင်ကြည်တို့ သားအမိနေထိုင်မည့် အိမ်ဖြစ်သည်။ နယူးဒေလီသို့ ရောက်သည့်အခါ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီး ဒေါ်ခင်ကြည်နှင့်အတူ နေထိုင်ပြီး ဂျီးဇက်နှင့် မေရီကွန်ဗင့်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



Convent of Jesus and Mary ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးဒေါ်ခင်ကြည် သွန်သင်ဆုံးမထားသည့်အတိုင်း မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ပြီး ကျောင်းတက်ခဲ့သည်။

ဆံပင်ရှည်ရှည်ကို ကျစ်ဆံမြီးကျစ်ပြီး ရင်ဖုံးအင်္ကျီနှင့် မြန်မာဆန်ဆန် ဝတ်စားဆင်ယင်သည့်အခါ အသက် ၁၅ နှစ်အရွယ်ရှိပြီ ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် ကျောင်းသား၊ ကျောင်းသူများကြား၌ ထူးခြားနေသည်။ ဒေါ်အောင်ဆန်းစုကြည် ဗဟုသုတကြွယ်ဝစေရန် အတွေ့အကြုံကောင်းများရစေရန် မိခင်ဖြစ်သူဒေါ်ခင်ကြည် စီစဉ်ပေးသော ကိစ္စများရှိခဲ့သည်။ ဂျပန်ပန်း အလှပြင်နည်း၊ အနုပညာသင်ခြင်းနှင့် မြင်းစီးသင်ခြင်းတို့ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသမ္မတကြီး၏ ကိုယ်ရံတော်တပ်ဖွဲ့လေ့ကျင့်ရာ မြင်းစီးကွင်းတွင် အိန္ဒိယအရာရှိကြီးများ၏ သားသမီးများ၊ နိုင်ငံတကာသံတမန်များ၏ သားသမီးများ၊ ပန်ဒစ်နေရူး၏မြေး၊ အင်ဒီယာဂန္ဒီ၏သားဖြစ်သူ ဆန်ဂျေတို့နှင့် တွေ့ဆုံလေ့ရှိခဲ့သည်။ ထို့နောက် အက္ကဘာလမ်း Akbar Road အမှတ် ၂၄ နေအိမ်တွင် စန္ဒရားဆက်သင်ခဲ့ရသည်။

နယူးဒေလီမြို့ရှိ ဆင်ခြေဖုံး မေရော်လီ Mehrauli ရပ်ကွက်လေးတစ်ခုတွင် အာသောကဝိဟာရ အမည်ရှိ ယိုယွင်းပျက်စီးနေသည့် ဗုဒ္ဓဘာသာဌာနတစ်ခုကို ဒေါ်ခင်ကြည်သည် ဗုဒ္ဓဘာသာကိုးကွယ်သော သံအမတ်များ၏ အကူအညီဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ အာသောကဝိဟာရသည် ယခုတိုင် ဗုဒ္ဓဘာသာပွဲတော်ကြီးများကျင်းပရာ ဘုရားဖူးတက်ပြုရာအဖြစ် အသက်ဝင်နေတော့သည်။ ဒေါ်ခင်ကြည်၏ အမျိုးသားရေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများဆိုင်ရာနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သမီးဖြစ်သူဒေါ်အောင်ဆန်းစုကြည်က ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။ ဒေါ်ခင်ကြည်သည် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံသား ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို မှန်မှန်ပင့်ဖိတ် ဆွမ်းကပ် တရားနာလေ့ရှိသည်။ ဒေါ်ခင်ကြည်၏ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးသည်လည်း ကျောင်းပိတ်၍ အင်္ဂလန်မှ ရောက်လာသောအခါ မိခင်ကြီး၏လုပ်ငန်းကိစ္စ ဆောင်ရွက်မှုများတွင် ပါဝင်ကူညီခဲ့သည်များလည်း ရှိသည်။ အိန္ဒိယနိုင်ငံ၏ အစိုးရအဖွဲ့ဝင်များဖြစ်သည့် ဝန်ကြီးချုပ်နေရူးမှအစ ဒေါ်ခင်ကြည်တို့သားအမိအား အထူးဂရုစိုက်ကာ လေးလေးစားစား ဆက်ဆံခဲ့သည်။ အိန္ဒိယနိုင်ငံတွင်တွေ့ကြုံခဲ့သည့် အတွေ့အကြုံများသည် ဒေါ်အောင်ဆန်းစုကြည်အတွက် စိတ်အားထက်သန်ဖွယ်ရာ ဖြစ်ခဲ့သည်။

၁၉၆၃ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် အသက် ၁၈ နှစ်အရွယ်တွင် ဒေလီတက္ကသိုလ် Lady Shri Ram College မှ နိုင်ငံရေးသိပ္ပံအဓိကနှင့် ကျောင်းပြီးခဲ့သည်။ မိခင်ကြီးဒေါ်ခင်ကြည်က သမီးဖြစ်သူဒေါ်အောင်ဆန်းစုကြည် အင်္ဂလန်တွင် ဆက်လက်ပညာသင်ကြားနိုင်ရန် စီစဉ်တော့သည်။ ၁၉၆၄ ခုနှစ် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ် ဟူးချ်ကောလိပ်၌ ဒေါ်အောင်ဆန်းစုကြည် ကျောင်းဝင်ခွင့်ရခဲ့သည်။ အောက်စဖို့ဒ်တက္ကသိုလ်တွင် တက်နေစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးရှိရာ အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ပြန်လာတတ်သည်။

ဒေါ်အောင်ဆန်းစုကြည် အသက် ၂၂ နှစ် ၁၉၆၇ ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ် ဟူးချ်ကောလိပ်မှ ဒဿနိကဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ စီးပွားရေးဘောဂဗေဒဘာသာရပ်တို့နှင့် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ် ဇွန်လတွင်ပင် ဒေါ်ခင်ကြည်သည်လည်း တော်လှန်ရေးကောင်စီ အစိုးရလက်ထက် သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄၊ ၅၆ နေအိမ်တွင် နေထိုင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဘွဲ့ရရှိပြီးနောက် လန်ဒန် တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာန လက်အောက်ရှိ နိုင်ငံရေးသိပ္ပံဌာနတွင် သုတေသနလက်ထောက်အဖြစ် နှစ် နှစ်ခန့်ဝင် ရောက်လုပ်ကိုင်ခဲ့သည်။ ထို့နောက် နယူးယောက်သို့ ရောက်ရှိလာပြီး ဘွဲ့လွန်သင်တန်း ဆက်တက်ရေးအား ခဏရပ်နားထားပြီး ကုလသမဂ္ဂ တွင် အထွေထွေအတွင်းရေးမှူးရုံး အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပေးကော်မတီတွင် လက်ထောက်အတွင်းရေးမှူးအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ထိုအချိန်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှာ ဦးသန့်ဖြစ်သည်။

ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ဦးစိုးတင်၏နေအိမ်တွင် မြန်မာပြည်နိုင်ငံရေးနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ဒေါ်အောင်ဆန်း စုကြည်၏ ဝေဖန်ဆွေးနွေးမှုများသည် ရဲရင့်ပွင့်လင်းစူးရှလွန်းသည်ဟု ဦးစိုးတင်က ဆိုသည့်အခါ ဒေါ်အောင်ဆန်းစုကြည်က

"ယုံကြည်ချက်အရ သတ္တိရှိရုံမက အဆက်အနွယ်အရလည်း သတ္တိရှိတာကို"

ဟု ပြန်လည် နောက်ပြောင် ပြောလေ့ရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အောက်စ ဖို့ဒ်တက္ကသိုလ်ပညာရပ်ဝန်းမှ သုတေသီပညာရှင်တစ်ဦးဖြစ်သူ ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာအား သက်ဝင်ယုံကြည်ပြီး မြောက်ပိုင်းဗုဒ္ဓဘာသာဟုခေါ်သည့် မဟာ ယနဗုဒ္ဓဘာသာနှင့် လူမှုရေးယဉ်ကျေးမှုဆိုင်ရာ သမိုင်းကြောင်းအား အထူးပြုလေ့လာနေသည့် သုတေသနပညာရှင် ဒေါက်တာမိုက်ကယ်အဲရစ်နှင့် တွေ့ဆုံခဲ့သည်။

၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် မိုက်ကယ်အဲရစ်နှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ ထိုသို့ မိုက်ကယ်အဲရစ်က ဒေါ်အောင်ဆန်းစုကြည်အား လက်ထပ်ခွင့်တောင်းရာတွင် ဒေါ်အောင်ဆန်းစုကြည်က

"ကျွန်မရဲ့ ပြည်သူတွေက ကျွန်မကို လိုအပ်လာတဲ့အခါမှာ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်နိုင်ဖို့ ခွင့်ပြုပေးနိုင်မလား"

ဟု ဆိုသည့် သဘောတူညီမှု တစ်ခုပါဝင်ခဲ့သည်။ (၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာပြည်သူလူထုကြီးအတွက် ဒေါ်အောင်ဆန်းစုကြည်ပါဝင်လာသည့်အခါတွင်လည်း မိုက်ကယ်အဲရစ်သည် ဇနီးဖြစ်သူဒေါ်အောင်ဆန်းစုကြည်အား ကူညီထောက်ပံ့မှုများရှိခဲ့သည်။)

၁၉၇၃ ခုနှစ်တွင် ဒေါက်တာမိုက်ကယ်အဲရစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှ သားကြီးမောင်မြင့်ဆန်းအောင် Alexander နှင့် ၁၉၇၇ ခုနှစ်တွင် သားငယ်ထိန်လင်း Kim တို့ကို မွေးဖွားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် မိသားစုတာဝန်များ၊ အလုပ်တာဝန်များကြားမှ နှစ်စဉ်မိခင်ကြီးရှိရာ ရန်ကုန်မြို့သို့ အလည်ပြန်၍နေခဲ့သည်။

၁၉၇၉ ခုနှစ်ခန့်က ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်တို့မိသားစု မိခင်ကြီးဒေါ်ခင်ကြည်နေအိမ် (ယခုတက္ကသိုလ် လမ်းရှိအမှတ် ၅၄) သို့ အလည်ရောက်ရှိနေကြသည်။ မိခင်ကြီးဒေါ်ခင်ကြည်၏ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို ဧည့်သည်တစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

*"စုစု. . . ဒါ ဦးအုန်းမြင့်လေ။ သမီးဖေဖေ သူငယ်ချင်း မိတ်ဟောင်းတွေပေါ့"*

*"တွေ့ရတာဝမ်းသာပါတယ် အန်ကယ်"* ဟု

ဒေါ်အောင်ဆန်းစုကြည်၏ နှုတ်ခွန်းဆက်စကားနှင့်အတူ သတင်းစာဆရာကြီးတိုးတက်ရေးဦးအုန်းမြင့်၊ သခင်အုန်းမြင့်က ဒေါ်အောင်ဆန်းစုကြည်၏ စကားပြောဟန်၊ ဝတ်စားဆင်ယင်မှုများကို အကဲခတ်နေသည်။

သားရေကြိုးပတ် လက်ပတ်နာရီလေးနှင့် မြန်မာအမျိုးသမီးအဝတ်အစားကို ရိုးရှင်းစွာ သေသေသပ်သပ်ဝတ်စား ဆင်ယင်ထားသည်။ စကားပြောနေသည်မှာ မိမိကိုယ်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့်ဖြစ်သည်။

ဒေါ်ခင်ကြည်သည် အိန္ဒိယမှာရှိစဉ်ကဲ့သို့ မဆလဥက္ကဋ္ဌဦးနေဝင်းကို ရန်ကုန်နေအိမ်သို့ ထမင်းစားဖိတ်တတ်သည်။ ယင်းထမင်းစားပွဲကို ဦးနေဝင်းလက်ခံခဲ့ပြီး ဇနီးဒေါ်ခင်မေသန်းနှင့်အတူ တက်ရောက်ခဲ့သည်။ အဆိုပါထမင်းစားပွဲသို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဦးအောင်ဆန်းဦးပါ တက်ရောက်ခဲ့သည်။ ဒေါ်ခင်ကြည်၏ခြံထဲတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်အချိန်က ကြယ်ဖြူကြီးကို ကြယ်အသေးငါးလုံး ဝန်းရံထားသည့် အလံဟောင်းအတိုင်း လွှင့်တင်ထားသည်ကို ဦးနေဝင်းသတိပြုမိခဲ့သည်။ ထမင်းဝိုင်းတွင် ဦးနေဝင်းသည် ထမင်းသာစားပြီး ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်စကားတစ်ခွန်းမျှ မဆိုခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၀ ပြည့်နှစ်တွင်တော့ ဒေါ်အောင်ဆန်းစုကြည်နှင့် သခင်အုန်းမြင့်တို့ ထပ်မံဆုံတွေ့ခဲ့သည်။ ထိုအချိန်၌ ဖခင်ဖြစ်သူနှင့်ပတ်သက်၍ သိချင်သည်များကို ဒေါ်အောင်ဆန်းစုကြည်က စုံလင်စွာမေးနေသည်။ အကြောင်းမှာ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို အောက်စဖို့ဒ်သို့ပြန်သည့်အခါ ရေးသားရန်ဖြစ်သည်။

၁၉၈၄ ခုနှစ် ရန်ကုန်သို့ ဒေါ်အောင်ဆန်းစုကြည် အလည်တစ်ခေါက်ပြန်ရောက်လာသည့် အခါတွင်တော့ ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်မော်ကွန်းတိုက်သို့သွားပြီး ဂျပန်ခေတ် ကြေညာချက်များကို လက်ရေးနှင့် ကူးယူနေခဲ့သည်။ တစ်နေ့ သခင်အုန်းမြင့်နှင့် ချိန်းထားသည်ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်သည် တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်၌ စောင့်မျှော်နေခဲ့သည်။ သခင်အုန်းမြင့်နှင့် တွေ့ဆုံသည့်အခါ

*"အန်ကယ် စုလည်းပြောမယ် ပြောမယ်နဲ့ မေ့နေတာ။ မပြောဖြစ်ဘူး။ စု ဆုံးဖြတ်ချက်ချထားပြီးပြီ။ ဗမာပြည်မှာ ဗိုလ်ချုပ်အောင်ဆန်း ပညာရေးဖောင်ဒေးရှင်း Education Foundation ဆိုပြီးတော့ မတည်မယ်။ ပညာထူးချွန်ရဲ့သားနဲ့ ငွေရေးကြေးရေးကြောင့် အထက်တန်းပညာမသင်နိုင်တဲ့ ကျောင်းသားတွေ၊ နိုင်ငံခြားမှာသွားပြီး ပညာမသင်နိုင်တဲ့ ကျောင်းသားတွေကို အထောက်အကူပေးဖို့ စုလုပ်မယ်။ မေမေသဘောတူရင် အဲဒီ Foundation ကို ဒီအိမ်မှာ ဒီနေရာမှာ ဒီခြံထဲမှာပဲထားပြီးတော့ ရုံးဖွင့်ပြီးတော့ လုပ်မယ် "*

မိခင်ဖြစ်သူဒေါ်ခင်ကြည်သည် သမီးဖြစ်သူ၏ အားကြိုးမာန်တက်ပြောနေသည်များကို ငြိမ်၍သာ နားထောင်နေခဲ့သည်။ မိခင်ကြီး ဒေါ်ခင်ကြည်၏ စိတ်ထဲရှိမည့်ပီတိ မည်မျှပင်ကြည်နူးနေရှာမည်ကို စာဖတ်သူများတွေးရှု ခံစားနိုင်ကြလိမ့်မည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်း စုကြည်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ် ဗုဒ္ဓဘာသာသာသနာ၏ ထုံးတမ်းအစဉ်အလာအတိုင်း မိခင်ကြီးနေအိမ်၌ သားကြီးမောင်မြင့်ဆန်း အောင် Alexander နှင့် သားငယ်ထိန်လင်း Kim တို့ကို ရှင်ပြုရဟန်းခံ ပေးရန် သာမဏေရ ပဗ္ဗဇ္ဇရှင်ပြုခြင်း မင်္ဂလာပွဲကို အကျဉ်းရုံး ကျင်းပပြု လုပ်ခဲ့သည်။ ထိုနှစ် ဧပြီလတွင် မိခင်ကြီးဒေါ်ခင်ကြည်သည် မျက်စိရောဂါ ဝေဒနာကြောင့် အင်္ဂလန်နိုင်ငံတွင် ခွဲစိတ်ကုသမှု ခံယူခဲ့သည်။

ထိုသို့ မျက်စိခွဲစိတ်ကုသရာတွင်လည်း ဒေါ်ခင်ကြည်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကတော်ပီသစွာပင် ဒေါ်ခင်ကြည်၏ မြင့်မြတ်သည့် လေးစားအတုယူဖွယ် စိတ်ထားကို တွေ့ရှိ ရပါသည်။ ယနေ့အချိန်အထိ သမိုင်းမှတ်တမ်း စာအုပ်များတွင်လည်း သမိုင်းဆရာများက မှတ်တမ်းတင်ခဲ့ကြပြီ ဖြစ်ပါသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံရေးသမားဟောင်းကြီးများက ဥက္ကဋ္ဌ ဦးနေဝင်းထံမှ ဂျပန်တစ်ပတ်ရစ် မာစတာစီဒန် ၁၃ဝဝ တန်မော်တော် ကားများကို လျှောက်ထားကြသော်လည်း ဒေါ်ခင်ကြည်ကမူ မိမိအား ပေးထားသည့် လစဉ်ထောက်ပံ့ငွေနှင့်သာ ရိုးရိုးကုပ်ကုပ်နှင့် ခြိုးခြံစွာနေ ထိုင်ခဲ့သည်။ မိမိရရှိထားသည့် ထောက်ပံ့ငွေထဲမှ တစ်ဝက်ကိုပင် နိုင်ငံ တော်သို့ ပြန်လှူခဲ့ပြီ ဖြစ်ပါသည်။ မည်သည့်အခွင့်အရေးကိုမှ နိုင်ငံတော် မှ ရယူခဲ့ခြင်း မရှိခဲ့။

ယခုလည်း ဗိုလ်ချုပ်အောင်ကြီးသည် ဒေါ်ခင်ကြည်ထံ အလည် အပတ်သွားခဲ့ရာမှ ဒေါ်ခင်ကြည်ကျန်းမာရေး မကောင်းသည်ကို သိရှိခဲ့ရ သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ကြီးက ဦးနေဝင်းထံ စာရေးကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြားရာ ဦးနေဝင်းက ဒေါ်ခင်ကြည်ဆေးဝါးကုသနိုင်ရန် စီစဉ်ခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ဆေးဝါးကုသနိုင်ရန် ဝန်ကြီးချုပ်ဦးမောင်မောင်ခအား တာဝန်ပေးခဲ့သည်။ ဝန်ကြီးချုပ်ဦးမောင်မောင်ခ၏ စီစဉ်ပေးမှုနှင့် ဒေါ်ခင်ကြည်အား အဖော်အဖြစ် သူနာပြုချုပ် မစ္စတာဘာဘရာနှင့်အတူ မျက်စိခွဲစိတ်ကုသရန် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ နိုင်ငံတော်က ဒေါ်ခင်ကြည်အား လိုရာအသုံးပြုနိုင်ရန် စတာလင်ပေါင် သုံးထောင်ကိုလည်း ပေးအပ်လိုက်သည်။

ဒေါ်ခင်ကြည်သည် အင်္ဂလန်နိုင်ငံတွင် မျက်စိခွဲစိတ်ကုသမှု ခံယူပြီးနောက် ရန်ကုန်လေဆိပ်သို့ ပြန်ရောက်သည့်အခါ ဝန်ကြီးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေက သွားရောက်ကြိုဆိုခဲ့သည်။ ဒေါ်ခင်ကြည်၏ စာရွက်စာတမ်းကိစ္စများ ဆောင်ရွက်ပြီးသည့်အခါ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေက

*"အန်တီ ဘာများ လိုအပ်ပါသေးလဲ"*

ဟု မေးမြန်းရာ ဒေါ်ခင်ကြည်က

*"ဘာမှ မလိုပါဘူးကွယ်။ အန်တီ အိမ်ပဲပြန်ချင်ပါတယ်။ ဒီမှာ သားတို့ပေးလိုက်တဲ့ ပိုက်ဆံ။ အန်တီ ပြန်ပေးပါတယ်ကွယ်။ အန်တီ ဘာမှ မသုံးခဲ့ပါဘူး"*

ဟုဆိုကာ စာအိတ်တစ်လုံးကို ထုတ်ပြီး ဦးသောင်းရွှေလက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ထိုငွေသည် ဒေါ်ခင်ကြည်အနေနှင့် သီးသန့်သုံးစွဲရန် ပေးလိုက်ခြင်းဖြစ်သော်လည်း ဒေါ်ခင်ကြည်သည် နိုင်ငံတော်၏ဘဏ္ဍာငွေကို အလကားတစ်ပြားတစ်ချပ်မှ သုံးစွဲခဲ့ခြင်းမရှိခဲ့သလို စီးပွားရေးအရ မချောင်လည်သေးသည့် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစု



www.burmeseclassic.com

www.burmeseclassic.com



ကြည်၏ မိသားစုကိုလည်း ပေးအပ်ခဲ့ခြင်းမရှိသည်မှာ နှောင်းလူများ စံနမူနာအတုယူဖွယ်ဖြစ်ပါသည်။

(ဆောင်းပါးရှင်ကိုရင်မောင် ရေးသားသည့် အာဇာနည်ခေါင်းဆောင်၏ဇနီး(သို့မဟုတ်) မြန်မာနိုင်ငံ၏မိခင်ကြီး ဆောင်းပါးကို ဒေါ်အောင်ဆန်းစုကြည်ရေးသားသည့် Freedom From Fear နှင့် ဆရာမင်းဟန်၏ ဒေါ်အောင်ဆန်းစုကြည်(သို့မဟုတ်) သဇင်နီ ဆောင်းပါးကို ပြန်လည်ကိုးကား ရေးသားဖော်ပြ ခြင်းဖြစ်ပါသည်။)

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၉)
# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

မြန်မာ့မိခင်ကြီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ မွေးနေ့ နှစ် ၁၀၀ ပြည့်မွေးနေ့ ဖြစ်သည့် ၂၀၁၂ ခုနှစ် ဧပြီ ၁၆ ရက်နေ့တွင် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို စတင်တည်ထောင်ခဲ့သည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ဒေါ်အောင်ဆန်းစုကြည်သည် ငွေကျပ်သိန်းတစ်ရာ မတည်ကာ ကော့မှူးမြို့နယ်ရှိ ကျေးရွာများ၏ လိုအပ်ချက်များနှင့် မြန်မာတစ်ပြည်လုံးရှိ အမှန်တကယ်လိုအပ်နေသည့် နေရာဒေသများသို့ ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတွင် ဒေါ်ခင်ကြည်မြို့နယ် စာကြည့်တိုက် ဖွင့်လှစ်ထားရှိသည်။ ယခုအခါတွင် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှစတင်ပြီး Hospitality and Catering Training Academy (HCTA) ဟိုတယ်လုပ်ငန်းခွင်ဆိုင်ရာ စာတွေ့၊ လက်တွေ့ သင်တန်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်ထားရှိထားသည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ လှူဒါန်းလိုသူများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှိရာ အမှတ် (၉၇-ခ) အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၂၅၄၃၈၉၉၅၉၊ ဘဏ်အကောင့် CBA cno ၀၀၁၆၆၀၀၃၀၀၀၀၀၃၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးလောကတွင် တိမ်မြုပ်ပျောက်ကွယ်နေသည့် သမိုင်းကွက်လပ်ကြီးတစ်ခု

ပညာရေးလောကတွင် တိမ်မြုပ်ပျောက်ကွယ်နေသည့် သမိုင်းကွက်လပ်ကြီး တစ်ခုရှိပါသည်။ ယင်းသမိုင်းကွက်လပ်ကြီးဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းရွှေတံဆိပ်ဆုနှင့် ဒေါ်ခင်ကြည်ရွှေတံဆိပ်ဆု စသည့် ဆုနှစ်ဆုဖြစ်ပါသည်။ အဆိုပါ ဆုနှစ်ဆုကို နှစ်ပေါင်း၄၊ဆယ်ကျော် ခြောက်ဆယ်နီးပါး ပညာရေးဝန်ကြီးဌာနလက်အောက်ခံ စာသင်ကျောင်းများတွင် ရွေးချယ်ပေးအပ်ခြင်းမရှိခဲ့သည်ကို တွေ့ရပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ဆော်ဩတိုက်တွန်းချက်အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မိမိနိုင်ငံအလိုက် ကမ္ဘာ့ကလေးများနေ့ကို ရက်ရွေးချယ်သတ်မှတ်ပြီး ကျင်းပခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို ရွေးချယ်သတ်မှတ်ခဲ့သည်မှာ အင်မတန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြည့်စုံလှသည့် နေ့လေးတစ်နေ့ ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်ပွဲကို ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ကျင်းပခဲ့ဖူးသည်ဟု ဆရာကြီးဇဝန ဦးစိုးထုတ်ဝေခဲ့သော ခလေးဂျာနယ် ၁၉၅၇ ခုနှစ်၊ အတွဲ(၃)၊ အမှတ်(၂) တွင် ဖော်ပြခဲ့ဖူးပါသည်။ ပုံ (၁၀၊ ၁၁)

မြန်မာနိုင်ငံတွင်သတ်မှတ်ကျင်းပသည့် ကမ္ဘာ့ကလေးများနေ့တွင် ထိုနေ့ ထိုအချိန်က မြန်မာတစ်ပြည်လုံးရှိ ကလေးသူငယ်များနှင့် အဖွဲ့အစည်းများအပြင် ကျောင်းပေါင်းစုံမှကျောင်းသား၊ ကျောင်းသူများ ပညာကြိုးစားခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ လူမှုဝန်ထမ်းစိတ်ရှိခြင်း၊ မျိုးချစ်စိတ်ထက်သန်ခြင်း၊ အားကစားတွင်ထူးချွန်ခြင်း၊ စည်းကမ်းသေဝပ်ကျနခြင်းတို့နှင့် ပြည့်စုံညီညွတ်သော ကျောင်းသားတစ်ဦးကို ရွေးချယ်ကာ ဗိုလ်ချုပ်အောင်ဆန်းရွှေတံဆိပ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့သော ကမ္ဘာ့ကလေးများနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းရွှေတံဆိပ်ဆု ရွေးချယ်ပေးအပ်သည့် အခမ်းအနားသို့ ကလေးသူငယ်အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌကြီး စဝ်ရွှေသိုက်(မြန်မာနိုင်ငံ၏ပထမဆုံးသမ္မတ) ကိုယ်တိုင် တက်ရောက်ခဲ့ဖူးသည်။ ယင်းနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းရွှေတံဆိပ်ဆုကို တိုက်ကြီးမြို့ အစိုးရအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်ထွန်းအောင်လှ (၁၄) နှစ်က ဆွတ်ခူးရရှိခဲ့သည်။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ရွှေတံဆိပ်ဆုကို ဒေါပုံအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အေး (၁၃) နှစ်က ဆွတ်ခူးရရှိခဲ့သည်။

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ အောင်ဆန်းသူရိယဘွဲ့တံ ဂုဏ်ထူးကို ပေးအပ်သကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း မူလတန်းမှ

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းအထိ ကျောင်းသား၊ ကျောင်းသူများကို ပညာရေးတွင် မြှင့်တင်ပေးရာရောက်သည့် ဗိုလ်ချုပ်အောင်ဆန်းရွှေတံဆိပ်ဆုနှင့် ဒေါ်ခင်ကြည် ရွှေတံဆိပ်ဆုကို ရွေးချယ်ပေးအပ်သင့်ပါသည်။ ထိုသို့ တိမ်မြုပ်ပျောက်ကွယ်နေသည့် ဗိုလ်ချုပ်အောင်ဆန်းရွှေတံဆိပ်ဆုနှင့် ဒေါ်ခင်ကြည် ရွှေတံဆိပ်ဆုကို ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းမှ ယနေ့အချိန်အထိ ရွေးချယ်ပေးအပ်ခြင်းမရှိခဲ့သည်မှာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော သမိုင်းကွက်လပ်ကြီးတစ်ခု ဖြစ်ပါသည်။ ထိုသမိုင်းကွက်လပ်ကြီးကို ဘာကြောင့် ရွေးချယ်ပေးအပ်ခြင်း မရှိပါသလဲဟု လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား၊ ပညာရေးဝန်ကြီးဌာနကိုယ်စား ကျောင်းသား၊ ကျောင်းသူမိဘပြည်သူများကိုယ်စား မေးစရာ မေးခွန်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ BURMESE CLASSIC

ဖိုးစိုင်း(ဂျာနယ်လစ်)

■

www.burmeseclassic.com

www.burmeseclassic.com

မှီငြမ်းကိုးကား

၁။ မြန်မာ့စွယ်စုံကျမ်း၊ အနှစ်ချုပ်၊ ၁၉၈၉။

၂။ ရွှေတောင်တိုက်ပွဲ (မြဒေါင်းညို)။

၃။ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ။

၄။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ (၁၉၄၅-၁၉၄၇) စာပေဗိမာန်။

၅။ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးမိန့်ခွန်းများ (စစ်ကိုင်းဟန်တင်)။

၆။ မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ် (ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ)။

၇။ နိုင်ငံရေးသမားလက်ပဟောင်း၊ သခင်အောင်ကြီး(ပေါင်းတည်)။

၈။ ဗိုလ်ချုပ်နှင့် ရဲဘော်သုံးကျိပ်။

၉။ ကိုသန်းလှိုင် (၁၃)နှစ်မြောက်အမှတ်တရ အလွမ်းပြေ၊ ပထမခေတ် ဟောင်းသီချင်းပေါင်းချုပ်။

၁၀။ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း။

၁၁။ စာရေးဆရာကိုအောင်ဆန်း၊ (မောင်စိမ်းနီပြုစုသည်)။



www.burmeseclassic.com

www.burmeseclassic.com



၁၂။ ဗိုလ်ချုပ်အောင်ဆန်း(သို့မဟုတ်) အရိုင်းထဲကအယဉ်၊ (ဇင်ဘဦးစုစည်းတင်ပြသည်)။

၁၃။ မြန်မာလူကျော် ၁၀၀ ပထမအုပ်၊ (အောင်ဇေယျ)။

၁၄။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ၊ (မင်းပုည)။

၁၅။ ဗမာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ပြုစုရေးသားသည်။

၁၆။ လျှပ်တစ်ပြက်သတင်းဂျာနယ်၊ (အတွဲ ၃၊ အမှတ် ၄၅၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၈)။

၁၇။ မော်နီတာဂျာနယ်၊ (အတွဲ ၁၊ အမှတ် ၆၁)။

၁၈။ ပြည်သူ့ခေတ်ဂျာနယ်၊ (အတွဲ ၂၊ အမှတ် ၅၆၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၈)

၁၉။ မြန်မာအမျိုးသမီး၊ (စောမုံညှင်း)။

၂၀။ အောင်ဆန်းဇာနည်၊ သိန်းအေး။

၂၁။ သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်းများ၊ (အငြိမ်းစားဗိုလ်မှူး အေးငွေ)။



www.burmeseclassic.com

www.burmeseclassic.com



Lynn Pyi Hein 2015

"မေမေဟာ ခေါင်းဆောင်တစ်ဦးရဲ့ဇနီး
လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကို လုပ်ခဲ့တယ်။
ထားသင့်ထားထိုက်တဲ့ စိတ်ထားတွေကို
ထားခဲ့ပါတယ်။ တာဝန်ကျေခဲ့ပါတယ်။
မေမေဟာ ပေးဆပ်တဲ့လူတစ်ယောက်ပါ။
ရယူတဲ့သူတစ်ယောက် မဟုတ်ပါဘူး။
နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ရဲ့ဇနီး ဆိုတာ
ဒီလိုပဲ ပေးဆပ်ခြင်းသာ ဖြစ်ရပါလိမ့်မယ်။"

[ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း ၂၆ နှစ်ပြည့်တွင်
ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှတ်တရအောက်မေ့ဖွယ်စကား]

BURMESE CLASSIC

# စေတနာမိခင်
# မဟာသီရိသုဓမ္မ
# ဒေါ်ခင်ကြည်

ဇေယျဇော်၊ ဖိုးစိုင်း(ဂျာနယ်လစ်)
ရေးသားပြုစုသည်

www.burmeseclassic.com